www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

**လမင်းမိုမို**
**ကောင်းကင်ကကြွေကျခဲ့ပါ ...**
ပထမအကြိမ်၊ ၂၀၁၃ ဧပြီလ
**မြန်မာ့ဆိုရေး**
မိဖုရားစာအုပ်တိုက်
ဖုန်း − ၀၉၅၀၀၁၉၈၃
**မျက်နှာဖုံး**
L လင်း
**အုပ်ရေ**
၅၀၀
**တန်ဖိုး**
၁၀၀ ကျပ်
ဦးနေမျိုးသူရ၊ တကောင်းစာအုပ်တိုက်(ယာယီ−၁၅၀၄) အမှတ်(၅/ခ) ဗေယျာသီရိလမ်း၊ ကမာရွတ်မြို့နယ်မှ ထုတ်ဝေပြီး မျက်နှာဖုံးနှင့် အတွင်းစာသားကို ဦးဝင်းကျော်ထွန်း၊ မုံရွေးပုံနှိပ်တိုက် (မြ−၀၇၉၅၈) အမှတ်(၁၄၀)၊ ၄၅−လမ်း၊ ဗိုလ်တထောင်မြို့နယ်တွင် ပုံနှိပ်သည်။

လမင်းမိုမို ၈၉၅.၈၃
ကောင်းကင်ကကြွေကျခဲ့ပါ၊ လမင်းမိုမို၊ ရန်ကုန်။
တကောင်းစာအုပ်တိုက်၊ ၂၀၁၃
၂၈၈−စာ၊ ၁၂ x ၁၈ စင်တီ။
ကောင်းကင်ကကြွေကျခဲ့ပါ

BURMESE CLASSIC .com

## ၁

အမယ်လေး ... မောလိုက်တာ။

ခြေကျင်ပြေးလာရတာ ဘယ်လောက်တောင်အဝေးကြီးရှိနေပြီလဲ။ ကားလမ်းတွေကပိတ်။ ကြည့်ချင်မြင်ချင်တဲ့လူအုပ်ကို တာဝန်ရှိသူတွေက ဟိုကပိတ် ဒီကဆို့၊ တောင်ဘက်ကတား၊ မြောက်ဘက်ကတားနှင့်။ သူတို့လည်း တာဝန်အရဆိုတော့ နားလည်ပေးရပါသည်။

ခက်တာက ဒီနေ့အဖို့ ကိုယ့်ရည်ရွယ်ရာကို ဝင်ခွင့်ရလိုရငြား မျှော်လင့်တယ်ဆိုတော့ ဝင်ခွင့်ရခဲ့ရင် "........"ဂျာနယ်တိုက်ရဲ့ကိုယ်စားလှယ် အယ်ဒီတာ "ဒေါ်သမုသစ်"ဆိုသော ဂုဏ်ပုဒ်နဲ့အညီ လှလှပပ ကြွကြွရွရွ ကြော့ကြော့မော့မော့ဖြစ်ချင်သေးတာမို့ ရင်ဖုံးလက်စက ချိတ်လုံချည်တို့အပြင် နှစ်လက်မခွဲမြင့်တဲ့ ဒေါက်ဖိနပ်ကလည်း စီးလာသေးတာဆိုတော့ ...။



www.burmeseclassic.com

www.burmeseclassic.com



အင်း ... အမေရိကန်သမ္မတကြီး အိုဘားမားက တော့ ကိုယ့်ကိုမြင်မှာ မဟုတ်ဘူးလေ ... သိတယ်လေ။ သိပင် သိငြားသော်လည်း သူ့အနားကပ်ခွင့် ရရ,မရရ၊ သူ့ကိုဗျူးခွင့်ရရ, မရရ၊ သူ မြင်မြင်,မမြင်မြင်ပေါ့။ ကိုယ်ကတော့ ကိုယ့်ဘက်က ကိစ္စ ကိုယ်လုပ်ရတာ လုလည်းလု ဣန္ဒြေလည်းရအောင် ဖြင် ဆင်ဝတ်စားရဦးမှာပဲ ... ဘာဖြစ်လဲ။

ဘာဖြစ်လဲဆိုတော့ ခုလို အဆင့်ဆင့် အထပ်ထပ် ကျော်ဖြတ်ပြီး ခရီးဝေးခြေကျင်နှင်ရတဲ့အခါ ပြေးဟယ်လွှားဟယ် ကသုတ်ကရက်နှင့် ဖိနပ်ကပေါက် ဖနောင့်ကနာပေါ့။ ဒီလောက် ပါပဲ။ နေကပူတော့ ချွေးကကျ။ လူကခြေကျင်းဝတ်နှင့် ဖနောင့် နာတဲ့ကြားက အပြေးအလွှား သွားနေရတော့ လမ်းလျှောက်ပုံ လည်း ကြော့မနေနိုင်တော့ပါပေ။ ငိုက်စိုက် ငိုက်စိုက် ထော့နင်း ထောင့်နင်းနှင့် တုပ်ကွကွ လမ်းလျှောက်ပုံမျိုး ချွေးသံတရဲရဲ ဆင်နွှဲနေသည်မှာ အိုလံပစ်ပြိုင်ပွဲဝင်နေတဲ့ အလားပေါ့။

"တိ ... တိ"

ဖုန်းခေါ်သံကြောင့် သမုက ရင်ဘတ်မှာ ကြိုးနှင့် ချိတ်ဆွဲထားသော ဖုန်းကိုကိုင်ကာ ဖွင့်နားထောင်လိုက်ပါသည်။ လက်က မကိုင်နိုင်တော့ဘူးလေ။ ကင်မရာ၊ ရီကော်ဒါ၊ ဖုန်း၊ ဖိုင်လ်၊ လွယ်တဲ့အိတ်တို့နှင့် တစ်ယောက်တည်း ရှုပ်ယှက်ခတ်နေ ပြီ။ ရင်ဘတ်ပေါ်မှာ ဂျာနယ်တိုက်ရဲ့ရာထူးတာဝန်ပြ သက်သေခံ





ကတ်ပြားကို ကြိုးနှင့်ချိတ်ဆွဲထားသလိုပဲ ဖုန်းကိုပါ ချိတ်ဆွဲထား လိုက်တော့သည်။

"ဟယ်လို"

"သမု"

"ဟုတ်ကဲ့ ... ဂျုပ်"

သူတို့ရဲ့အယ်ဒီတာချုပ်ကို ပထမတော့ "အယ်ချုပ်" ပေါ့။ နောက်တော့ ခင်မင်ရင်းနှီးမှုနှင့်အညီ ချစ်စနိုး အတိုကောက် "ဂျုပ်"။

"နင် ဘာသံပေါက်နေတာလဲ သမု"

"မော ... ဟော ... ဟော ... နေတာ၊ သေတော့မယ်"

"ဘာလို့ ဒီလောက်တောင် မောနေရတာလဲ"

"ရှင်းမပြနိုင်သေးဘူး၊ လိုရင်းပြောပါ ဂျုပ်"

"အောင်းမာ့ ... ကြောက်နေရတယ်၊ အဆင်ပြေလားမေး မလို့"

"မပြေသေးဘူး ... ပြေရင် လှမ်းဆက်မယ် ဂျုပ်ရာ"

သူတို့ရဲ့ "ဂျုပ်" ဟာလည်းပဲ သမုထက်ဆိုရင် လေး, ငါးနှစ်လားပဲကြီးတဲ့ အစ်ကိုကြီးအရွယ် လူငယ်တစ်ယောက်ပဲမို့ လား။ ဒီတော့ အထက်လူနှင့် အောက်လူ ဆိုသော်လည်း သူတို့ တစ်တိုက်လုံးမှာ ညီအစ်ကိုမောင်နှမတွေလိုပဲ ဖြစ်နေပါသည်။

"အမေ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်တာလဲ"

"ခြေချော်လို့ ... သေပါပြီနော် ... ကျွတ် ... ကျွတ်"

"ကဲ ... ကဲ ... ကဲ ... ကဲ ... မှားပါတယ် ... တော်ပြီ... ဒါပဲ၊ ထူးရင်ဆက်"

"ဟုတ်"

သမုက ဖုန်းကို ပိတ်လိုက်သည်။ ရှေ့ကတံခါးပေါက်ဝကြီးမှာ လုံခြုံရေးတွေ တာဝန်ရှိသူတွေ သတင်းထောက်တွေ ဧည့်သည်တွေ၊ ဝင်ခွင့်ရမည့်သူတွေရော ဝင်ခွင့်မရမည့်သူတွေကို စုရုံးရုံးစု တိုးပိတ်ကျပ်သိပ်နေသည်။

သမုသည် အချိန်ကိုမြှင့်၍ တတောက်တောက်နှင့် အပြေးတိုးကပ်သွားလိုက်ကာ လူအုပ်စုကြား အတင်းထိုးကာခွဲကာ တိုးကာတိုက်ကာ ငါးရှဉ့်လို တလုစ်လုစ် မရမက တိုးဝင်လိုက်ပါသည်။ အတိုးအတိုက်ခံရ၍ လှည့်ကြည့်ကြ ငြူစူကြ မျက်စောင်းချိတ်ကြတဲ့ သူတွေကို အရေးထားမနေနိုင်ဘဲ ဟိုးရှေ့ ထိမရောက်,ရောက်အောင် မှန်းစရာ ကောင်းလောက်အောင် လုယက် ဝင်သွားလိုက်ပါသည်။

တံခါးဝနားရှိနေတဲ့ နောက်ဆုံးလူတစ်ယောက် နှစ်ယောက်ကို အတင်းတိုးခွေ့ကျော်တက်လိုက်လျှင် လုံခြုံရေးတာဝန်ရှိသူ တစ်ဦးက သမုကို တားထားလိုက်ရင်း ...



BURMESE CLASSIC .com



"ဘယ်ကပါလဲ"

သမုက ရင်ဘတ်က ကတ်ပြားကိုကိုင်ကာ ထိုသူရှေ့ ထိုးပြလိုက်ရင်း ...

"ကျွန်မ '.........'ဂျာနယ်ကပါ၊ ဒေါ်သမုသစ်ပါရှင့်"

"ဪ ... သတင်းထောက်လား"

"မဟုတ်ဘူးရှင့် ... သတင်းထောက်သက်သက် မဟုတ်ပါဘူး၊ အယ်ဒီတာပါ"

"ဪ ... ဒီမှာဖိတ်ကြားသူစာရင်းမှာ မပါပါဘူးခင်ဗျ၊ အထဲကိုတော့ ဝင်ခွင့်မရနိုင်ပါဘူး"

"ဟိုလေ ... ကျွန်မက ..."

"တစ်ဆိတ် လမ်းဖယ်ပေးလိုက်ပါဦးခင်ဗျာ၊ နောက်မှာ ဧည့်သည်ဝင်မလို့ပါ"

သမုက စိတ်ညစ်ညစ်နှင့် မျက်နှာလေး စူပုပ်ပုပ်ဖြစ်ကာ နောက်ကို တစ်လှမ်းဆုတ်လိုက်ပါသည်။

"အား ..."

နောက်က အော်သံကြောင့် သမုက နေရာရွှေ့ကာ လှည့်ကြည့်လိုက်ရင်း ...

"ဆော ... ဆောရီး၊ မတော်လို့ပါနော်"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ရဲ့ဒေါက်ဖိနပ်နှင့် နောက်ကခြေထောက်ကို နင်းပြီဆိုတာ သိလိုက်လျက် ကမန်းကတန်း တောင်းပန်လိုက်ပါသည်။ နောက်က တိုက်ပုံဖြူနှင့် လူသည်ရှုံ့မဲ့သွားသောမျက်နှာနှင့် သမုကို လှမ်းအကြည့်မှာတော့ မျက်လုံးတွေက ဒေါသတကြီးအရိပ်အယောင် ပြောင်းသွားကာ ဖြူဖွေးသော သူ့အသားပင်နီရဲသွေးရောင်လျှမ်းလာတဲ့အထိဝင်။

အင်း ... မြင်ဖူးလိုက်တာ။

သမုက သူ့ကို မျက်လုံးလေးဝင့်ကာ ကြည့်နေမိဆဲ သူက သမုကို စူးစူးရဲရဲ ကြည့်နေရာမှ အံတစ်ချက် ကြိတ်လိုက်သည်မှာ မေးကြောကြီးတင်းသွားပါသည်။ အောင်မယ် ... တော်ရဲ့နှင့် မကျေလည်တဲ့ ကိုဒေါသပါလား။ တောင်းပန်ရဲ့သားနဲ့ကို အံတောင်ကြိတ်ကာ စားမလို ဝါးမလို ကြည့်လိုက်သေး။

ဆံပင်တို သပ်သပ်ရပ်ရပ် အသားဖြူဖြူ အရပ်မြင့်မြင့် တိုက်ပုံဖြူနှင့် ပိုးတွဲပုဆိုး အပြာတောက်တောက်ကို ဝတ်ထားတဲ့သူ။

သူ ဘယ်သူပါလိမ့်။ မြင်ဖူးတယ်နော် ... ဒီဦးနှောက်ကလည်းနော်။

သမုက မျက်ခုံးလေးကုတ်ကာ သူ့နားထင်လေး သူ လက်ဆစ်လေးများနှင့် ထုကာ ထုကာ စဉ်းစားနေဆဲ ထိုလူ





ကတော့ အတော်နှင့် ဒေါသမပြေနိုင်သလို သူ့ဟာနှင့်သူ ဝင်မည့်ကိစ္စပင် မဝင်နိုင်သေးဘဲ သူ့ခြေထောက် ငုံ့ကြည့်လိုက် သမုကို ပြန်ကြည့်လိုက်။

သူ့ကြည့်ရတာ လူသာလစ်လျှင် သူ တစ်လှည့်ပြန်တက်နင်းလိုက်ချင်သလို ပုံစံနှင့် မကျေချမ်းနိုင်ပေ။ ကိုယ့်ဟာနဲ့ကိုယ်မှ ဝင်ခွင့်မရနိုင်လို့ စိတ်ညစ်ညစ် ရှိရတဲ့ကြားထဲ။ သမုက မျက်စောင်းမသိမသာ ရွယ်ရင်း ...

"တောင်းပန်နေတဲ့ဟာကိုပဲ"

တီးတိုးပွစိ မပွင့်တပွင့် ရေရွတ်လျှင် သူက ပိုလို့ပင် ဒေါသဖြစ်သွားတဲ့ပုံနှင့် ...

"နှစ်ခါ ... နှစ်ခါတောင်"

"အင်း ... နှစ်ခါ ... ! ဘယ်လိုနှစ်ခါလဲ"

"မင်း ရှေ့ကို အတင်းတိုးဝင်တုန်းက တစ်ခါတက်နင်းတာလေ၊ ပြောမနေတော့တာ၊ ရှေ့ကပိတ်ရပ်ပြီး ဝင်ရတာလည်း မဟုတ်ဘဲနဲ့၊ တစ်ခါ နောက်ပြန်ဆုတ်တော့ နောက်တစ်ကြိမ် ဒီနေရာကိုပဲ ထပ်နင်းတာ သေရောပေါ့ကွ"

သူ့အသံက အုပ်အုတ်ကြိတ်ကြိတ်။ ရန်တွေ့ရတာပင် ခပ်ရှက်ရှက် တွေ့နေတဲ့ပုံပင်။ သူ့သွင်ပြင်က တစ်ခါတ



www.burmeseclassic.com

www.burmeseclassic.com



ထည်ဝါခမ်းနားလွန်းလှတော့ မိန်းမတစ်ယောက်ကို ခြေထောက် တကာနင်းမှုနှင့် ရန်တွေ့နေရတာကို အတော်ရှက်နေပုံပင်။ ရှက် ဇင်ရှက်ငြားသော်လည်း ဘယ်လိုမှ သည်းခံနှုတ်ပိတ် မနေနိုင် လောက်အောင် ချက်ကောင်းထိ နာကျင်လှပုံလည်းရတဲ့ သူ့ကြောင့် သမုက သူ့ခြေထောက်ကို လူတွေရှုပ်ထွေး တိုးတိုက်နေတဲ့ကြား တည်းကပင် မြင်ရအောင် ငုံ့ကြည့်လိုက်ပါသည်။

"ဟယ်"

မြင်မြင်ချင်း လန့်များပင်သွားရအောင် ဖြူဥနုမွတ် လှတဲ့ သူ့ရဲ့သူဌေးခြေထောက်မှာ ခြေသကြွယ်နဲ့ ခြေသန်းအလယ် အောက်ဘက်နားအသား နီရဲပွန်းပဲ့လန်လို့ပါလား။ ခြေထောက် ကလည်း အရမ်းကို နုဖပ်နေတာကိုး။ တကယ့်ကို သူဌေးခြေ ထောက်ကိုး။

သူဌေးခြေထောက်၊ သူဌေး ...။

အင်း ... သူ ... သူ ... သူဟာ ...။

"ကိုအုန်လှ"

ခေါ်သံတစ်ခွန်းကြောင့် သူက ငဲ့ကြည့်လိုက်သည်။

"ဒီဘက်က ကြွပါခင်ဗျ"

အုန်လှက သူ့ကို ကြိုဆိုညွှန်ပြသူကို ခေါင်းတစ် ချက်ဆတ်ပြကာ သမုဘက်ကို နောက်ထပ် မျက်ထောင့်တစ်ချက်





နှင့် ကြည့်လိုက်ပြီးမှ မသိမသာ ထော့နင်းနင်းနှင့် သူ့ကို အမည် နှင့်တကွ ကြိုဆိုနေသောသူတို့ထံမှတစ်ဆင့် အတွင်းဘက်သို့လှမ်း ဝင်သွားပါတော့သည်။

အုန်လှ။

တကယ်တော့ လူသိများတာက ဦးအုန်လှရယ်ပေါ့ လေ။ သူ့စည်းစိမ်ဥစ္စာ သူ့လုပ်ငန်းတာဝန်ကြီးများရဲ့ အဟန့် အရ ဘယ်လိုပင်ဖြစ်စေ ဦးအုန်လှလို့ ခေါ်နေရတဲ့သူတစ်ယောက်။ သူ ငယ်သေးတယ်လို့ သိထားပေမယ့် အပြင်မှာ သေချာမမြင်ဘူး တော့ ဒီလောက် ငယ်ရွယ်နုပျိုလိမ့်ဦးမည်လို့ ထင်မထားတဲ့ အတွက် ချက်ချင်းမမှတ်မိတာ။

သေလိုက်ပါတော့ သမုရယ်။ Oak Hla the Great ကိုမှ ခြေထောက် တက်နင်းပစ်လိုက်မိတာကိုး။ ပြီးတော့ ... နှစ် ကြိမ်။ အားနာလိုက်တာ ဘယ်လိုပြောရမလဲပေါ့နော်။

ကိုယ့်အတွေးနှင့်ကိုယ် သမုက ပြုံးစိစိနှင့် နောက် နားဆုတ်၍ ရပ်လိုက်ပါသည်။ ကိုယ်လည်း ဝင်လို့မရမှာ သေချာ သည်။ ဘာကြောင့်လဲဆိုတော့ ခုနက ကိုယ့်ဇာနဲ့ကိုယ် အတင်း တိုးခွေ့ ရှေ့ရောက်လာလို့ မမြင်လိုက်မိသော သူတို့ဂျာနယ်မဂ္ဂဇင်း လောက စာပေလောကမှ သူ့ထက်အများကြီးစီနီယာဖြစ်သူ ဆရာ အချို့ကိုပါ မြင်လိုက်ရပြီမို့ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့တောင် မဝင်ရနိုင်တာ။ ကိုယ်က ဘာမို့ ဝင်ရမှာလဲ။ နဂိုကတည်းက သိတော့သိသားပါပဲ။ စာနယ်ဇင်းတွေထဲက နည်းနည်းကလေးကိုပဲ ကောက်သင်းကောက် ရွေးချယ်ဖိတ်ထားတာလေ။ သို့သော် ဝင်နိုင်လောက်စရာ အခွင့်အရေးလေးများ ပေါ်လေမလားလို့ မျှော်လင့်ချက်ပေါ့။

သမုက သူနှင့် ခင်မင်မျက်မှန်းတန်းသော စာနယ်ဇင်း ဆရာသမားနှစ်ယောက်လောက်ကို လက်ပြနှုတ်ဆက်ရင်း တပ်ခေါက်နောက်ဆုတ် ထွက်လာခဲ့သည်။ ဘေးက ဖြတ်သန်းသွားလာသူတို့ ပြောစကားအရ Junction Square မှာ အယ်လ်စီဒီကြီးနဲ့ Live ပြနေတယ်တဲ့။

သမုက Junction Square ဘက်သို့ ခပ်ဖြည်းဖြည်းလျှောက်လာခဲ့ပါသည်။ သမု ကားကိုလည်း အဲဒီနောက်ဘက်ဝင်းရပ်ခဲ့ရတယ် မဟုတ်လား။ လမ်းမှာလည်း လူတွေက အုတ်အုတ်ကျက်ကျက်နှင့် ဧည့်သည်တော်ကို ဘယ်နားကနေ ဘယ်နည်းနဲ့ မြင်ရ မြင်ရ မြင်ခွင့်ရဖို့ တက်ကြွစိတ်ဝင်စားနေကြသည်။

"တီ ... တီ"

"ဟယ်လို"

"သမု ... ဘယ်လိုလဲ"





"အောင်မြင်စွာ ဆုတ်ခွာနေပြီ"

"အင်းလေ ... ကိစ္စမရှိပါဘူး၊ ခု ဘယ်မှာလဲ"

"အခု ဂျုန်ရှင်စကွဲနဲ့ မနီးမဝေးမှာပါ၊ ဒါနဲ့ ... ဂျုပ်"

"အင်း ... ဘာလဲ"

"အုငှ့်လှလေ ... အုငှ့်လှ"

"အင်း ... ဘာဖြစ်လို့ ကိုအုငှ့်လှ"

"သူနဲ့ ခုနတွေ့လိုက်သေးတယ် အနီးကပ်"

"သူနဲ့အနီးကပ်တွေ့တော့ ဘာလုပ်ရမှာလဲ"

"ဩော် ... ဂျုပ်ကလည်း၊ အဲလိုဆိုလိုက်တော့ တစ်ခု သတိရသွားလို့ပါ"

"ဘာလဲ"

"ဟိုစာလောလေးကပဲ သတင်းတစ်ခု ထွက်တယ်လေ၊ မော်ဒယ်လ်ကောင်မလေးတစ်ယောက်နဲ့ လက်ထပ်မယ် လက်မထပ်ဘူး ပြဿနာဆိုလားလေ၊ အဲဒါ ... အဲဒီ အုငှ့်လှ မဟုတ်လား"

"အဲဒါ အုငှ့်လှလို့လည်း ကြားသလို နောက်တစ်ယောက် '.........'လို့လည်း ကြားတယ်၊ သိပ်မသေချာဘူး၊ ဘာလဲ နင် အခု သေချာခိုင်မာတဲ့ သတင်းရလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"မရပါဘူး ဂျုပ်ရဲ့၊ သွားစဉ်းစားမိလို့ ပြောတာပါ၊ မော်ဒယ်လ်မလေးနဲ့ ရည်းစားဖြစ်တာ သူဟုတ်ရင်လည်း ဟုတ်မှာလို့၊ သူက အပြင်မှာ မော်ဒယ်လ်ကောင်လေးတွေ ရုပ်ရှင်မင်းသားတွေထက်တောင် ချောတာပဲ ဂျုပ်ရဲ့ ... သိလား၊ အသားက ဖြူဝင်းအိစိုပြီး ခြေလေးလက်လေးတွေကလည်း နုဖပ်နေတာပဲ ဂျုပ်ရဲ့"

"အဲဒါ သတင်းမဖြစ်ဘူး၊ အချိန်ကုန်ခံ ပြောမနေနဲ့၊ သူ့ဟာသူ နုနုဖပ်ဖပ် နင်နဲ့မဆိုင်ဘူး"

"အဲဒီ သူ့ရဲ့ခြေထောက်နုနုဖပ်ဖပ်ကို သမုဒေါက်ဖိနပ်ကြီးနဲ့ တက်နင်းလိုက်မိလို့ ဂျုပ်ရဲ့ ... အဟီးဟီး"

"ဟင်"

"ဟီး ဟီး ... အရေခွံလန်ပြီး သွေးတောင်ထွက်တယ်"

"နင်တော့ ပြဿနာတော်တော် ရှာတယ်နော် သမု၊ ဘာပဲလုပ်လုပ် အရာရာနဲ့ အကြောင်းကြောင်းချည်းပဲ၊ အုဋ္ဌ်လှကိုမှ ဒေါက်ဖိနပ်နဲ့ တက်နင်းခဲ့သေးတယ်၊ သူက သူဌေးထဲမှာ ရိုးရိုးသူဌေး မဟုတ်ဘူး၊ လူတွေပါးစပ်ဖျား မင်းသားတစ်ပါးလို ရေပန်းစားတဲ့ 'သူဌေးမင်းသား' သိရဲ့လား"

"သိတယ်လေ၊ အဲဒါနဲ့ တက်မနင်းမိရတော့ဘူးလား"

"ပြဿနာမရှာနဲ့လို့ ပြောနေတာ"





"သူ့ဟာသူ ဖြစ်သွားတာပဲဟာကို"

"လမ်းလျှောက်တာ ကြည့်ကျက်လျှောက်ပေါ့၊ ကဲ ... ကဲ ... တိုက်ကို ပြန်လာဦးမှာလား"

"အခု ကားရပ်ထားတဲ့ဆီ လမ်းလျှောက်နေတုန်း၊ ဒီကနေ ခရီးဆက်စရာကလည်း နှစ်နေရာ ရှိသေးတာ၊ တကယ်လို့များ အချိန်လင့်သွားရင် ရုံးပြန်မဝင်တော့ရင် ရမလားလို့ ဂျုပ်ကို ခုပဲ အစီရင်ခံတော့မလို့ပါ ... ဟီ"

"မရဘူး ... ပြန်ဝင်လာခဲ့၊ နင် လက်စမသတ်ထားတဲ့ တိုးလိုးတန်းလန်းတွေ ဒီမှာအများကြီး၊ မြန်မြန်လုပ် ... မြန်မြန်လာ ... ဒါပဲ"

တိခနဲ လိုင်းပြတ်သွားတဲ့ဖုန်းကို သမုက နားမှခွာကာ ရှုံ့မဲ့အံကြိတ်ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

# ၂

အင့်လှက အင်တာကွန်းကို နှိပ်လိုက်ပြီး ...

"မိုးဂျော်"

"ဟုတ် ... ကိုအင့်"

"ကြက်ခြေနီသေတ္တာလေးယူပြီး လာခဲ့စမ်းပါကွာ"

"ဟုတ်ကဲ့"

တစ်မိနစ်အတွင်းပင် တစ်ဖက်ခန်းမှ မိုးဂျော်က ကြက်ခြေနီဆေးသေတ္တာလေးနှင့် ရောက်လာပါသည်။ တကယ်တော့ သူ့နာမည်ရင်းက မိုးကျော်ပါ။ ထာဝစဉ် "ကျော်"ကို "ဂျော်"လို့သာ ခေါ်တတ်တဲ့ သူ့ ဆရာကြောင့် ခုတော့ လူတကာက သူ့ကို မိုးဂျော်၊ ကိုမိုးဂျော်သာ ခေါ်ကြပါတော့သည်။





မိုးဂျော်က အင့်လှရဲ့ ကိုယ်ရေးအရာရှိလို့ ဆိုလို့ရပါသည်။

"ကိုအင့် ဘာဖြစ်လို့လဲ"

"ဒီမှာကွာ ... ခြေဖမိုးမှာ ပေါက်သွားလို့"

အင့်လှက သူ့ခြေထောက်ကို ထောင့်ချိုးဆိုဖာဆက်တီပေါ် လှမ်းတင်ရင်း မိုးဂျော်လက်ထဲက ကြက်ခြေနီတံဆိပ်နှင့် ဆေးသေတ္တာဖြူဖြူလေးကို လှမ်းယူလိုက်ပါသည်။

"ဟာ ... မနည်းဘူးပဲ၊ အရေခွံလန်သွားတာပဲ ကိုအင့်"

"အေးကွာ"

"ကျွန်တော် လုပ်ပေးရမလား"

"ရပါတယ်ကွ ကိုယ့်ဟာကိုယ် လုပ်ပါ့မယ်၊ အရက်ပျံလေး ဘီတာဒင်းလေး ထည့်လိုက်ရင် ပြီးပါပြီ၊ အခု ရေဆေးလိုက်ပြီးပြီ"

"ကိုအင့်ခြေထောက် အရေပြားတွေကလည်း နုတာကိုး"

"မင်းကလည်းကွာ၊ နုနုရင့်ရင့် ဒေါက်ဖိနပ်ကြီးနဲ့ နှစ်ကြိမ်နင်းမှတော့ ဘယ်သူမဆို အသားနီလန်မှာပဲ"

"ဘယ်သူကများ နင်းလိုက်တာလဲ ကိုအင့်ရယ်"

"မသိပါဘူးကွာ၊ တစ်လောကလုံး သူ့ထက်အရေးကြီးတဲ့သူ မရှိတဲ့ သူတစ်ယောက်ပေါ့၊ အတင်းတိုးဝှေ့ပြီး ကျော်တက်တုန်းတစ်ခါ၊ နောက်ပြန်ဆုတ်တော့ တစ်ခါ"



www.burmeseclassic.com

www.burmeseclassic.com



၊ အုင့်လှက ဘီတာဒင်းဆေးရည် ညိုညိုတို့ကို ဖွ နှင့်တို့သုတ်ရင်း စပ်ဖျဉ်းဖျဉ်း ခံစားချက်နှင့် စိတ်တွေတိုလာ သည်။ ဒီလောက် အသားနီလန်သွားတာ စပ်ပြီပေါ့။ အုင့်လှ ခုန မိန်းကလေးကို ပြန်မြင်ယောင်သည်။

ပခုံးထောက်ကာ ကော့တချို့ ကုပ်တချို့ ဖြစ် သော ဆံပင်ထူအုပ်အုပ် စင်းပျော့ပျော့တွေ ရှေ့နောက်တညီတည် မို့ မျက်နှာတစ်ခြမ်းကို ဆံပင်တွေက ဝဲကာ အုပ်ကာ ဖရိုဖရဲ နေတဲ့ ထိုမိန်းကလေးကို မြင်ဖူးသလိုလို စိတ်မှာထင်သည်။

"မိုးကျော် ... ငါတို့ Blue Heaven ကွန်ဒိုတွေ အရောင် ဖွင့်တဲ့ Grand opening နေ့က စာနယ်ဇင်းတွေကလည် လာခဲ့တယ်လေ၊ အဲဒီတုန်းက ဖဲကြိုးဖြတ်ရင် လွှင့်တင်မ မိုးပျံပူဖောင်းတွေ ချည်ထားတဲ့နားမှာ ရှုပ်ယှက်ခတ် မိန်းမတစ်ယောက် ချော်လဲတယ် မဟုတ်လား"

"ဗျာ ... အင်း ... ဟုတ်တယ် ကိုအုင့်၊ အဲဒါ ဘာဖြစ် လဲ"

"အဲဒီမိန်းမ ဘယ်သူလဲ မင်းသိလား"

"ဗျာ ... မသိတော့ဘူးလေ ကိုအုင့်ကလည်း"

"မသိလည်း ပြီးရောကွာ"

"အရေးကြီးလို့လား ကိုအုင့်"





"အရေးမကြီးပါဘူး၊ ခေါင်းထဲ ပေါ်လာလို့"

အကြောင်းရင်းမရှိဘဲတော့ သူ့ဆရာ ကိုအုင့်ရဲ့ခေါင်း ထဲ ပေါ်လာစရာ မဟုတ်။ မိုးကျော်က ခဏစဉ်းစားလိုက်ရင်း ...

"အဲ ...အဲဒီတုန်းက ကျွန်တော်တို့က ပထမထပ်က Gym အခန်းရဲ့ရှေ့ဘက် ဝရန်တာကနေ အောက်ထပ်ခန်းမထဲ ကို ကြည့်နေကြတာလေ၊ နေဦး ကိုအုင့် ... အောက်ထပ် မှာက CCTV တွေ ရှိတာပဲ၊ အဲဒီပွဲတုန်းကလည်း ရိုက် ထားတာပဲ၊ ရက်ကော့ဒ်တွေ မဖျက်သေးဘူး ဆိုရင်တော့ ရှိနေနိုင်သေးတယ်"

"အေး ... လွယ်ရင်ကြည့်ချင်တယ်၊ မလွယ်ရင်လည်းနေ ပစေတော့၊ အရေးမကြီးပါဘူး" -

မိုးကျော်က အုင့်လှရဲ့ရုံးခန်းထဲက ထွက်သွားပါ သည်။ အုင့်လှက Ring သံ ပိတ်ထားတဲ့ သူ့ဖုန်းကိုဖွင့်ကာ ဘယ်က call တွေ ဝင်ထားသလဲ ပြန်စစ်ကြည့်နေရင်း ဖုန်း ကောလ်တချို့ကို အမြင်မှာတော့ မျက်မှောင်ကုတ်သွားရပါသည်။ နံပါတ်တစ်ခုတည်းက ဆက်တိုက်ဝင်ထားခဲ့တဲ့ ကောလ်ငါးခု။

အင်း ... ဒီကောင်မလေးတော့ မလွယ်တော့ဘူး။ ဒီကိစ္စဟာ ပေါ့သေးသေးထားလို့ မရတော့တဲ့ ပြဿနာတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



**ဖြစ်လာပြီ။** နည်းနည်းလေး မဆိုစလောက်လေး ပတ်သက်မိတာနှင့် အလျှော့မပေးစတမ်း လိုက်ချုပ်နေတာ။ အုန်္ဒလှက နောက်ဆုတ်ရှောင်ဖယ်လိုက်တာမို့ ပိုဆိုးသည်။

"ကိုအုန္ဒ ... ရတယ်ဗျ ... ရှိသေးတယ်"

"ဟုတ်လား"

မိုးဂျော်က စီဒီတစ်ချပ်ကို ရုံးခန်းထဲမှာရှိတဲ့ ဝရိုဂျက်တာစက်ထဲ ထိုးဖွင့်ထည့်လိုက်လျှင် ရှေ့တည့်တည့်နံရံကနံရံကပ်အယ်လ်စီဒီကြီးမှာ ရုပ်ပုံတွေ ပွင့်လာပါသည်။

ကွန်ဒိုခန်းတွေ အရောင်းစဖွင့်တဲ့နေ့က အောက်ဆုံးထပ်ဟောလ်ထဲက ညှော်ပရိသတ်တွေနှင့် ဖွင့်ပွဲအခမ်းအနားကို CCTV နှင့် အပေါ်နားခပ်ကျကျက ဆီးပြီးရိုက်ထားတဲ့ မြင်ကွင်းတွေ ပေါ်လာသည်။ မိုးဂျော်က စီဒီကို အမြန်ခလုတ်နှင့် ကျော်ရင်း ကြည့်နေပါသည်။

"ဟော ... ဒီမှာ"

မိုးဂျော်က စီဒီကို နောက်ပြန်ရစ်လိုက်ရင်းလိုချင်တဲ့နေရာလေးမှာပဲ ရပ်လိုက်သည်။ ဖိတ်ထားတဲ့ ညှော်သည်တွေ၊ ကုမ္ပဏီက တာဝန်ရှိသူတွေ၊ စာနယ်ဇင်းတွေက ဖိတ်ထားတဲ့ ကိုယ်စားလှယ်တွေ၊ ဗီဒီယိုရိုက်ကူးရေးအဖွဲ့တွေ၊ ဖွင့်ပွဲဖဲကြိုးဖြတ်





ဖို့ ဖိတ်ထား၍ ရောက်နေသော ဇန်းကိုင်ဖဲကြိုးကိုင် မော်ဒယ်လ်တွေ မြင်ကွင်းထဲမှာ လူများစွာ ရုံးစုရုံးစု ယောက်ယက်ခတ်နေသည်။

ဖွင့်ပွဲဖဲကြိုးဖြတ်တဲ့အခါမှာတော့ ကွန်ဒိုရှေ့က ကွက်လပ်မှာ ထွက်လုပ်ခဲ့ပေမယ့် ပွဲမစသေးခင်မို့ မိုးပျံပူဖောင်းတွဲကြီးတွေကအစ ခန်းမထဲက တစ်နေရာမှာပဲ ချည်နှောင်ထားဆဲရှိသေးသည်။ အဲဒီနားတစ်ဝိုက်မှာ ဗီဒီယိုရိုက်ကူးရေးအဖွဲ့လည်း ရှိနေကာ သူတို့အနီးက ဟိုလျှောက် ဒီလျှောက် လုပ်နေသော မိန်းကလေးတစ်ယောက်ဟာ ရိုက်ကူးရေးအဖွဲ့ရဲ့ မီးကြိုးတွေနှင့် ခလုတ်တိုက်ကာ မိုးပျံပူဖောင်းတွဲကြီးတွေအကြား ဝုန်းခနဲဆို ချော်လဲကျသွားပါသည်။

ဘေးက တစ်ယောက် နှစ်ယောက် ဝိုင်းပြီးလက်ကမ်းထူမ,ပေးလိုက်၍ ထ,လာအပြီး ရှက်ကိုးရှက်ကန်း လိမ်ဖယ်ဖယ်နှင့် ဝင်ပေါက်ဘက် လှည့်ထွက်သွားတဲ့ ပုံရိပ်တွေက မှတ်တမ်းတွေထဲမှာ အစီစဉ်တကျ မိနေသည်။

"အဲဒါ မဟုတ်လား ကိုအုန္ဒ"

"အင်း ... သူ့ကို ကြိုးကြိုးမြင်ရတဲ့ နေရာမှာ ဆော့ဖ်မှတ်ပြီး ငါ့ကို ရနိုင်သလောက် ချဲ့ပြစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



အုဋ္ဌ်လုစကားအတိုင်း မိုးကျော်က ရှာဖွေကာ ပုံကြီးကြီးပေါ်တဲ့နေရာမှာ ငြိမ်လိုက်ပြီး ပုံကိုချဲ့၍ အနီးကပ် zoom ဆွဲကြည့်လိုက်ပါသည်။

"အင်း ... အဲဒါပဲ"

အုဋ္ဌ်လုက ချဲ့ယူလိုက်၍ နည်းနည်းဝါးသွားသော ပုံရိပ်ထဲက မိန်းကလေးကိုကြည့်ရင်း မှတ်ချက်ချလိုက်ပါသည်။ သူ့ကြည့်ရတာ အမြဲပဲ ပျာကလတ် ရုပ်ပလာ ထင်ပါရဲ့၊ မီးကြိုးနဲ့ ခလုတ်တိုက် ချော်လဲလိုက်၊ သူများခြေထောက်ကို နမော်နမဲ့ ဘယ်ပြန်ညာပြန် တက်နင်းလိုက်။

သူ့ခေါင်းအလှုပ်တိုင်းမှာ စင်းပျော့ပြီး ရှေ့ဘက်လည်း ရှည်နေတဲ့ဆံပင်တွေက မျက်နှာကို ဒီလောက်ကွယ်နေတဲ့ဟာ ဘယ်လိုလုပ် အမြင်အာရုံ ရှင်းလင်းတော့မှာလဲ။ အစစ်ပဲ ... သူပဲ။

"ရပြီ ... ပိတ်လိုက်တော့"

"သူ ဘာဖြစ်လို့လဲ ကိုအုဋ္ဌ်၊ ကိုအုဋ္ဌ်ကို ဒီနေ့ တက်နင်းတာ သူလား"

"ဒါပေါ့ကွာ"

"ဩော် ... လည်ပင်းမှာ အိုင်ဒဲင်တတီကတ် ချိတ်ထားတယ်ဆိုတော့ စာနယ်ဇင်းတွေကလာတဲ့သူ ထင်တယ် ကိုအုဋ္ဌ်"





"အင်း ... ဟုတ်တယ်၊ ဒီနေ့လည်း အဲသလိုပဲ ကတ်ချိတ်လို့ပဲလေ"

"ဩော် ... သူ ဘယ်သူလဲ စုံစမ်းလိုက်ရမလား ကိုအုဋ္ဌ်"

"သိရနိုင်လား"

"သိနိုင်ပါတယ်၊ ပတ်ဘလစ်ရီလေးရှင်းက တစ်ယောက်ကို မေးကြည့်မယ်လေ ကိုအုဋ္ဌ်၊ အဲဒီပွဲတုန်းက ဖိတ်စာတွေ တာဝန်ယူဖိတ်တဲ့ သူကတော့ သိမှာပေါ့ ... ဘယ်သူလဲ ဆိုတာ"

"အင်းလေ ...၊ အာ ... မေးမနေပါနဲ့တော့ကွာ၊ အရေးလည်း မကြီးလှပါဘူး၊ ငါ့စိတ်ထဲ သူ့ပုံစံကို မြင်ဖူးနေသလိုရှိလို့ မင်းကို မေးကြည့်တာပါ၊ သူ ဘယ်သူဖြစ်ဖြစ် အရေးမကြီးပါဘူး၊ ကိစ္စမရှိဘူး"

သို့သော် ... စီဒီခွေယူ၍ ပြန်ထွက်သွားသော မိုးကျော်က တံခါးခေါက် ပြန်ဝင်လာချိန်တွင် မေးပြီးသားအဖြေပါလာပါသည်။

"ကိုအုဋ္ဌ် ... '.........'ဂျာနယ်နဲ့ '.........'မဂ္ဂဇင်းတိုက်က မိန်းကလေးပါ၊ သမုဒ္ဒသစ် ... တဲ့"

"သမုဒ္ဒသစ် ! "



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ကဲ့ ... သူတို့ဂျာနယ်မှာရော မဂ္ဂဇင်းမှာရောတော့ ကျွန်တော်တို့ အိမ်ရာကြော်ငြာတွေရော၊ ကျွန်တော်တို့ဆီက အိမ်သုတ်ဆေးတို့ Lubricant တို့ ကြော်ငြာတွေရော မကြာ မကြာ ထည့်ဖူးတယ် ကိုအုန်း”

“ဪ ... အင်း ... အင်း ...”

အုန်းလှက ခေါင်းညိတ်ပြီး အကြောင်းအရာကို ဤတွင်ဖြတ်လိုက်ပါသည်။ အုန်းလှ စကားဖြတ်ကာ သူ့ရဲ့စားပွဲပေါ်က အလုပ်စာရွက်စာတမ်းတွေ ကောက်ကိုင်ပြီမို့ မိုးချော်က အလိုက်တသိ သူ့အခန်းဘက် ပြန်ကူးရန် ပြင်ဆင်ပြီးမှ တံခါးကူးအရောက်တွင် ...

“ဟို ... ကိုအုန်း”

မပွင့်တပွင့်အသံကြောင့် အုန်းလှက မျက်လွှာပင့်ကြည့်လိုက်ပါသည်။

မိုးချော် နှုတ်ဆွံ့နေတာမြင်လျှင် ...

“ပြောလေ ... ဘာလဲ”

“ဟို ... ဟိုကောင်မလေးက မရပ်သေးဘူး”

“ဘာတွေလုပ်နေလဲ”

“သူ့ဖေ့စ်ဘွတ်စာမျက်နှာမှာ ဆောင်းပါးရိုပ်ခြေတွေ ရေးနေတုန်းပဲ၊ သူရေးပုံက ပြန်လျှော့ချလို့လည်းရအောင် ဘလိုင်း





ကြီး လိမ်ရာလည်းမကျအောင် ဖတ်လိုက်ရတဲ့သူတွေကလည်း တကယ်အရှိထက် သို့လော သို့လော ပိုတွေးစရာဖြစ်အောင် ဆော်တော်ရေးတတ်တယ်ဗျ၊ အလွယ်တကူနဲ့တော့ လက်လျှော့မယ့်ပုံ မဟုတ်ဘူး”

“.........”

“သတင်းက နည်းနည်း ပြန့်ကားလာနေတယ် ကိုအုန်း၊ ကျွန်တော့်ကိုတောင် ဟိုက ဒီက နည်းနည်းမေးမြန်းကြတာတွေ ရှိတယ်”

“မင်း ဘယ်လိုပြန်ပြောလဲ”

“ကျွန်တော်ကတော့ လုံးဝဘူးခံပြီး ပိတ်ချပစ်တာပဲ”

“ဟော့ကောင် ... မင်းကို ငါပြောထားတယ်လေ မိုးချော်ရာ၊ လုံးဝဘူးခံလို့တော့ မဖြစ်နိုင်ဘူး၊ ငါဖြစ်စေချင်တာက နည်းနည်းပါးပါး ခင်မင်ပြီး အဆက်အစပ်လေး ရှိသွားတာ၊ ဖုန်းအဆက်အသွယ်လိုမျိုး၊ တစ်ခါတစ်ရံ အပြင်ထွက်စားတာမျိုး၊ အဲသလောက်ရှိသွားတဲ့ အပေါ်မှာ နင်းပြီး သူလိုရာဆွဲပြီး ချဲ့ကားဖွနေတာဆိုတာမျိုးပဲ ဖြစ်စေချင်တာ ...

လုံးဝ ဘာမှမရှိပါဘူး ဆိုတော့လည်း မျက်စိမှိတ်ပြီး ဗြောင်လိမ်ရာကျနေဦးမယ်၊ မြင်တဲ့သူကလည်း မြင်ဖူးမှာ”



www.burmeseclassic.com

www.burmeseclassic.com



"နည်းနည်းရှိလို့ များများကားပါတယ် ဆိုတာမျိုး လုပ်လို့ မဖြစ်ဘူးထင်တယ် ကိုထွန့်ရ၊ နည်းနည်းရှိတယ်ဆိုရင်ကို သူက အဲဒီပေါ်နင်းတော့မှာလေ၊ အန်တီကလည်း ကျွန်တော့်ကို မှာထားတယ်၊ ဒီသတင်းကို အစပြတ်အောင်ဖျောက်တဲ့"

"ငါ့အမေက အဲလိုပြောတာကတော့ လွယ်တာပေါ့ကွ၊ ဒါပေမဲ့ တကယ်လုပ်ဖို့က ခက်တာ၊ ဘာမှဂရုမစိုက်ဘဲ ဒီတိုင်းပစ်ထား လွှတ်ထားလိုက်ရင် ပိုပြီးမကောင်းဘူးလား"

"သူပြောချင်ရာတွေ လျှောက်ပြောလို့ ရနေအောင် ငြိမ်နေပေးသလို ဖြစ်နေမှာပေါ့ ကိုအုန့်ရ၊ အန်တီက မေးနေတယ် ကျွန်တော့်ကို၊ မင်း ကိုအုန့်မှာ ရည်းစားမရှိဘူးလားတဲ့၊ ရှိများရှိရင် ခုချက်ချင်း စေ့စပ်ပြီး မကြာခင် လက်ထပ်ပေးစားလိုက်လို့ရအောင်တဲ့"

အုန့်လှက ပြုံးရင်း ...

"မင်း ဘာပြောလိုက်လဲ"

"ကိုအုန့် သူ့ကိုယ်သူထက် ချစ်တဲ့သူ မပေါ်သေးဘူး၊ ရွေးတုန်းလို့"





"မင်းကလည်း အတို့အထောင် သိပ်မလုပ်နဲ့၊ မေမေက ငါ့ကို အရမ်းအိမ်ထောင်ပြုစေချင်နေတာ၊ တော်ကြာ ... လက်ဆုပ်လက်ကိုင် မရှိဘူးဆိုပြီး သူ မျက်စိကျတဲ့ဟာနဲ့ ကောက်ကာက် ပေးစားနေပါဦးမယ် မိုးကျော်ရာ"

"တကယ်လည်း လက်ဆုပ်လက်ကိုင် ရှိမှမရှိတာ၊ ကျွန်တော့်စိတ်ထဲ ရှိတဲ့အတိုင်း ပြောရမလား"

"အံမာ ... ဘာတုံး ... ပြောပါဦး"

"ကိုအုန့်က လည်လွန်းတဲ့ဘီးလည်း မဟုတ်ဘဲနဲ့ တစ်လိုမ့် နှစ်လိုမ့်စနဲ့ ချေးသင့်တော့မှာ စိုးရိမ်ရတာ၊ ခုခေတ်မိန်းကလေးတွေကို ကိုအုန့်က လျှော့တွက်နေတာကိုး၊ ကိုအုန့်ထက် ဝါရင့်ပြီး အတွေ့အကြုံတွေ ရင့်ကျက်ပြီး သူတို့ကိုယ်သူတို့ ဂျင်ပေါ်ကထုံးပါလို့ ထင်နေတဲ့ မြာအပွေစားကြီးတွေတောင် သူတို့ထက်လည်တဲ့ ထုံးပေါ်နားတဲ့ခြင်နဲ့ တွေ့တော့ ကျရှုံးကြရတဲ့သာဓကတွေ အများကြီး ကိုအုန့်"

"ငါ သိပါတယ်ကွာ၊ ငါလည်း အခု သူ့ကို လုံးဝရှောင်နေတာပဲ၊ ငါကို ကျရှုံးအောင်လုပ်လို့တော့ မရပါဘူး"

"သူ့ထောင်ချောက်ထဲကျပြီး သူ့ကို လက်ထပ်လိုက်ရမှ ကျရှုံးတာမှ မဟုတ်တာ ကိုအုန့်ကလည်း၊ ခုခေတ်မှာ လူတွေက နှာမည်ကျော်တွေ သူဌေးတွေ အပုပ်နံ့ထွက်လေ နှာမည်ပျက်လေ လက်ခုပ်တီးလေပဲ၊ ဘယ်အချက် ခြေရှမ်း



www.burmeseclassic.com

www.burmeseclassic.com



များမလဲ စောင့်နားစွင့်နေကြတာ၊ ကိုယ့်မှာ အကျိုးရှိရှိ မရှိရှိ ဝင်ဆော်ကြ ဝင်အော်ကြတာ၊ Facebook တို့ ဘာတို့လို Social network တွေမှာ ပိုဆိုးတယ်"

"ကဲ ... ကဲ ... ကဲ ... ဒါဖြင့် ငါ ဘာလုပ်ရင်ကောင်းမယ်လို့ မင်း ထင်တာလဲ"

"ခုနေ ကိုအုဋ်မှာ ရည်းစားလေး တစ်ယောက်လောက်ရှိရင်လည်း ကောင်းသား၊ အန်တီ ပြောသလိုပဲ၊ ကောက်စေ့စပ်လိုက်ရုံပဲ၊ အဲသလိုဆိုရင် ဟိုဘက်ကို အထူးတလည် ဖြေရှင်းမနေရဘဲနဲ့ သူလည်း အလိုလို အရှိန်တန့်သွားမှာ အမှန်ပဲ"

"ကျွတ် ... မင်းကလည်း မရှိလို့ မဖြစ်နိုင်တာကို လာအကြံပေးနေပြန်ပြီ၊ ဖြစ်နိုင်တာတော့ အကြံမပေးဘူး"

"ရုပ်ရည်ရော စည်းစိမ်ဉစ္စာရော အရည်အချင်းရော ဘာမပြောစရာမရှိဘဲနဲ့ ရည်းစားတစ်ယောက်တောင် မရှိတာကတော့ ကျွန်တော် ပြောသလိုပဲ၊ ကိုယ့်ကိုယ်ကိုယ်ထက် ချစ်နိုင်တဲ့သူ မရှိလို့ပဲ နေမှာပါပဲ၊ အတ္တကြီးတဲ့ သဘောပေါ့ ... အဟဲဟဲဟဲ"

အုဋ်လုက ပြုံးစပ်စပ်လုပ်နေတဲ့ မိုးကျော်ကို ရှုတည်တည် မကျေမချမ်း ကြည့်လိုက်ပါသည်။

❦ ၀ ❦



# ❦ ၃ ❦

"ဟဲ့ ... မိသမု၊ နင် ဘာလို့ ဖုန်းမကိုင်တာလဲ"

သမုက မျက်နှာလေးရှုံ့မဲ့ကာ ကုပ်ကိုပင် ပုလိုက်မိပါသည်။ ကြည့်စမ်း ... ကြည့်စမ်း ... တေနာမ နွယ်ဝတီ။ သူ့ဖုန်းကို မကိုင်တော့ ဘယ်က တခြားနံပါတ်နှင့် ကောက်ဆက်သည်မသိ။ သူ့နံပါတ် မဟုတ်တော့ ကိုင်မိတာပေါ့။

"ဟယ်လို ... ဟယ်လို ... ဘယ်သူပါလဲရှင်"

သမုက အပြစ်ကင်းစင်သော ညောင်နာနာသံလေးနှင့် မသိချင်ယောင်ဆောင်ကာ ပြန်မေးလိုက်ပါသည်။

"ဘာ မုန်လာဉ လုပ်နေတာလဲ"

"ရှင် ... မုန်လာဉ၊ ဩော် ... ဖုန်းမှားနေတယ်ထင်တယ် ရှင့်၊ ဒါ ကုန်စိမ်းဈေးက မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်းဟာ ... သမု၊ ရှူးသလို ပေါသလို လုပ်မနေနဲ့၊ ငယ်ကျင့်ကို မပျောက်ဘူး ... ဟွန်း"

"အသံက ပြတ်တောက် ပြတ်တောက်နဲ့ ခုပြောနေတာ ဘယ်သူလဲဟင်"

"ငါ ... ငါ ... နွေယ် ... နွေယ်၊ နွယ်ဝတီ ဟဲ့၊ ငါရှိနေသမျှ ကာလပတ်လုံး နင် အဆင့်နှစ်က တက်လို့မရအောင် နင့်အပေါ်ကပိတ်ပြီး အမြဲအဆင့်တစ်ရခဲ့တဲ့ နင့်ငယ်သူငယ်ချင်း နွယ်ဝတီ ... သိပြီနော်"

"ဟယ် ... နွှေ ... မိန်းမ၊ ကောင်မစုတ်၊ ကောင်စုတ်မ၊ စုတ်ကောင်မ၊ နင် ဘယ်ပျောက်နေတာလဲ"

"ဘာ ... ငါက ဘယ်ပျောက်ရမှာလဲ၊ ပျောက်နေတာ ပုန်းနေတာက နင် မဟုတ်လား"

"ငါက ဘာလို့ပုန်းနေရမှာလဲ၊ အို ... ဘုရားသခင်"

"သိဘူးလေ၊ ကျော့ကျော့ ပြောတာပဲ၊ နင့်ကို ဘယ်တော့မှ ဆက်သွယ်လို့ မရဘူးတဲ့၊ နင်က အမြဲပုန်းနေတာတဲ့၊ တစ်နှစ်ထက်တစ်နှစ် ပိုပိုပြီး အပျိုကြီးဖြစ်ဖြစ်လာလေ လုံအောင်ပုန်းလေတဲ့"

ကြည့်စမ်း ...။

မော်ကြွားပြီး ဇော်ကားလိုက်တာ။ တမင်တကာ သူ့မျက်နှာ မမြင်ချင်လို့ သူနဲ့အဆက်အသွယ် မလုပ်ချင့်လို့





အတွေ့မခံတဲ့ဥစ္စာကို အပျိုကြီးဖြစ်လို့ ပုန်းသတဲ့။ အဲဒီမိန်းမကို တော့ ခေါးနဲ့ကို တောက်တောက် တောက်တောက် စဉ်းပစ်ချင်တာ။ အထူးသဖြင့် ရှေ့ကို ထော်ထွက်နေပြီး ချိုးဖွဲ့နှိပ်ကွပ်ပြော တတ်လွန်းတဲ့ သူ့နှုတ်ခမ်းထူကို။

သူမှ တကယ့် ကောင်စုတ်မ။ အစုတ်အပွဲ အပုပ် အယုတ်တွေ တန်းစီလိုက်ရင် အများရှေ့ကကျူးပြီး အထူးကို ပုပ်ယုတ်စုတ်တဲ့ မိန်းမ။ ငယ်ကတည်းက နှစ်ပေါင်းများစွာတွဲခဲ့ ရလို့ သူငယ်ချင်းစာရင်းထဲပါကာ ဘယ်လိုမှ ဖြုတ်ချခွာထုတ် စာရင်းဖျောက်လို့ မရပေမယ့် ကောင်းကျိုးတစ်စက်ကလေးမှ မပေးတဲ့ ဘုရားစူး သူငယ်ချင်းမ။

ခုတွေး ခုမုန်းတဲ့ သူငယ်ချင်း။ မတွေ့မဆုံလိုတဲ့ သူငယ်ချင်း။ တွေ့ရင် အန်ထွက်ချင်တာကို နင်းကန်မျိုချပြီးဖြီး ပြရဦးမယ့် သူငယ်ချင်း။ ကေးဝင့်ပုဏ္ဏားလို နဖူးကအမာရွတ်စမ်း မိတိုင်း အခဲမကြေရတဲ့ သူငယ်ချင်း။ ဤအနှီသူငယ်ချင်းကို ခုတလောတော့ ရှောင်လို့ ပုန်းလို့ လွတ်ချင်မှ လွတ်လိမ့်မည်ဆို တာ သမု ကြိုတင်ရိပ်မိပြီးသား။

ဘာကြောင့်လဲဆိုတော့ "ကေသရီ"ပြန်လာတယ်လို့ သတင်းကြားလိုက်ရလို့ပါပဲ။ သမုသစ်၊ နွယ်ဝတီ၊ ကျော့ယမင်း၊ ကေသရီ ဆိုတဲ့ သူငယ်ချင်းလေးယောက်ထဲမှာ စိတ်သဘောထား ပြည့်ဝအေးချမ်းဆုံး၊ သဘောထား အဖြောင့်မှန်ဆုံး၊ သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



တွေအပေါ်လည်း အစစ်အမှန် သံယောဇဉ်အကြီးဆုံး ဖြူစင်သူလေး ကေသရီ ရေခြားမြေခြားက အလည်ခဏ ပြန်လာတယ်ဆိုတာ ကြားသိကတည်းက ဒီသူငယ်ချင်းလေးယောက် နဖူးတွေ့ ဒူးတွေ့ ပြန်လည်ဆုံတွေ့ကြဖို့ကိုလည်း ကေသရီ မဖြစ်မနေစီစဉ် ကြိုးပမ်းတော့မည်ကို သိထားပါသည်။

"သြော် ... အဲဒီ မိကျော့ကတော့ ရှူးနေတာပဲဟာ၊ အရှူးစကားကို ရှူးတဲ့သူပဲ အတည်ယူမှာပေါ့ဟာ"

"မိကျော့က ဘာလို့ ရှူးနေတာလဲ"

"ဟင် ... တစ်သက်လုံး ပေါင်းလာပြီး နင်ကမသိတော့ဘူးလား"

"သြော် ... အလုံဘုရင်မရှူး ရှူးနေတာလား ... ဟိ ဟိ ဟိ"

"နင်သိရင် ပြီးတာပဲ၊ တစ်ချိန်လုံး ငါ့ကို မနာလိုနေတာ နင်တို့အသိပဲဟာ"

"အဟိ ... သူကပြောတော့လည်း သူ့ကို နင်က မနာလိုနေတာတဲ့"

"ငါက သူ့ကို ဘာကိစ္စ မနာလိုနေရမှာလဲ၊ သူ့မှာ ငါ မနာလိုစရာ ဘာအရည်အချင်း ရှိလို့လဲ"

"ကိုကိုကျော့်အချစ်ကို မရခဲ့လို့ နင်က မနာလိုနေတာလို့ သူ အမြဲပြောနေတာပဲလေ၊ မနေ့တစ်နေ့ကတောင် ပြောနေတုန်းပဲ ... ဟား ဟား"





"အမယ်လေးနော် ... သူ့ကိုကိုကျော့် အချစ်ကိုများ ငါ ရချင်ခဲ့ရင် သူတောင် အခုလို မရခဲ့တော့ဘူးဆိုတာ နင်နားမလည်ဘူးလား"

"အေးဟဲ့ ...၊ ငါရော မိကေရော တောက်လျှောက်ထင်နေခဲ့တာက နင်နဲ့ ကိုကိုကျော့် တစ်နေ့နေ့မှာ ချစ်သူတွေဖြစ်သွားမလားလို့လေ၊ ဘယ်ကနေ ဘယ်လိုဖြစ်ပြီး မျက်လှည့်ပြလိုက်သလို သူနဲ့ ကိုကိုကျော့် ချစ်သွား လက်ထပ်သွားတယ်ဆိုတာ ဉာဏ်တောင် မမီတော့ဘူး"

"အဲဒါပဲပေါ့ဟဲ့၊ အဲဒါ လိုရင်းပဲ၊ နင်သဘောပေါက်ရင် ပြီးတာပဲ"

"အေးနော် ... ငါတို့ ကျောင်းလည်းပြီးရော တကွဲတပြားစီဖြစ်ကုန်လိုက်တာ၊ မိကျော့က ကိုကိုကျော့်နဲ့လက်ထပ်၊ ကိုကိုကျော့် တာဝန်ကျတဲ့ မြစ်ကြီးနားကိုပါသွား၊ မိကေက သူ့အစ်မရှိတဲ့ ယူအက်စ်အေကိုရောက်သွား၊ ဟိုမှာ ကိုရစ်ချတ်နဲ့လက်ထပ်၊ နင်က ဂျာနယ်လစ်ဇင်မ်တက်ချင်တယ်ဆိုပြီး နင့်အစ်ကိုဆီ ကိုရီးယားကိုထွက်သွား၊ ငါလက်ထပ်တော့ နင်တို့သုံးယောက်လုံး အနားမှာ မရှိကြဘူး"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



"မိကေတို့ လင်မယားက ဟိုမှာပဲ အခြေချနေကြတာမို့လို့ ထားပါတော့၊ နှင်က နှစ်,နှစ်နေတော့ ပြန်ရောက်လာသားနဲ့ ငါတို့နဲ့ ဘာလို့ ဒီလောက် အဆက်ပြတ်ရတာလဲ"

"ငါပြန်ရောက်ပြီး နောက်တစ်နှစ်ကျတော့ နှင်နဲ့ တွေ့ပါသေးတယ်ဟာ"

"တစ်ခါတည်းလေ၊ အဲဒီတစ်ခါပဲ တွေ့တာကို၊ ကျော့လည်း သူ့ကိုကိုကျော် အမ်အက်စ်စီပြန်ဖြေလို့ ရန်ကုန်ပြန်ရောက်လာသားပဲ၊ နှင်နဲ့မတွေ့ဘူးဆို"

"ဒါကတော့ အကြောင်းတိုက်ဆိုင်ရင် တွေ့မှာပေါ့ဟဲ့၊ အကြောင်းမှ မတိုက်ဆိုင်တာ"

"မိကျော့ကပြောတော့ သူတို့လင်မယားကို နှင်က တမင်တကာ ရှောင်ပုန်းနေတာဆို"

"ဟဲ့ ... ငနွယ်"

"ဘာလဲ"

"နှင်က ဘာလဲ၊ မိကျော့စကားတွေ နားထောင်၊ မိကျော့ဘက်ပါပြီး ငါ့ကို ကြားထဲကနေ သတင်းပြန်ပေးသလိုလိုနဲ့ နှင်ပါ တတပ်တအား စွပ်စွဲနှိပ်ကွပ်နေတာလား ... ဟုတ်လား"

"ဟယ် ... မဟုတ်ပါဘူးဟယ်"





"မဟုတ်ရင် မိကျော့စကားတွေနဲ့ ငါ့ကို ဟိုလိုဆို ဒီလိုဆိုဆိုပြီး ဘာဖြစ်လို့ ထိုးနှက်နေတာလဲ၊ နှင်က ဘာလဲ၊ ငါ့အတွက် နာတာလား၊ ငါ့ကို နာစေချင်တာလား၊ ရှင်းရှင်းပြော"

"ဟဲ့ ... ဒီလိုပဲ၊ သူပြောတာ ပြန်ပြောပြတာပေါ့ဟဲ့၊ နှင်အဲဒါကြောင့် မိကျော့နဲ့ မတည့်တာ၊ ပြောလိုက်ရင် ဘုပဲ"

"သူနဲ့ မတည့်တော့ ဘာဖြစ်လဲ၊ ဘာဂရုစိုက်ရမှာလဲ၊ အဲဒါကြောင့် နှင်တို့နဲ့ မဆုံချင်လို့ ကျောင်းဂဲသားရင်းတွေ မလာတာ သိပြီလား၊ တွေ့ရင် လူကို အနှောင့်မလွတ် အသွားမလွတ်တွေပဲ ရွေးပြောတာ၊ နှင်တို့နဲ့မတွေ့တာပဲ နားအေးတယ်"

"အောင်မာ ... ငါက ဘယ်သူ့ဘက်ကမှ မဟုတ်ဘူးဟဲ့ သိရဲ့လား၊ နှင် ခုလိုပြောလို့ မိကျော့က သူတို့ကို နှင်ရှောင်တယ်လို့ ပြောနေတာပေါ့၊ ဘာဖြစ်လဲ တွေ့တော့၊ သူငယ်ချင်းချင်း တွေ့ရမှာပေါ့၊ အဲလို မလာဘဲ ရှောင်နေစရာလား။ နှင် တော်တော်ပြောရက်တယ်"

"ငါ့ဟာနဲ့ငါ အားတာမဟုတ်ဘူး သိရဲ့လား၊ ငါ့မှာဒီဘက် အလုပ်ကလည်း တစ်ဖက်၊ ပြီးတော့ ငါ Online ကနေ ဈေးရောင်းတဲ့အလုပ်လည်း လုပ်ရသေးတယ်၊ ငါ့အစ်ကိုနဲ့



www.burmeseclassic.com

www.burmeseclassic.com



ယောက်မဆီက ကိုရီးယားက ဖက်ရှင်ပစ္စည်းတွေကိုမှာပြီး Online ကရောင်းပေးတာလည်း အလုပ်ရှုပ်သေးတယ်၊ နင်တို့ချိန်းတဲ့အချိန်တွေ ငါမအားတာတော့ မတတ်နိုင်ဘူး”

“အဲဒါဆို နင်အားတဲ့အချိန် ပြန်ချိန်းပါလား၊ အပိုတွေလာပြောမနေနဲ့၊ ငါတောင် ကလေးတစ်ဖက်နဲ့ ချိန်းရင်လာဆုံနိုင်သေးတယ်၊ နင်က အပျိုကြီးပဲ ဘာမအားစရာရှိလဲ၊ ပြီးတော့ အပျိုကြီးလုပ်နေပြီး ဘာတွေ ဒီလောက်စီးပွားရှာနေတာလဲ၊ ဘယ်သူသုံးဖို့လဲ”

“ငနွယ်နော် ... အပျိုကြီး စီးပွားမရှာရဘူးလို့ နင့်ကို ဘယ်ဘုရားက ဟောထားလဲ၊ ငါ့ဟာငါ စီးပွားပဲရှာရှာ အိပ်ပဲနေနေ အပျိုကြီးတာ မကြီးတာနဲ့ ဘာမှ မဆိုင်ဘူး”

“ဟီး ဟီး ဟီး ... ဟဲ့ ... နေပါဦး ဒါနဲ့ သိချင်လွန်းလို့ပါ၊ နင် ဒီလောက်လှပြီး ဘာလို့ယောကျ်ားမရတာလဲဟင် ... အဟီးဟီး”

သမုက နှုတ်ခမ်းလေးကို ဖိကိုက်လိုက်မိပါသည်။ ဒီစကားမျိုးတွေက လူ့အရှိက်ကို ထိလှသည်။ အစုတ်ပလုတ်မတွေ။ သူငယ်ချင်းအရင်းတွေသာဆိုတယ် လူကို ကလိဖို့ ရိုဖို့





တစ်ယောက်ချက်ကောင်း တစ်ယောက်စောင့်ပြီး အားနည်းချက်နှိပ်ကွပ်ဖို့ ချောင်းနေကြမှတော့ ဘာဖြစ်လို့ ပေါင်းနေရဦးမှာလဲ။ အဲဒါကြောင့် အမြင်ကတ်တာ၊ မတွေ့ချင်တာ၊ ပစ်ထားတာပေါ့။

“ငါ့ကို ယောကျ်ားမရဘူးလို့ ထင်နေတာ ငကျော့ တစ်ယောက်တည်းမှတ်တာ၊ နင်လည်း ပါတာကိုး ငနွယ်ရဲ့ ... ဟုတ်လား၊ မိန်းမတစ်ယောက် တစ်ကိုယ်တည်းနေရင် ယူမယ့်ယောကျ်ား မရှိလို့လို့ ထင်မှတ်နေတာတော့ တော်တော် အတွေးတိမ် ဦးနှောက်မဲ့တဲ့ လူညံ့တွေ စိတ်ကူးပဲ”

“အောင်မာ ... ဒါဖြင့် ဘာဖြစ်လို့ မရတာလဲ”

“မရဘူးလို့ အဲလိုထင်နေသရွေ့ နင် မိကျော့တပည့်ပဲ”

“ဘာ ... ငါက ဘာကိစ္စ မိကျော့တပည့် ဖြစ်ရမှာလဲ၊ အတန်းထဲ အမြဲအဆင့်တစ်ရတဲ့သူနဲ့ အမြဲအဆင့်သုံးဆယ်နောက်မှာရှိတဲ့သူနဲ့ ဘယ်သူက တပည့်ဖြစ်ရမှာလဲ”

“ဟင်း ဟင်း ဟင်း ... မိကျော့က အလှဘုရင်မရှူး ရှူးနေသလို နင်ကလည်း အဆင့်တစ်ကြောင်း ကြောင်နေတာပဲကိုး၊ ငနွယ်ရယ် ... အတန်းထဲ အမြဲတစ်ရခဲ့ပေမယ့် ဆယ်တန်းအောင်တော့လည်း ဆရာဝန်လိုင်းတို့ ဘာတို့ လိုင်းကောင်းမမီ ဘာမမီနဲ့ ငါတို့လိုပဲ တူတူပဲ မေဂျာပဲယူခဲ့ရတာပဲ မဟုတ်လား၊ သူငယ်ချင်းရယ် ... အဟာစ် ဟာစ်



www.burmeseclassic.com

www.burmeseclassic.com



သမုက အမြင်ကတ်ကတ်နှင့် နွယ်ဝတီ နာမည့်စကား ရွေးချယ်နှိပ်ကွပ်လိုက်ပါသည်။ ဟုတ်တယ်လေ။ သူလည်း နာဦးပေါ့။ လူကို ယောကျ်ားမရတဲ့ အပျိုကြီးလေး ဘာလေးနှင့် ဘဝမှာ အနာဆုံးစကားကို လာပြောနေတဲ့သူကို ဒီလောက်တော့ ပြန်ပက်မှပေါ့။

"ဘာ"

ထင်တဲ့အတိုင်း နွယ်ဝတီ နာလုံးပေါက်သွားပါသည်။

"ဟဲ့ ... ငါ့ဟာငါ မေရျာယူပေမယ့် နှင်တို့ထက် အမှတ်ပေါင်း အများကြီးသာခဲ့တယ်ဟဲ့ ... သိရဲ့လား"

"ဆယ်တန်းရမှတ်ပေါင်း ဘယ်လောက်ဆိုတဲ့ အကြောင်းအရာက ခုဆိုရင် Thirteen years ago ဖြစ်သွားပြီ ငနွယ်ရေ ... နော်၊ တမ်းတမနေနဲ့တော့၊ နှင်သိဖို့က လူဆိုတာ အဲလိုပဲ ကိုယ့်အကြောင်းနဲ့ကိုယ် ကိုယ့်ကံတရားနဲ့ကိုယ် ချည်းပဲ၊ ကဲ့ရဲ့တတ်ရင် ကဲ့ရဲ့ခံတတ်ဖို့လည်း သင်ကြားထားရတယ် သူငယ်ချင်းရဲ့ ...

အဟီး ... နှင်က စာတော်ပါတယ်ဟဲ့၊ ခြေချော် လက်ချော်နဲ့ နှင်လိုချင်တဲ့ ဆေးလိုင်းမမီခဲ့ မရခဲ့တာလေ၊ တခြားမီတဲ့လိုင်း တချို့ကျတော့လည်း နှင်မယူချင်လို့မယူတာလေ၊ ဒီလိုပဲပေါ့ဟယ် ... လောကကြီးမှာ မရတာလည်း ရှိသလို မယူတာလည်းရှိတယ်၊ သဘောပေါက်ပြီလား"





"ဟွန်း ... ကောင်နာမ၊ တဲ ... ဒါဆိုပြော၊ နှင် ဘာဖြစ်လို့ ယောကျ်ားမယူတာလဲ"

"မယူချင်လို့ပေါ့ဟယ် ... ရှင်းနေတာကို"

"ကိုကိုကျော့်ကို မရခဲ့လို့လား"

"ပြောရင်း ဆိုရင်းက၊ နှင် သေမယ်နော် ... ငနွယ်၊ ဆရာဝန်လောက်ကို ငါက မလိုချင်လို့ပေါ့"

"အောင်းမာ့ ... ဖြစ်မှဖြစ်ရလေ"

"အေး ... အဲဒါပဲ"

"အခုကော အဲဒီထက် သာတာရပြီလား"

"ရသော်ငြားလည်းပဲ ငါက ယောကျ်ားမယူချင်သေးတာလေ ... ငဲ့ ငဲ့"

"ဘုရားရေ ... ဆရာဝန်ထက်သာတာ ရထားတာတောင် နှင်က မယူချင်သေးဘူးဆိုတဲ့ သဘောလား"

"ဒါပေါ့၊ နှင်တို့ မိကေတို့ကို ကြည့်လေ သားတွဲလောင်း သမီးတွဲလောင်းနဲ့ ဘယ်လောက် ကသီလင်တ ဖြစ်နေကြလဲ၊ မိကေကို ထည့်မပြောပါနဲ့ဦး၊ နှင့်ကိုယ်နှင်ပဲ ကြည့်ပါဦး၊ တစ်ပတ်တစ်ခါ Beauty Spa နှင် သွားနိုင်လား၊ ဆံပင်လေးပေါင်းလိုက်၊ ခြေသည်းလက်သည်းလေး အလှပြင်လိုက်၊ Facial treatment လေးယူလိုက်၊ နှင်လုပ်အား



www.burmeseclassic.com

www.burmeseclassic.com



လို့လား၊ ရုပ်ရှင်လေးကြည့်လိုက်၊ Music show လေး ကြည့်လိုက် နင်သွားနိုင်လား၊ ဟိုးတလောက ကလေးနေမကောင်းလို့ ဆံပင်ဖရိုဖရဲကြီး ကျားပါးစပ်နဲ့ညှပ်ပြီး အင်္ကျီဟောင်းကြီးနဲ့ နင် ဆေးခန်းပြေးရတယ် မဟုတ်လား”

“ဘာ ... နင် တွေ့တယ်ပေါ့ ငါ့ကို၊ ကြည့်စမ်း လှမ်းခေါ်ပြီး သတင်းလေးတောင် လာမမေးဘူးပေါ့”

“နင်က နင့်အပူနဲ့ နင်လေ၊ ငါလှမ်းခေါ်ရင်လည်း နင် အာရုံသိပ်ရမှာ မဟုတ်ပါဘူး၊ ပြီးတော့ အဲဒီနေ့က ငါက မင်းသမီး‘.........’ ဆေးရုံခဏတက်တာ လာကြည့်တာလေ၊ လှလှပပ ကြော့ကြော့မော့မော့ ဖြစ်နေတာ၊ နင်က နင့်သောကနဲ့ လူပုံက ရွဲနေတာနဲ့ ငါက အားနာပြီးလာခေါ်မနေတော့တာပါဟ”

ကဲ ... ပြီးရော။

တမင်တကာကို နှိပ်ကွပ် ပြောပစ်လိုက်တာပေါ့။ သူငယ်ချင်းအုပ်စုထဲမှာ သမုကို အနှိပ်ကွပ်ဆုံး မနာလိုဆုံး အကျောဆုံးဟာ ကျော့ယမင်းပါ။ နွယ်ဝတီက မိကျော့လောက် မဆိုးပေမယ့် မိကျော့လေသံကိုဖမ်းကာ နင်းကာ လိုက်ခွပ်တတ်သည်။ ကေသရီ တစ်ယောက်ပဲ စိတ်ထားဖြူစင်တာ။





မိကျော့ကတော့ သမုမှ သမု၊ ပစ်မှတ်ကိုထားကာ ယှဉ်ပြိုင် မနာလို ကြည့်မရတာဖြစ်ပြီး နွယ်ကတော့ တစ်ယောက်က နောက်တစ်ယောက်ကို ဖွဲ့ရွဲ့နေရင် သူပါတတပ်တအား ဝိုင်းဖွဲ့တတ်တာမျိုး။ ဒီလူ့မဖွဲ့ရ ဟိုလူ့ဖွဲ့မည်ထဲကပင်။ နေရင်း ထိုင်ရင်း သူများကိုဖွဲ့ဖို့ အာရုံက မိကျော့ တစ်ယောက်မှာသာ သမုအပေါ် ထာဝစဉ်ဦးတည်ထားတာမို့ နွယ်ကလည်း သမုကို ဝိုင်းဝိုင်းဖွဲ့တတ်တာ အကျင့်ပါနေသည်။

ပြီးတော့ နွယ့်အကျင့်က အထက်ဖားအောက်ဖိ မျက်နှာကြီးရာ ဟင်းဖတ်ပါတတ်တာမျိုးပင်။ ဘယ်သူပြေလည်နေသလဲ သူ မျက်နှာချိုသွေးကာ ဖားမည်။ ဘယ်သူ မျက်နှာမွဲနေ မပြေလည်နေမလဲ ခပ်နှိမ်နှိမ်ဆက်ဆံမည်။ ဒါကြောင့် ကေသရီ ရှေ့ကလွဲလျှင် ဒီမိန်းမနှစ်ကောင်ရှေ့၌ အမြဲအဆင်ပြေ ဝင့်ကြွား ထည်ဝါနေမှ တော်ကာကျတာမျိုးပင်။

“နင်ဟာလေ ... မတွေ့တာကြာတဲ့ ကြားထဲမှာ တော်တော် လေသံမြင့်နေပါလား သမု ... ဟင်၊ ဟိုအရင်က နင့်ကို ဘယ်လိုပြောပြော နင် ခုလိုတစ်ခွန်းမခံ မဟုတ်ခဲ့ပါဘူးနော်”

ဟိုးအရင်က ကျောင်းသူဘဝ၊ ငယ်နုစဉ်ကိုး။ ခုတော့ ကိုယ်လည်း လူ့လောကအလယ်မှာ အထိုက်အလျောက် တွင်ကျယ်ကာ လူတွေအကြောင်းလည်း အရင်ထက်ပိုသိ၊ အတွေ့အကြုံတွေ



www.burmeseclassic.com

www.burmeseclassic.com



လည်း အရင်ထက်ပိုစုံ၊ ကိုယ်ခံအား စိတ်ခံအားလည်း အရင်ထက် ပိုတောင့်တင်းပြီလေ။ ဘာပြောပြော ဝမ်းတွေနည်းပြီး ရန်မလိုတာနဲ့ပဲ ခေါင်းငုံ့ခံနေတော့မယ့် မျက်စိသူငယ် နုနယ်နယ်လေးတော့ ဘယ်ဟုတ်တော့မလဲ။

ပြီးတော့ သူတို့အားလုံး ယောက်ျားရနေကြတာနဲ့ပဲ သမု အပျိုကြီးဖြစ်နေတာကို ဂေါ်မစွံ့သလိုလို လူကြိုက်နည်းသလိုလို ချိုယွင်းချက်လိုလို နှိမ်ပြောတာကို အထူးအမြင်ကတ်လို့ကို တမင်တကာ အနိုင်ပိုင်းပြီး ပြန်ပြောနေတာပါ။

"အခြေအနေတွေကလည်း တူမှမတူတော့တာဟယ်"

သမုက အသည်းယားစရာ တဟင်းဟင်းကလေး ရယ်သွမ်းသွေးရင်း ပြန်ပြောပါသည်။

"နင့်အခြေအနေက အခု ဘာမို့လို့လဲ၊ ဂျာနယ်တိုက်မှာ ဂျာနယ်လစ်စ်၊ onloine က ဈေးရောင်းတဲ့သူပဲ မဟုတ်လား"

မိကျော့က ဆရာဝန်ကတော်။ ငွေ့ယောက်ျားက ကျူရှင်တွေထောင် ဆယ်တန်းဘော်ဒါတွေဖွင့်က ကြီးပွားနေတဲ့သူ။ ကေသရီ့ယောက်ျားက အမေရိကားမှာ လခအင်မတန်ကောင်းတဲ့ အင်ဂျင်နီယာ ဒီဇိုင်းပညာရှင်ဖြစ်ရာ သမု အနေအထားက သူတို့နှိမ်မယ်ဆို နှိမ်ချင်စရာပေ။





"ဟဲ့ ... ငါက ဂျာနယ်လစ်စ်သက်သက် မဟုတ်ဘူး၊ "………"တိုက်ရဲ့အယ်ဒီတာဟဲ့၊ online ကနေ ရောင်းတယ်ဆိုတာကလည်း အချဉ်ထုပ် ဆီးသီးထုပ် မဟုတ်ဘူး၊ ကိုရီးယားက အလှကုန်တွေ အဝတ်အထည်တွေ fashion accessary တွေ ရောင်းတာဟဲ့၊ ဒါပေမဲ့ ဒါတွေကို နင်တို့အထင်မကြီးလည်း ထားလိုက်ပါ၊ နင်တို့ အထင်ကြီးလောက်တဲ့ ဟာမျိုးလည်း ရှိသေးတာပေါ့ ငွေ့ယ်ရယ် ... ဟီး ဟီး"

"သမု"

"ဘာလဲ"

"နင် သူဌေးရည်းစား ရနေတာလား"

သမုက ဒီဘက်မှာ ကုပ်ကိုပုကာ မျက်ခုံးလေးမြှင့်ပြီး တခွိခွိ ကျိတ်ရယ်လိုက်မိသော်လည်း ဖုန်းလိုင်းထဲကိုတော့ "တဟင်းဟင်း"နှင့် အထက်စီးစီး ရယ်သံလွှင်လွှင်ကလေးသာ ပို့လွှတ်လိုက်ပါသည်။

"ဟင် ... နင် ဘာရယ်နေတာလဲ၊ ပြောလေ ... အဟုတ်လား"

"ငွေ့ယ်ရယ် ... နင်တို့ နောက်တော့ သိလာရမှာပဲဟာ"

"သမုနော်"

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နင် ဘာလျှိုနေတာလဲ၊ ငါ့ကို သေချာပြောပြစမ်း"

"ဩော် ... ငနွယ့်ရယ်၊ ခုချက်ချင်း မဟုတ်တောင်မှ တစ်နေ့နေ့တော့ နင်တို့ ဖိတ်စာရကြမှာပဲဟာကိုဟယ်၊ နင်တို့ကို မဖိတ်ပဲ ချန်မထားရဲပါဘူး ကြောက်ပါတယ်၊ သိကိုသိရမှာကိုများ"

"ဟဲ့ ... သမု၊ မလိုချင်ဘူး ... ခုပြောပြ"

"ဟင်း ဟင်း ဟင်း ... မပြီးခင် နင်တို့နှစ်ကောင်မမြင်စေနဲ့ဆိုတဲ့ စကားပုံတောင် ရှိသားပဲဟယ် ... ဟီး ဟီး"

"သမုနော် ... နင်နော်၊ နင်က သူငယ်ချင်းချင်း ငါတို့အပေါ် ဒိုင်လျှိုတယ်ပေါ့၊ ငါတို့နှစ်ကောင်ဆိုတော့ နင်က ဧကသရီကိုတော့ ပြောပြမယ်ပေါ့လေ"

"မိကေက စိတ်ထားကောင်းတယ်၊ နင်တို့လို ငါ့ကိုနှိမ်ကွပ်နေ ဆော်နေ တီးနေလို့လား"

"ဒီမှာ သမု၊ ငါတို့က ငယ်သူငယ်ချင်းအရင်းတွေမို့၊ ငါက စိတ်ထဲမှာ ရင်းနှီးသမှုနဲ့ နင့်ကို ဘာမဆို ပွင့်ပွင့်လင်းလင်း ပြောနေတာဟဲ့ ... သိရဲ့လား၊ နင့်အပေါ် စိတ်ပုပ်စိတ်ယုတ် မမွေးဘူး သိရဲ့လား၊ နင် သူဌေးနဲ့ကြိုက်နေလို့လည်း ကဖျက်ယဖျက် လုပ်မယ့်သူမျိုး ထင်နေလား၊ နင် ငါ့ကို အဲလိုပြောတာ တကယ်ဝမ်းနည်းတယ် သိလား၊





ငါတို့က ကိုယ့်သူငယ်ချင်း ကောင်းစားရင် ဂုဏ်ယူမှာပျော်မှာပဲ ... သိရဲ့လား"

သိပါ ... သိပါ။ သမုသာ သူဌေးတစ်ယောက်နဲ့ကြိုက်လို့ကတော့ မိနွယ် တစ်ယောက် သမုကို ဘယ်ချိုးနှိမ်ပါတော့မလဲ။ တဖူးဖူး မှုတ်ထားမှာပေါ့။ ငယ်ကျိုးငယ်နာ ဘယ်ပြောပါ့မလဲ ရှွန်းရှွန်းဝေတော့မှာပေါ့။ ဆက်လက်ပြီး ဆထက်ထမ်းပိုးတိုးကာ မနာလိုနေမှာကတော့ မိကျော့သာလျှင် ဖြစ်သည်။

"အေးပါဟာ ... ငနွယ်ရာ၊ နင်တို့ မကြာခင် သိရမှာပါ"

"မလိုချင်ဘူး မြန်မြန်မိတ်ဆက်ပေး၊ အခု ကေသရီချိန်းတဲ့ပွဲကို ခေါ်ခဲ့"

"ဘုရားရေ ... အဆောတလျှင် နိုင်လိုက်တာ မိနွယ်ရယ်၊ ဖြည်းဖြည်းပေါ့ဟယ်"

"နင် ငါ့ကို အသည်းယားအောင် လုပ်မနေနဲ့၊ ခေါ်ခဲ့ အဲဒီပွဲကို ... ဒါပဲ၊ နင် ဒီတစ်ခါ ချိန်းတာကို မလာလို့ကတော့နော် နင့်ရည်းစားသူဌေးကိုပါ ပြဿနာရှာမှာ ... ဒါပဲ"

အမယ်လေးလေ့ ...၊ ရယ်လိုက်ရတာ ငနွယ်ရယ်တော်ဖတ်ကိုမောပါရဲ့။ အဟတ် ဟတ်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com

# ၄

Gems and Jewellery ကုမ္ပဏီတစ်ခု၏ နှစ်ပတ်လည်အခမ်းအနားပွဲမှာ အုင့်လှ ရောက်နေပါသည်။ Traders ဟိုတယ်မှာလုပ်သည့် ကြီးကျယ်ခမ်းနားသောပွဲဖြစ်ပြီး ကုမ္ပဏီပိုင်ရှင် မယုနှင့်က ခင်မင်နေသော စီးပွားရေးမိတ်ဆွေဖြစ်၍ မကြွရောက်လို့ မကောင်း၍ ကြွရောက်လာရသော်လည်း အုင့်လှက ခန်းမထဲမှာ စိတ်ကျဉ်းကျပ်နေပါသည်။

ပွဲမှာ ဖျော်ဖြေရေးတွေရော ရှိုးတွေပါ ပါနေကာ စည်ကားနေသည်။

“မိုးကျော်”

“ဗျာ”

“မင်း တွေ့လိုက်လား”





“ဟုတ် … တွေ့တယ်”

မိုးကျော်တို့များ ချက်ဆို နားခွက်က မီးတောက်တဲ့ဘဝမှာ “အမတ်ကြီး … သူချည်းသာလော”ဟု အဆက်အစပ်ရှိ ကောက်မေးတာကို “ဆားနှင့်ပါဘုရား”လို့ ဖြေနိုင်တဲ့ အမတ်ကြီးပေါ်ဦးလိုပင်။ ဒက်ခနဲ တန်းဖြေသည်။

“ရှိုးလျှောက်ဖို့ လာတာဖြစ်မှာပေါ့ ကိုအုင့်”

“အဲလိုဆိုရင် ကောင်းတာပေါ့ အောက်မှာထိုင်နေလို့”

အုင့်လှက အလုပ်နှင့် စပ်ဆိုင်ပတ်သက်မှုရှိသောလမ်းတွေမှာ များသောအားဖြင့် မိုးကျော်ကို အမြဲလိုခေါ်ပါသည်။ တခြားခိုင်းစရာအလုပ်ရှိပြီး မိုးကျော် မအားလပ်မှ မိုးကျော်ကိုချန်ရစ်တတ်တာမို့ အုင့်လှနှင့်တွဲကာ ပွဲတိုင်းလိုလိုပါပြီး အုင့်လှနှင့်ပတ်သက်သရွေ့ A to Zအကုန်နီးနီးကို မိုးကျော်က သိနေမြဲပါ။

ဖိတ်စာက တစ်စောင်နှစ်ဦး။ များသောအားဖြင့်က ဇနီးမောင်နှံ လာကြတာများကာ အုင့်လှကတော့ မိုးကျော်နှင့်အတူလာတာမို့ Seating Planကြိုဆွဲထားသော ဤပွဲမှာ အုင့်လှနံဘေးခုံ၌ မိုးကျော် အတူထိုင်နေရပါသည်။

အုင့်လှက ရှုတည်တည် ထိုင်နေရာက လက်ထဲက တက်ဘ်လက်ကိုဖွင့်ပြီး တစ်စုံတစ်ရာ စိတ်ဝင်စားနေသယောင် ဟန်ပြအာရုံစူးစိုက်ကာ ကလိနေသော်လည်း စိတ်ထဲမတော့ ကျဉ်း



www.burmeseclassic.com

www.burmeseclassic.com



ကျပ်နေသည်။ ဒီပွဲဟာ စာနယ်ဇင်းသမားတွေ အများကြီးလာရောက်သတင်းယူကြတဲ့ပွဲ။ ခုနလည်း ဟိုကောင်မလေးက သူ့ကို အခိပ္ပာယ်ပါသော မျက်လုံးကြီးတွေနှင့် ရွဲရွဲကြီးစိုက်ကြည့်နေခဲ့တာကို အကင်းပါးသော သတင်းကြားထားသော သူတချို့က အကဲတခတ်ခတ်။

"တီ တီ ... တီ တီ"

တိုးဖျော့သော တီးလုံးသံပါးပါးနှင့် Ring tone က မြည်လာ၍ အုင်ရှလှက နံဘေးကဖုန်းကို ကြည့်လိုက်ပါသည်။ တခဏ စဉ်းစားနေပြီးမှ ဖုန်းကို ခပ်လေးလေး ကောက်ကိုင်ကာ ဖွင့်နားထောင်လိုက်ပါသည်။ မကိုင်ဘဲလည်း မနေရဲပါ။ ဒီခန်းမထဲမှာပဲ တစ်နေရာမှာ ရှိနေတယ် မဟုတ်လား။

"ဟယ်လို"

"ကိုအုင်ရှ ... မြလေးပါ"

"ဪ ... အင်း"

နာမည်ရင်းကတော့ တရှည်တလျား "မြရည်စိမ်းဖန့်ဖန့်"ဖြစ်ပေမယ့် သူ့ကိုယ်သူတော့ မြလေးလို့ သုံးနှုန်းလေ့ရှိပါသည်။

"မြင်ရက်သားနဲ့ မခေါ်ဘူးနော်၊ အရမ်းစိမ်းကားနေတယ်ပေါ့"





"ဪ ... မဟုတ်ပါဘူး၊ ဝေးနေလို့ နှုတ်မဆက်တော့တာ"

"ဝေးနေရင် နီးအောင် အဲဒီစားပွဲမှာ လာထိုင်လိုက်မယ်လေ"

"ဘယ်ဖြစ်မလဲ ... စားပွဲဝိုင်းတွေက Seating Plan နဲ့ နေရာချထားတာ"

"အဲဒါ သိပါတယ်၊ ကိုအုင်ရှဘေးမှာ လူမှမရှိတာ"

"ခုမရှိပေမယ့် တော်ကြာ လာမှာလေ"

အုင်ရှလှက စိတ်ရှုပ်ထွေးစွာ ပြောလိုက်ပါသည်။ [illegible]ားလွှဲရန် စိတ်ကူး၍ ...

"မင်း ရှိုးလျှောက်ဖို့လာတာ မဟုတ်ဘူးလား"

"ဟင့်အင်း ... မြလေး ခြေထောက်နည်းနည်း နာနေလို့ ဒီနေ့ ရှိုးလျှောက်တဲ့ပွဲမှာ မပါဘူး၊ ဒါပေမဲ့ သူတို့နောက်နှစ်ထုတ်မယ့် ကက်တလောက်စာအုပ်မှာ မြလေးလည်း Photo model အဖြစ် ရိုက်ထားတာပါလို့ သူတို့ဖိတ်တာ"

"ဪ ... အင်း ... ဒါပဲလေ ... နော်"

အုင်ရှလှက ဖုန်းကို ခပ်မြန်မြန် လိုင်းဖြတ်လိုက်ပါသည်။ စိတ်ရှုပ်ထွေးကာ ထ,ပြန်ချင်စိတ် ပေါက်နေဆဲ ...

"အိတ်စ်ကျူ့စ်မီး"



www.burmeseclassic.com

www.burmeseclassic.com



အသံလေးတစ်ခု နောက်နားမှ ထွက်ပေါ်လာတာမို့ အုဋ်လုက လှည့်ကြည့်လိုက်ပါသည်။ ခါးလေးခပ်ကိုင်းကိုင်းဖြ ထား၍ ရှေ့ဘက်ရှည်လျားသော ဆံပင်များ ပခုံးကိုဖြတ်ကာ မျက်နှာတစ်ခြမ်းနီးပါး ခပ်အုပ်အုပ် ဝဲနေသော မိန်းကလေးကို မြင်လျှင် အံ့အားသင့်သွားသည်နှင့် တစ်ပြိုင်နက် ချက်ချင်းလည်း မှတ်မှတ်မိမိ သွားရပါသည်။

သိသိချင်း ခြေဖမိုးဒဏ်ရာဟောင်းက ဆစ်ခနဲ တောင် နာသွားသလိုဖြစ်ကာ မျက်နှာထားကို ပို၍ခပ်တင်းတင်း ပြုပြင်လိုက်ရင်း "သြော် ... မင်းကိုး" ဆိုတဲ့ စကားလုံးကို မျက်ဝန်းများမှတစ်ဆင့်သာ အသံတိတ် ပို့လွှတ်လိုက်ပါသည်။

"ဦးအုဋ်လု ... တွေ့ရတာ ဝမ်းသာပါတယ်ရှင်"

"........."

"ကျွန်မက '.........'ဂျာနယ်နဲ့ '.........'မဂ္ဂဇင်းတိုက်က ပါရှင့် ... သမုသစ် ပါ"

"အင်း ... အဲဒီတော့ ..."

"ဟိုလေ ... ဟိုတစ်နေ့က ဦးအုဋ်လု ခြေထောက်ကိုလည်း တက်နင်းမိတယ်နော်၊ အဲဒါလေး တစ်ခါတည်း တောင်းပန်ချင်တာရယ်၊ တွေ့တုန်းလေး မေးခွန်းလေး မေးချင်တာလေးရှိလို့ ခွင့်ပြုနိုင်မလားလို့ပါ"





"ဘာမေးခွန်းလဲ"

"ဟို ... လက်ရှိ စီးပွားရေး၊ လူမှုရေးနဲ့ဆိုင်တဲ့ မေးခွန်းလေးတွေပါ၊ သုံးလေးခုပါပဲရှင်၊ ကောလာဟလလေး တချို့လည်း ကြားရတာ ရှိလို့ပါ"

"အင်တာဗျူးလုပ်နေတဲ့ သဘောလား ... အခုက"

"ဟုတ်ကဲ့ ... ခွင့်ပြုပါနော်"

"ခွင့်မပြုနိုင်ပါဘူး"

"ရှင်"

"ကျွန်တော် အခု သူများရဲ့အခမ်းအနားပွဲကို လာတက်နေတာပါ၊ ပွဲရှင်လည်း မဟုတ်ပါဘူး၊ မေးစရာရှိရင် ပွဲရှင်ကိုမေးတာ ကောင်းလိမ့်မယ်"

"ပွဲရှင်အနေနဲ့ ဒီပွဲနဲ့ ပတ်သက်တာတွေ မေးမှာမဟုတ်ပါဘူးရှင်၊ ဧည့်သည်တစ်ယောက်အနေနဲ့ပဲ တွေ့ရဆုံရတုန်း မေးချင်တာလေးတွေ ရှိလို့ပါ၊ ဒီပွဲနဲ့ ပတ်သက်တဲ့ ခေါင်းစဉ်အောက်မှာ ထည့်ရေးဖို့လည်း မဟုတ်ပါဘူး ... သီးသန့်ပါ"

သမုက မှုန်တုန်တုန်နှင့် မဖော်ရွေသော အုဋ်လုရဲ့ မျက်နှာကို မဝံ့မရဲနှင့် အမြင်ကတ်ကတ် ပေါင်းကာ အံ့အားတသင့် ကြည့်မိပါသည်။ ဒီလူဟာ အတော်ဘဝင်မြင့် ကြီးကျယ်တဲ့ပုံပါ



www.burmeseclassic.com

www.burmeseclassic.com



လား။ နေရင်း ထိုင်ရင်း မျက်နှာကြောကလည်း တစ်ဆိတ်တင်း လိုက်တာ။ တစ်ခန်းမလုံးကို သူကျွေးမွေးထားတဲ့ မျက်နှာထား မျိုးပါလား။

သမုက ဒီပွဲကို ဂျူပ်နှင့်အတူ လာတာပါ။ ဂျူပ်က ဒီရတနာလုပ်ငန်းပိုင်ရှင် မယုနှင့်လည်း ပုဂ္ဂိုလ်ရေးအရ ခင်မင်မှု ရှိ၍ အခြားပွဲတွေ မလိုက်ဖြစ်တာ များသော်လည်း ဒီပွဲကိုတော့ လိုက်ခဲ့သည်။ ဒါ့အပြင် တိုက်က ကိုချို ဆိုတဲ့ကောင်ကလေးကို လည်း ဓာတ်ပုံရိုက်ဖို့ တာဝန်ပေးကာ ခေါ်လာခဲ့သည်ဖြစ်၍ သမု တစ်ယောက် ကင်မရာလည်းမကိုင် လည်ပင်းမှာလည်း ကတ်ပြား မဆွဲရဘဲ ဂျူပ်အနားမှာ လှလှပပဝတ်စား၍ ထိုင်ရတာဖြစ်သည်။

အဲသလို ရှိုးစမိုးနှင့် ဧည့်သည်လိုမျိုး သွားရတော့ သွားရခဲဖြစ်၍ တစ်ခါတစ်ရံ လာရတာ အိုက်တင်လေးနှင့် နေမ လား မှတ်ပါတယ်။

"သမု ... ဟိုးရှေ့ဘက်စားပွဲမှာ ဦးအုင်ဂ်လှကို တွေ့တယ် ငါတို့နဲ့ စားပွဲတစ်ဝိုင်းကျော်မှာ မြရည်စိမ်းဖန့်ဖန့် ရှိနေ တယ်၊ မြရည်စိမ်းဖန့်ဖန့်ကို ကြည့်ရတာ နည်းနည်းဂနာ မငြိမ်ဘူး၊ ဟိုဝိုင်းဘက်ကို တမျှော်မျှော် တကြည့်ကြည့်နဲ့ အကဲသိပ်မရဘူး၊ ငါ့မှာ အာရုံတစ်ခုရနေတယ်၊ နင် သူတို့ နှစ်ယောက်ကို ဘယ်သူမှ ဘာမှ မဖျူးခင် သုံးလေးငါးခွန်း





လောက် ရှာကြံမေးခွန်းထုတ်စမ်း၊ အရင်ဖျူးထားနှင့် ... သွား"

ဂျူပ်က ထုံးစံအတိုင်း တွန်းထွန်းထိုးထိုးခိုင်းတော့ တာမို့ သမုက ရှုံ့မဲ့တွန့်လိမ်ကာ ...

"အာ ... ဂျူပ်ကလည်း၊ သမု ပွဲမစခင် အစောကြီးကတည်း က ကြိုရောက်ပြီး မယုကို မေးစရာ ဖျူးစရာရှိတာတွေ ဝီရိယရှိရှိ အားလုံးမေးထားပြီးပြီလေ၊ သူတို့နဲ့ ဒီပွဲနဲ့ဘာ ဆိုင်လို့လဲ"

"ဆိုင်ဆိုင် ... မဆိုင်ဆိုင် သွားပါ၊ မြရည်ကို အရင်သွား မေး ... သွား၊ ပြီးရင် ဦးအုင်ဂ်လှဆီသွား"

"ဘာမေးရမှာလဲ ... ဂျူပ်က တကယ်ပဲ"

"ဘာမေးရမှာလဲ ညည်းကို ငါက သင်နေရဦးမှာလား ... သွားဆိုသွား"

ဤသို့ဖြင့် သမုဟာ စိတ်ရှုပ်ရှုပ်နှင့်ပင် တာဝန်နှင့် ဝတ္တရားအရ အမိန့်နာခံစွာ မြရည်စိမ်းဖန့်ဖန့်ထံ အရင်ရောက်ရ ပါသည်။

"ညီမလေး ... မြလေးရေ"

သွားလေရာတော့ အမြဲပါနေကျ အမ်ပီဖိုးလေး ရှေ့ထိုးကာ စကားစရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... မ၊ ဟုတ်ကဲ့"

"ဒီပွဲမှာ မလျှောက်ဘူးလား ညီမ"

"လျှောက်မလို့ပါပဲ မမ၊ မြလေး ခြေထောက်နည်းနည်း ခေါက်ပြီး လဲထားလို့ နာနေတာနဲ့ ဒီပွဲမလျှောက်နိုင်တော့ဘူးလို့ အန်တီယုကို တောင်းပန်ထားတာပါ"

"ဩော် ... နှစ်ကုန်ပိုင်းထွက်မယ့် ကက်တလောက်ထဲ တော့ကော ညီမပါသေးလား"

"ဟုတ် ... ပါပါတယ်၊ ဂျူဝယ်လာရီကတ်တလောက်ထဲ လည်း ပါတယ်၊ ပြက္ခဒိန်ထဲလည်း မြလေး ပါပါတယ်"

"ဩော် ... ဒါနဲ့ ဒီတလော ဘာပွဲတွေ ရှိသေးလဲ ညီမ"

"နောက်နှစ်ဆန်းတော့ Asian New face ပြိုင်ဖို့ရှိတယ် မမ၊ အဲဒါ မြလေး သွားပြိုင်မယ်၊ ဘစ်လ်ဘုတ်တစ်ခုလည်း ရိုက်ဖို့ရှိတယ်၊ new year ကြိုဆိုပွဲမှာ ညီမ ဖျော်ဖြေရေး တချို့ပါတယ် မမ၊ နောက် ပုံမှန်ကတော့ ရှိုးတွေရှိရင် လျှောက်ဖြစ်နေတာပါပဲ"

"ဩော် ... ဟိုတလောကလေ ညီမလေး ဖေ့စ်ဘွတ်ရဲ့ စတေးတပ်စ်မှာ 'in a relationship' ဆိုပြီး ပြောင်းသွား တာ တွေ့လိုက်တယ်"

"ဟင်း ဟင်း ဟင်း"





"ဟင်း ဟင်း ဟင်း ဟင်း ... အဲဒါလေးရော ပြောလို့ရ လား ညီမ"

"ရိပ်မိတဲ့သူလည်း ရိပ်မိကြပါတယ် မ, ...၊ ဟင်း ဟင်း ဟင်း၊ ညီမကတော့ announce တော့ မလုပ်ချင်သေးပါ ဘူး ... အဟင်း"

"အင်း ... ဒါဆို ချစ်သူတော့ ရှိနေပြီ အချိန်တန်မှ ကြေညာပါ့မယ်လို့ပဲ ရေးလိုက်ရမလား ညီမ"

"အဆင်ပြေသလိုသာရေးပါ မမရာ၊ ဒါပေမဲ့ သိတယ် မဟုတ်လား၊ လူတွေက တစ်ဆိတ်ဆို တစ်အိတ်သိပ်လုပ် ချင်ကြတာမို့ပါ"

"ဘယ်သူဘာလုပ်လုပ် ကိုယ့်အချင်းချင်းတွေ ပြေလည်ရင် ပြီးတာပဲ မဟုတ်လား၊ ညီမ ဘယ်လိုယူဆလဲ"

"ဟုတ်ပါတယ် ... အဲလိုပါပဲ၊ မမ ပြောသလိုပါပဲ"

"ခုလည်း အဆင်ပြေတယ် မဟုတ်လား"

"ပြေပါတယ်"

"မမလည်း ခုန လှမ်းတော့တွေ့လိုက်တယ် ... ဟင်း ဟင်း"

"ရှင် ... ဟင်း ဟင်း ဟင်း ... ဘယ်သူ့ကိုလဲ၊ ဟင်း ဟင်း ဟင်း ... မမက နောက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



မြရည်က ပခုံးလေး တလှုပ်လှုပ်လေး ရယ်နေပါသည်။ သမုက ကောင်မလေးပုံစံကိုကြည့်ပြီး ဟိုသူဌေးမင်းပုံစံကိုပါ ပြန်မြင်ယောင်ကာ အံ့တော့အံ့သြမိသား။ ဒီမိန်းကလေးပုံစံက ဟိုမျက်နှာရှစ်ခေါက်ချိုး သူဌေးမင်းနှင့် သိပ်မအပ်စပ်သလိုပဲ။ ပုံစံချင်း အငွေ့အသက်ချင်း အရောင်အဝါချင်း အနေအထားချင်း လွဲချော်နေသလို ခံစားရသည်။

သမု မြရည်အနား ထိုင်ဗျူးနေ၍ တိုက်က ကိုချိုက ခေတ်ပုံတဖျပ်ဖျပ် လာရိုက်သွားပါသည်။

"ခုတော့ ညီမလေး တစ်ယောက်ပဲ ရိုက်ထားဦးမယ်နော် မြလေး"

"ရှင် ... ဟင်း ဟင်း ... မမက ပြောတတ်တယ်"

"နောက်မှပဲ များမကြာခင် စုံတွဲရိုက်မယ်လေ ... နော်"

"ဟင်း ... ဟင်း"

"ကျေးဇူးနော် ... မြလေး"

သမုက ထိုင်ရာကထ,ကာ ဂျူပ်ထံ လှမ်းကြည့်တော့ ဂျူပ်က ခပ်တည်တည် လက်ပိုက်ထိုင်နေရာမှ မေးစေ့လေးနှင့်သာ ဟိုးတစ်ဖက်ကို မသိမသာ ဆတ်ညွှန်ပြလိုက်တာမို့ သမုက ကိုယ့်စားပွဲ မပြန်ရဘဲ ဂျူပ်ညွှန်ပြတဲ့ဆီ ဦးအုန့်လှရှိရာ ဟိုးထိပ်ဘက်စားပွဲဆီ ရောက်လာခဲ့ရတာ ဖြစ်ပါသည်။





တကယ်တော့ မြရည်စိမ်းဖန့်ဖန့် ဆိုတာလေးက အရမ်းကြီးတော့ ကျော်ကြားအောင်မြင်တယ် မရှိသေး။ မျက်နှာသစ်ထဲမှာ ဖြစ်လာနိုင်တဲ့ အလားအလာရှိသော လူငယ်ခြေတက်လို့ပဲ ဆိုရမှာ။ အဲဒီလိုကနေ အခုနောက်ဆုံး တစ်လအတွင်း တဝုန်းဝုန်းလူသိများ ထင်ရှားလာရခြင်းအကြောင်းက အဲဒီဦးအုန့်လှကြောင့်ပဲ မဟုတ်လား။

အောင်မြင်ထင်ရှား ကျော်ကြားလှတဲ့ သူဌေးတွေထဲမှာ လူပျိုဆိုတာ ရှာမှရှားပဲဟာ။ ကျော်ကြားတဲ့ သူဌေးကြီးတွေရဲ့သား လူပျိုတွေတော့ ရှိပေမယ့် သူ့လို လုပ်ရည်ကိုင်ရည်နှင့် ဓနဂုဏ် လူပျိုဂုဏ်တွဲကာ ကျော်ကြားတာ မဟုတ်။ အဖေ့ဂုဏ်နှင့်တွဲကာ ကျော်ကြားကြတာပါ။

ဦးအုန့်လှကတော့ သူ့အဖေကလည်း ၁၉၉၀ နှစ်ပိုင်းများထဲက တရိပ်ရိပ် အောင်မြင်လူသိများလာတဲ့ စီးပွားရေးသမားသူဌေးကြီးဖြစ်ပေမယ့် ၂၀၀၂–၂၀၀၃ လောက်မှာ မမျှော်လင့်ဘဲ ကွယ်လွန်ခဲ့တဲ့အတွက် သားဖြစ်သူ အုန့်လှက ဖခင်ရဲ့လက်ဝေခံ သဘောမဟုတ်ဘဲ သူကိုယ်တိုင် ဆက်ခံသူလုပ်ငန်းရှင် စီးပွားရေးသမားကြီး ဖြစ်လာခဲ့တာပါ။

ပြီးတော့ အသက်က သုံးဆယ်ကျော်လောက်ရှိတဲ့ တိုင် ကြင်သူသက်ထား မရှိသေးတာကြောင့်လည်း တစ်မျိုးနည်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးစရာ ဖြစ်နေတာ။ ကျော်ကြားသူ၊ အောင်မြင်သူ၊ ငွေရှိသူ၊ ပညာတတ်သူ၊ ဟိုးအမြင့်ပိုင်းက မိန်းမတကာတို့ရဲ့ စိတ်ကူးယဉ် အိပ်မက်ထဲက ရွှေမင်းသားလို နာမည်ကြီးနေတာ။

အဲသလိုလူက အခုမှ တက်သစ်စ လူမသိတသိ မော်ဒယ်လ်မိန်းကလေးတစ်ယောက်နှင့် ရုတ်တရက် တဝုန်းဝုန်း နာမည်ထွက်လာခဲ့ပြီး ဘာမှမကြာလိုက်တဲ့ ချက်ချင်းခဏအတွင်း ခွာပဲပြိုသလိုလို ယောက်ျားသားဘက်က သတင်းတွေကို ငြင်းသလိုလို၊ မိန်းကလေးကပဲ ဖမ်းသလိုလို၊ ယောက်ျားလေးကပဲ ခေါင်းရှောင်သလိုလို၊ အမျိုးစုံ အသံပလံတွေ ပလူပျံပြီး သကာလ။

ဦးအုန်လှက အနုပညာအသိုင်းအဝိုင်းကလည်း မဟုတ်လေတော့ သတင်းသမားတို့အဖို့ရာ လူမှုရေး အချစ်ရေး တို့ကို အတင်းကြီး မိုက်ထိုးပြီး ဗျူးရတခက်ခက်၊ သိချင်စိတ် ကလည်း အပြည့်အနှက်နှင့် စောင့်ကြည့် ချောင်းကြည့် နောက် ကလိုက် အသံဗလံနားစွင့် စသဖြင့် အဝေးလေးခွာပြီး မျက်စိ အောက်ကတော့ အပျောက်မခံဘဲ ထားထားတဲ့ အနေအထား ပါ။

အင်း ...။

တပ်ခေါက်ရမယ့် သဘောထင်ပါ့။ ရုပ်ပုပ်တင်းထန် တဲ့ရုပ်ကြီးနှင့် သမုကို ကြည့်ပုံက ငယ်ထိပ်ကို ထုချပစ်ချင်သလို





ကြက်သီးထဖို့ ကောင်းလှပါဘိတောင်း။ သမုက ရှေ့တိုးအရဲကိုး ၍သာ ပြောနေရသည်။ ဒီသူဌေးမင်းကို ဘာကြောင့်မုန်းမသိ အလိုလိုနေရင်း အနည်းငယ်ရှိန်လန့်နေမိတာ ကိုယ့်ကိုယ်ကိုယ် ပင် အံ့ဩမိပါရဲ့။

ကိုယ့်အထက်က ဂျူပ်ကိုပင် သူငယ်ချင်းလို ဘာလစ် ဘာလစ် ပြန်ပြောပစ်တတ်တဲ့ သမုက ဘာမဆိုင် ညာမဆိုင် သူ့ မျက်လုံးတို့ရဲ့ စူးရှတောက်ပမှုကိုဖြင့် ရင်မဆိုင်ဝံ့သလိုလို။

"ဒီမှာ ... သမုသစ် ... ဟုတ်လား"

"ရှင် ... ဟုတ် ..."

"ကျွန်တော် ဒီကို ဧည့်သည်အဖြစ်နဲ့ ရိုးရိုးသားသ[illegible]အား အေးဆေးဆေး ပွဲတက်လာတာပါ၊ ကျေးဇူးပြုပြီး မနှောင့် ယှက်ပါနဲ့ ... ဟုတ်လား"

"ရှင် ... နှောင့်ယှက်တာယ် ! ကျွန်မက နှောင့်ယှက်နေ တာမှ မဟုတ်တာရှင်၊ ကျွန်မအလုပ် ကျွန်မ လုပ်နေတာ ပါ၊ ကျွန်မတို့က ဒီပွဲလမ်းအခမ်းအနားမျိုးမှာ လူစုံတက် တော့ တစ်ချိန်တည်း တစ်နေရာတည်းမှာ နာမည်ကျော် တွေ အတော်များများကို စုတွေ့ရတတ်တာမို့လို့ မေးချင် တာလေးတွေကို ..."

"ကျွန်တော့်မှာ ဖြေချင်တာ ဘာမှမရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



အုင်ရှုလှက သမုစကား မဆုံးမီ ဝင်ဖြတ်ပြောလိုက်ပါသည်။ သမုက ခါးလေးကို ပြန်မတ်ကာ အုင်ရှုလှကို ဘယ်လိုများ စကားလေးနဲ့ နာနာနက်ခဲ့ရင် ကောင်းမလဲ စဉ်းစားနေမိပါသည်။ မိုးရော်က စူပုပ်ပုပ် အုင်ရှုလှမျက်နှာကိုတစ်လှည့် အံခဲအကြိတ်ထုတ်နေတဲ့ သမု မျက်နှာကိုတစ်လှည့် ကြည့်ရင်း ကြားကဝင်ကာ ဖာဖေထေးထေးနှင့် ...

"ဩော် ... ဟို ... မသမုသစ်၊ ကိုအုင်ရှုနဲ့ အင်တာဗျူးလိုချင်ရင် ကျွန်တော့်ကို ဗစ်ဇစ်တင်းကတ်လေး ပေးခဲ့ပါခင်ဗျ၊ ကျွန်တော် အဆင်ပြေတဲ့ အချိန်လေး တစ်ချိန်ညှိပြီး ဆက်သွယ်ပေးပါ့မယ်"

"ဒါဆိုလည်း ကောင်းပြီလေ"

သမုက မကျေမချမ်းနှင့်ပင် သူ့ရဲ့ကတ်လေးကို ထုတ်ပေးလိုက်ပါသည်။

"ဒါက တိုက်ကဖုန်း၊ ဒါက ကျွန်မရဲ့မိုဘိုင်းလ်ပါ၊ စကားပြောဖို့ အဆင်သင့် ဖြစ်တယ်ဆိုရင် ဆက်သွယ်လိုက်ပါရှင့်"

အုင်ရှုလှက သမုသစ်ကို မျက်ထောင့်နှင့် တစ်ချက်ကြည့်ရင်း ...





"တစ်ခုရှိတာက ကျွန်တော့်ကို အင်တာဗျူးလုပ်ချင်ရင် စီးပွားရေးဆိုင်ရာခေါင်းစဉ်နဲ့ လာခဲ့ပါ၊ လူမှုရေးခေါင်းစဉ်တွေနဲ့ ဟိုမေး ဒီမေး လာလုပ်ရင် ကျွန်တော်က လက်ခံမှာ မဟုတ်ဘူး"

ကြိုးကျယ်လိုက်တာ။

သမုသစ်က ထိုနေရာမှ လှည့်ထွက်တော့မည့်ဟန် အပြင် လွတ်နေသော အုင်ရှုလှရဲ့ ဟိုဘက်နံဘေးတစ်နေရာခုံမှာ င်ထိုင်လိုက်သည့် မြရည်စိမ်းဖန့်ဖန့်ကို မြင်လိုက်ရ၍ မျက်ခုံးင်ဖက် မြင့်တက်အံ့သြကာ ခြေလှမ်းလည်း တုံ့သွားရလေသည်။

မိုးတိုးမတ်တတ် ဖြိုးဖြိုးဖြောက်ဖြောက် ဟိုနားဒီနား နေကြသော စာနယ်ဇင်းသမားအချို့သည် ရုတ်ခြည်းဆိုသလိုပင် ှင့်လှတို့ စားပွဲအနီးသို့ တစ်လှစ်လှစ် ရောက်လာကြသည်မှာ ပ်တစ်ပြက် မြန်ဆန်လှလေသည်။ အခြေအနေဟာ မျက်စိတ်မှိတ်အတွင်း စိတ်ဝင်စားစရာ အထွင့်အထိပ်တစ်ခုသို့ ဝုန်းနဲ ရောက်သွားခဲ့ပြီ။

"ဘယ်လိုလဲ ကိုအုင်ရှု၊ ဒီအချိန်လောက်ဆို ဒီနေရာက လူကြီးမင်းက လာတော့မယ် မထင်ပါဘူး"

မြရည်က အုင်ရှုလှအနား ခေါင်းယိမ်းကာ ခပ်တိုးတိုး ားပြောလိုက်တာမို့ သမုလည်း သိချင်ဇောအားတကြီးနှင့် ည်ပင်းရှည်သွားရသလို အနီးအနားက ကင်မရာအသီးသီးဟာ



www.burmeseclassic.com

www.burmeseclassic.com



လည်း ဤမြင်ကွင်းကိုရိုက်ဖို့ အသင့်ချိန်ရွယ်လိုက်ကြပြီ ဖြစ်လေသည်။

"မိုးကျော် ... မင်း ထ,လိုက်"

"ဗျာ"

"အမေ့"

စိတ်ဝင်တစား ဖြစ်နေသော သမုသည် ရုတ်တရက် သူမရဲ့လက်ကို လက်တစ်ဖက်က ဆောင့်ဆွဲလိုက်တာနှင့် တစ်ပြိုင်နက် လူက တအံ့တဩ အလန့်တကြား ရှေ့ကိုယိမ်းငိုက်ပါသွားပြီး အပြီးတွင် မိုးကျော်က သူ့ခုံကအထ ထိုခုံမှာ ဝရုန်းသုန်းကား သမု ထိုင်ကျသွားအောင် တွန်းဆောင့်ပို့ နေရာချတာခံလိုက်ရပါသည်။

"အမေ့ ... ရှင် ... ဒါ ... ဒါ ... ဘာ ..."

သမုသည် သူ့ကိုယ်သူ ဘယ်လိုဖြစ်လို့ ဖြစ်မှန်းမသိဘဲ အလန့်တကြားနှင့် လက်ကို အကြမ်းပတမ်း ဆောင့်ဆွဲတဲ့ အုင့်လှကိုသာ အထစ်ထစ် အငေါ်ငေါ် မေးခွန်းထုတ်မိသည်မှာ လုံးစေ့ပတ်စေ့ပင် မထွက်နိုင်။ ဆံပင်ဝဲဝဲလေး ဖရိုဖရဲအောက်မှ မျက်လုံးအဝိုင်းသားနှင့် အုင့်လှကို အံ့လည်းဩ၊ လန့်လည်း လန့်ကြောက်စွာ ကြည့်မိလေသည်။

မိုးကျော် ကမန်းကတန်း ထ,လိုက်သည်မှာ မြန်လို့သာပေါ့၊ နို့မို့ရင် အုင့်လှ ဆောင့်ဆွဲထိုင်စေလိုက်တဲ့ အရှိန်မြန်





ဆန့်မှုက သမု မိုးကျော်ပေါင်ပေါ် ထိုင်မိတော့မို့ တဲတဲလေးရယ်ပင်။ မိုးကျော်လည်း သမု ငိုက်ခနဲ ဝင်လာလို့သာ အမြန်ဆုံး ထ,ရှောင်ဖယ် ထွက်ပေးလိုက်ရသည်။ နားမလည်ပါးမလည် အူကြောင်ကြောင်နှင့် နောက်နားမှာ ဂနာမငြိမ် ဖြစ်နေလေသည်။

"ဒီမှာ"

"........."

"ရှင် ... ကျွန်မလက်ကို လွှတ်လေ"

သမုရဲ့ အံကြိတ်သံ အပြောကြောင့် အုင့်လှက သတိရသွားသလို သမုလက်ကို လွှတ်လိုက်ပုံက သူ့လက်ထဲက သေတ်စရာ အရာဝတ္ထုတစ်ခုကို လွှင့်ပစ်လိုက်သလိုပင်။ အနားတစ်ဝိုက်က ကင်မရာရှင်တွေဟာလည်း အငိုက်မိသလို ကြောင်တက်တက်တွေဖြစ်ကာ တအံ့တဩကြီးတွေသာ ပြူးကြောင်ငေးစိုက်ကြည့်နေကြရာမှ ရုတ်တရက် ဘာဖြစ်မှန်းမသိတဲ့ အနေအထားတစ်ခုကို အလွတ်မပေးဘဲ ချိန်ရွယ်ကြပြန်လေသည်။

"ရှင် ဘာလုပ်တာလဲ၊ နာလိုက်တာ အရမ်းပဲ"

သမုက ကျိတ်ကျိတ်အုပ်အုပ်လေး ရန်တွေ့လိုက်ချိန်မှာ ရုတ်တရက် အုင့်လှရဲ့မျက်နှာက ချိုမြတောက်ပသော အပြုံးတစ်ခုနှင့် ရှန်းလဲ့လာပါသည်။ အုင့်လှရဲ့အပြုံးက သမုထံ ခုံးစိုက်ဦးတည်ကာ တရင်းတနှီး ဝင်းပလှသည်။

"အင် ..."



www.burmeseclassic.com

www.burmeseclassic.com



သမုက တအံ့တသြ ဖြစ်ပြီးရင်းဖြစ်ရင်း လူကခုံမှာ ထိုင်ရနေသော်လည်း ခန္ဓာကိုယ်လေးက တစ်ဖက်ကိုပင် ယိုင်နေသည်။ နီးကပ်သော အုန့်လှက သမုဘက်ကိုတိုး၍ ယိုင်ကာ မျက်နှာချင်းပင် မနီးမဝေး ရောက်လာတာမို့ သမု နောက်ကို ယိုင်၍ ဖယ်မိတာ။

ဘာဖြစ်တာလဲ။ ရူးသလိုပါပဲလား။ ရုတ်တရက် အပြောင်းလဲကြီး ပြောင်းလဲသွားတဲ့ အုန့်လှ ဘာဖြစ်တာပါလိမ့် ဟု မတွေးတတ်အောင်ပင်။

"သမုသစ်"

"........"

"မေးလေ ... ခင်ဗျား ဘာမေးချင်တာလဲ၊ မြန်မြန်မေး ကျွန်တော် ဖြေမလို့"

"ရှင် ... ဟင် ..."

"ဘာတွေ ဒီလောက် အံ့အားသင့်နေတာလဲ၊ ခုနမေးခွန်းတွေ မေးမလို့ မဟုတ်လား၊ မေး ... မေး"

"ရှင်"

အုန့်လှက သူ့ဒူးနှစ်ဖက်ကို စားပွဲဘက်ကိုတောင် တည့်တည့်လှည့်မထိုင်ဘဲ သမုဘက်လှည့်၍ ဒူးချိတ်ထားပါသည်။ စားပွဲတစ်ဝိုင်းမှာ လူဆယ်ယောက်စာ ကုလားထိုင်ဆယ်ခုံ ဝိုင်းပတ်ချထားတဲ့ အခင်းအကျင်းဟာ တကယ်တော့ ချောင်ချောင်





ချိချိမရှိလှ။ ကုလားထိုင်ချင်းလည်းကပ် လူချင်းလည်းနီးလှသည် ပါ။

"မေးလေ ... ဘာကြည့်နေတာလဲ မေးလို့ပြောနေတာ"

သူ့စကားသံဟာ သမု တစ်ယောက်ပဲ ကြားနိုင်တာ။ သွားကိုစေ့၍ မပွင့်တပွင့်။ နှုတ်ခမ်းအစုံကတော့ ကော့ညွတ်ပြီးလျက်။ ဘေးမလှမ်းမကမ်းက အမြင်တွင် အုန့်လှနှင့်သမုဟာ အတော်ရင်းနှီး ခင်မင်တဲ့ပုံ ဖြစ်နေမှာ။ သမုက ရှိုးတိုးရှန့်တန့်ဖြစ်နေပြီး အုန့်လှကတော့ ရွှန်းရွှန်းလဲ့လဲ့ ကြည့်ကာ ကြည်ကြည်နူးနူးပြုံးကာ နှစ်ကိုယ်ကြားစကား ပြောနေသလိုတောင် ဖြစ်နေပါသည်။

"မေးလို့ ဆိုနေတာ"

"ဟို ... ဟို ... သမု ... ကျွန်မ ..."

"ဘာမေးမလဲ၊ မေးဆိုမေး၊ မြန်မြန်မေး၊ ပါးစပ်ကိုပိတ်မနေနဲ့၊ တစ်ခုခု မေးလိုက်စမ်းပါ"

"ဟို ... ဟိုဟာ ..."

သမုက အုန့်လှ ဒီဘက်တိုးကပ်နေတဲ့အတွက် ဟိုဘက်မှာ ဝေးလှမ်းသွားသလို ကျန်ခဲ့တဲ့ မြရည်ကို ဖျတ်ခနဲ လှမ်းကြည့်လိုက်ပါသည်။ မြရည်ဟာလည်း အဖြစ်အပျက်ကို ဘာမှန်းမလည်သလို အံ့အားတသင့်နှင့် အုန့်လှနှင့် သမုကို မျက်လုံးပြူးကာ ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ... ဘာဂျာနယ်လစ်စ်လဲ၊ အရေးကြီးတော့ မေးခွန်းတောင် ထွက်မလာတော့ဘူး၊ မျက်နှာကြီးကရော ဘာဖြစ်နေတာလဲ၊ Relex ဖြစ်နေစမ်းပါ၊ လူသတ်သမားကို ကြည့်နေတာကျနေတာပဲ၊ ပြုံးပြုံးနေစမ်း"

"ဘာ ... ရှင် ... ရှင် ... ဦးနှောက်ကောင်းပါတယ်နော် ဦးအုဋ္ဌလှ၊ ရှင် ဘာဖြစ်နေမှန်း အံ့အားသင့်လွန်းလို့ နားကိုမလည်ဘူး၊ ခုမဖြေနိုင်ဘူး၊ အခု မေး ... မေးနဲ့၊ ရှင်နေကောင်းပါတယ်နော် ဦးအုဋ္ဌလှ"

"ဟင်း ဟင်း ဟင်း ...၊ အင်း ...၊ အဲလိုစကားများများ ပြောနေစမ်းပါ၊ မေးခွန်းမမေးလည်းဘဲ ဘာပဲပြောပြောရတယ်၊ တစ်ခုခု ပြောနေ"

"ကျွတ် ... ရှုးချင်လိုက်တာ"

ထိုတခဏတွင်ပင် ကင်မရာမီးတစ်ချက် ဖျတ်ခနဲ ဦးစွာ ပွင့်လက်သွားရာမှ နောက်ကနေ တဖျပ်ဖျပ်လိုက်ကာ ဝိုင်း၍ ဓာတ်ပုံရိုက်လိုက်ကြတာကို ခံလိုက်ရ၍ သမုက ကင်မရာသမားတွေဘက် ကြည့်လိုက်ပါသည်။ ကိုယ့်လောကသားချင်း ခင်တဲ့လူနဲ့ခင်ကာ မခင်လျှင်တောင် မျက်မှန်းတန်းပြီး သူဘယ်သူ ကိုယ်ဘယ်သူ သိနေသူတွေချည်းပင်။

လှမ်းကြည့်မိတဲ့ သမု မျက်နှာမှူရာက ခပ်အမ်းအမ်း။ အမှန်ဆို ကိုယ်တိုင်ဟာလည်း စိတ်ဝင်တစား စောင့်ကြည့်တဲ့





ဓာတ်ပုံရိုက်ယူတဲ့ အုပ်စုထဲ ပါနေရမှာ ဘယ်လိုဖြစ်ပြီး ကိုယ်က ဓာတ်ပုံရိုက်ခံရတဲ့နေရာ ရောက်ရတယ်ပင် မတွေးတတ်တော့။

အုဋ္ဌလှက ကင်မရာတွေဘက် တစ်ချက်ပြုံး၍ကြည့်ကာ လက်တစ်ဖက်ပင် မြှောက်ယောင်နှုတ်ဆက်လိုက်ပါသေးသည်။

"ရှင် ... ရှင် ... ဘာဖြစ်နေတာလဲ၊ ဘာတွေ လုပ်နေတာလဲ၊ စိတ်နဲ့ လူနဲ့ရော ကပ်ရဲ့လား"

"အဟင်း ဟင်း ... မင်းက တော်တော်ရယ်ရတာပဲ ... ကိုကို ကို"

"ဟင် ... ရှင် ဘာလို့ ကျွန်မရဲ့ခုံနောက်မှီပေါ် လက်လာတင်ထားရတာလဲ"

"ဘာဖြစ်လို့လဲ၊ ဒီလိုပဲ လက်တင်ထားတာ ဘာဖြစ်လို့လဲ"

"ရှေ့ကကြည့်ရင် ကျွန်မကို ကျောကိုဖက်ထားသလိုလို ဘာလိုလို ထင်နေရမှာပေါ့ ... ဖယ် ... ဖယ်"

"မဖယ်ပါဘူး၊ ဘယ်လိုဖြစ်ဖြစ်ပေါ့"

သမုသည် အတော်နီးကပ်နေတဲ့ အုဋ္ဌလှကို ငဲ့ကြည့်လိုက် ရွှန်းရီစူးရဲတဲ့ သူ့တုံ့ပြန်အကြည့်ကြောင့် မျက်နှာလွှဲ မျက်လွှာချလိုက်။ အသည်းတယားယားနှင့် မေးခွန်းတွေ နှုတ်ဖျားပလုံစီကာ မေးဖို့လှည့်ကြည့်လိုက်၊ သူ ပြုံးကြည့်နေပုံကို ရင်မဆိုင်ဝံ့သလိုဖြစ်ကာ အလိုလို အကြည့်ဖယ်လိုက်နှင့် တည်တည်ငြိမ်ငြိမ် ရှိနိုင်အောင် ဖြစ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုအုန့်လှ ခင်ဗျာ ... မေးခွန်းလေး တစ်ခု နှစ်ခု မေးချင်လို့ပါ"

ရုတ်တရက် သမု သိနေသော သတင်းထောက်တစ်ယောက်က အနီးတိုးကပ်လာကာ အုန့်လှကို စကားလှမ်းစ,လိုက်ပါသည်။

"ဩော် ... ဟုတ်ကဲ့ ... မေးပါ မေးပါ ညီလေးရာ"

သမုက တအံ့တသြနှင့် အုန့်လှကို မျက်စောင်းလှည့်ထိုးလိုက်မိပါသည်။ ဗလောင်းဗလဲလူပါလား။ သူဖြေချင်တာလည်း မဟုတ်ဘဲနှင့် ရွှန်းရွှန်းဝေ လုပ်နေပါလား။

"ကိုအုန့်လှ ပုဂံကဟိုတယ်က ဘယ်တော့လောက် ဖွင့်ပွဲလုပ်မလဲ မသိဘူး၊ နီးပြီထင်တယ်နော်"

"ဟုတ်တယ် ညီလေး၊ ဒီလကုန်ခါနီး ဖွင့်မယ်၊ ခရစ်စမတ်စ်ရက် သို့မဟုတ် နယူးရီးယားရက်လည်း ဖြစ်နိုင်တယ်၊ တစ်ရက် နှစ်ရက်အတွင်း ကွန်ဖမ်းဖြစ်မှာပါ"

"ရှိုးပွဲတွေ ဘာတွေ ပါမယ် ပြောတယ် ... ဟုတ်ပါလား ကိုအုန့်လှ"

"ဟုတ်တယ် ... ဟုတ်တယ်၊ ဟိုမှာ stage တွေ ဘာတွေ လုပ်နေပြီ၊ Open show လုပ်မှာပါ ညီလေး၊ အဲဒီကျလိုက်ခဲ့ကြပါဦး"

"ဟို ... ကိုယ်ရေးကိုယ်တာ ပါစင်နယ်လေးတစ်ခုလောက် မေးလို့ရမလား မသိဘူး အစ်ကို"





"မေးရင်လည်း မေးကြည့်လေ၊ ဘယ်သူမှ မထိခိုက်ရင်တော့ ဖြေနိုင်သလောက် ဖြေပါ့မယ်"

"ဟို ... ခုတလော အွန်လိုင်းမှာ အစ်ကိုနဲ့ပတ်သက်တဲ့ ကောလာဟလလေးတစ်ခု ထွက်ပေါ်နေတာ အစ်ကိုရော ကြားမိသေးလား မသိဘူး၊ အဲဒီဟာလေးနဲ့ ပတ်သက်လို့"

မေးနေသော သတင်းထောက်က မျက်လုံးကလေးတို မြရည်ဘက် စိတ်ဝင်တစား မအောင့်အည်းနိုင် ဝင့်ကာ ဝင့်ကာနှင့် မေးလိုက်ပါသည်။ သမုပါ မြရည် ဘက်သို့ မသိမသာ လှမ်းအကဲခတ်မိသည်။ မြရည်သည် လစ်လပ်နေတဲ့ ခုနှစ်ခုမှာ တစ်ခုံ၌ သူ တစ်ယောက်တည်း ထီးထီးကြီး ဖြစ်နေကာ ငေါင်းစင်းစင်းနှင့် ဘာလုပ်ရမည်မသိ ဖြစ်နေသလို ကြောင်နေသည်။

အုန့်လှ ... သမု ... မိုးကျော်နှင့် သတင်းထောက်တစ်စုကတော့ ဒီဘက်နည်းနည်းကွာပြီး ရုံးစုစု စည်ကားနေလေသည်။

မြရည် ဘယ်လိုမှ လာရောက် ရောနှောပေါင်းစပ်လို့ ရနိုင်ဘဲ ခုချိန်မှာ ဒီနားကခုံတစ်ခုံမှာ သူရောက်နေတာကိုက သူ့အတွက် ဝွမ်းစရာအဖြစ်မျိုး ဖြစ်နေပါသည်။

"ဩော် ... ဟော် ဟော်"

"အဲဒါလေ ... ကိုအုန့်လှ နည်းနည်းလောက် ..."



www.burmeseclassic.com

www.burmeseclassic.com



အငှ်လှက သမုဘက် ရယ်ရွှင်မြူးရိပ်နှင့် တစ်ချက်ကြည့်လိုက်ရင်း ...

"အဲဒါ အခုပဲ သမုသစ်လည်း ဖွတ်မေးနေလို့ ရှင်းပြနေရတာ"

"အင် ..."

သမုက အငှ်လှကို အံ့အားတသင့် အလုံးနင်ကာ ကြည့်မိသည်။ သူ့ပြောစကားက လိမ်ညာတယ်လို့လည်း လုံးလုံးမဟုတ်။ သို့သော် လေယူလေသိမ်းနှင့် ဟန်မူရာက ဆန်းပြားနေသည်။

"အထင်မလွဲပါနဲ့လို့ ... သမုသစ်ကို ပြောနေရတုန်း ခင်ဗျားတို့က ထပ်မေးရတယ်လို့ဗျာ ... ဟား ဟား၊ ထားလိုက်ပါဗျာ၊ ကောလာဟလဆိုတာကတော့ ကောလဟလပဲပေါ့"

အင် ... ကြည့်စမ်း။ အထင်မလွဲပါနဲ့ ... တဲ့။ ပြောပုံက ဘယ်လိုလဲ။ သမုတင်မက သတင်းထောက်တွေလည်း မျက်စိလည်ကုန်ကြပုံရသည်။ နဂိုက ဒီလောက်ထိ မေးဖို့မြန်းဖို့ ရည်ရွယ်ချက် ရှိချင်မှရှိမည်။ အခုမှ ဖြစ်နေတဲ့ အခြေအနေ အနေအထားကိုကြည့်၍ ဘာကို ဘယ်လိုယူဆရမယ်သိ ဦးနှောက်ခြောက် မျက်စိလည် စိတ်ဝင်တစားဖြစ်ကာ မြရည်ကိုတစ်လှည့် အငှ်လှကိုတစ်လှည့် သမုကိုတစ်လှည့် အဖြေရှာ အကဲခတ်ကြည့်မဆုံးကြ။





"သြော် ... ဒါဆို ... မသမုသစ်နဲ့က ကိုအငှ်လှက နဂိုက ခင်မင်ရင်းနှီးသူတွေလား ခင်ဗျာ"

အငှ်လှက သမုဘက်လှည့်ကာ ပြုံးစိစိနှင့် ...

"မေးနေတယ် ... ဖြေလိုက်"

သမုမျက်နှာက နှုတ်ခမ်းနှစ်လွှာ ပွင့်ဟကြောင်အမ်းရာမှ စိတ်တိုတဲ့အရိပ်အရောင်က မျက်နှာလေးကို နီမြန်းစေကာ အငှ်လှကို မျက်စောင်းကြီးကြီး လှည့်ထိုးလိုက်မိရင်း ...

"မရင်းနှီးပါဘူး၊ လုံးဝသူစိမ်းတွေ"

သမု စကားဆုံးလျှင် အငှ်လှက ပခုံးလှုပ်အောင် အနည်းငယ် ရယ်မောလိုက်ပါသည်။ ပြီးမှ သတင်းထောက်တို့ဘက်လှည့်ရင်း ...

"ကဲ ... မရင်းနှီးဘူးတဲ့၊ သူစိမ်းတွေတဲ့ ... ခင်ဗျားတို့ကြားတဲ့အတိုင်းပဲ"

"ဒါနဲ့ ကိုအငှ်လှ ကြည့်ရတာ ဒီနေ့ စိတ်ရွှင်လန်းပြီး ပျော်နေသလားလို့၊ ခါတိုင်းက ကိုအငှ်လှကိုတွေ့ရင် မလိုအပ်တဲ့စကား မပြောဘဲ အမြဲမျက်နှာထား တင်းတာပဲတွေ့ဖူးလို့ပါ၊ စိတ်မရှိပါနဲ့"

"စိတ်မရှိပါဘူးဗျာ၊ ဒါကတော့ အလုပ်ကိစ္စတွေ ရှိတော့လည်းရှိတဲ့အလျှောက် လူက ဖိစီးမှုတွေ Tension တွေ ရှိတာပေါ့၊ အခုကတော့ အလုပ်လည်းမပါဘဲ လူမှုရေး



www.burmeseclassic.com

www.burmeseclassic.com



ညည့်ခံပွဲတစ်ခုကို တက်လာတာ ဆိုတော့လည်း စိတ်ပေါ့ပေါ့ပါးပါးပေါ့ဗျာ”

“ဟုတ်ကဲ့ ... ကိုအုန်းလှ ဒီကို ဘယ်သူနဲ့လာတာပါလဲ”

“ဒီကိုလာတာတော့ ကျွန်တော့် ပါစင်နယ်လ်အစစ်စစ်တဲ့နှယောဒီက ကိုမိုးကျော်နဲ့ပဲလာတာပါ၊ သိတဲ့အတိုင်း နှစ်ဦးတက်ရောက်ရန် ဖိတ်တဲ့ဖိတ်စာဆိုရင် ကျွန်တော့်မှာက တရားဝင် နှစ်ယောက်တွဲ လာစရာ ခုချိန်ထိပေါ့လေ ... တရားဝင် မရှိသေးပါဘူး ... အဟင်း ဟင်း ...

ဒီစားပွဲမှာ နေရာယူထားတာဆိုရင် မြင်တဲ့အတိုင်း ဇနီးမောင်နှံစုံတွဲတွေပဲပေါ့လေ၊ ကျွန်တော့်ဒီဘက်က ခုံနှစ်ခုံလွတ်နေတာက ရွှေစင်ပန်းတိုင်ကုမ္ပဏီက အစ်ကိုကြီးဦးသက်မောင်ဟန်တို့ ဇနီးမောင်နှံ မလာဖြစ်တာပါ၊ ကျွန်တော်ကတော့ ထုံးစံအတိုင်း ကိုမိုးကျော်နဲ့ပေါ့၊ ခုချိန်ထိပေါ့”

ဘုရား ... ဘုရား။

အတော်စကားကြွယ်တဲ့သူ လည်တဲ့သူပဲ။ ဟိုဘက်ဘေးခုံမှာ မြရည် လာထိုင်နေသော်လည်း ဦးသက်မောင်ဟန်တို့နေရာလွတ်မှာ လာဝင်ထိုင်နေတာကိုပါ မသိ,သိအောင် ထည့်ပြောသွားပေးသေးသည်။ ကြောက်ဖို့ကောင်းတဲ့သူပါလား။ လောလောဆယ် သူ့ စကားကို တန်ဆာဆင် ဇာတ်အိမ်ဖွဲ့နေပုံမှာလည်း





သမုကို တစ်စုံတစ်ရာ တစ်မျိုးတစ်မည် ထည့်သွင်းအသုံးချနေတာပါပဲလား။

“ကိုအုန်းလှ ... ခုချိန်ထိဆိုတော့ ဘယ်အချိန်လောက်ကျရင်များ ပွဲလမ်းအခမ်းအနားတွေကို စုံတွဲတက်ရောက်နိုင်ဖို့ရှိလဲ ခင်ဗျာ”

“ဗျာ”

အုန်းလှက အလန့်တကြားလို လုပ်လိုက်ပြီးမှ ...

“ကျွန်တော်က စီးပွားရေးသမား သက်သက်ပါဗျာ၊ ကျွန်တော် အနုပညာနယ်ပယ်ထဲက ဆယ်လဘရယ်တီလည်း မဟုတ်ရပါဘူးဗျာ၊ ကျွန်တော့် ကိုယ်ရေးကိုယ်တာက ဒီလိုမေးရလောက်အောင် လူစိတ်ဝင်စားစရာလည်း မဟုတ်ရပါဘူးဗျာ”

“မဟုတ်ဘူး အစ်ကိုရ၊ အစ်ကို အနုပညာသာ မလုပ်ပေမယ့် ဆယ်လဘရယ်တီပါပဲ၊ စီးပွားရေးလောက,ကဖြစ်ပေမယ့် လူစိတ်ဝင်စားတဲ့ သူပါပဲဗျာ၊ အစ်ကိုလည်း သိပါတယ်၊ အစ်ကို ရည်မှန်းထားတာလေးတွေ လူတွေသိချင်တဲ့အကြောင်း”

“ကျွန်တော် ရည်မှန်းထားတာကတော့ ကျွန်တော် စီးပွားရေးတွေလုပ်မယ်၊ လှူမယ်၊ တန်းမယ်၊ ရိုးရိုးပါပဲဗျာ၊ ဘာမှ ဆန်းဆန်းကြွယ်ကြွယ်တွေ မပါ,ပါဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ဒါကိုမေးတာ မဟုတ်ဘူးလေ အစ်ကိုရ ... ဟား ဟား"

အုင်ှလှက နာရီတစ်ချက် ကြည့်လိုက်ရင်း ...

"နည်းနည်းတော့ စောပြန်မှဖြစ်မယ်၊ ခုတော့ ဒီလောက်ပဲ ထားလိုက်ကြပါဗျာ၊ မကြာခင် အားလုံးကို ပြောစရာရှိတာ ကျွန်တော်ကိုယ်တိုင်ခေါ်ပြီး အသိပေးပါ့မယ် ပြောပါ့မယ်၊ ကျေနပ်ပါဗျာ ... နော် ...

ကဲ ... သမု၊ ကားပါလား"

"အင် ... ရှင်၊ မ ... မပါဘူး"

သမုက ဂျူပ်ရဲ့ကားနှင့် လိုက်လာတာလေ။ ဒီနေ့ ကားဘယ်ပါမလဲ။

"ဒါဆို ... လာ၊ တစ်ခါတည်း ပြန်ပို့မယ် ... သွားကြစို့"

"အမ်"

သမုသည် စိတ်လည်းတို၊ ဘာပြောရမှန်းလဲမသိ၊ အသည်းတယားယား သူ့ကို အံကြိတ်ကြည့်မိသည်။ အုင်ှလှက သမု စိတ်တိုနေတာကိုပဲ သဘောကျသလိုလို ပြုံးတုံ့တုံ့စိုက်ကြည့်လိုက်တဲ့အခါ ကင်မရာမီးတို့က ဖျိုးဖျိုးဖျပ်ဖျပ် လက်ကြကုန်လေသည်။

❦ ○ ❦



❦ ၁ ❦

ရေ့ကဖွင့်ထားသော ဂျာနယ်ထဲက အုင်ှလှနှင့် ကိုယ့်ရဲ့တွဲရက်ပုံကိုကြည့်ကာ သမုက ထိုင်မရ ထမရ ဖြစ်နေပါသည်။ ကိုယ့်စားပွဲမှာ ထိုင်နေရင်းကပဲ ဆတ်ခနဲထရပ်၊ အခန်းထဲ ဟိုဘက်လျှောက် ဒီဘက်လျှောက် လက်သီးလေးတဆုပ်ဆုပ်၊ ပါးစပ်က တုပ်ပွတုပ်ပွ ရေရွတ်ကာ အသည်းတယားယား ဒေါ တပွပွ ရင်တဖိုဖို ဖြစ်နေပါသည်။

ဒါ အသုံးချတာ။ ငါ့ကို လုပ်စားတာ။

ဟင်း ... သေချာတယ်၊ ငါ့ကို တစ်နည်းတစ်ဖုံကို အသုံးချသွားတာ။ တောက် ... မအူမလည် ခံလိုက်ရသလိုပဲ။ ခံရခက်တယ်နော် ... ခံရခက်တယ်။

"မသမု"

"ဗုဒ္ဓေါ ... ဘာတုန်းဟဲ့ ... လန့်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



အတွေးနက်ကာ ဂနာမငြိမ် ဖြစ်နေဆဲ တိုက်က ရှိပို့တာလေး ရဲကိုကိုက ရုတ်တရက် ခေါ်လိုက်၍ ကိုယ့်အာရုံနှင့် ကိုယ်မို့ လန့်သွားရပါသည်။

"ဂျူပ် ခေါ်နေတယ်ဗျ"

"အေး ... ပြီးရော ... လာမယ်"

သမုက စားပွဲပေါ်ကဂျာနယ်ကို ဖွင့်လှန်ထားရာမှ ပိတ်၊ ခေါက်ချိုးကာ စာရေးစားပွဲအံဆွဲထဲပါ ထည့်လိုက်ပြီးမှ ဂျူပ်ရဲ့အခန်းဆီ တံခါးခေါက် ဝင်ခဲ့ပါသည်။

"ဂျူပ်"

"ထိုင်"

"ဟုတ်"

ဂျူပ်က သမုကို မျက်မှန်ပေါ်မှ ကျော်ကြည့်ကာ မျက်မှန်ကိုဖြုတ်ပြီး စားပွဲပေါ် ပစ်တင်လိုက်ပါသည်။ ဂျူပ်နဲ့က အထက်လူ အောက်လူလို မဟုတ်ဘဲ မောင်နှမလို အစ်ကိုကြီး တစ်ယောက်လို ရင်းနှီးနေသည် ဆိုပေမယ့် ရံဖန်ရံခါ ဂျူပ်စိတ် ထွက်ရင်တော့ ကြောက်ဖို့ ကောင်းတတ်ပေသေးရာ ခုလည်း ဘာမှမပြောဘဲ စိုက်ကြည့်နေတာ အချိန်ကြာလာသောအခါ ကိုယ့် ဘာသာ မလုံမလဲဖြစ်၍ ခေါင်းကုတ်လိုက်၊ လက်သည်းဆိတ် လိုက်၊ နှာခေါင်းပွတ်လိုက်နှင့် သမု ဂနာမငြိမ် ဖြစ်နေပါသည်။





ဂျူပ်ဟာ သမုရဲ့အစ်ကိုနှင့်လည်း သူငယ်ချင်းဖြစ် နေသေးတာကြောင့် သမုကို သူ့ရဲ့ အောက်လက်ငယ်သားလို မဟုတ်ဘဲ ညီမတစ်ယောက်လိုလည်း ဆက်ဆံတတ်ပါသည်။ အချိန်အနည်းငယ် ကြာလာတဲ့အခါ သမုက နေရခက်လာပြီး ...

"ဂျူပ်"

"ပြော"

"ဟင် ... ဂျူပ်ကခေါ်တာ ဂျူပ်ကပြောရမှာ မဟုတ်ဘူး လား"

"နင်ပြောရမှာလေ"

"သမုက ဘာပြောရမှာလဲ"

"နင့်ပုံကြီး ဦးအုန်းလှနဲ့တွဲရက် ဂျာနယ်ထဲပါလာတဲ့ကိစ္စ ပြောရမှာ မဟုတ်ဘူးလား၊ ဘာမသိချင်ယောင် ဆောင်နေ တာလဲ"

"ဟင် ... ဂျူပ်ကလည်း၊ အဲဒါ ဟိုနေ့ကပဲ၊ ဂျူပ်လည်းပါ တာပဲ"

"ငါမပါပါဘူး၊ ငါ့စားပွဲမှာ ငါနေတာ၊ ငါ ဘာမှမသိဘူး၊ နင့်ကို ဗျူးဖို့ လွှတ်လိုက်တာ တစ်ချိုးတည်း တန်းပျောက် ပြီး နင်ပြန်နှင့်ပြီဆိုတာ ဖုန်းလေးတစ်ချက် လှမ်းဆက် ပြောလို့ ဇဝေဇဝါ အူကြောင်ကြောင် ဖြစ်လိုက်ရတာအပြင် ဘာမှမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



သမုက ခေါင်းလေး တချစ်ချစ် ကုတ်လိုက်ရင်း ...

"အဲဒါ အခုပဲ သမုလည်း စိတ်ညစ်နေတာပေါ့၊ ဟို ... ကိုရင်ထွန်းက ပုံကို သူတို့ဂျာနယ်ထဲ အကြီးကြီး ထည့်ပစ်လိုက်တယ်"

"ထည့်ချင်စရာပဲလေ၊ နင့်ကို ဦးအုန်းလှက ပခုံးလှမ်းဖက်ထားသလို ဖြစ်နေပါလား"

"မဖက်ပါဘူး၊ အဲဒါ သူ့လက်ကို သမုရဲ့ထိုင်ခုံကျောမှီပေါ် လှမ်းတင်ထားတာ"

"နင်တို့က အဲလို ခုံပေါ်လက်လှမ်းတင်ရလောက်အောင် ရင်းနှီးတာလား"

"မရင်းနှီးပါဘူး၊ အဲဒီနေ့က သူ ဘာဖြစ်လို့ တရင်းတနှီးတွေ လုပ်မှန်းကို စဉ်းစားမရဘူး၊ သမုလည်း ခုထိ နဝေတိမ်တောင်ဖြစ်တုန်း"

"ဖြစ်မနေနဲ့၊ အဲဒီနေ့က အဖြစ်အပျက် အခြေအနေတွေအားလုံး အခု ငါ့ကို အကုန်ပြောပြစမ်း၊ ဘာတွေ ဘယ်လိုဖြစ်တယ်ဆိုတာ။ စကားတွေက အစပြော"

"ဟုတ် ... သမုက သူ့စားပွဲနား ကပ်သွားပြီးတော့ ...

.......................................

.......................................

......................................."





သမုက အဖြစ်အပျက်တွေကို ဂျူပ်ကို သတိရသလောက် အားလုံးပြောပြလိုက်ပါသည်။ သမုလည်းပဲ ဂျာနယ်နှစ်စောင်ထဲ ပါလာသောပုံအတွက် ဦးနှောက်ခြောက်နေတာမို့ပင်။ ပုံက စားပွဲမှ တခြားလူတွေ ဘယ်သူမှ မပါဝင်။ အုန်းလှနှင့် သမုနှစ်ဦးတည်းကွက်၍ ပုံကြီးရိုက်ထားတာ။ နှစ်ဦးကြား အလယ်ကောင်လောက်မှာ အုန်းလှရဲ့တပည့် မိုးကျော်ရဲ့ခန္ဓာကိုယ်အောက်ပိုင်း ရင်ညွန့်လောက်ကဖြတ်ပြီး ပါနေပေမယ့် မျက်နှာမပါ။ နှစ်ဦးတည်းသာ စုံတွဲပုံကြီးလို ပါလာတာ။

"........"နှစ်ပတ်လည်ပွဲသို့ တက်ရောက်လာသော ဦးအုန်းလှ ... လို့ စာတန်းထိုးထားကာ ပုံထဲမှာ သမုမျက်နှာက မျက်နှာမထားတတ်သလို ကရော်ကမယ် ဖြစ်နေသည်။ အုန်းလှက သမုဘက် စောင်းထိုင်ကာ လက်က ခုံနောက်မှီပေါ် လှမ်းတင်ထား၍ တစ်ဝက်ပျောက်နေသည်။ အုန်းလှ မျက်နှာက ပြုံးတုံ့တုံ့။

"နေစမ်းပါဦး ... ညည်း ပြောနေတာတွေ အမှန်လား"

"ဩော် ... ဂျူပ်ကလည်း ဒုက္ခပဲ၊ သမုက ညာပြောစရာလား"

"ဒါဆို ဒီလူလုပ်တာ ဘာအချိုးလဲ"

"သမုလည်း ဒါကိုပဲ စဉ်းစားနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ခုထိ စဉ်းစားလို့ အဖြေမထွက်သေးဘူးလား၊ ဒီလူ လူလည်ကျတာပေါ့၊ သူ့အနား မြရည် ရောက်လာလို့ အာရုံလွဲပြီး ညည်းနဲ့ သူနဲ့ပဲ ဘာလိုဖို တစ်မျိုးတစ်မည် ထင်စရာ အာရုံရှုပ်ထွေးစရာဖြစ်အောင် ညည်းကို အသုံး ချပြီး လုပ်စားသွားတာလေ၊ ဒါတောင် မသိဘူးလား"

"အဲလိုများလားလို့တော့ တွေးနေတာ"

"အဲလိုအစစ်ပေါ့၊ ရေတောင်မရောဘူး၊ အတူတောင်တွဲပြီး ပြန်လိုက်သေးတယ်၊ နေပါဦး ... နင်ကကော ငါနဲ့အတူတူ လာတာကို သူက လိုက်ပို့မယ်ဆိုတာနဲ့ ကောက်ခနဲပါသွား တာ ဘာသဘောလဲ"

"ဟုတ် ... အဲဒါ သမုလည်း ကိုယ့်ကိုယ်ကိုယ် ဟိုဒင်း ... ဆေးများတို့ခံရလားလို့"

"တော်စမ်း"

သမုက ပခုံးလေးကျုံ့ပြီး ...

"သူက အဲလိုပြောလိုက်တော့ သမုလည်း ဘာပြောလို့ ပြောရမှန်း ရုတ်တရက် စဉ်းစားမရအဲ ယောင်ကြောင် ယောင်ကြောင် ပါသွားတာ၊ လူကလည်း အူနေပြီ၊ အားလုံး က သမုကို သိနေကြတော့ အံ့အားတသင့်ကြီးတွေ ခတ်ပုံ လိုမ့်ရိုက်နေကြတာ လူကလည်း ပြေးချင်နေပြီ ဂျုပ်ရဲ့၊





ဘာလုပ်မိ ဘာကိုင်မိမှန်း မသိဘဲကို ပူထူပြီး ပါသွားတာ၊ ကားပေါ်ကျမှ ငါ လိုက်လာမိတာ မှားများမှားသွားပြီလား လို့ တွေးမိတော့တာ"

"ဟွန်း"

ဂျုပ်က သမီးကို ရိုက်ချင်တဲ့ အမေရုပ်နှင့် ...

"အဲဒါပဲ နင်တို့ အပျိုကြီးတွေ၊ ယောကျ်ားတစ်ယောက် ယောက်က ရိုသဲ့သဲ့လိုလို အမိပွာယ်နှစ်ခွလိုလို ပြုမူပြော ဆိုလိုက်တာနဲ့ ထူပူပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်ကုန်တတ်တာ"

"ဂျုပ်နော်"

သမုက စိတ်ဆိုးမာန်ဆိုး ဒေါ်ပွပွနှင့် ထိုင်ရာက ရပ်လိုက်ပါသည်။ အဲလိုပြောရင် ဒေါသထွက်ပါတယ်ဆိုမှ။ ယောက်ျားသနာနှင့် ရင်မဆိုင်ရဲ ရင်မဆိုင်တတ်သလို အပျိုကြီး ဒွကို ချိုးနှိမ်ပြောတာ အမုန်းဆုံးပင်။ ပြီးတော့ အသက်သုံး ဆယ်ထဲ ဝင်တာကိုပဲ အပျိုကြီး အပျိုကြီးနှင့် ခေါင်းစဉ်တပ်ကြ တာကလည်း တစ်ဆိတ်မလွန်လွန်းဘူးလား။

"အပျိုကြီးနဲ့ ဘာမှမဆိုင်ဘူး၊ သူက သူ့ဒွေးအကြီးကြီးဆို တော့ ဘာပဲဖြစ်ဖြစ် အရှိန်အဝါအဟန့်တစ်ခုကတော့ ရှိ နေတာဆိုတော့ သမုလည်း နည်းနည်းတော့ ကျွတ်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"သူ ... သူဌေးဖြစ်တာနဲ့ပဲ ကျွတ်စရာလား"

"အရှိန်တစ်ခုကတော့ ရှိသေးတာပေါ့လို့"

"နေပါဦး ... သူက နင့်ကို အိမ်ပြန်ပို့တာပေါ့၊ နင့်အိမ် သိသွားတာပေါ့ ... ဟုတ်လား"

"ဟင့်အင်း ... အိမ်ထိမပို့ခိုင်းပါဘူး၊ လမ်းထိပ်မှာပဲ ဆင်းလိုက်တာ"

"တော်သေးတာပေါ့၊ တော်ကြာ အဝင်အထွက် ရွှေလမ်း ငွေလမ်း ပေါက်သွားဦးမယ်၊ သမုနော် ... ညည်းက ပါးမလိုလိုနဲ့ထူပြီး လည်မလိုလိုနဲ့အ,တာ၊ သူတို့လိုလူမျိုးတွေကို အလုပ်ကိစ္စ ပတ်သက်မှုကလွဲပြီး ရှောင်စမ်း၊ သိပ်အရောမဝင်နဲ့၊ ပြီးတော့ သူက လောလောဆယ်ကို ကောလာဟလတွေ ကြားထဲကလူ၊ အခုဆိုရင် ဒီဂျာနယ်ထဲကပုံနဲ့ ပတ်သက်ပြီး ဘယ်လိုကောလာဟလ ထွက်လာဦးမလဲ မသိဘူး၊ ကိုယ်က တစ်ယောက်ချင်း လိုက်ရှင်းပြနေနိုင်အောင်လည်း လက်တံမရှည်ဘူး၊ နေရင်းထိုင်ရင်း အချောင်နာမည်ပျက်နေမယ် ...

သူတို့က ငွေရှိတယ်၊ နာမည်ဆိုးရှိရင် ငွေနဲ့ဖုံးပစ်လိုက်လို့ရတယ်ဆိုတာ နင် နားလည်စမ်းပါ သမုရာ၊ နင်က ဒီလောကထဲမှာ ကျင်လည်နေရဦးမှာ၊ နာမည်ဂုဏ်





သိက္ခာ ထိခိုက်သွားရင် လုပ်စားလို့တောင် မရတော့ဘဲ နေမယ်၊ သူက အသုံးချဖို့ကြံနေတာ လူမသိဘဲ ကိုယ်ကပဲ သူဌေးကို ကပ်အသုံးချသလို အထင်ခံနေရဦးမယ်"

"အင်းပါ၊ သမုလည်း နားလည်ပါတယ် ဂျူပ်ရာ၊ ရုတ်တရက်မို့လို့ လူက ယောင်ကြောင်ကြောင် ဖြစ်သွားတာပါ"

"ရုတ်တရက်ဆိုတဲ့ ကိစ္စတွေ အများကြီးရှိဦးမှာ၊ ညည်းကို နှစ်ရက်ကြိုတင် အသိပေးပြီးမှ အရာအားလုံးက ဖြစ်လာမှာမဟုတ်ဘူး"

"ဂျူပ် ဒီညနေ စောစောပြန်ချင်တယ်"

"ဟင် ... ဘာမှလဲ မဆိုင်ဘူး"

"သွားစရာရှိလို့ပါ၊ သူငယ်ချင်းဟောင်းတွေနဲ့ ချိန်းထားတာ၊ အိမ်ပြန်သေချာ အလှပြင်ပြီးမှ သွားချင်တဲ့ပွဲမျိုး၊ ညိုးညိုးမှိန်မှိန်နဲ့ အလုပ်က တန်းလာရလို့ ချွေးသံတရွှဲရွှဲ လူပုံအရွဲ့ရွဲ့ ဖြစ်နေလို့ရတဲ့ ပွဲမဟုတ်လို့ပါ ဂျူပ်ရဲ့"

ဂျူပ်က မျက်မှန်ကြီး ပြန်ကောက်တပ်ရင်း ...

"ပြီးရော ... ပြီးရော"

သမုက လှည့်ထွက်ခဲ့ရင်း တံခါးပေါက်ဝရောက်မှ စပ်ဖြဲဖြဲလေးလှည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဂျုပ် ... အုန်လှက တော်တော်ချောတာ သိလား ... အဟီး"

ဂျုပ်ရဲ့ ယောကျ်ားမျက်စောင်းကြီးက အတော်ကို အချိုးမကျလှပါ။

❦ ○ ❦

"ကိုအုန် ... မစ္စတာ တာကာရှီတားဆီ ဖုန်းဆက် ကွန်ဖမ်းမ် လုပ်ပြီးပါပြီ"

"ဘယ်အချိန်လဲ မိုးဂျော်"

"ခုနစ်နာရီခွဲလောက်ပါ"

"ချက်ထရီယမ်ပဲ မဟုတ်လား"

"ဟုတ်ကဲ့"

အုန်လှက လက်ပတ်နာရီ တစ်ချက်ငုံ့ကြည့်ရင်း ...

"မင်းလည်း လိုက်ခဲ့ဦးနော်"

"ဟုတ်ကဲ့ ... ကိုအုန် အိမ်ပြန်ဦးမလား"

"မပြန်တော့ဘူး၊ ဒီမှာပဲ ရေချိုးအဝတ်လဲလိုက်မယ်၊ မင်းရော အိမ်ပြန်ဦးမလား"





"အချိန်ရရင်တော့ ခဏလောက် ပြန်ချင်တယ် ကိုအုန်၊ အဝတ်အစားလည်း မပါဘူး၊ ရေလည်းချိုးချင်သေးတယ်"

"ပြန်ရင်လည်း ခဏပြန်လေ၊ ဪ ... အတော်ပါပဲ၊ မေမေ့ဆီ ဖုန်းဆက်လိုက်စမ်းပါ၊ သူမှာတဲ့ အားဆေးနာမည် ငါ မေ့နေပြန်ပြီ၊ ဖုန်းလှမ်းဆက်မေးပြီး မင်းအပြန် တစ်ခါတည်း ဆေးဝင်ဝယ်ပြီး မေမေ့ကိုပါ ဝင်ပေးခဲ့ပါ"

"ဟုတ်ကဲ့"

မိုးဂျော် ထွက်သွားလျှင် အုန်လှက စားပွဲပေါ်က ဂျာနယ်ကို လှမ်းယူကာ စာမျက်နှာတစ်ခုကို ဖွင့်လှန်ကာ ကြည့်လိုက်ပါသည်။ ဒီဂျာနယ်ကို မိုးဂျော် ယူလာတာ။ ပုံကတော့ ရိုးရိုးတွဲထိုင်နေဖြစ်တာလို့လည်း ပြောလို့ရ၊ တစ်မျိုးတစ်မည်ထင်မယ်ဆိုရင်လည်း ထင်လို့ရတဲ့ မျက်နှာအနေအထားတွေ။

အဲဒီနေ့က နံဘေးနေရာကို ဖွတ်ဝင်လာထိုင်လိုက်သော မြရည်စိမ်းဖန့်ဖန့်ကြောင့် တော်တော် စိတ်တိုစိတ်အနှောင့်အယှက် ဖြစ်သွားပြီး သူနဲ့တော့ ဘယ်နည်းနှင့်မှ ဓာတ်ပုံတွဲ အရိုက်မခံချင်တာကြောင့် ရုတ်တရက် စိတ်ထဲပေါ်လာတဲ့အတိုင်း မဆင်မခြင် ဝရုန်းသုန်းကား လုပ်ချလိုက်မိတာ။

ဓာတ်ပုံရိုက်ဖို့ အကဲခတ် ချိန်ရွယ်တာစုနေကြတဲ့ သတင်းထောက်တွေ အာရုံနှောက် ဦးနှောက်ခြောက်ကာ အတော် အတွေးရှုပ်ထွေးသွားကြပုံပေါ်သည်။ သူတို့ကင်မရာတွေရဲ့ ချိန်



www.burmeseclassic.com

www.burmeseclassic.com



ရှယ်ရာပစ်မှတ်လည်း ပြောင်းလဲကုန်ကြသည်။ ကိုယ့်ဟာကိုယ် မဆင်မခြင် လုပ်လိုက်ပြီးမှ အုင်ရှလ နည်းနည်းတော့ မျက်နှာပူသည်။

အပြန် ... သမုသစ်ကို သူ့လမ်းထိပ်ချပြီးမှ မိုးကျော်ကို သမုသစ်ရဲ့ကိုယ်ရေး Profile ကို ချက်ချင်း လှမ်းစုံစမ်းခိုင်းရပါသည်။

သမုသစ်။

အသက် သုံးဆယ်ဝန်းကျင်။

အိမ်ထောင်ရေးအခြေအနေ ပျို။

အလုပ်အကိုင် ...

လိပ်စာ ...

စသည်တို့ကို ချက်ချင်းပဲ သိလိုက်ရပြီးမှ သက်ပြင်းနည်းနည်း ချနိုင်ပါသည်။ တော်သေးတာပေါ့ အပျိုဆိုလို့။ ဒီမိန်းကလေးကို စ,မြင်ဖူးကတည်းကတော့ အိမ်ထောင်သည် ဘယ်လိုမှ မဖြစ်နိုင်ဘူးလို့တော့ ထင်မြင်ယူဆပြီးသားပါပင်။ အိမ်ထောင်သည်နှင့် အပျိုတွေမှာ ရုပ်ရည်ခန္ဓာကိုယ် အနေအရင့်နှင့် မဆိုင်သော ကွဲပြားနေသည့် အရောင်အဝါလေး တစ်ခုတော့ ရှိသည်။ ဟန်ပန်အမူအရာပဲလားတော့ မသိပါ။

တကယ်တော့ သူ လုပ်လိုက်မိတဲ့ အပြုအမူက ကောင်းတော့ မကောင်းပါ။ ကောလာဟလတစ်ခုလက်က လွတ်





လွတ်နိုင်ဖို့ လူအများ မျက်စိလည်သွားစေမည့် နောက်ထပ်အခြေအနေတစ်ခုကို ချပြလိုက်တာ။ တကယ်တော့ အန္တရာယ်များသည် ထင်။ သူ့စိတ်ထဲမှာ တစ်ကြိမ် နှစ်ကြိမ်သာ မြင်ဖူးသေးသည့် သမုသစ်ဆိုတဲ့ ကောင်မလေးရဲ့ ရိုးသားအပြစ်ကင်းစင်သော မျက်နှာကလေးကို ခိုင်လုံသော အထောက်အထားမရှိဘဲနှင့် လျှပ်တစ်ပြက် ယုံစားစွန့်စားလိုက်တာ။

နောက်ထပ် ကောလာဟလတစ်ပုဒ် ဖြစ်သွားရင်တောင် ဒီအဖြစ်ဟာ အန္တရာယ်ကြီးထွားလာစရာ မရှိဘူးရယ်လို့ အုင်ရှလက ဘာကြောင့်မှန်းမသိ ထင်မိသည်။ အခုတော့ ဂျာနယ်ထဲ ဓာတ်ပုံပါလာပြီ။ ခုချိန်လောက်ဆို သမုသစ်ဆိုတဲ့ မိန်းကလေးလည်း ဒီဂျာနယ် မြင်ပြီးရောပေါ့။

သူရော ဘယ်လိုများနေမလဲ။ အုင်ရှလက ဓာတ်ပုံထဲမှာ ဘာအမူအရာလို့ နာမည်တပ်ရမည်မသိတဲ့ ဂကျိုးဂကျောင် အမူအရာတစ်မျိုးနှင့် အီလည်လည်ဖြစ်နေသော သမုသစ်ရဲ့ပုံကိုကြည့်ရင်း ရယ်ချင်လာပါသည်။ အင်း ... ဒီကောင်မလေး တော်တော်တော့ ချောတာပဲ။

"တီတီ ... တီတီ"

အုင်ရှလက ဖုန်းကိုကြည့်လိုက်ပါသည်။ မြရည်ဆီက ဖုန်းပဲ။ ဒီကြားထဲ ဆက်နေတာ သူ မကိုင်ဖြစ်ခဲ့ပါ။ နှုတ်ခမ်းတစ်ဖက်လေးတွန့်ကာ ပြုံးမိရင်း သူ ဖုန်းကိုဖွင့်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို"

"ကိုအုန်္ငလား"

"အင်း ..."

"မေးစရာရှိလို့"

"မေးလေ"

"ဟိုတစ်နေ့က မယုပွဲမှာ ဘယ်လိုဖြစ်တာလဲ"

"ဘာဖြစ်လို့လဲ မြရည်၊ ဘာမှ မဖြစ်ပါလား"

"အဲဒီ ... ဒေါ်သမုသစ်ဆိုတာ '.........'တိုက်ကဆိုတာ သိရဲ့လား"

"သိတယ်လေ၊ သူနဲ့လည်း ဒီလိုပဲ မီဒီယာကိစ္စတွေက တစ်ဆင့် ရင်းနှီးသွားတာပဲ"

"ဘယ်လောက်ထိ ရင်းနှီးသွားတာလဲ"

"ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့ မေးနေတာလဲ မြရည်"

"လက်ဆွဲတာ တွဲထိုင်တာ အတူတူဓာတ်ပုံအရိုက်ခံတာတွေက ဘယ်လိုဖြစ်တာလဲ၊ ဘေးမှာ မြရည်တစ်ယောက်လုံးရှိရက်နဲ့ လူကိုသက်သက် ချိုးတာလား၊ အရှမ်းစိတ်ထိခိုက်တယ် သိလား"

"မင်း တစ်ယောက်လုံး ရှိရဲ့သားနဲ့ဆိုတာက ဘာကိုဆိုလိုတာလဲ မြရည်၊ ကိုယ် နားမလည်ဘူး"





"ဘာကို နားမလည်တာလဲ၊ ဘာကို နားမလည်ရမှာလဲ၊ ကိုအုန်္ငနဲ့ မြလေး တွဲနေတာ မြလေးတို့ အသိုင်းအဝိုင်း တစ်ခုလုံး သိတယ်"

"နေဦး ... နေဦး၊ တွဲနေတယ်ဆိုတာက အမျိုးမျိုးအဓိပ္ပာယ် ကျယ်ပြန့်တယ် မြရည်၊ ကိုယ် မင်းနဲ့ ခင်မင်မှုအရ တချို့ နေရာတွေ တွဲသွားတွဲလာ ရှိခဲ့ဖူးတယ်၊ မင်း လာခဲ့ပါဆို တဲ့ နေရာတွေ အားရင်အားသလို လာခဲ့ဖူးတယ်၊ မင်း လိုက်ပို့ပေးပါဆိုတဲ့ နေရာတချို့ လူမှုရေးအရ ကူညီလိုက် ပို့ပေးခဲ့တာမျိုး ရှိဖူးတယ် ...

အဲသလို တွဲပုံမျိုး တွဲခဲ့ဖူးတဲ့ သူတွေကတော့ အများကြီးရှိတာပဲ၊ မင်းတစ်ယောက်မှ မဟုတ်ဘူးလေ မြရည်၊ အဲဒါနဲ့ပဲ ကိုယ်က ကိုယ့်ဘေးမှာ ထိုင်စေချင်သူကိုတောင် ပေးထိုင်ခွင့် မရှိတော့ဘူးလား"

"ဩော် ... သမုသစ်က ကိုအုန်္ငဘေးမှာ ထိုင်စေချင်သူပေါ့ ဟုတ်လား"

"မထိုင်စေချင်ပဲ ကိုယ် သူ့ကိုထိုင်ခိုင်းပါ့မလား မြရည်ရယ်"

"ဒီမှာ ကိုအုန်္င၊ ရှင်းရှင်းပြောပါ၊ သမုသစ်နဲ့ ကိုအုန်္ငက ဘာလဲ"

"ဒီမေးခွန်းကို မင်း မေးခွင့်မရှိလောက်ဘူး ထင်တယ် မြရည်၊ မေးခဲ့ရင်လည်း ကိုယ့်မှာ ဖြေချင်မှ ဖြေခွင့်ရှိတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် မင်းကို ဖြေရှင်းသလို ဖြေရမယ့် အနေအထားမရှိဘူး”

“မြလေးက အကောင်းမေးနေတာနော်၊ ကိုအုန်း ဘဝအတွက် တစ်ယောက်ယောက်ကို ရည်ရွယ်ဆုံးဖြတ် ရွေးချယ်ပြီးသား ဆိုရင်တော့ ဖျက်လိုဖျက်ဆီး မလုပ်လိုတဲ့ ရည်ရွယ်ချက်နဲ့ မေးနေတာ၊ ဘာမှလဲ မဟုတ်ဘဲ ဘလိုင်းကြီး လူကိုကျော် သွားတာတော့ သည်းမခံနိုင်ဘူး”

“ကိုယ် တစ်ယောက်ယောက်ကို ရွေးချယ်တယ် မရွေးချယ်ဘူးဆိုတာလည်း မင်းဆီ ဘာမှတင်ပြနေ ဝန်ခံနေဖို့မရှိဘူး ထင်တယ်”

တစ်ဖက်က အသက်ရှူမြန်လာကာ ဒေါပွလာလျက် ...

“ကိုအုန်း ... ရတ်ရတ် ရတ်ရတ်တော့ မလုပ်နဲ့နော်”

“ဟာ ... ဒီစကားက စည်းတော်တော်ကျော်သွားပြီ မြရည်”

“မသိဘူး၊ ကိုအုန်း မြရည်ကို မျှော်လင့်ချက်တွေ အများကြီး ပေးထားခဲ့ပြီးပြီ”

“ကိုယ် ဘာမျှော်လင့်ချက်မှ မင်းကို မပေးခဲ့ပါဘူး”

“တွဲသွားတွဲလာလည်း လူမြင်ကွင်းမှာ ရှိခဲ့တယ်၊ ဖုန်းပြောတယ်၊ မက်ဆေ့ဂျ်ပို့တယ်၊ ကိုမိုးရျော်ကတစ်ဆင့် လက်ဆောင်ပစ္စည်းတွေလည်း ပို့ခဲ့ဖူးတယ်”





“ဒါကတော့ မင်းကို ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်အဖြစ် စေတနာအလျှောက်ရော လူမှုပေါင်းသင်း ဆက်ဆံရေးအလျောက်ရော လက်ဆောင်ပစ္စည်း ပေးခဲ့မိတာလေ၊ အဲဒါက မျှော်လင့်ချက် အကြီးကြီး ပေးခဲ့သလို ဖြစ်ရင်တော့ ကိုယ်လည်း စိတ်မကောင်းဘူး”

“ဒါဆိုရင် ခုနောက်ပိုင်း ရုတ်တရက် ဘာကြောင့် မြလေးကို သစ်စိမ်းချိုး ချိုးတာလဲ”

“သစ်စိမ်းချိုး ... ချိုးတယ်ဆိုတာ ဘာလဲ”

“လုံးဝရှောင်သွားတာ”

“ဒါကတော့ မင်းက ကိုယ့်ကို ချည်လာ တုပ်လာတယ် မြရည်၊ ချည်နှောင်လာတယ်၊ အဲဒီချည်နှောင်မှုမျိုးထဲကို ကိုယ်ရှေ့တိုးမဝင်နိုင်ရင် ခြေလှမ်းကိုရပ်လိုက်တာ နောက်ဆုတ်လိုက်တာ ကောင်းတယ်ထင်လာတယ်၊ ဒီလောက်ပါပဲ မြရည်”

“မြလေး သူငယ်ချင်းမိတ်ဆွေတွေက ကိုအုန်းနဲ့ မြလေးကို အတိုင်းအတာတစ်ခုအထိ သတ်မှတ်ပြီးနေပြီ”

“အဲဒါကိုမဟုတ်ဘူးဆိုတာ မင်း ရှင်းပြသင့်တယ် မြရည်”

“ဟင်း ဟင်း ဟင်း ... ကိုအုန်းက လုံးဝကို ကိုယ်လွတ်ရုန်းနေတာကိုး၊ အဲသလောက်တော့ လွယ်လွယ်ကိုယ်လွတ်ရုန်းလို့ မရဘူးလေ ကိုအုန်း”



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆိုရင်တော့ မင်းနဲ့ကိုယ် ပြောစရာစကား ကုန်နေပါပြီ မြရည်၊ ကိုယ်က ကိုယ်လုပ်နိုင်တာကိုလုပ်ပြီး ကိုယ်မလုပ်နိုင်တာကို မလုပ်တာပါပဲ၊ တခြားလည်း ထပ်ပြောစရာ ထပ်ရှင်းပြစရာ မရှိတော့ဘူး၊ ကဲ ... ကဲ ... ကိုယ်အလုပ်လေးတွေ ရှိသေးလို့ ဖုန်းချတော့မယ် ... ဟုတ်လား"

အင့်လှက ဖုန်းကိုပိတ်လိုက်ရင်း သက်ပြင်းရှည်တစ်ချက်တော့ မှုတ်ထုတ်လိုက်မိပါသည်။ အဆက်အစပ်တစ်ခုရှိခဲ့ရာက ပေါ့ပေါ့ပါးပါး တရင်းတနှီး ဆက်ဆံလိုက်မိတာကလွဲရင် နဂိုကတည်းကပင် လေးနက်သော ရည်ရွယ်ချက် မရှိခဲ့တာ။ အဲဒါဟာ အပြစ်ဆိုရင်လည်း အဲဒီအပြစ်ဒဏ်ကို အခု သူ ခံရတယ်ပဲပေါ့။

အခုလို ဖွတ်အတင်းလိုက်ပြီး ချည်နှောင်လေ သူ့ဘက်က စိတ်ပျက်စရာဖြစ်လာလေ၊ ကိုယ်ရပ်သင့်တယ်ဆိုတဲ့ဆုံးဖြတ်ချက်လည်း ခိုင်မာလေ ပိုဖြစ်လာတာပါ။ အဲဒီအချိန်မှာ ဟိုတစ်နေ့ကလို သမုသစ်ကို လျှပ်တစ်ပြက်ထည့်ပြီး အသုံးချသလို ပြုလိုက်မိတာကိုတော့ အင့်လှ စိတ်မကောင်းပါ။

ဒီဂျာနယ်ရဲ့ ဂယက်က ဘယ်လောက်ထိ ရိုက်ခတ်လာမလဲကိုလည်း အင့်လှ တွေးတောရင်မောမိရပါသည်။



## ၆

ကျော့က အခွေအနွယ်လေးတွေ လိပ်ပြီးချထားတဲ့ သူ့ဆံပင်လေးကို နေရာတကျ ပုံပန်းတကျ ရှိမရှိ စမ်းရင်း ...

"ဟွန်း ... သူကပဲ နောက်ကျနေတယ်ရှိသေး။ အမျိုးကြီးကများ"

ကေသရီက နာရီတစ်ချက်ကြည့်လိုက်ရင်း ...

"သမုက အလုပ်ခွင်ထဲမှာကိုး ကျော့ရဲ့၊ ပြီးတော့ သူတို့အလုပ်ဆိုတာမျိုးက အချိန်အတိုင်းအတာ အကန့်အသတ်နဲ့လည်း လုပ်လို့ရတာမျိုး မဟုတ်ဘူး ထင်တယ်၊ ခဏနေရောက်မှာပေါ့"

နွယ်က ကျော့ကို မျက်လုံးလေးဝင့်ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... နင် အပြန်နောက်ကျလို့ မရဘူးလား၊ ကိုကိုကျော်က ဘယ်အချိန် ပြန်ရမယ် မှာလိုက်လို့လား၊ ငါတို့တော့ ရတယ်၊ ဒီည နောက်ကျမယ်လို့ကို ပြောခဲ့တာ"

"အောင်မာ ... ငါကရော ဘာလို့ နောက်ကျလို့ မရရမှာလဲ၊ ကိုကိုကျော်ကိုများ ပိုင်လိုက်တာမှ ပိုင်ပိုင် ပိုင်ပိုင်တောင် မြည်နေသေးတယ်၊ သူ နောက်ကျနေတာကို စိတ်တိုလို့ပြောနေတာ၊ ဟိုးတုန်းကတည်းက အတိုင်းပဲ၊ တစ်ခုခု ချိန်းပြီလားဆို သူ မပြီးတာ၊ သူ နောက်ကျတာချည်းပဲ၊ အလုပ်ပြင်ရင်လည်း ကြာသလားမမေးနဲ့၊ ထွက်လာတော့လည်း ဒီပုံက ဒီပုံ၊ ဒီရုပ်က ဒီရုပ် ဘာမှပိုမလာပါဘူး၊ အဲလို နေးကွေးလေးလံ ပျင်းရိတာ သူ့အကျင့် ...

သူ အလုပ်ပြင်နေတာပဲနေမယ်၊ မိန်းကလေးပဲ အလုပ်ပြင်တာချည်းပဲပေါ့၊ နဂိုတည်းက သပ်သပ်ရပ်ရပ် သန့်သန့်ပြန့်ပြန့် နေပြီးသားလူဆိုရင် သွားစရာ လာစရာရှိ ဘာမှ သိပ်ထပ်မွန်းနေဖို့ မလိုတော့ အချိန်သိပ်မကုန်ဘူးပေါ့၊ မိသမုတို့ကတော့ ပုံမှန်နေရင်း မျက်နှာက ဆီတဝင်းဝင်းပြောင်လို့၊ ဆံပင်က ကျိုးကန်းသိုက်လို လူးလိမ့်အိပ်လို့ ဘုတ်သိုက်ဖြစ်နေတာနဲ့၊ ပြီးတော့ ..."

"မိကျော့ကလည်းဟယ်၊ နင်က သမုကိုဆိုရင် သိပ်အပြစ်ပြောတာပဲ"





"ဟုတ်ပါရဲ့၊ မိကေ ပြောတာမှန်တယ်၊ သမုနဲ့ပတ်သက်ပြီး မိကျော့စကားကောင်းချီးမွမ်းတဲ့နေ့များ ရှိလာရင် ငါ ထီထိုးဦးမှာ"

ကျော့က နွယ့်ကို မျက်စောင်း လှည့်ထိုးလိုက်ပါသည်။

"သူ့ကိုခင်လို့ ပြောတာပေါ့ဟဲ့၊ ဆန်ရင်းနာနာဖွပ်ရတယ်"

"ဘာမှမဆိုင်ပါဘူးဟာ၊ အခုက နင်က ဘာအတွက်ဖွပ်နေတာလဲ"

"ဝေဖန်တာ ဘာဖြစ်လဲ"

"သိပ်လည်း မဝေဖန်ပါနဲ့ဟာ၊ သူလည်း ကလေးမဟုတ်တော့ဘူးပဲ၊ သူ့နယ်ပယ်မှာ သူ တစ်စုံတစ်ယောက် ဖြစ်နေတာပဲဟာ၊ ကဲ ... တော်ပါတော့ ငနွယ်ကလည်း တော်တော့ဟာ၊ နင်တို့ကလည်း"

နွယ်ဝတီက ပခုံးလေးပုကာ ခီခနဲရယ်လိုက်ရင်း ...

"ဟုတ်ပါဘူးဟ၊ မိကျော့က သမု ဆိုရင် ငါတို့ထက်ကို သိသိသာသာ အပြစ်မြင်တာ ငါ ငယ်ငယ်ကတည်းက သိတယ်၊ ဘာလဲဟင် ... အဟိ ... နင် မနာလိုလို့လား"

"ငနွယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျော့က စားပွဲပေါ်က တူတင်တဲ့ ကြွေတုံးကလေးကို ကောက်ကိုင်လိုက်ပြီး စားပွဲပေါ် အသံမြည်အောင် ဆောင့်ချလိုက်ကာ ...

"ငါက ဘာကိစ္စ သမုကို မနာလိုရမှာလဲ၊ သူ့မှာ ငါမနာလိုစရာ ဘာရှိလို့လဲ"

"ဟား ဟား ... အဲဒါ နင်တို့နှစ်ယောက်လုံး အပြန်အလှန်ပြောတဲ့ လက်သုံးစကားပဲ၊ သမုကလည်း နင် ကိုကိုကျော်နဲ့ရသွားလို့ နင့်ကိုမနာလို၊ နင်ကလည်း တစ်ချိန်က ကိုကိုကျော်က သမုကို စိတ်ဝင်စားခဲ့သလို ရှိဖူးလို့ မနာလို၊ အပြန်အလှန် အတွင်းကျိတ် မနာလိုနေကြတာလေ"

"ငနွယ်နော်၊ ငါ တကယ်စိတ်ဆိုးလာံမှာ၊ ကိုကိုကျော်က သမုကို ဘယ်တုန်းက စိတ်ဝင်စားလို့လဲ၊ နင် ဘာတွေလာပြောနေတာလဲ"

"အမယ်လေး ... အကြောင်းမသိတဲ့ လူတွေလားဟာ၊ သိတာကိုက သမုနဲ့ သိလို့ ငါတို့နဲ့ပါ လိုက်သိရတာ၊ သမုအဒေါ်နဲ့ ကိုကိုကျော့်ဦးလေး ယူထားလို့ သူတို့ချင်း ရင်းနှီးပြီးမှ ငါတို့နဲ့ သိရတာလေ၊ ကိုကိုကျော်ကို ငါတို့စမြင်ဖူးကတည်းက သမုကို ရိုတ်နေတဲ့လူ ချိတ်နေတဲ့လူလို့ ရိပ်မိသွားပဲဟာ"





"အဲဒါ လုံးဝမဟုတ်ပါဘူးလို့ နင့်ကို ဘယ်နှခါပြောရမလဲ မိနွယ်၊ နင် ထင်ချင်တာ လျှောက်ထင်နေတာပဲ၊ ကိုကိုကျော့်ပါးစပ်က ပြောလို့လား၊ အဲဒီ သမုကသာ ကိုကိုကျော့်ကို ကျိတ်ရင်ခုန်နေတာ၊ သူ ရင်ခုန်တိုင်း ကိုကိုကျော်က မကြိုက်တာတော့ မတတ်နိုင်ဘူးလေ၊ နင် ထင်နေတာ မဟုတ်ဘူးလို့ ပြောပြနေရင် ပြီးလိုက်တော့ပေါ့၊ မပြီးနိုင် မစီးနိုင် ထပ်ထပ်ပြောနေတာ နင် လွန်လာပြီ"

"အင်းပေါ့လေ ... မှားတဲ့အခါလည်း မှားပေမပေါ့၊ နင်နဲ့ယူတော့မယ်ဆိုမှ ငါ့မှာ ဘွားခနဲ အသည်းထိတ်ရင်ဖိုသွားတာတော့ အမှန်ပဲ"

"ကိုကိုကျော်က ငါနဲ့ သမုနဲ့ ယှဉ်ရင် သမုကို ကြိုက်စရာလား"

"ဟင် ... ဩော် ... အင်း ... အင်း"

"နင် ငါ့ကို ဒေါက်ဖြတ်နေတယ်နော် ... ငနွယ်"

"ဟဲ့ ... ဘယ်သူက ဘယ်သူ့ကို အခု ဒေါက်ဖြတ်နေတာတုံး၊ နင်က သမုကို မဟုတ်ဘူးလား"

"မဟုတ်လို့လား ... ငါက အမှန်တွေ ပြောနေတာပဲ၊ ဆံပင်ဖွာဆန်ကြဲ ဗရိဖရဲနဲ့ အဝတ်အစားဝတ်တော့လည်း ပွစိပွယောင်း ပစ်စလက်ခတ်နဲ့ မျက်နှာဆိုတဝင်းဝင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



လမ်းသွားရင် ရှပ်ပလာနဲ့ ဖြတ်စဗျင်းတောင်း၊ လုပ်သမျှ ကိုင်သမျှ တလွဲတချော်နဲ့ မိန်းမမျိုးကို ဘယ်ယောကျ်ားက ကြိုက်မှာလဲ၊ အဲဒါကြောင့် သူ ခုထိအပျိုကြီး ဖြစ်နေတာပေါ့"

"ကျော့နော် ... သမုက အခု လုံးဝအဲဒီပုံစံ မဟုတ်တော့ဘူး၊ အရမ်းလှနေတာ၊ ငါ မနေ့က ဂျာနယ်တစ်ခုထဲမှာ တောင် သူ့ပုံတွေ့လိုက်သေးတယ်၊ အရမ်းကြည့်ကောင်းနေတာ၊ ပြမယ် ... နင်တို့ကို"

ကျော့က အိတ်ထဲက တူးဝေးကိတ်ဘူးလေး ထုတ်ဖွင့် မှန်ကြည့်ကာ နှာခေါင်းစပ်လေး ပါးပြင်လေး မေးစေ့လေး ပတ်ဖ်နှင့် တို့ထိဖိသိပ်လိုက်ရင်း ...

"အင်းပေါ့လေ ... လာရင်ကြည့်ရသေးတာပေါ့၊ ဘယ်လောက်လှနေလဲဆိုတာ"

ကျော့ကို နွယ်က အမြင်ကတ်သလို နှုတ်ခမ်းရွဲ့ကာ တစ်ချက်ကြည့်လိုက်ရင်း ...

"ဘယ်လိုပဲ ဖြစ်ဖြစ်ပေါ့ဟယ်၊ အအိုတွေနဲ့ အပျိုနဲ့ကတော့ အလှချင်းကွာကို ကွာသွားပြီပဲပေါ့"

"ဘာအပျိုအအိုလဲ၊ လှတာ အပျိုအအိုနဲ့ မဆိုင်ဘူး၊ ပြီးတော့ နင်တို့သာ လင်ယူသားမွေး ကိုယ်လုံးပျက် ရုပ်ကျ





ကြတာ၊ ငါက ကလေးလည်းမမွေးဘူး၊ လှတဲ့လူက ပိုပြီး အိုအိုလှတာပဲ"

"ဟယ် ... ရှက်လည်း ရှက်ဘူးတော့ ... ဟီ ဟိ"

"ကဲ ... နွယ်နဲ့ ကျော့ရယ်၊ နင်တို့နှစ်ယောက်ကလေ တကယ်ပဲ၊ ခဏနေ ရန်ထ,ဖြစ်ဦးမယ်၊ တော်ကြပါတော့ ဆိုနေမှ"

"သူငယ်ချင်းပဲ ငြင်းခုန်တာလောက်နဲ့တော့ ရန်မဖြစ်ပါဘူးဟယ်၊ မိကျော့က ဖြစ်ချင်ရင်တော့ မသိဘူး၊ ငါတော့ မဖြစ်ဘူး၊ ဒါပေမဲ့ ပြောစရာတော့ မကုန်သေးဘူး၊ ဒီမှာ မိကျော့ ... နင်က သမုကို ဂေါ်မစွံ့ အပျိုကြီး ထင်မနေနဲ့၊ သူ့မှာ ချစ်သူရှိနေပြီ"

"ဟင်"

ကျော့ယမင်းက တအံ့တသြ ရေရွတ်လိုက်ရင်း ...

"နင် ဘယ်လိုလုပ်သိလဲ"

"သူပြောတာ"

"ဩော် ... ကျွတ် ... သူပြောတာများဟယ်၊ ဒီလိုပဲ သိက္ခာဆယ်ပြီး ပြောရင်လည်း ပြောမှာပေါ့၊ သေချာတာလည်း မဟုတ်ဘဲနဲ့ ငါက တကယ်များ သေချာသလားလို့"



www.burmeseclassic.com

www.burmeseclassic.com



"သချောလောက်တယ်နော်"

"ဘာဖြစ်လို့လဲ"

"သူ့ဘဲက သူဌေးဟဲ့"

"ဟား ဟား ဟား ဟား ဟား"

ကျော့က ခေါင်းလေး မော့ရယ်လိုက်ရင်း ...

"သူ ပြောတာလား ... ဟုတ်လား၊ နင် ယုံလား၊ နင်က ဉာဏ်ထက်မြက်လှချည့်ဆို ငနွယ်၊ သူများပြောတိုင်း ယုံလား"

"နင်ဟာလေ ... သမုကိုဆို အထင်ကိုသေးတာ၊ သူက သချာတောင် မပြောပါဘူး၊ လျှိုနေတာ မပွင့်တပွင့်နဲ့၊ ငါဟာငါ သူ့စကားတွေထဲက အဓိပ္ပာယ်နှိုက်ကောက်ပြီး သိတာ၊ သေကိုသေချာတယ်၊ သူက ဆရာဝန်လောက်ကို များတော့ မယူချင်လို့,လို့လည်း ပြောတယ်"

"ဘာ"

ကျော့က တူတင်တဲ့ ကြွေတုံးလေးကို နောက်တစ်ကြိမ် စားပွဲပေါ် ဆောင့်ရိုက်လိုက်ပြန်သည်။

"ဟဲ့ ... အဲဒီကြွေတုံးလေးတော့ ကွဲတော့မယ် ... ဒုက္ခပဲ"

"ကွဲလည်း လျော်မှာပေါ့ဟယ် ... တကတဲမှပဲ၊ ဘာ ... ဘာပြောတယ်၊ ပြန်ပြောစမ်းပါ၊ ဆရာဝန်လောက်ကို





မယူချင်ဘူးဆိုတာ ငါ့ကို သက်သက်မဲ့ အကြောတင်တဲ့ စကားပေါ့ဟဲ့ ... တောက်၊ သူက ဘာသဘောနဲ့ ဒီစကား ကို ပြောရတာလဲ"

"မဟုတ်ပါဘူး ... ငါကစ,မေးတာပါ၊ နင် တမင်တကာ အပျိုကြီးလုပ်နေတာလား၊ ဘာလဲ ... ကိုကိုကျော့ကိုမရ ခဲ့လို့လားဆိုလို့၊ သူက ဆရာဝန်လောက်ကို မယူချင်ပါ ဘူး ပြောတာ"

"ဆရာဝန်လောက် မယူချင်ရအောင် သူက ဘာမို့လို့လဲ၊ ဆရာဝန်တောင် သူ ရခဲ့လို့လား၊ အဲဒီတော့ သူက ဘယ် လိုဟာမျိုးကိုမှ ယူမှာမို့တဲ့လဲ"

"အဲဒါကြောင့် ပြောတာပေါ့၊ ဘလိုင်းကြီးတော့ သူ အရှက်ကွဲခံပြီး ညာပြီး ကြွားပါ့မလား၊ တစ်နေ့ ငါတို့က မသိကြမှာ ကျနေတာပဲ၊ သူ တကယ် သူဌေးတစ်ယောက် နဲ့ ကြိုက်နေပုံပဲ၊ လေသံကလည်း မြင့်နေသလား မပြော နဲ့၊ ပြီးတော့ နင်တို့ကို ခုနကတည်းက ပြမလို့ ဒီဂျာနယ်"

"ဘာလဲ ... ဘာဂျာနယ်လဲ"

"သူ့ပုံပါတဲ့ ဂျာနယ်"

နွယ်ဝတီက သူ့ရဲ့အိတ်ကြီးကိုဖွင့်ကာ ခေါက်ထည့်ထားလာသော ဂျာနယ်ကို ထုတ်ယူ၍ စာမျက်နှာတစ်ခု လှန်ပြပြီ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ကေသရီရော ကျော့ယမင်းပါ ခေါင်းလေးတွေစောင်း၍ ဂျာနယ်ကို နှစ်ယောက်လုံး မြင်ရအောင် အလုအယက်ကြည့်ကြလေသည်။

"ဒီမှာတွေ့လား ... သမုပုံ၊ ဘယ်လောက်လှနေလဲ ကြည့်စမ်း၊ အရင်ကနဲ့ တူသလား၊ အရင်ကတည်းက သမုရဲ့နဂိုရုပ်ရည်က သဘာဝအတိုင်းလှပြီးသား၊ သူက မပြုမပြင် ဖရိုဖရဲနဲ့ ပစ်စလက်ခတ်နေလို့၊ အခု သူက အရမ်းပြင်တတ် နေတတ်နေပြီဆိုတော့ နဂိုရှိတော့ နဂိုင်းကပွင့်ထွက်လာတာပေါ့ဟယ်"

ကျော့က ချိုးမွှမ်းခန်းဖွင့်နေသော နှုယ့်ကို နေရင်းထိုင်ရင်း မျက်စောင်းတစ်ချက် ထိုးလိုက်ပါသည်။ ဂျာနယ်ထဲက သမုရဲ့ပုံဟာ အရင်ကထက် အများကြီး ထင်ပေါ်လှပလာတာကိုလည်း ငြင်းလို့မရပါ။

"အဲဒီထက်ထူးတာက သူ့ဘေးကလူကို ကြည့်လိုက်"

"ဘယ်သူလဲ အဲဒါ"

ကေသရီကတော့ ရေမြေရပ်ခြားက လာသူဖြစ်၍ မသိနိုင်ပါ။

"မိကေက ဘယ်သိမလဲ၊ မိကျော့ ... နင်တော့ သိမှာပေါ့၊ ကဲ ... တွေ့ပြီလား"





"ဒါ ... ဒါ ..."

"အင်း ... သဘောပေါက်ပြီလား"

"ဒါ ... '........'ကုမ္ပဏီက ဦးအုန်းလှလား"

"စာဖတ်လေ ... နာမည်ကြီးထိုးထားတဲ့ဟာကို"

"ဟင် ... သူတို့နှစ်ယောက်က ရင်းနှီးတာလား"

"ရင်းနှီးတာလား ဆိုတော့ ဘယ်လိုပြောရမလဲပေါ့နော်၊ တကတဲ ဝတ်မှုန်ရွှေရည် လေသံလေးနဲ့ပဲ ပြောလိုက်ချင်ပြီ။ လယ်ပြင် ဆင်သွား ထင်ရှားရှား ဖြစ်နေတာကို ခုထိ ရင်းနှီးတာလား လုပ်နေသေးတယ်၊ ဒီမယ် ငါပြောမယ်၊ မြေကြီးလက်နဲ့ပုတ်တာမှ လွဲရင် လွဲဦးမယ်၊ သမုနဲ့ ဦးအုန်းလှ ကြိုက်နေတယ် ... ဒါပဲ ... ငါပြောချင်တာ"

"ဘာ"

ကျော့မျက်နှာက မနာလိုခြင်းကြီးစွာ ညိုပုပ်သွားရှင်း ...

"မဖြစ်နိုင်တာ"

"မဖြစ်နိုင်ရအောင် သင်္ချိုင်းကုန်းက လူ့အရိုးကို အသက်သွင်းတာလည်း မဟုတ်ဘူး၊ ရေအောက် အိမ်ဆောက်နေတာလည်း မဟုတ်ဘူး၊ သမုက လေထဲအတောင်ခတ်ပျံနေတာလည်း မဟုတ်ဘူး၊ ဘာကမဖြစ်နိုင်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အိုး ... သမုလို့ဟာနဲ့ အုဋ္ဌလုနဲ့၊ အဲဒီ အုဋ္ဌလုက သမု လောက်ကို ကြိုက်မလားဟဲ့"

"ဘာလဲ ... နင့်လောက်ကိုမှ ကြိုက်ရမှာလား၊ နင်က ယောကျ်ားရှိပြီးနေလို့ ဒုတိယဦးစားပေးအနေနဲ့ သမုကို ကြိုက်လိုက်တာ ဖြစ်ရင်ဖြစ်မှာပေါ့"

"ငနွယ်နော် ... နင် ငါ့ကို တော်တော်ဖွဲ့နေတယ်"

ကျော့က ဒေါသတကြီး အော်ဟစ်လိုက်ပါသည်။

အင်း ... သူငယ်ချင်း အချင်းချင်း မနာလိုတရားကြီး မားတဲ့သူလို့ ပြောရင်လည်း ခံရပေတော့မှာပေါ့။ သမုသစ်ကို မနာလိုခဲ့ရတာ ခုမှမဟုတ်ဘဲ။ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်း တစ်ဒါဇင် လောက်ကတည်းကပဲလေ။

သူငယ်ချင်း လေးယောက်ထဲမှာ ကေသရီနှင့် နွယ် ဝတီက သာမန်ရုပ်ရည်လေးတွေလောက်သာ ရှိကြတာဆိုတော့ ကျော့ရဲ့အဓိကပြိုင်ဘက်က သမုပါပဲ။

"ငါနဲ့ သမုနဲ့ ဘယ်သူပိုလှလဲဟင်"ဆိုတာမျိုးကို ရှက်စရာမလိုတဲ့ လူရင်းတိုင်းကို မေးခဲ့ဖူးတယ် ထင်ပါရဲ့။ အိမ် က တစ်မိသားစုလုံးကိုလည်း လစဉ်နီးပါး မေ့လောက်ရင်တစ်ခါ မေးမိတာပါပဲ။ ကိုယ့်အမေ ကိုယ့်အဒေါ် ကိုယ့်ညီအစ်ကိုမောင် နှမတွေဆိုတော့ "နင်ပိုလှတာပေါ့"ချည်းသာ ကြားရတာပါ။





အစ်ကိုလုပ်သူကတော့ အစ်ကိုတွေထုံးစံ ညီမကိုလှတယ်မထင်ဘဲ "သမု"ပိုလှတယ် အမြဲပြောတတ်၍ မောင်နှမတွေထဲ ထိုအစ်ကို နှင့် မျက်နှာကြောမတည့်ဆုံး။

အလုပြိုင်နေရတဲ့ကြားထဲ ကိုကိုကျော် ဆိုသူပေါ် လာတဲ့အခါမှာတော့ မနာလိုခြင်း မစ္ဆရိယက ပိုမိုအားကောင်းလာ သောတယ် ထင်တာပင်။ ကျော့က ကိုယ်စာသင့်တော့ စာတော်တဲ့ ဆရာဝန်တွေဆို အလွန်သဘောကျသည်။ ကြီးလာရင် ဆရာဝန် ကိုယူမှာလို့ကို တရားဝင် ကြေညာထားတာ ပြတ်ကရော။

သမုနှင့် ရင်းနှီးခင်မင်ပြီး သူတို့နှင့်ပါ သိကျွမ်းဆုံ တွေ့ရတဲ့ ဆရာဝန် ချောချောသန့်သန့်ကလေး ကိုကိုကျော်ဆိုသူ ပေါ်ပေါက်လာတော့ ကျော့ဝမ်းထဲက မခံချိမခံသာမှုတို့ဟာ မချိ မဆန့်ပင်။ ကိုကိုကျော်က သမုကို စိတ်ဝင်စားနေတယ်လို့ ယူဆ တဲ့အထဲ ကျော့လည်း ပါခဲ့တာပင်။

ဘာလို့ သမုကို စိတ်ဝင်စားရမှာလဲ၊ ကိုယ်နဲ့မရင်းနှီး သေးလို့ပါ၊ ကိုယ်နဲ့ ရင်းနှီးသွားရင် ကိုယ့်ဘက်ယိမ်းငိုက်ပါလာ ရမှာပေါ့ဆိုတဲ့ အတွေးကိုလည်း တစ်ကိုယ်တည်း ကျိတ်တွေး မောင်းတင်ထားခဲ့တာပါ။ အပြိုင်အဆိုင် စိတ်ကနေ တဖြည်းဖြည်း ကိုကိုကျော့်ကို ကျော့ယမင်းက တကယ်လည်း စွဲလမ်းချစ်ခင်လာ တာ။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှ မသိစေရဘဲ ကိုယ့်ဘာသာကိုယ် နောက်ကွယ်မှာ ဖုန်းအဆက်အသွယ်နှင့် ကိုကိုကျော့်ကို ချဉ်းကပ်ရင်းနှီးမှု ရယူခဲ့ပါသည်။ သမုနဲ့ကြိုက်နေကြတာမှ မဟုတ်သေးတာ။ သမု ရည်းစား မဟုတ်သေးတဲ့အတွက် ကိုယ့်ရည်းစားဟုတ်သွားရင်လည်း ကိုယ့်မှာ အပြစ်မရှိပါဘူး မဟုတ်လား။

ကိုကိုကျော်က သမုကို ဂရုစိုက်တာမျိုးလေးတွေကို တဖြည်းဖြည်း ကွယ်ပျောက်သွားအောင် ကိုယ့်ကိုပြောင်းလဲ အရေးစိုက် စိတ်ဝင်စားလာအောင် ပညာသားပါပါ ဆွဲဆောင်ရတဲ့အလုပ်က လွယ်ကူသည်များ မှတ်လို့လား။ သမုက ကိုကိုကျော့်ကို ဟိုဘက်အမျိုး ဒီဘက်အမျိုး ဆိုတဲ့ တော်စပ်ရင်းနှီးမှုနဲ့ ဗိုလ်ကျချင်တာ ချွဲနွဲ့ချင်တာ အခွင့်အရေး လိုချင်တာလေးတွေကို သည်းခံလိုက်လျော သဘောကျနေတဲ့ ကိုကိုကျော် သမုကို ရှောင်ဖယ်ဖယ်လေး ဖြစ်လာအောင် သိလည်းမသိသာ မရိပ်မိအောင် တစ်ဖက်လှည့် လုပ်ခဲ့ရသည်မှာ စာမေးတော်တဲ့ ကျော့ယမင်း ဆယ်တန်းအောင်ဖို့ ကြိုးစားခဲ့ရတာထက်တောင် ခက်သေး။

"ဟော ... သမု လာပြီဟေ့"

ကေသရီက သူနှင့်မျက်နှာချင်းဆိုင် ရှိနေသောဆိုင်ခန်းပေါက်ဝမှ သမု ဝင်လာတာ အရင်ဆုံး မြင်လိုက်ပါသည်။ ကျော့ကတော့ လှည့်မကြည့်ဘဲ ကိုယ့်အင်္ကျီစ ကိုယ်ဆွဲချ ခါးဆန့်ကိုယ်မတ် ကိုယ့်အနေအထားကိုယ် ပြုပြင်လိုက်ပါသည်။





"ဟယ် ... သမု ... လှလိုက်တာ၊ နင် အရမ်းလှလာပါလားဟယ်"

နွယ်က လှည့်ကြည့်ကာ ကျော့ကို အမြင်ကတ်ကတ်နှင့် ပိုပိုသာသာလေး ကျူးရင့်လိုက်ပါသည်။ တကယ်လည်း သူ့မျက်စိထဲ သမုက အရင်ထက် အများကြီး လှပကြော့ရှင်းလာပါသည်။

သမုက လွတ်နေတဲ့ ကေသရီ့နံဘေး ပြုံးပြုံးရွှင်ရွှင် ဝင်ထိုင်လိုက်ရင်း ...

"ဆောရီးဟယ်နော် ... ဆောရီးပါ ... ငါ လမ်းမှာကားပိတ်နေလို့ပါဟယ်"

"နင် မောင်းလာတာလား"

"နင်တို့လို မောင်းပို့မယ့်သူတွေမှ မရှိတာဟယ်၊ ကိုယ့်ဟာကိုယ် မောင်းရတာပေါ့"

သမုက နံဘေးက ကေသရီ့ကို အရင်ဆုံးဖက်လိုက်ရင်း ...

"မိကေရယ် ... နင်နဲ့တွေ့ရတာ ဝမ်းသာလိုက်တာ၊ နင့်ဆံပင်တွေ ဖြတ်ပစ်လိုက်တယ် ... ဟုတ်လား"

"အေး ... ဟိုမှာ ဆံပင်ရှည်ကြီးတွေက မရှိသလောက်ပဲဟ"

"ငနွယ် ... မိကျော့ ... အဟီးဟီး ... နင်တို့နဲ့ပြန်တွေ့ရတာ ရင်တုန်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာရင်တုန်တာလဲ၊ ရင်ခုန်တယ် လုပ်စမ်းပါ"

"ရင်တုန်တာဟဲ့ ... ငါ့ကို ဘာတွေများ ဝိုင်းဖွဲ့ကြမလဲလို့လေ ... ဟီ ဟီ"

"အမယ် ... ငါက မဖွဲ့ပါဘူးနော်၊ ဖွဲ့ဖို့နေနေသာသာ နင့်အရမ်းလှလာတာကို ကြည့်လို့တောင် မဝဘူး၊ မင်းသမီးကျနေတာပဲ၊ နင်က ဆယ်လဘာရယ်တီးစ်တွေနဲ့ ဆက်ဆံနေရလို့ ထင်တယ်၊ နင်ကိုယ်တိုင်ပါ ဆယ်လဘာရယ်တီးစ်ပုံ ထွက်နေတယ်"

ကျော့က ပန်းဆီရောင်ပေါ် အဝါပွင့် ပန်းထိုးကျဲကျဲလေး ဗမာဝတ်စုံဝမ်းဆက်နှင့် တကယ်ပဲ တောက်ပလင်းလက်ဝင်းစက်နေသော သမုကို စိတ်ထဲကျိတ်ကာ အံ့ဩစွာကြည့်ရင်း ...

"အဲဒီ မိနွယ်က အနှောင့်အသွားကို မလွတ်ဘူး၊ နင်ကတော့ မဖွဲ့ဘူးဆိုတော့ ငါကကျတော့ ဖွဲ့မယ်ဆိုတဲ့သဘောကျနေတာပဲ"

"နင် ခုနလည်း ဖွဲ့နေတာပဲ မဟုတ်လား"

ကျော့သည် နွယ့်ကို အလွန်တရာ အမြင်ကတ်လာကာ တံတောင်ဆစ်နှင့် နာအောင်ကို တွက်ပစ်လိုက်ပါသည်။

"အွန့် ... ကြည့်စမ်း၊ အရမ်းလုပ်တာပဲ၊ ကိုကိုကျော်တော့ လူရုပ်တောင် ပီပါတော့မလား မသိဘူး၊ နင် ဒီလောက်ရက်စက်ပုံနဲ့"





"ဟား ဟား ... နင်တို့နှစ်ယောက်က ခုထိ အရင်လိုပဲ အရမ်းရယ်ရတယ်၊ နင်တို့မစားသေးဘဲ ငါ့ကိုစောင့်နေကြတာလား၊ လာလေ ... အရင်စားကြရအောင်၊ နင်တို့လည်း ဆာရောပေါ့၊ ငါ ကျွေးမယ်နော် ... ငါရှင်းမယ်"

ချက်ထရီယမ်ထဲက ဂျပန်ဆိုင်ကလေးမှာ ဘူဖေးစားကြမှာဖြစ်ပြီး အားလုံးလည်း ဗိုက်ဆာနေကြပြီမို့ အစားအစာတွေ ထယူဖို့ ထိုင်ရာက ထလိုက်ကြပါသည်။ နွယ်က ပြုံးစိစိနှင့် ...

"အင်းပေါ့လေ ... သူဌေးကတော်လောင်း ဆိုတော့လည်း ကျွေးချင် ကျွေးပါစေ"

"ဟဲ့ ... ဘာလဲ နွယ်ရဲ့"

"အမယ် ... ဖုံးလိုက် ဖော်လိုက် လုပ်မနေနဲ့"

"ဟင် ... ဘာမှန်းလဲ မသိဘူး၊ အဲဒီ~~နွယ်က~~ ..."

ဒီဆိုင်လေးမှာ လေးယောက်စားလျှင် ဒေါ်လာရာကျော်ကျမှာမို့ သမုအတွက် အတော်တော့ အီလုမှာဖြစ်ပေမယ့် ရှင်းရှင်းဝန်ခံရလျှင် ငယ်သူငယ်ချင်းတွေ ပြန်အဆုံမှာ သူ့ကိုနှိမ်ဖို့ အကွက်ချောင်းနေမှာသေချာတဲ့ ကျော့ကို ချေချင်တာနှင့်ပဲ အပြုံးမပျက် ပုံစံလေးနှင့် စိတ်ထဲတော့ ကျိတ်အီစလံဝေနေတဲ့အဖြစ်။

"အမယ် ... သမု မကျွေးရပါဘူးနော်၊ ငါ ချိန်းတာ၊ ငါ ကျွေးမှာပေါ့၊ ယူနီး ... ငါ နင်တို့နဲ့ ပြန်တွေ့ရတာ အရမ်းပျော်နေတာ သိလား"



www.burmeseclassic.com

www.burmeseclassic.com



သူတို့ စားစရာတွေ ထ,ယူကာ စားပွဲမှာ ပြန်ထိုင်မိကြတယ်ဆိုလျှင်ပင် ...

"သမု ... နင် ငါပြောထားတာ မေ့သွားပြီလား"

"နင် ဘာပြောလို့လဲ ငနွယ်ရဲ့"

"ဒီပွဲကို နင့်ဘဲခေါ်လာပါလို့ ပြောထားတာ၊ ဘာမသိချင်ဟန်ဆောင်နေတာလဲ"

ကျော့က နှာခေါင်းလေး ရှုံ့လိုက်သော သမုကို မျက်လုံးကျွတ်ကျမတတ် အကဲခတ်နေပါသည်။

"ဘာလို့ ခေါ်မလာတာလဲ"

"ဘာလို့ခေါ်ရမှာလဲ ... မခေါ်ချင်ပါဘူး၊ သူငယ်ချင်းတွေချည်းပဲ တွေ့ချင်တာပေါ့၊ လူပိုပါတော့ ရှုပ်ရှုပ်ယှက်ယှက်"

"ဟဲ့ ... သမု၊ နင် တကယ်ပဲ ဘဲရနေတာ အဟုတ်လား"

သမုက ကျော့မျက်နှာကြီးကြည့်ကာ တကယ်ရယ်ချင်လာပြီး တဟက်ဟက် ရယ်ချလိုက်မိပါသည်။

"နင် တွေးချင်သလို တွေးဟာ"

"အမယ် ... လုံးထွေးမချပါနဲ့၊ နင် ဘဲရနေတာ အဟုတ်လား ... ပြော"

သမုက လက်ထဲကတူလေးကို ပန်းကန်ထဲချကာ ကျော့ကို စိတ်ပျက်သလို ကြည့်လိုက်ပါသည်။





"နင် ဘာလို့ ငါ့ကို အဆန်းတကြယ် လုပ်နေသလဲကို နားမလည်နိုင်ဘူး"

"ငါမေးတာ ရက်စ်အော်နီးပဲ ဖြေစမ်းပါ"

"ပြဿနာပဲ ... ဖွတ်ပဲ"

"နင်လား ... ဘဲကောင်းကောင်းရရင် ငါတို့ မသိ,သိအောင် အကြောင်းရှာပြီး မြင်အောင်ပြမှာ ငါမသိဘူးများ မှတ်နေလား အပျိုကြီးရယ် ... ဟင်း ဟင်း"

သမုက ကျော့ကို အမြင်ကတ်သွားရပါသည်။ ရန်စဖို့ စိတ်မကူးဘဲ မျက်နှာလေးကို မခို့တယို့ ပြုံးလျက်နှင့်ပင် ...

"ဒါတော့ဟယ် ... နင်တို့ကို ပြချင်တိုင်း ပြလို့ရတဲ့ အခြေအနေ ရှိဦးမှကိုး၊ သာမန်လူတစ်ယောက် ဆိုရင်တော့ဟယ် ကိုကိုရယ် ... သူငယ်ချင်းတွေနဲ့ လိုက်တွေ့စမ်းပါ ဆိုရင် လိုက်တွေ့ရင် တွေ့မှာပေါ့၊ နင်တွေးတတ်ဖို့ကောင်းပါတယ် ကျော့ရယ် ... ဟင်း ဟင်း၊ အဲသလောက်ကို လိုက်တွေ့ဖို့ မသင့်တော်တဲ့ အနေအထားမျိုး ဆိုတာလည်း ရှိသေးတယ်လေ"

"ဘာ ... နင့်စကားက ငါတို့ကို ချွန်းတာပဲ၊ လိုက်မတွေ့သင့်လောက်အောင် သူက ဘာဖြစ်နေလို့လဲ၊ ဘာမို့လို့လဲ၊ နင့်ရည်းစား နင်မပိုင်ရင် မပိုင်ဘူးပြော ... ဟွန်း"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... မပိုင်ဘူး၊ ငါ သူ့ကိုကြောက်ရတယ်၊ သူ့စကားပဲ နားထောင်ရတယ်၊ သူကျေနပ်အောင်ပါ အရိပ်တကြည့်ကြည့် အလိုက်အထိုက် နေတာ၊ အဲဒီတော့ ဘာဖြစ်လဲ၊ ငါ အဲလိုနေသင့် နေထိုက် ဆက်ဆံသင့် ဆက်ဆံထိုက်တဲ့ သူမို့ အဲလိုဆက်ဆံတယ်ဟာ ... ဘာဖြစ်တုန်း ... ဟင်း ဟင်း ဟင်း"

အောက်ကျို့ခံ ဆက်ဆံရ ကြောက်ရတယ်လည်း ပြောသေး၊ တဟင်းဟင်းလည်း ကျေနပ်သဘောကျနေသေးသော သမုကိုကြည့်ကာ နွယ်က လက်ဖျောက်တစ်ချက်တီးလိုက်ရင်းက ...

"တွေ့တယ် မဟုတ်လား ကျော့၊ ငါ မပြောဘူးလား၊ ငါ ထင်ရင် လွဲခဲတယ်နော် ... ဟဲ ဟဲ"

"နင် အပိုတွေ လျှောက်အာမနေစမ်းပါနဲ့ သမုရာ၊ ကဲ ... ဒါဆိုရင် ဘယ်သူလဲ ပြောစမ်း"

"နင်တို့တွေက သိပ်အလောတကြီး အဆောတလျင် သိချင်ကြတာပဲ၊ နောက်တော့လည်း သိရမှာပဲဟာကိုဟယ်၊ မကြာခင် ပြန်ရမယ့် ကေသရီက နောက်ကိုဆုံရသိရဖို့ အခွင့်အရေးမရှိလို့ သူက သိချင်တွေ့ချင်တာဆို ငါနားလည်ပါတယ်၊ သဘာဝလည်းကျတယ်၊ နင်တို့နှစ်ယောက်က ဘာဖြစ်နေတာလဲ"





"သမု ... ငါကတော့ စိတ်ကိုဝင်စားနေတာ၊ အဟီး ... ငါထင်တဲ့လူများသာ ဖြစ်ရင်တော့ ငါက လက်ဆွဲနှုတ်ဆက်လိုက်ဦးမယ်"

ကျော့က ထော့ပြုံးကလေးနှင့် အစားကို လှလှပပ လေးစားနေရင်း ...

"အဟင်း ဟင်း ... နင် ပြစရာမရှိရင်လည်း မပြပါနဲ့လေ သမုရယ်၊ ပြစရာရှိမှပြပေါ့၊ တကယ်ရှိတာ ဆိုရင်တောင် နင်ခေါ်တဲ့ဆီ မလိုက်၊ နင့်အသိုင်းအဝိုင်းကို ဂရုမစိုက်၊ နင် ကြောက်နေ အလိုက်အထိုက် နေနေရလောက်အောင် မပိုင်တဲ့ နင့်ရည်းစားမျိုး နင်ရထားတာ ငါကတော့ နင့်ကို သနားတယ်"

ကျော့က ထုံးစံအတိုင်း သမုကို အထက်စီးက လျှော့မပေး။ သမုက မျက်စောင်းမထိုးမိအောင် မနည်းထိန်းထားရသည်။ ဒေါသထွက်တဲ့သူ ရှုံးမှာလေ။ ပြုံးပြုံးလေးနှင့်လည်း တဟင်းဟင်း လုပ်လိုက်ရပါသေးသည်။

"နင့်ကို နားလည်ပါတယ်ဟာ၊ နင်က ဒါလောက်ပဲတွေးတတ်တာကိုး၊ နင့်ယောကျ်ား ကိုကိုကျော်က သာမြင့် ညောင်ည ရိုးရိုးဆရာဝန်လေးကိုး၊ ဆရာဝန်လောက်ယူထားပြီး နင် ဒီလောက်ပဲ တွေးမိနိုင်တာကိုလည်း ငါက ပျင်းသနားတယ် ... အဟင်း ဟင်း ဟင်း"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



ကဲ ... ပွဲပြီးပြီ။ ကျော့ မခံမရပ်နိုင် ဒေါသထွက်သွားပြီ။ ကျော့ကိုကြည့်ကာ နွယ်ကလည်း တလိမ့်လိမ့် ရယ်ပါသည်။

"နင်က ဘာစကား ပြောတာလဲ၊ သူငယ်ချင်းချင်း ကျောရပြီးရောလား ... ဟုတ်လား၊ အဲဒီ သာမြင့်ညောင်ည ရိုးရိုးဆရာဝန်လေးကို ငါရလိုက်ပြီး နင်မရလိုက်လို့ နင်အသည်းတွေကွဲပြီး အဝေးကိုတောင် လွင့်သွားခဲ့တယ် မဟုတ်ဘူးလား၊ ငါက နင်တစ်ဖက်သတ် ကြိုက်နေမှန်း မသိလို့ပါ သမုရာ ... အဟင်းဟင်း"

"ထားလိုက်ပါဟာ ... ဒါတွေ ဖြေရှင်းနေရမှာ ငါပျင်းပါတယ်၊ ဖြေရှင်းပြနေဖို့လည်း မလိုပါဘူး၊ တစ်နေ့တော့ သိရမှာပေါ့"

"ဘာကို တစ်နေ့ သိရမှာလဲ"

"သိရမှာတွေတော့ အများကြီးပေါ့ဟယ်၊ ပေါ်လာမှာပေါ့၊ ဥပမာ ဘယ်သူက တစ်ဖက်သတ် ကြိုက်တာလဲ ဆိုတာမျိုးပေါ့"

"ဘာ"

ကေသရီက စိတ်ပျက်မနေအားတော့ဘဲ ခေါင်းလေးယမ်းကာ ယမ်းကာ စကားဝိုင်းကို သဘောတကျ ရယ်ပါတော့သည်။ သမုလည်း ရောနှောဝင်ရယ်လိုက်၍ ကျော့ကလွဲလျှင်





အားလုံး တဟားဟား တသောသော ဖြစ်နေရာ ကျော့မျက်နှာလေးက နီမြန်းလာပါသည်။ သို့သော် ချက်ချင်းပဲ သူ့ထုံးစံအတိုင်း ဘာမှ မမှုလောက်တဲ့ အမူအရာမျိုးဖမ်းကာ ...

"ဒီနေ့အဖို့တော့ သမုက ငါတို့နဲ့တွေ့ရင် ဘာတွေ ဘယ်လို ခံစစ်ထားရမယ် ဆိုတာ သွေးရှူးသွေးတမ်းနဲ့ ကြိုတင်ပြင်ဆင်လာပုံပေါ်တယ်၊ တော်ပါပြီ ... ငါ့သူငယ်ချင်းလေးကို ငါသနားပါတယ်၊ ဦးနှောက်ခြောက်အောင် မလုပ်တော့ပါဘူးဟယ် ... နော်"

"မိကျော့ ... နင့်ဟာနင် လုပ်လုပ် မလုပ်လုပ်၊ ငါကတော့ သမုကို သိချင်တာမေးရဦးမယ်၊ ငါက သဘောရိုးနဲ့မေးမှာ သိချင်လွန်းလို့၊ ဟဲ့ ... သမု၊ ငါ တကယ်အတည်မေးတာနော်၊ နင့်ဘဲက ဦးအုန်းလှလား"

"ဟင်"

သမုက တကယ်ပင် အလန့်တကြား အံ့အားတသင့်ဖြစ်သွားကာ မျက်ခုံးလေးမြင့်မြင့် ပါးစပ်လေး အဟောင်းသားနှင့် တစ်ခဏ ကြောင်တက် ကြက်သေ,သေသွားရပါသည်။ ဘယ်ကနေ ဘယ်လိုများ ဒီနာမည်တစ်လုံးက နွယ်ဝတ်ီပါးစပ်ထဲ ရောက်သွားရပါလိမ့်။ အပျိုကြီးမဖြစ်ချင်ဘဲ ဖြစ်နေရပါတယ်လို့ နှုံးနိမ့်အညံ့မခံချင်တာနှင့်ပဲ ထင်ရာမြင်ရာ ဟန်ဆောင်မာန်ဆောင် လျှောက်ပြောနေတာကို။



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓေါရေ ... ဦးအုန်လုလားတဲ့။ ဘုရား ... ဘုရား။

"ဟား ဟား ဟား ... ထိမှန်သွားတာ ဒက်ခနဲပဲ တွေ့တယ်မဟုတ်လား၊ သမုတို့ လှုပ်တောင်မလှုပ်နိုင်တော့ဘူး"

"နေ ... နေပါဦး ... ငနွယ်ရယ်၊ နင် ... နင် ... ဘယ်လိုလုပ်ပြီး ... သူ ... သူ"

"ဟိ ဟိ ဟိ ... ငါမှန်းလိုက်ရင် လွဲခဲတယ်လေ၊ နင့်သူငယ်ချင်း ဘရိန်းကို နင် သိတယ်နော် သမု၊ ဟိုးငယ်ငယ်လေးကတည်းက အတန်းတိုင်း အဆင့်တစ်ရလာခဲ့တဲ့ ဘရိန်းပါလေ ... ဟဲ ဟဲ"

"အေးပါဟယ် ... နင့်ဘရိန်းကို ဂါရဝပြုပါတယ်၊ ဒါပေမဲ့ နင် ဘယ်လိုများလုပ်ပြီးတော့ သူ့နာမည် ..."

"နင့်စကား အသွားအလာတွေရယ် ပြီးတော့ မနေ့က ဂျာနယ်တွေမှာ ပါလာတဲ့ နင်တို့တွဲရက်သားပုံကြီးရယ် ... ဟင်း ဟင်း ဟင်း"

"ဩော် ... အဲဒီပုံ နင်တို့လည်း မြင်ကြတာကိုး"

"မမြင်စရာလား၊ မြန်မာတစ်နိုင်ငံလုံး မြင်မှာပဲ၊ နင်ဖုံးဖိနေလည်းအပိုပဲ၊ ငါတို့က အရင်းအချာတွေဖြစ်ပြီး နောက်ဆုံးမှ မသိရချင်ဘူး၊ နင် မြန်မြန်မိတ်ဆက်ပေးမလား မပေးဘူးလား"





"နေစမ်းပါဦး ငနွယ်ရယ်၊ ဒီစုံတွဲပုံပါတာနဲ့ သူတို့နှစ်ယောက် ချည်းစားဖြစ်ရောလား၊ ပွဲတစ်ပွဲမှာ တွဲထိုင်မိရက်သား ဓာတ်ပုံတွေ ဒီလိုပဲ မတော်တဆ ပါတတ်တာပဲ၊ သူက ဟုတ်တယ် ပြောရဲလို့လား၊ ခုထိ တစ်ခွန်းမှဝန်မခံနိုင်ဘဲ နင့်ဟာနင် စွတ်ထင်နေတာပဲ၊ ဦးအုန်လုနဲ့သာ ကြိုက်နေလို့ကတော့ သူလား ငါတို့ကို မကြွားဘဲနေမှာ၊ ဇွတ်အတင်းတွေ ဆွဲခေါ်မိတ်ဆက်မှာပေါ့ ...

သမုတစ်ယောက် သူ့ထုံးစံအတိုင်း ဦးအုန်လုကို သူကများ တစ်ဖက်သတ် လိုက်ကြိုက်နေတာများလားဟယ် ... ခစ် ခစ် ခစ်"

သမုသည် ကျောကို ထောင်းခနဲ ဒေါသထွက်သွားရပါသည်။ နှုတ်ခမ်းလေးနှစ်လွှာကို ပွတ်ကာ ပွတ်ကာ ဘာပြန်ပြောလိုက်ရမလဲ အားယူနေစဉ် ...

"ဟယ် ... ကြားသားမိုးကြိုး ... ဘုရားရေ"

"ဘာလဲ ... ငနွယ် ... ဘာလဲ"

"ဟို ... ဟို ... ဟို ... ဟိုမှာ ... ဦးအုန်လု"

"ဟင်"

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com

## ၇

သမုသည် ကမ္ဘာကြီးပဲ မှောင်အတိကျသွားသလား၊ မြေကိုခွဲပြီးပဲ လျှိုဝင်လိုက်ရမလား ရုတ်တရက် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ထိတ်လန့်တုန်လှုပ်သွားပါသည်။ ဦးအုန်လှမှ ဦးအုန်လှ အစစ်က ဂျပန်လူမျိုးနှစ်ဦးနှင့်အတူ ဆိုင်ထဲဝင်လာနေရာမှ သမုတို့ တစ်အုပ်စုလုံး ပြုံးတူးပြဲတဲ ဝိုင်းကြည့်တာကို သတိပြုမိကာ သမုကိုပါ မြင်သွားပေပြီ။

သမုက စက္ကန့်ပိုင်းအတွင်းမှာပင် ပြန်လည်သတိထားလိုက်နိုင်သည်။ ဘာဖြစ်စရာလိုသလဲ။ ခုလိုဖြစ်ဖို့ မလိုပါဘူး။ ခုချိန်ထိ သမု နှုတ်ဖျားက ဦးအုန်လှနှင့် သမုချစ်သူတွေပါလို့ တစ်လုံးလေး တစ်စိလေးမှ မထွက်ခဲ့ရသေးတာ။ နောက်ဆုံး တစ်ခုခု ရင်ဆိုင်ဖြစ်လာ ကြုံလာတော့လည်း ...





"နင်တို့ကို ငါက ဘာပြောလို့လဲ၊ သူနဲ့ရည်းစားပါလို့ ငါ ပြောမိလို့လား" ဆိုပြီး ရှုးသလို ပေါသလို လျှောချပစ်လိုက်တော့မှာပေါ့။

"သမု"

"........."

"ဟဲ့ ... သမု"

"ဘာတုံး ... နင် အေးဆေးနေလို့ မရဘူးလား ငနွယ်"

သမုက နွယ်ဝတို့ကို သွားစေ့သံဖြင့် တီးတိုးကြိမ်းမောင်းသည်။ ကေသရီကတော့ ဘာမှန်းညာမှန်းမသိ ဟိုကြည့်ဒီကြည့် အံ့အားလေးတသင့်။ ကျော့ယမင်းကတော့ လက်ကိုစုံဒိုက်ကာ အမူအရာ ပျက်နေတဲ့ သမုကို စိမ်ပြေနပြေ ကြည့်နေပါသည်။

"ဟို ... ဟိုနားမှာ ထိုင်နေပြီ"

"ထိုင်တော့ ဘာဖြစ်လဲ"

"နင့်ကိုမြင်တယ် မဟုတ်လား"

"မြင်တော့ ဘာဖြစ်လဲ"

"မြင်ပြီး လာလည်း မနှုတ်ဆက်ပါလား"

"နှုတ်ဆက်စရာလား"

"ဘာလဲ ... သူ့မှာ နိုင်ငံခြားဧည့်သည်တွေ ပါလို့ပေါ့ ... ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ကဲ ... ဣန္ဒြေရရ နေစမ်းပါဟယ် ... ငနွယ်ရယ်"

"နင် ဒီမှာ ငါတို့နဲ့ ချိန်းထားတာ သူ သိလား"

"………"

"သိလို့နေမှာပေါ့၊ ဒါကြောင့် သူ့ညှော်သည်တွေကိုလည်း ဒီကိုပဲ ခေါ်လာတာ ဖြစ်လိမ့်မယ်"

နွယ်က သူ့ဟာသူမေး သူ့ဟာသူဖြေကာ တစ်ယောက်တည်း ရှုပ်နေသည်။ နွယ့်ထက် လည့်တဲ့ ပါးတဲ့ ကျော့ကဘာတစ်ခွန်းမှ မပြောဘဲ သမ မျက်နှာပျက်ပျက်ကိုသာ တစိမ့်စိမ့် အကဲခတ် ကြည့်နေပါသည်၊ ဘယ်အချက် ကွဲခနဲမှားမလဲ စောင့်ချောင်းနေပုံပင်။

သမ တကယ် ရင်ထိတ်လာသည်။ တကယ်တမ်းတော့ သမ တိတိကျကျကြီးတော့ လိမ်မပြောမိ။ ပြောမိသည်မှာ ရည်းစားရနေပြီဆိုတာ တစ်ချက်သာ။ တကယ်လို့ "အုန့်လှပါ" လို့ပါ အတိအကျ လိမ်ခဲ့မိတယ်ပဲ ထားပါဦး။ အလိမ်ပေါ်တော့လည်း သူငယ်ချင်းတွေအကြား အရှက်ကွဲရုံလောက်ပင်။ ဘာမှ အကြီးအကျယ် ဒုက္ခရောက်မည့် ကိစ္စမျိုးလည်း မဟုတ်။

ဒါနှင့်တောင် ဘာလို့ ရင်တွေက ဒိတ်ဒိတ် ဒိတ်ဒိတ် တအားမြည်ကာ ခုန်နေ တုန်နေပါလိမ့်။ ဘာတွေက လူကိုခြောက်ပင်ပန်းစေပါလိမ့်။ အမှန်တော့ သမဟာ လိမ်ညာလှည့်ဖြား





ခြင်းနှင့် အကျွမ်းတဝင် ဖြစ်လှသူ မဟုတ်ပါ။ ဘဝမှာ များများစားစား ကြီးကြီးမားမားလည်း မလိမ်ညာဘူးခဲ့ပါ။ အခုတစ်ကြိမ်သာ တမင်တကာ ကြိုတင်ကြံစည် လိမ်ညာမိတာ။ ဒါဟာလည်း နှိမ်ချလွန်းတဲ့ ကိုကိုကျော့်ဇနီး ဖြစ်သွားသူ ကျော့ကို မခံချင်လွန်းလို့သာပါ။

ခုတော့ ... ရှက်စရာကြီး။ ရှက်စရာကြီး။

တစ်ခုခု မမျှော်လင့်ဘဲ အရှက်တကွဲ မဖြစ်မီ ကြိုတင် ဝန်ခံလိုက်မှဖြစ်မည်ထင်သည်။ နို့မို့ရင် ကျော့တို့ နွယ်တို့က ယုံရတာမဟုတ်။ ကျော့ကတော့ သိကို့သိချင်လို့ အလိမ်ဖော်ချင်လို့ကို တစ်ခုခု လှုပ်ရှားချင် လှုပ်ရှားမှာ။ နွယ်ကတော့ နဂိုကတည်းက ဇရုတ်ကျကျနှင့် ဝရုန်းသုန်းကား ထ,နောက်ချင် နောက်မှာ။

သူငယ်ချင်းသုံးယောက်ရှေ့ အရှက်ကွဲရတာ ငုံ့ခံနိုင်တယ်ပဲ ထားပါ။ ဦးအုန့်လှထံမှာတော့ အရှက်မကွဲလိုပါ။ သေရချည်ရဲ့။ အတွေးနှင့် သမက တံတွေးတစ်ချက်မျိုချ အားယူပြီး နှုတ်ခမ်းလေးကို ဝန်ခံဖို့ ဖွင့်ဟလိုက်စဉ် ...

"အစ်မ"

"အင် ... ဟင် ... ရှင် ..."

"အစ်မ ... သူငယ်ချင်းတွေနဲ့ လာတာလား"



www.burmeseclassic.com

www.burmeseclassic.com



ကြည်ကြည်စင်စင်လေး ပြုံးကာ နှုတ်ဆက်လိုက်သူ မှာ အုန်းလှရဲ့တပည့်ကျော် မိုးကျော်ဆိုတဲ့သူ။ နွယ် ... ကျော့နှင်း ကေတို့က မိုးကျော်ကို ဝိုင်းပြီး စူးစိုက်ကြည့်နေကြပါသည်။

"အယ် ... အင်း ... ဟိုဒင်း ... ဟုတ်တယ်၊ လာစားကြ တာ"

"ကိုအုန်းက ဟိုမှာ၊ ဂျပန်ညှော့သည်တွေကို လိုက်ကျွေးတာ လေ"

"ဩော် ... အဟင်း ဟင်း ... အင်း ... အင်း"

"ဩော် ... ကိုအုန်းကတောင် ကျွန်တော့်ကို အစ်မဆီ ဖုန်း ဆက်ခိုင်းထားတယ်"

"ဟင်"

"အစ်မနဲ့ ချိန်းဖို့လေ"

"ရှင်"

"ဟိုနေ့က ပြောလိုက်တာလေ၊ တစ်ရက် ပြန်ချိန်းကြမယ် လို့လေ"

"ဩော် ... ဟုတ် ... ဟုတ်ကဲ့"

"အဲဒါ ... အစ်မ ရှေ့အပတ်ထဲ အားလား"

"ဟင် ... ရှေ့ ... ရှေ့ ... အပတ်"

"အစ်မ ဘယ်ရက်အားမလဲ"

"ဩော် ... အဲ ... အဲဒါ ... ဟို ..."





"ရက်တရက်ပြောဖို့ အဆင်မပြေဘူး ထင်တယ်၊ ကိစ္စမရှိ ပါဘူး အစ်မ၊ ကျွန်တော် နက်ဖြန်မှ အစ်မဆီ ဖုန်းခေါ် လိုက်မယ်၊ ကိုအုန်းက ချိန်းပေးခိုင်းနေလို့ပါ၊ နော် ... အစ်မ၊ နက်ဖြန် ပြောမယ်နော်"

"ဩော် ... ဟုတ် ... အင်း ... အင်း"

လက်ထဲမှာ သူ့ပန်းကန်ကိုင်လျက် ဘူဖေးကောင် တာတွေကို တစ်ပတ် ပတ်လျှောက်ရာက သမုကိုတွေ့ပြီးစကား သာပြောပုံရသည့် မိုးကျော်က မလှမ်းမကမ်းက စားပွဲတစ်ခုမှာ သူ တစ်ယောက်တည်း သွားဝင်ထိုင်လိုက်ပါသည်။

မိုးကျော် ပြောသမျှကို ပါးစပ်အဟောင်းသား မျက် လုံးအပြူးသားနှင့် နားထောင်နေကြတဲ့ သူငယ်ချင်းတွေသည် မိုးကျော် ထွက်သွားမှ အသက်ဝင် လှုပ်ရှားလာကာ အရင်ဆုံး နွယ်က မိကျော့ကို တံတောင်ဆစ်နှင့် ခပ်ဆောင့်ဆောင့်တွက် ခ်လိုက်သည်။

"အား ... နင် ... နင် ဘယ်လိုလုပ်တာလဲဟဲ့ ... ငနွယ် ရဲ့"

"အမယ် ... စောစောက သူတွက်တုန်းကတော့ အကောင်း၊ ငါတွက်မှ ပြဿနာရှာတယ်"

"နင်က ဘာကိစ္စနဲ့ အသားလွတ် လာတွက်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နင်လေ ... နင်၊ မယုံသင်္ကာလိုလို ဘာလိုလိုနဲ့၊ အခုတွေ့ပြီမဟုတ်လား၊ ဟဲ့ ... သမု၊ အဲဒါဘယ်သူလဲ၊ ဦးအုန်းလှ တပည့်လား"

"အဲ ... အင်း ... သူ့ကိုယ်ရေးအရာရှိပါ"

ကျော့သည် မျက်ခုံးနှစ်ခု ထိဆက်မတတ်ကုပ်ကာ စိတ်ဝင်တစားလည်းဖြစ် မကျေမချမ်းလည်း ဖြစ်နေသည်။

"သူက ဘာလို့ တခြားမှာ ထိုင်တာလဲ"

"ဟယ် ... မိကျော့၊ မေးစရာလား ... ဟိုမှာ နင့်ဘိုးအေ ဂျပန်တွေ ပါတယ်လေ၊ ဧည့်သည်တွေနဲ့မို့ သူက တခြားစားရုံထိုင်ရတာပေါ့ဟဲ့၊ နင်တော့ တကယ်မလွယ်ဘူး ... တကယ်ပဲ၊ သမုရေ ... ခွင့်လွှတ်လိုက်ပါ၊ ဟတ်ထိနေတယ် မိကျော့"

"[illegible]"

"ဟုတ်တယ်လေ"

"နေပါဦး ... ဦးအုန်းလှက နင့်ကိုချိန်းရင် သူ့တပည့်ကတစ်ဆင့်ပဲ ချိန်းတယ်ဆိုတဲ့ သဘောလား"

သမုက စိတ်ရှုပ်ထွေးထွေးနှင့် ခေါင်းသာညိတ်ပြလိုက်ပါသည်။

"ဒါ နင့်ကို သက်သက်ကြောတာပဲ၊ သူက နင်နဲ့ကိုယ်တိုင် မှန်းမပြောဘူးလား"





"ပြောတဲ့အခါလည်း ပြောမှာပေါ့ဟဲ့၊ တစ်ခါတလေလည်း သူ မအားရင် သူ့တပည့်ကတစ်ဆင့် ပြောခိုင်းတာရှိမှာပေါ့၊ နင် တယ်အပြစ်ရှာပါလား မိကျော့"

"ငါ နင့်ကိုမေးနေတာ မဟုတ်ပါဘူး၊ သမုကို မေးနေတာပါ"

"ဟိုမှာ သူက စိတ်ရှုပ်နေပုံရလို့ ငါက အစားဖြေပေးတာ"

"နင်က ဘာစိတ်ရှုပ်နေတာလဲ"

"ဘာမှ မဟုတ်ပါဘူးဟာ၊ ဟို ... ဟို ... မမျှော်လင့်ဘဲ ဒီမှာ လာဆုံနေလို့ပါ"

"ဘာလဲ ... သူက နင့်ကို သူ့ကိုမပြောဘဲ ဟိုဟိုဒီဒီ လျှောက်သွားတာလည်း မကြိုက်ဘူးလား ... ဟုတ်လား၊ နင့်ကို အဲလိုပဲ ချုပ်ချယ်တတ်လား၊ ဘာလဲ ... နင်က သူ့ကို တန်းတူရည်တူတောင် ဆက်ဆံခွင့် မရှိဘူးလား"

တကယ်ပါပဲ။ စိတ်ညစ်ရတဲ့ကြားထဲ။

ကျော့ရဲ့မလိုတမာမှုကလည်း ဖုံးဖိမရ ဘွားဘွားကြီး ပေါ်လွင်လှတော့သည်မှာ စိတ်ပျက်ဖို့လည်း ကောင်းပါရဲ့။ သူ့ရဲ့ အတွင်းစိတ်မှာ သမုဟာ ဦးအုန်းလှလို လူမျိုးနဲ့ တွေ့ဆုံချစ်ကြိုက်ခွင့်မရှိနိုင်သော အဆင့်အတန်းလို့သာ ဖြစ်စေချင်ဟန် ထက်သန်နေသည်။ အကယ်၍သာ တွေ့ဆုံချစ်ကြိုက်နေမိတာ အမှန်ဆိုလျှင်တောင် ဘာအခွင့်အရေးမှမရ အောက်ကျနောက်ကျဘဝနှင့်



www.burmeseclassic.com

www.burmeseclassic.com



အဘက်ဘက်မှာ အဖိအနှိမ်တွေ ခံနေရသည့် သနားစရာဘဝမျိုးသာ ဖြစ်စေချင်ဇောကပ်နေပုံပင်။

"ဘာလို့လဲ သမူ၊ နင် ဒီနေ့ ဒီကိုလာမယ်ဆိုတာ သူမသိလို့လား၊ ဒါမှမဟုတ် သူက နင် ညဘက် အပြင်ထွက်တာများ မကြိုက်လို့လား"

ကေသရီက သမူဘက်က ဖေးဖေးမမတွေ ပေးရှာပါသည်။ သမူကတော့ ဘာကို စိတ်ရှုပ်မှန်းမသိ စိတ်ရှုပ်နေကာ ဒီနေရာကနေ ခပ်မြန်မြန်တောင် ထပြန်ချင်နေပါပြီ။ သို့ပေမဲ့ ဘူဖေးစားနေတာ ဖြစ်တဲ့အတွက် သူ့သူငယ်ချင်းတွေဟာ ဖြည်းဖြည်းအေးအေး စုံစုံလင်လင် အချိန်ယူ စားသောက်လိုကြမှာပင်။

သမူတစ်ယောက်တည်း ထ,ပြန်ရင်များ ကောင်းမလား။ ဟင့်အင်း ... အဲဒါလည်း မကောင်းပါ။ ကျော့ကိုမယုံပါ။ သမူ မရှိတော့တဲ့အခါ သမူ ကွယ်ရာမှာ ဦးအုင်လုကို သွားမိတ်ဆက်တာမျိုး စစ်စစ်ပေါက်ပေါက် စပ်စုစုံစမ်းတာမျိုး သွားမလုပ်ဘူးလို့ပင် စိတ်မချနိုင်ပါ။

သမူသည် ခေါင်းရှုပ်လာ၍ ဆံပင်တွေကို လက်နှစ်ဖက်နှင့် ထိုးမွှေနောက်ဖွပစ်လိုက်ရင်း ...

"အေးဟာ ... ဟုတ်တယ်၊ နင်တို့ပြောတာ အကုန်ဟုတ်တယ်"





"နေဦးဟ"

ကျော့က ရီတီတီလေး ပြုံးလိုက်ရင်း ...

"ငါ စားစရာနည်းနည်း ထယူလိုက်ဦးမယ်၊ သူ့နားကဖြတ်ပြီး သူ့ကိုလည်း အကဲခတ်ဦးမယ်"

"ငါလည်း လိုက်မယ်"

ကျော့ရော နွယ်ပါ တဖျပ်ဖျပ် ထရပ်လိုက်၍ ...

"ဟဲ့ ... ဟဲ့ ..."

သမူပါ အလန့်တကြား ထရပ်လိုက်ရပါသည်။ ဒီမိန်းမတွေနဲ့တော့ ဒုက္ခပါပဲ။ တော်တော် ပြဿနာရှာကြတာပဲ။ ကျော့နှင့် နွယ်က ရှေ့ဆင့်နောက်ဆင့် ထထွက်သွားကြ၍ သမူလည်း သေချာမကုန်ချင်သေးသော သူ့ပန်းကန်ကို ထားရစ်ကာ သူတို့နှစ်ယောက်နောက်မှ ကသုတ်ကရက် ထ,၍လိုက်ရလေသည်။

သူတို့သည် အုင်လုတို့ရဲ့စားပွဲနံဘေး လူလျှောက်လမ်းလေးမှလျှောက်ကာ စားပွဲနားနီးတဲ့ ကောင်တာမှာရပ်ပြီး ဟင်းပွဲတွေ ကြည့်သလိုလိုနှင့် အုတ်လုတို့ စားပွဲဘက် လှည့်ကြည့်လှည့်ကြည့် လုပ်နေကြလေသည်။ သူတို့နှစ်ယောက်အနား အပြေးတစ်ပိုင်းရောက်သွားတဲ့ သမူသည် အဲဒီ လူလျှောက်လမ်းကျဉ်းကျဉ်းကလေးမှာ ကျပ်ကျပ်တည်းတည်း တိုးခွေ့ရင်း သူတို့နှစ်ယောက်နှင့် အုင်လုခြားသွားအောင် သူတို့နောက်မှာ ဝင်ကပ်ရပ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝရန်းသုန်းကား ဖြစ်နေတဲ့ သမုရဲ့လှုပ်ရှားမှုကြောင့် လျှောက်လမ်းဘက် အနည်းငယ် အစွန်းထွက်နေတဲ့ အုန့်လှရဲ့ ခြေထိပ်ဦး တစ်ဖက်ကို သမု ဝင်တိုက်လိုက်မိပါသည်။

အုန့်လှက ခြေကိုရုပ်ကာ သမုကို မော့ကြည့်လိုက်လေလျှင် ...

"ဟယ် ... ကန်တော့ ... အဲ ... ဆောရီး ... ဆောရီး"

အုန့်လှက သမုကို ခပ်တည်တည်ပဲ စိုက်ကြည့်နေသည်။ မုန်းလိုက်တာ။ ရုပ်ကိုက အတည့်ပေါက်နဲ့။ သူလိုအပ်တုန်းကတော့ လူကိုဆွဲထည့် အသုံးချပြီးတော့။ သမုက ရှုပုပ်ပုပ်နှင့် အုန့်လှကို ပြန်ကြည့်လိုက်ပါသည်။

"ဟဲ့ ... နင် ဘာဖြစ်နေတာလဲ၊ ဘာလို့ ငါ့နောက်က အတင်းကပ်ရပ်နေတာလဲ"

ကျော့က ခပ်ကြိတ်ကြိတ် ရန်ထောင်သည်။

"နင်တို့က ဒီမှာပြီးပြီမဟုတ်လား၊ ဟိုဘက်တိုးတော့လေ"

"မပြီးသေးပါဘူး ... ဒီဟာ ယူမလို့ဟာကို"

ငရစ်မတွေ့။ ငနာမတွေ့။ တမင်လုပ်နေတာလေ။ သမုကလည်း မဖယ်ဘဲ ဇွတ်ပင် အလယ်ခြားကာ ဆက်ရပ်နေ၍ ကျော့က ပွစိ ပွစိ လုပ်ကာ ဟိုဘက်နား နည်းနည်းရွှေ့သွားပါသည်။

"အဟင်း"





နွယ်က အုန့်လှကို လည်လိမ်ကာ ငဲ့ကြည့်နေရာမှ အကြည့်ချင်းတစ်ချက် အဆုံတွင် သွားကလေးဖြဲ၍ ရယ်ပြလိုက်ပါသေးသည်။ သမု သူတို့နှစ်ယောက်ရဲ့ခါးကို တွန်းကာ တွန်းကာ အုန့်လှတို့စားပွဲနားမှ ဝေးရာရောက်အောင် ရွှေ့ရသည်။ ကျော့က ကိုယ်ကိုတွန့်လိမ်ကာ ...

"ဟဲ့ ... နင် ဘာဖြစ်နေတာလဲ၊ တကယ်ပဲ"

"ဟဲ့ ... ဟဲ့ ... သူက ငါ့ကို ပြန်ပြုံးပြတယ်ဟဲ့ ... အဟိဟိ"

"ပြုံးပြတာများ နင်က ဘာဖြစ်နေတာလဲ"

"ခြော် ... ခင်မင်မှု အစပြုတာပေါ့၊ ငါတို့က နောက်လည်း ခင်မင်ကြရမယ့်သူတွေပဲလေ မိကျော့ရယ်"

ကျော့သည် သူ့ အကဲခတ်ချင်သလောက် အကဲခတ်ခွင့်မရ နောက်ကနေ သမု နှောင့်ယှက်နေ၍ စိတ်တိုသလိုပုံစံနှင့် အစားအစာတွေ ဆက်မယူတော့ဘဲ သူ့စားပွဲရှိရာသို့ ပတ်လျှောက်သွားလေသည်။ နွယ် တစ်ယောက်လည်း ကျော့နောက်က ပြုံးစိပြုံးစိ ပါသွားမှ သမု သက်ပြင်းချနိုင်ကာ ရောက်နေတဲ့နေရာမှာ ကော်ဖီတစ်ခွက်ကို စပ်ဟပ်ထည့်နေလိုက်ပါသည်။

စားလို့လည်း မပြီးသေးပါ။ ဗိုလ်လည်းမပြည့်သေးပါ။ ကော်ဖီအိုးနား ရောက်လာ၍သာ အယောင်ယောင် အမှားမှားနှင့် ကော်ဖီတစ်ခွက် စပ်ဟပ်ဖျော်နေမိတာ။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့"

"အမေ့ မေ့ ..."

တုန်ခနဲ လန့်သွားရသည်အထိပင်။ နောက်နား ရောက်လာသော အုန့်ရှလုကို သမုက အလန့်တကြား မဝံ့မရဲနှင့် မျက်လုံးလေးဝိုင်းကာ လှည့်ကြည့်လိုက်ပါသည်။

သူ့မျက်လုံးတွေက စူးရှ အားပြင်းလှသည်။ ဘာ အပြစ်မှလဲ လုပ်မထားမိဘဲနှင့် အသည်းထဲစိမ့်အောင် ရင်တုန်မိ လိုက်ရပါသည်။

"ခင်ဗျားတို့ ဘာဖြစ်နေတာလဲ"

"ရှင်"

"ခင်ဗျားတို့ ဘာဖြစ်နေတာလဲလို့"

"ဘာ ... ဘာ ... ဘာဖြစ်လို့လဲ"

"စားပွဲနားမှာလာပြီး ဝရုန်းသုန်းကား တွန်းလားထိုးလား နဲ့ တစ်ခုခုတော့ တစ်ခုခုပဲ"

"မဟုတ်ပါဘူး ... ဘာမှ မဖြစ်ပါဘူး"

"အဲဒါက ခင်ဗျားသူငယ်ချင်းတွေလား"

"ဟုတ်ကဲ့"

အုန့်ရှလုက ပြုံးလိုက်ရင်း ...

"ခင်ဗျား ကော်ဖီခွက်ထဲကို သကြား ဘယ်နှထုပ်တောင် ထည့်နေတာလဲ"





"ရှင် ... ဟယ် ..."

"ဟင်း ... ဟင်း ... ဟင်း ... ခင်ဗျားက တော်တော် ရယ် ရတဲ့ အမျိုးသမီးပဲ၊ ခင်ဗျားကို တွေ့လိုက်ရင် အမြဲဖြုတ်စ ဗျင်းတောင်းနဲ့ စိတ်နဲ့ လူနဲ့ ဘယ်တော့မှ မကပ်သလိုပဲ"

သမုက ကော်ဖီပန်းကန်ထဲ မွှေနေတဲ့ ဇွန်းကလေး နှင့် တစ်ဇွန်းခပ်မြည်းလိုက်ကာ ချိုရဲလွန်းလှ၍ အွတ်ခနဲ အန်ပျို့ လို ဖြစ်သွားပါသည်။ ဒါကို ချက်ချင်း ဖုံးဖိဟန်ဆောင်လိုက် တာ ...

"ကျွန်မက ချိုချိုကြိုက်တာ"

"ဟုတ်လား ... ဪ ... ဒါဆိုလည်း တော်ပါသေးရဲ့ ... ဟင်း ဟင်း ဟင်း"

"ရှင်ကကော ... ကျွန်မနား ဘာလာလုပ်တာလဲ"

"ကျွန်တော်လည်း ကော်ဖီယူမလို့လေ၊ ခင်ဗျားနားဘာလုပ် ရမှာလဲ"

"ဟွန်း"

သမုက မျက်စောင်းတစ်ချက် မရဲတရဲ ထိုးလိုက်ကာ ကိုယ့်စားပွဲဘက် လှမ်းကြည့်လိုက်ပါသည်။ ဗုဒ္ဓေါ ... လန့်တောင် လန့်မိပါရဲ့။ စားပွဲက သူငယ်ချင်းကြီးသုံးယောက်တို့သည် အုန့်ရှလု နှင့် သမု တီးတိုးကျိတ်ကျိတ် ပြောဆိုနေကြတာကို မျက်လုံးပြူး ကြီးတွေ ကျွတ်ကျတော့မလို ငေးစိုက်ကြည့်နေကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အိုင့်လုက သမုကြည့်တဲ့ဆီ လိုက်ကြည့်ရင်း ...

"အဟင်းဟင်း ... ခင်ဗျားသူငယ်ချင်းတွေက ရယ်ရတယ်"

"အင် ... ဘာရယ်ရလို့လဲ"

"သူတို့ကြည့်ရတာ တစ်စုံတစ်ရာကို စိတ်ဝင်တစားစပ်စု နေကြသလိုပဲ"

"မဟုတ်ပါဘူးနော်၊ ဘာကို စပ်စုရမှာလဲ"

"ဥပမာ ... ကျွန်တော့်ကိုပေါ့"

"ရှင့်ကို ဘာလို့စပ်စုရမှာလဲ"

"မသိဘူးလေ၊ ကျွန်တော် ဝင်လာတဲ့အချိန်ကစပြီး ခင်ဗျား တို့ဝိုင်းက တစ်ယောက်မဟုတ် တစ်ယောက် ကျွန်တော်ဆီ ပြုံးပြပြီး လှမ်းကြည့်နေတာချည်းပဲ၊ ခုနက ကျွန်တော့် စားပွဲနားက ကောင်တာဆီ လာကြတာလည်း ကျွန်တော့် ကို လာရှုးစမ်းစပ်စု အကဲခတ်ကြတာပဲဖြစ်မယ်"

"........"

"သေချာပါတယ်"

"........"

"ဟုတ်တယ် မဟုတ်လား"

သမု ငြင်းမနေချင်တော့ပါ။ ညာမနေချင်တော့ပါ။ အမှုအရာတွေက သိသိသာသာကြီးတွေ ဖြစ်နေတဲ့ဟာကို။ ငြင်း နေလည်း အပိုပါပင်။ ငြိမ်ပြီးတော့ပဲ ထုံပေပေရပ်နေလိုက်ပါသည်။





"ခင်ဗျား သူတို့ကို ဘာတွေပြောထားလဲ"

"ဟင် ... ဘာ ... ဘာပြောရမှာလဲ၊ ဘာမှမပြောပါဘူး နော်၊ ဘာမှ ပြောစရာအကြောင်းကို မရှိဘူး"

"ဘာလို့ ဒီလောက်တောင် ခေါင်းကြီးခါပြီး ငြင်းနေရတာ လဲ"

"ရှင်က စွပ်စွဲနေတာကိုး"

"မစွပ်စွဲပါဘူး၊ ထင်တာကို ပြောပြတာပါ၊ သူတို့ ကျွန် တော့်ကို သိနေတာ သေချာတယ်"

"ဒါတော့ သိတာပေါ့၊ ရှင်က နာမည်ကျော်သူဌေးမင်းပဲ"

"ဗျာ ...၊ ဩော် ဟော် ဟော် ...။ အဲဒီလိုကြောင့်တော့ မဟုတ်လောက်ပါဘူး၊ သူဌေး မကလို့ ရုပ်ရှင်မင်းသားပဲ ဖြစ်ဖြစ်ဗျာ၊ မမျှော်လင့်ဘဲ တွေ့တဲ့အခါ ခင်ဗျားတို့အရွယ် ခင်ဗျားတို့ ဂုဏ်ဒြပ်တွေနဲ့ ဒီလောက်ကြီး သိသိသာသာ လှုပ်လှုပ်ရှားရှားဖြစ်အောင် အကဲမခတ် မရှုးစမ်းလောက် ပါဘူး၊ ဣန္ဒြေရရ မသိမသာလောက်ပဲ ကြည့်မှာပေါ့၊ သူ တို့အတွေး အသိထဲမှာ ဒီထက်ပိုတဲ့ တစ်ခုခု ရှိကိုရှိမှာပါ သေချာပါတယ်"

သမုက သက်ပြင်းလေးချရင်း ...

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... အဲလို ခင်ဗျား အမှန်ပြောသင့်တယ်"

"ရှင်နဲ့ ကျွန်မနဲ့ ဓာတ်ပုံကို ဂျာနယ်ထဲမှာ တွဲရက် သူတို့ တွေ့ထားကြလို့ပါ"

"ဪ"

အုန်းလှက သူဖျော်ပြီးတဲ့ ကော်ဖီကို ထိုနေရာမှာပင် တစ်ကျိုက်သောက်လိုက်ရင်း မျက်မှောင်ကုတ်ကုတ်နှင့် ...

"ဂျာနယ်ထဲမှာ ပွဲတစ်ပွဲမှာ လူနှစ်ယောက် ယှဉ်ထိုင်နေတဲ့ ပုံ မြင်ရုံလောက်နဲ့တော့ ဒီလောက် ဝရုန်းသုန်းကား စိတ်ဝင်စားစရာ ဖြစ်လိမ့်မယ်လို့ မထင်ပါဘူးဗျား၊ ဒီထက်ပိုတာ တစ်ခုခု ရှိပါလိမ့်ဦးမယ်"

"သူတို့က ရှင်နဲ့ကျွန်မ ရင်းနှီးတယ် သိကျွမ်းခင်မင်တယ်လို့ ထင်နေကြတယ် ဦးအုန်းလှ"

"ဪ ... ရင်းနှီးတာကရော အဲလောက် အံ့သြစရာဖြစ်နေလို့လား၊ ဒါဆိုလည်း ခင်ဗျားက သိပ်မရင်းနှီးပါဘူးလို့ ရှင်းပြလိုက်ပေါ့"

သမက အုန်းလှကို မျက်စောင်းတစ်ချက် ရွယ်လိုက်မိသည်။

"ခုလို စကားရပ်ပြောနေတာကြောင့်မို့လို့ ပိုတောင်ယုံစရာ မကောင်းဦးမယ်"





"ရင်းနှီးသည် မရင်းနှီးသည်ကရော ဘာများ ဒီလောက် စိတ်ဝင်စားစရာ ဖြစ်နေလို့လဲ"

"အဓိက,က ရှင့်ကို စိတ်ဝင်စားမှုရှိကြတာ ဦးအုန်းလှရေ၊ ရှင် ဖြစ်နေလို့"

"ဪ ... အဟင်း ဟင်း"

အုန်းလှက ခေါင်းတညိတ်ညိတ်နှင့် ကော်ဖီတစ်ကျိုက်သောက်ရင်း သမတို့ သူငယ်ချင်းတွေ စားပွဲဘက် တစ်ချက် ထပ်ကြည့်လိုက်ပါသည်။ ရော် ... ခုထိ မစားနိုင် မသောက်နိုင် နားရဲပြုံးပြုံးကြည့်နေကြတုန်းပါလား။

အုန်းလှက စိတ်ထဲနည်းနည်းရွှင်ရွှင်နှင့် ထိုမချော သုံးယောက်ဘက်သို့ လက်တစ်ဖက်မြှောက်ကာ လှမ်းနှုတ်ဆက်လိုက်ပါသည်။ ရုတ်တရက် အံ့အားသင့်သွားပြီး "ဟယ်" "အိ" သဖြင့် အသံမျှင်းမျှင်း ကျိတ်ကျိတ်တွေ အသည်းတယား ထွက်လာတာကို ပြုံးမိရင်းက အုန်းလှက သမအနားမှခွာကာ သူ့စားပွဲရှိရာ သူပြန်လာထိုင်လိုက်သည်။

သမ စားပွဲဆီပြန်ရောက်ချိန်မှာတော့ နွယ်နှင့်မိကေတို့ရဲ့သဘောတကျ မြူးဖျပြုံးပျော်နေတဲ့ မျက်နှာနှင့် နီမြန်းပုပ်သိုနေသော မိကျော့ရဲ့မကြည်မလင် မျက်နှာကို ပြိုင်တူတွေ့ရပါသည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"မိုက်တယ်ကွာ၊ ငါ့သူငယ်ချင်း ... ကွန်ဂရက်ကျူလေးရှင်း၊ နင်နဲ့ ဦးအုန်းလှ ခုလိုပတ်သက်ဖူးစာဆုံတာ ငါတကယ် အံ့သြဝမ်းသာတယ် သိလား၊ မြန်မြန်ယူကြတော့ဟာ၊ ငါ ဒီထက်ပိုစားချင်လှပြီ ... ဟီး ဟီး"

နွယ်က ဝမ်းသာအားရ ဆိုပါသည်။ ကျော့ကတော့ သူ့ရဲ့ဆံပင်အခွေအနွယ်လေးများကို လက်လေးနှင့်သ,ကာ မျက်နှာလေးကိုပင့်ပင်လေး ထားမိရင်း ...

"အင်း ... တကယ်တော့လည်းဟယ်၊ ရည်းစားဆိုတာဘာမှ ခိုင်မြဲတဲ့ အာမခံချက်ရှိတဲ့ ရလေးရှင်းရှစ်ပ် မဟုတ်ပါဘူး၊ အချိန်မရွေး ကွဲနိုင်ပြတ်နိုင်သေးတာပဲဟဲ့၊ သြော် ... ငါက ဖြစ်စေချင်လို့ ပြောတာ မဟုတ်ပါဘူး၊ ဖြစ်တတ်တာကို ပြောတာပါ"

သမုတို့သုံးယောက်လုံး မိကျော့ကို စိတ်ပျက်လက်ပျက် နှာခေါင်းရှုံ့ပြီး လှည့်ကြည့်မိကြပါသည်။ မလွယ်ပါလား ဒေါ်ကျော့ယမင်းရယ်။

❦ ○ ❦



❦ ၈ ❦

"သြော် ... အစ်မ"

နှုတ်ဆက်သံကြောင့် သမုက လှည့်ကြည့်လိုက်လျှင် မိုးကျော်ကို မြင်လိုက်ရ၍ မေးလေးဆတ် ပြုံးပြလိုက်ပါသည်။

"X-ray ရိုက်ဖို့လား အစ်မ"

X-ray ခန်း ရှေ့ဘက်ထိုင်ခုံလေးတွေမှာ စောင့်နေကြတာဖြစ်၍ မိုးကျော်ကမေးလျှင် ...

"ဒါ ကျွန်မ အမေလေ၊ မေမေ ရိုက်ဖို့ပါ"

"သြော် ... ဟုတ်ကဲ့"

"ကိုမိုးကျော်ရော ... ဘယ်သူ့လာရိုက်တာလဲ"

သမုက ထိုင်ရာကထ,ရပ်ကာ မေးကြည့်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



“အန်တီပါ”

မိုးရျော် လှည့်ကြည့်တဲ့ အမျိုးသမီးကြီးကို သမုက လည်း လှမ်းကြည့်လိုက်ပါသည်။ တည်တံ့ကျန်ခဲ့ကြီးလှတဲ့ မျက်နှာထားက အလိုလိုနေရင်း ထည်ဝါစိုးမိုးနိုင်လွန်းလှတဲ့ အမျိုးသမီးကြီးဟာ ဘေးမှာ သူ့အဖော်တပည့်မှန်း သိသာတဲ့ အမျိုးသမီးငယ်တစ်ယောက်နှင့် ထိုင်နေရာမှ မိုးရျော်နှင့် သမုကို မျက်လွှာပင့်ကာ လှမ်းကြည့်နေပါသည်။

“ကိုအုဋ္ဌ ... အမေလေ”

“ဪ”

ဖြစ်သင့်ပါတယ် ကိုအုဋ္ဌလှအမေ။ မျက်ဝန်းကြည့်များကိုက စီးစီးပိုးပိုး ရှိလှတာ။ နဂိုစိတ်ရင်းခံ ဖြောင့်ရှင်းပုံရသော်လည်း ထာဝစဉ် ဟိုးအပေါ်စီးမှသာ လူလုပ်လာသော သူတို့ရဲ့မျက်နှာထား၊ အကြည့် ဟန်ပန်မူရာတို့ အပြည့်ရှိလေသည်။

ဦးအုဋ္ဌလှရဲ့အမေ ဖြစ်နေပြီး နိုင်ငံခြားထွက် check-up မလုပ်ဘဲ မြန်မာပြည်ထဲက ပုဂ္ဂလိကဆေးရုံတစ်ခုမှာပဲ ဓာတ်မှန်ခန်းတစ်ခုရှေ့ ငြိမ်ငြိမ်သက်သက်ထိုင်ကာ အလှည့်စောင့်နေပုံကတော့ “အထူးအခွင့်အရေး” ဆိုတာမျိုး “မလိုအပ်ဘဲ ဇာချဲ့ခြင်း” ဆိုတာမျိုး သိပ်မလုပ်ချင်တဲ့စိတ်ရင်း ပေါ်လွင်သလိုရှိသည်။





“ရင်ကျပ်ရောဂါရှိလို့ပါ”

“ဪ ... သမုအမေလည်း အဲလိုပါပဲ၊ ရင်ကျပ်တယ်၊ အဆုတ်ကို ရိုက်ကြည့်ဖို့ပါ”

“ဟုတ်ကဲ့ ... အစ်မဆီ ဖုန်းတောင်ဆက်မချိန်းဖြစ်ဘူး၊ ခုတလော ကျွန်တော်ရော ကိုအုဋ္ဌလှရော အလုပ်များတာနဲ့”

“ကိစ္စမရှိပါဘူး ... ရပါတယ်၊ သမုလည်း မေးခွန်းတွေ အဆင်သင့် မဖြစ်သေးပါဘူး၊ နှစ်ဖက်လုံး အဆင်ပြေမှပါ၊ Urgent မဟုတ်ပါဘူး”

စကားများကို အမျိုးသမီးကြီးက စိတ်ဝင်စားသွားပုံနှင့် ...

“မိုးရျော် ... ဘယ်သူလဲ”

သူ့သားအလုပ်များနေလို့ မချိန်းအားသေးဘူးဆိုတဲ့ ချိန်းကလေးကို စိတ်ဝင်တစား ရှိသွားပုံရပါသည်။

“ဒါက မသမုသစ်တဲ့ အန်တီ”

“အုဋ္ဌလှနဲ့ ဘယ်လိုပတ်သက်လဲ၊ မိတ်ဆွေတွေလား”

“မသမုသစ်က ‘.........’ တိုက်က အယ်ဒီတာပါ အန်တီ၊ ကိုအုဋ္ဌနဲ့ အင်တာဗျူးလေး လုပ်ဖို့ရှိကြတာပါ”

“ဪ ...”

အမျိုးသမီးကြီးက ဘဝင်ကျသွားပုံပေါ်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဂျာနယ်မဂ္ဂဇင်းကဆိုတော့ အန်တီက သမီးကိုပြောရဦးမယ်"

"ရှင် ... ဟုတ်ကဲ့ ပြောပါ အန်တီ"

"ဂျာနယ်တွေက ဟိုတလောက အုန်္ဒုလှအကြောင်းကို ဟိုလိုလို ဒီလိုလို လူစိတ်မဝင်စား ဝင်စားအောင် ရေးကြတာ ဖတ်ရတယ်၊ တချို့တွေက မဟုတ်တာတွေ၊ သမီးတို့ဂျာနယ်ထဲမှာရော ပါသေးလား"

"မပါပါဘူး အန်တီ၊ ဦးအုန်္ဒုလှ အကြောင်း မရေးဖူးသေးပါဘူး၊ ပါလာတာလေး တချို့တော့ ဖတ်လိုက်ရပါတယ်။ အဲဒါကလည်း တစ်ဖက်က စိတ်ဝင်စားအောင် နည်းနည်းလှုပ်ပေးတဲ့သတင်း ရှိလိုက်လို့ပါ၊ ဘာမှမရှိဘဲတော့ ဘာမှလုပ်ကြံရေးလို့ မရပါဘူး၊ သတင်းအစအနလေး ထွက်လာတော့လည်း ဦးအုန်္ဒုလှက အများစိတ်ဝင်စားခံရတဲ့ လူစာရင်းမှာ ပါဝင်တော့ ရေးချင်စရာ ဖြစ်သွားပုံပါပဲ"

သမုက စာနယ်ဇင်းသမားမို့ စာနယ်ဇင်းတွေကို ထိပါးပြောမှာမျိုးကိုတော့ မလိုလားအပ်သည်ဖြစ်ရာ ပြေပြေလည်လည် ဖြေရှင်းပြရပါသည်။

"သမီးကကော ... အုန်္ဒုလှကို ဘာအင်တာဗျူးလုပ်မှာလဲ"





"အထူးသီးသန့်ခေါင်းစဉ်တော့ မစဉ်းစားရသေးပါဘူး အန်တီ၊ ဦးအုန်္ဒုလှက သူ့စီးပွားရေးရော သူ့ပါစင်နယ်လ်ရော စိတ်ဝင်စားခံရတဲ့သူမို့ အင်တာဗျူးလုပ်ခွင့်လေးကိုပဲ အရင်တောင်းထားရတာပါ။ သိပ်လည်း ဖြေလေ့မရှိသေးဘူးဆိုတော့ ဘာအကြောင်းအရာပဲမေးပြီးရေးရေး လူစိတ်ဝင်စားမှာပါပဲ"

"သမီးကို အန်တီက တစ်ခုတိုက်တွန်းချင်လို့ပါ"

"ဟုတ်ကဲ့ အန်တီ ... ပြောပါ"

"မဟုတ်ကဟုတ်က ပြောတာတွေ ရေးတာတွေကို ပြန်ရှင်းပေး ဖျက်ပေးစမ်းပါလို့ကွယ်၊ နည်းနည်းကလေးမှ စိတ်မချမ်းသာရဘူး အဲဒါတွေ ကြားရ သိရတာ၊ အန်တီကျေးဇူးမမေ့ပါဘူး သမီးရယ်"

ကျေးဇူးမမေ့ပါဘူးဆိုတဲ့ စကားအသွားအလာကို သမုက နားလည်ဆင်ခြင်မိပါသည်။

"ကျေးဇူးအထူးတင်စရာ မလိုပါဘူး အန်တီရယ်၊ ကျေးဇူးရယ်လို့လည်း သတ်မှတ်ဖို့ မလိုပါဘူး၊ သမီးတို့ကလည်း ဟုတ်တာ မှန်တာကိုပဲ လူတွေသိစေချင်တာပါ၊ လူစိတ်ဝင်စားအောင် လုပ်ကြံမရေးပါဘူး အန်တီ စိတ်ချပါ"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"အေး … အေး၊ သမီးကို ဆက်သွယ်လို့ရတဲ့ ဖုန်းနံပါတ် လေး ပေးထားနိုင်မလား"

"သြော် … ဟုတ်ကဲ့ … ရပါတယ် အန်တီ"

သမုက ပိုက်ဆံအိတ်ထဲမှ သူမရဲ့ဗစ်ဇစ်တင်းကတ် လေးကို ကမ်းပေးလိုက်ပါသည်။ အမျိုးသမီးကြီးက သူ့နံဘေးမှ မိန်းကလေးကို လှည့်ပြောလိုက်၍ ထိုမိန်းကလေးကလည်း သမုကို ကတ်ပြားလေးတစ်ခု လှမ်းပေးပါသည်။

"တစ်ခုခု မေးစရာ ပြောစရာရှိရင် ဆက်နော်၊ အန်တီ လည်း ဆက်ပါ့ရစေ"

"ဟုတ်ကဲ့ … အချိန်မရွေးဆက်ပါ အန်တီ"

"ဒေါ်ခင်ခင်ညို၊ ဒေါ်ခင်လေးမွန် … ဒေါ်နန်းကေသီ …"

X-rayအခန်း ပွင့်လာကာ နာမည်တွေ ခေါ်လိုက်၍ ထိုင်နေသူများ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြရပါသည်။

"အန်တီက ဒေါ်ခင်ခင်ညိုလား၊ ဝင်ပါ … ဟုတ်ကဲ့ ပြီးရင် ဒေါ်ခင်လေးမွန်ပါ"

ဒေါ်ခင်လေးမွန်က သမုရဲ့မေမေ။

"ပြီးရင် ဒေါ်နန်းကေသီပါ … အဆင်သင့် နေပေးပါနော်"

ဒေါ်နန်းကေသီ …။ ဦးအုဋ်လှအမေဟာ ရှမ်းအမျိုး သမီးကြီး ထင်ပါရဲ့။ ဖြူစင်ကြည်လင်တဲ့ တိုင်းရင်းသူရုပ်မျိုးဖြစ်





ပါသည်။ မဟာနဖူးအစခန့်အထည်နှင့်။ ဒီလူနှင့် တိုက်ဆိုင်ပတ် သက် ဆုံစည်းမှုတွေက တစ်ခုပြီးတစ်ခု ရှိနေပါလား။ မမျှော်လင့် ဘဲ သူ့အမေနှင့်တောင် လာဆုံတွေ့နေရပြန်သေးရဲ့။

သမုတို့သားအမိ အခန်းထဲဝင် ဓာတ်မှန်ရိုက်ကာ ပြန်ထွက်လာလျှင် ဒေါ်နန်းကေသီနှင့် ကိုမိုးကျော်ကို နှုတ်ဆက်၍ ပြန်လာခဲ့ပါသည်။

❦ ○ ❦

"လေးလေး … မုန့်ဖိုးပေးပါ"

အိမ်ထဲလှမ်းဝင်လိုက်သည် ဆိုလျှင်ပင် ထမင်းစား ခန်းဘက်ဆီက တူမငယ်နှစ်ယောက်ရဲ့အသံ ကြားလိုက်ရ၍ အုဋ်လှက အပေါ်ထပ် တန်းမတက်ဘဲ ထမင်းစားခန်းသို့ ချိုးဝင် ခဲ့ပါသည်။

"မုန့်ဖိုးပေးပါ လေးလေး"

"ဘာလို့ပေးရမှာလဲ"

"ကိုယ့်တူမတွေမို့ပေါ့"

အကြီးမ ကံ့ကော်က ဆယ့်ခုနစ်နှစ်ထဲ အငယ်မ သော်က,က ဆယ့်လေးနှစ်။ မြီးကောင်ပေါက် တူမနှစ်ယောက်သည်



www.burmeseclassic.com

www.burmeseclassic.com



အုန်းလှရဲ့တစ်ဦးတည်းသော အစ်မကြီး နန်းမဥ္စူလှရဲ့သမီး... ယောက်ပါ။ မမကြီးနှင့် အုန်းလှက အသက်ဆယ်နှစ်နီးပါးကွာ... သည်။

မေမေ ဒေါ်နန်းကေသီက ထမင်းစားနေဆဲဖြစ်... တူမနှစ်ကောင်ကတော့ ခုနတင်ပဲ စားပြီးသွားကြပုံ ပေါ်ပါသည်။

"ညည်းတို့အမေရော"

"ဖေဖေနဲ့ မေမေက ဒင်နာသွားလို့ သမီးတို့ကို ဒီလာ... သွားတာ"

"သူတို့ ဒင်နာသွားတာနဲ့ ညည်းတို့ကို ဒီလာပို့ရအောင် ညည်းတို့က အိမ်မှာ လူကြီးမရှိဘဲ ထားခဲ့လို့မရတဲ့ ပု... တူးလေးတွေလား"

"စာမကျက်မှာစိုးလို့တဲ့"

"အိမ်မှာဆို စာမလုပ်ဘဲ အင်တာနက်ပဲ လုပ်နေမှာစိုးလို့... အဘွားဆီ လာအပ်သွားတာ အဘွားနဲ့အာလူးဖုတ်ပြီး စာ... မကျက်ကြဘူး မဟုတ်လား"

"စာတွေက ရနေပြီ"

"သြော် ... သြော်"

"မုန့်ဖိုးပေး ... လေးလေး"

"ဘာလို့ ဒီလောက် မုန့်ဖိုးပဲ တွင်တွင်တောင်းနေကြတာတုံး"





"မေမေက မုန့်ဖိုးနည်းနည်းပဲပေးတယ်၊ မလောက်လို့ပေါ့"

"လောက်အောင်သုံးပေါ့ ... အမယ်လေးလေး၊ တက္ကသိုလ်ကျောင်းသူတောင် မဖြစ်ရသေးဘူး၊ မုန့်ဖိုးမလောက်ဘူးတဲ့၊ ညည်းတို့ဖုန်းတွေ နှင်းကန်ပြောပြီး ဖုန်းဘစ်လ်တွေ တက်နေတာနဲ့ ဖုန်းကတ်တွေ ဝယ်ရလွန်းလို့ မလောက်တာ မဟုတ်လား"

"အဟီး ... ဖုန်းမပြောပါဘူး လေးလေးရဲ့ ဖုန်းနဲ့အင်တာနက်ချိတ်ထားတော့ အင်တာနက်စရိတ် ရှိတယ်လေ၊ အရမ်းထိတယ်"

"မပေးချင်ပါဘူး ... ညည်းတို့ကို မုန့်ဖိုး"

"ဟင် ... ဘာဖြစ်လို့လဲလို့"

"ညည်းတို့ အလကားနေ အဘွားဆီလာပြီး ငါ့အကြောင်းတွေ အတို့အထောင် လုပ်လုပ်သွားတယ်၊ လူကြီးကစိတ်ပူပြီး ငါ့ကို ပွစိ ပွစိလုပ်ရော"

"ဟာ ... လေးလေးကလည်း၊ သမီးတို့က အတို့အထောင် လုပ်တာ မဟုတ်ဘူး၊ ဟိုမှာ ဖွနေတာတွေကို လေးလေး မသိဘဲ ခံနေရမှာစိုးလို့ ဥစ္စာကို"

"အဲဒါဆို ... ငါ့ကိုမပြောဘဲ ဘာဖြစ်လို့ အဘွားနားပေါက်အောင် သွားပြောရတာတုံး၊ အဘွားက အလကားနေစိတ်က ပူနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီနေ့က လေးလေးကို ပြောမလို့ပါပဲ၊ လေးလေးဆ ဖုန်းခေါ်တာလည်း တစ်ကြိမ်နဲ့မကိုင်တော့ အစည်းအဝေး များ လုပ်နေလားလို့ ထပ်မခေါ်ရဲဘူးပေါ့၊ အဲဒါ မေမေ ဘွားဘွားဆီ လာတာနဲ့ အတော်ပဲဆိုပြီး လိုက်လာတာ လေးလေးက ပြန်မရောက်လာတော့ ဘွားဘွားဆီပဲပြော ထားလိုက်တာပါ ... ဟီး ဟီး"

"ဟွန်း ... ဒီတူမနှစ်ကောင်တည်း ရှိပေလို့ပဲ၊ လေးကော လောက်ဆို ဆံပင်ဖြူလောက်တယ်"

"ဆံပင်က သူ့ဟာနဲ့သူလည်း ဖြူတော့မှာ မဟုတ်လား လို့ ... ခွိ ခွိ"

"ဘာ"

"ဟုတ်တယ်လေ ... မေမေတောင် စ,ဖြူပြီ"

"ညည်းတို့အမေက လေးဆယ်ကျော်ပြီ"

"အင်းလေ ... လေးလေးလည်း မေမေ့မောင်ပဲဟာ အဲ နား ကပ်ပြီမဟုတ်ဘူးလား"

"ဘာကပ်ရမှာလဲ ... သုံးဆယ့်သုံးနှစ်ပဲ ရှိသေးတယ် မှတ်ထားဦး၊ မုန့်ဖိုးတော့ ပေးချင်စရာပဲ"

"ပေးပါနော် ... အဟီး"





အုင်ုလှက လက်ထဲကိုင်လာသော သားရေရိုးလက် ဆွဲအိတ်ညိုညိုလေးကိုဖွင့်၍ ပိုက်ဆံငါးထောင်တန်များနှိုက်ကာ ...

"အငယ်မရော ယူမှာလား"

"ဟုတ် ... ယူမှာပေါ့"

"မျက်နှာကြီးက ဘာဖြစ်နေတာလဲ"

"သမီးက ဖုန်းဟဲန်းဒ်ဆက် အသစ်လိုချင်လို့"

"ခင်ဗျာ ... တော် ... တော် ... တော်၊ ကျေးဇူးရှင်တွေ။ ညည်းတို့လောက် ပူဆာတဲ့ တူမတွေ ကြည့်ကြည့်ပြီး ကိုယ်တိုင်တောင် မိန်းမ,မယူချင် ကလေးမမွေးချင်တော့ ဘူး၊ အပူဆာတုံးတွေ"

"လေးလေးက မိန်းမ,မလိုချင်တာလား၊ မိန်းမ,မရတာ လား"

ကုံကော်ရဲ့ငယ်ထိပ်ကို အုင်ုလှက မနာမကျင်တစ် ချက်ထုချလိုက်သည်။

"ညည်းတို့ဦးလေးက မိန်းမ,မရမယ့်သူလားဆိုတာ နည်း နည်းလေး ဘရိန်းသုံးပြီး စဉ်းစားလိုက် ကုံကော်"

"ဘယ်ဟုတ်မလဲ ... လေးလေးက တစ်ယောက်မကရမယ့် သူပဲဟာ၊ ဟီး ဟီး ... အဲဒါကြောင့် သမီးလည်း ဦးနှောက် ခြောက်နေတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ချွေးမလေး"

အုန်းလှက ဒီတူမလေးတွေကို ချစ်ပါသည်။ ကိုယ့်မှာလည်း ချစ်စရာ ကိုယ့်ကိုဆိုးနွဲ့မည့်သူ ဒါပဲရှိတာ။ ဒါပေမဲ့ ဒါတွေဟာ မပိုင်ဝက်မွေးတွေလေ။ မရှက်တမ်း ဝန်ခံရမည်ဆိုရင်တော့ဖြင့် အုန်းလှလည်း ဒီအသက်အရွယ်မှာ ကိုယ်နဲ့အတူ ဘဝကို ခွဲဝေရှယ်ယာလုပ်မည့် ချစ်သူလေးတစ်ယောက်တော့ လိုချင်တာ အမှန်ပါပင်။ ဒီဆန္ဒကြောင့်လည်း မြရည်စိမ်းဖန့်ဖန့်နှင့် ဒီလောက်ထိ သွားပတ်သက်မိတာပေါ့။

တကယ်တော့ ချစ်သူတစ်ယောက် ရဖို့ဆိုတာ ချောရင် လှရင် ပြီးရောဆိုတဲ့ အထိလောက်တော့ မလွယ်ကူပါ။ ရေစက်ဆိုတာတော့ ရှိရဦးမည်ပေါ့။ ရေစက်မှ ပါမလာရင် မျက်စိရှေ့ မြင်သမျှ ချောမောလှပသမျှ ကိုယ့်ချစ်သူဖြစ်နိုင်သလို ဖြစ်နေမှာပေါ့။

အလုပ်ကိုချည်း စိတ်ဝင်တစား အာရုံနစ်ကာ လုပ်လာခဲ့ရာက ချောချောလှလှ မိမိမိုက်မိုက် မိန်းကလေးတစ်ယောက်နှင့် သာမန်ထက် အနည်းငယ် ပိုရင်းနှီးခင်မင်သွားတော့ ရေလိုက်ငါးလိုက် ဇလိုက်ဇလျော ရှိလိုက်မိတာ ထော်တော်စိတ်ပျက်စရာကောင်းသွားပါသည်။

"သိမ်းကြတော့ဟေ့"





မေမေ့ထံက စကားသံ ထွက်လာပါသည်။ ရေဖန်ခွက်ကို ကောက်ကိုင်ရင်းနှင့် တစ်ငုံငုံနက် ...

"အုန်းလှ"

"ဗျာ ... မေမေ"

"ဟို ... မြစိမ်းရည်ဆိုလား၊ မိန်းကလေးနဲ့ အဆက်အဆံရှိသေးလား"

အုန်းလှက မျက်ခုံးများကို တွန့်ရှုံ့လိုက်မိပြီး ...

"မေမေကလည်း ... ဒီကောင်မလေးတွေ လာလာအတို့အထောင်လုပ်သမျှကို ဒိုင်ခံခေါင်းစားမနေပါနဲ့၊ မေမေ့မြေးတွေက တစ်စိတ် တစ်အိတ်လုပ်ပြီး ရေးကြီးခွင်ကျယ်တွေ ချဲ့နေကြတာ"

"အာ ... လေးလေးကလည်း၊ သမီးတို့ အခု ဘာမှ ဘွားဘွားဆီ မပြောရသေးပါဘူးနော်"

"အေး ... အေး၊ မပြောရသေးရင် နောက်လည်းမပြောကြပါနဲ့"

"ဟိုတစ်ခါက ပြောတာကလည်း သမီးတို့က ကိုယ့်လေးလေး ကိုယ်စိတ်ပူလို့ဟာ၊ အဲဒီတစ်ယောက်က ဟိုးလွန်ခဲ့တဲ့ သုံး,လေးလကဆိုရင် ဒီဖေ့စ်ဘွတ်စာမျက်နှာပေါ်မှာပဲ တခြားကောင်လေးတစ်ယောက်နဲ့ ဖက်နမ်းနေကြတဲ့ ပုံတောင် တင်ထားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ညည်းက ဘယ်လိုသိလဲ ကံ့ကော်"

"သတင်းသိုးသိုးသန့်သန့်လေး စကြားကတည်းက သမီးက သူ့ Wall ကို မြေလှန်ပြီး ရှာတာပေါ့၊ ဟိုးအရင်ဟာတွေပါ တဆုံးဆင်းနှိုက်ပြီး ရှာလို့တွေ့တာ၊ အခုသူက အဲဒီပုံတွေ ဖြုတ်လိုက်လား၊ hide လုပ်ထားလားမသိဘူး၊ မတွေ့ရတော့ဘူး"

"သူ့ဟာသူ ဘာဖြစ်ဖြစ်ပါဟာ"

"အင်းပါ၊ အဲလိုတွေ တွေ့တော့ ရှုပ်တီးရှုပ်တုပ်ပဲဆိုပြီး သမီးတို့က မေမေ့ကိုပြော၊ မေမေနဲ့တူတူ ဘွားဘွားကို ပြောပြတာပါ၊ မေမေကလည်း လေးလေးကိုမှ တိုက်ရိုက် မပြောရဲတာ"

"ကဲ ... အုင့်လှ၊ မေမေ မေးနေတဲ့ မေးခွန်းကို ဖြေစမ်းပါဦး"

"မေမေကလည်း ... သူက တစ်ခါတလေတော့ ဖုန်းလှမ်းခေါ်သေးတာပေါ့၊ မကိုင်တာ များပါတယ်၊ တွေ့တာဆို တာတော့ လုံးဝမရှိတော့ပါဘူး၊ ဘာမှစိတ်မပူပါနဲ့"

"ကံ့ကော်တို့ ပြလို့ ဒီမိန်းကလေးမျက်နှာ ဓာတ်ပုံမြင်ပြီးကတည်းက ဒီမျက်နှာ ဒီရုပ်ရည်ဟာ လှသလောက်





အန္တရာယ်ပြဿနာလက်ယပ်ခေါ်တဲ့ ရုပ်ရည်မျိုးမို့လို့ မပတ်သက်ပါနဲ့လို့ မေမေ မပြောဘူးလား၊ အဲဒါကို မင်းက မေမေကပဲ လူတစ်ဖက်သားကို အပြင်မှာလည်း မဆုံဖူးပဲနဲ့ ဓာတ်ပုံလေးကြည့်ပြီး ဝေဖန်တာ ရက်စက်နိမ်ချရာကျနေတယ်ဆိုပြီး မေမေ့ကို အပြစ်ပြောသေးတယ်လေ"

အုင့်လှက ခေါင်းနောက်ဘက်က ဆံပင်တိုကို လက်ချောင်းတွေနှင့် တဂျစ်ဂျစ်ထိုးရင်း မျက်နှာမထားတတ် ဖြစ်ရသည်။ ဟုတ်ပါသည်။ မေမေတို့များ မိန်းကလေးတစ်ယောက်ကို ချိုးနှိမ်ဆဖန်ရန်ကော အပြစ်မြင်တတ်ရန်ကောလို့ သူ တွေးခဲ့ဖွင့်ပြောခဲ့ပါသည်။

"ကဲ ... အခု ဒုက္ခအကျပ်အတည်း တွေ့နေပြီ"

"မေမေကလည်း ... မဟုတ်တဲ့သတင်းစကားတွေကြောင့် နည်းနည်းတော့ နေရကျပ်တည်းပေမယ့် ဒုက္ခတော့မတွေ့ပါဘူးဗျ၊ တော်ပြီဗျာ၊ ကျွန်တော် အပေါ်တက်တော့မယ်"

"နေဦး ... ပြောချင်တာ အဓိက,က မင်း မငယ်တော့ဘူး၊ မင်းလို စီးပွားဥစ္စာနဲ့ လုပ်ရည်ကိုင်ရည်နဲ့ ယောကျ်ားမျိုးဟာ အိမ်ထောင်ပြုကိုပြုရမယ်၊ လူပျိုကြီးလုပ်နေလို့ မရဘူး၊ နွေးထွေးတဲ့ အသိုက်အမြုံတစ်ခု ရှိကိုရှိရမှာ၊ မင်းအသက်



www.burmeseclassic.com

www.burmeseclassic.com



လည်း သုံးဆယ့်သုံး၊ အိမ်ထောင်ပြုသင့်တဲ့အရွယ် ကျော်လာပြီ၊ နောက်ကြောင်းမှာလည်း ငဲ့ညှာနေစရာ ဘာမှမရှိဘူး၊ မေမေ မင်းကို အိမ်ထောင်ချပေးချင်ပြီ သား"

"အာ ... မေမေကလည်း မလုပ်ပါနဲ့၊ မေမေ ချပေးမယ့် မိန်းကလေးမျိုးတွေ ကျွန်တော် မကြိုက်ပါဘူး၊ ဣန္ဒြေသိက္ခာကြီးနဲ့ အဘွားကြီးအိုပေါက်စမျိုးတွေဖြစ်မှာ၊ ကျွန်တော်က မိန်းမတစ်ယောက်ရဲ့ဣန္ဒြေသိက္ခာကို အတွင်းစိတ်ထဲ တည်နေတာမျိုးပဲ ကြိုက်တယ်၊ အပြင်မှာ ပုံဖမ်းထားတာမျိုး အလကားပဲ၊ ကျွန်တော်က တက်တက်ကြွကြွ လှုပ်လှုပ်ခတ်ခတ်နဲ့ သဘာဝဆန်ဆန် မိန်းကလေးမျိုးကိုပဲ သဘောကျတာ"

"သဘောကျရင် ရှာခဲ့လေ၊ မေမေက မေမေရှာပေးတာယူရမယ်လို့လည်း ဖွင့်မပြောရပါလား၊ ရှာခဲ့ ခေါ်ခဲ့ဖို့ မင်းတာဝန်လေ"

"ဟုတ်ကဲ့ပါ မေမေရာ ... ဟုတ်ကဲ့ပါ"

အင်ဒိုလှက ထမင်းစားပွဲက အမြန်ထလစ်သည်။ ကြာရင် တူမအပျိုဖြန်းတွေရှေ့ ဦးလေးဂေါ်မစွံကြီးလို သိက္ခာကျကိန်းမြင်သည်။ ထမင်းစားခန်းမှ ထွက်ကာနီး ...





"သြော် ... အင်ဒိုလှ"

"ဗျ ... တော်ပြီလေဗျာ မေမေရာ"

"မဟုတ်ပါဘူး ... ပြောစရာ မေ့တော့မလို့ပါ၊ ဒီညနေ ဆေးခန်းမှာ သမုသစ်နဲ့ မေမေတွေ့ခဲ့တယ်"

"ဗျာ"

အင်ဒိုလှက အလန့်တကြား ခေါင်းနပန်းကြီး လှည့်ကြည့်မိရပါသည်။

"မိုးဂျော်နဲ့ ပြောနေကြတာ ကြားတာနဲ့ မင်းကောလာဟလတွေ ပြန်ရှင်းရေးပေးဖို့တောင် မေမေ ပြောခဲ့သေးတယ်၊ ဖုန်းနံပါတ်လည်း ပေးခဲ့တယ်"

"သြော်"ဟု အင်ဒိုလှ သက်မကျသွားရပါသည်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



"ဟီး ဟီး ဟီး ... မောင်းရင်းက ကျွမ်းလာနေပါပြီ မိကျော့ရဲ့၊ နင်ဖြင့် လုံးဝမမောင်းတတ်ဘဲနဲ့ ငါ့ကို ဆရာလာလုပ်မနေနဲ့"

"ဟဲ့ ... ငါက မကျွမ်းလို့ မတတ်လို့ မမောင်းဘူးလေ၊ နင်က မောင်းနေတာ၊ မကျွမ်းရင် မမောင်းနဲ့ပေါ့"

"နင်ပြောမှ ပိုအာရုံနှောက်တယ် မိကျော့ရာ"

"ငါ့မှာတော့ အဟုတ်မှတ်လို့ လိုက်လာတာ၊ စိတ်ဆင်းရဲလိုက်တာ"

"နင်ဟာလေ ... ပစ်ပစ်နဲ့ ဘာကိုမှလဲ မကျေနပ်နိုင်အကောင်းမမြင်နိုင်ဘူးနော်၊ ကိုကိုကျော် တစ်ယောက်တော့အရမ်းနားငြီးမှာပဲ၊ နင့်လိုမိန်းမကို စိတ်မပျက်ဘူးလားမသိဘူး၊ အင်းလေ ... တစ်ခါတစ်ရံတော့လည်း သမုကိုသတိရရင် ရမှာပဲနော်ဟဲ့"

"ငနွယ်"

"အဟီး ... ခုနတောင် ငါ့ကို မေးလိုက်သေးတယ်၊ ဒီနေ့သွားမှာ သမုရော ပါလားတဲ့"

ကျော့က အစာနင်သလို လည်ချောင်းထဲ အောင့်သွားသော်လည်း ...



## ၉

"ဟဲ့ ... နင် ကားမောင်းတာ ဟုတ်ကော ဟုတ်ရဲ့လားငနွယ်"

"ဟဲ ဟဲ"

"ဘာဟဲဟဲလဲ ... စတီယာရင်လည်း မငြိမ်၊ ဘရိတ်အုပ်လိုက်ရင်လည်း ဖြည်းဖြည်းသက်သာ မရှိဘူး၊ ငါ့မှာ ဆီးဖြူသီးကျနေတာပဲ၊ နင် ကားနဲ့လာခေါ်လို့သာ လိုက်လာတာ၊ နင် ကားမောင်းကျွမ်း,မကျွမ်းလည်း ငါ့မှာမသိ"

"မိုင်နာလေးပါဟာ၊ ငါ သင်ထားတာ တစ်လတောင်ရှိပါပြီ"

"ဘာ ... တစ်လ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ... မေးမှာပေါ့၊ ငါတို့လေးယောက် ပြန်ဆုံကြတာ သူသိတာကိုး"

"ဒါဖြင့် ... မိကေကျတော့ ဘာလို့မမေးလဲ"

ကျော့က တော်တော်စိတ်တိုဒေါပွလာကာ ...

"ကဲ ... စကားမများစမ်းပါနဲ့၊ ကားကို သေချာမောင်းစမ်းပါ၊ အခုက ဂျန်ရှင်စကွဲကို တန်းမသွားဘဲ ဘယ်လမ်းထဲ ဝင်နေပြန်တာလဲ"

"ဒီနားက အင်တာနက်ဆိုင်လေး ခဏလောက်ပါဟာ"

"ဘာလုပ်မှာလဲ အင်တာနက်ဆိုင်ကို"

"ငါ့အမေဆီ ဖုန်းခဏ ဆက်ချင်လို့ပါ၊ ခဏလေးပါ"

"နင့်အလုပ်ချည်းပဲ ရှုပ်နေတာပဲ"

နွယ့်အမေက နွယ့်အစ်မဖြစ်သူရှိရာ ကနေဒါတိုရောက်နေပါသည်။ တစ်ခုခု ပြောစရာ ဆိုစရာရှိတိုင်း နွယ်က အင်တာနက်ဆိုင်ကနေ ဖုန်းစကားပြောနေကြပါ။ နွယ်က ကားကို အင်တာနက်ဆိုင်ရှေ့ရပ်ကာ ဆင်းလိုက်၍ ကျော့ပါ ဆင်းလိုက်လာခဲ့သည်။ ကောင်တာအနီးမှာ ခုံတစ်လုံးနှင့်ထိုင်၍ နွယ် ဖုန်းအခေါ်စောင့်နေဆဲ ကျော့က နံဘေးမှာ မတ်တတ်ရပ်နေရာက မျက်လုံးက သူနှင့်တည့်နေတဲ့ ကွန်ပျူတာတစ်လုံးဆီ အကြည့်ရောက်သွားပါသည်။





အဲဒီကွန်ပျူတာမှာ အင်တာနက်သုံးနေသူက ကျော့ကို ကျောခိုင်းထားလျက်သား ဖေ့စ်ဘွတ်ခ်သုံးနေကာ စာမျက်နှာတွေ ဟိုတစ်ခု ဒီတစ်ခု ဖြန့်ဖွင့်ထားလျက် ဟိုဟာပြောင်းကြည့်လိုက် ဒီဟာပြောင်းကြည့်လိုက်။ ကျော့ မျက်ဝန်းများက ဖျတ်ခနဲ ပေါ်လာသော ဓာတ်ပုံတစ်ပုံကို လှမ်းမြင်ကာ ...

"ဟင်"

မျက်လုံးအစုံက ပြူးထွက်သွားပါသည်။ ကမန်းကတန်းပင် မအောင့်နိုင်မအည်းနိုင် ထိုသူအနားကပ်လိုက်မိကာ တခြားတစ်ခု ပြောင်းဖွင့်လိုက်တဲ့ ကောင်ကလေးထံ ...

"မောင်လေး ... ဟို ... ဟိုလေ ... ခုနဖွင့်လိုက်တဲ့ဓာတ် ... ဓာတ်ပုံလေး ... အစ်မကို တစ်ချက်လောက် ကျေးဇူးပြုပြီး ပြန်ပြပါလားဟင်"

"ဗျာ"

ကောင်ကလေးက သူ ဖွင့်တာတွေကို နောက်က လိုက်ကြည့်နေတာလားဟု မကြည်မလင်တဲ့ရုပ်နှင့် လှည့်ကြည့်သည်။

"ဆောရီးပါနော် ...၊ ဟို ... အရေးကြီးလို့ပါ၊ ကျေးဇူးပြုပြီး ခဏပြန်ဖွင့်ပြပါနော်၊ အစ်မဘာသာ ကွန်ပျူတာဖွင့်ရှာရင်လည်း အဲဒါကိုရှာပြီး မကြည့်တတ်လို့ပါ၊ ကူညီပါနော်"



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးက မကြည်မလင်နှင့်ပင် ခုန သူဖွင့်ထားတဲ့ စာမျက်နှာဆီ ပြန်နှိပ်၍ ဖွင့်ပြလိုက်ပါသည်။

"ဒါလား"

"အင်း ... အင်း ... အဲ ... အဲဒါ၊ ဟုတ်တယ် ... အဲဒါ"

ကျော့က ကိုယ်ကိုကိုင်းကာ ဓာတ်ပုံကို ပြူးပြဲကြည့်လိုက်သည်။ ဓာတ်ပုံအောက်မှာ ရေးထားသောစာကိုလည်း တအံ့တသြ ဖတ်ကြည့်လိုက်ပါသည်။

(၁၂-၁၀-၂၀၁၂) at My garden restaurent

မီးရဲ့ကိုကို ချောတယ် မဟုတ်လား ဟင် ...

မချောဘူးလို့ ပြောရဘူးနော် ... ဒါပြီ ... :P

"ဟင် ... မီးရဲ့ကိုကို"

ကျော့ရဲ့မျက်နှာပေါ်မှာ အမူအရာ အရိပ်အကဲ အရောင်အသွေးတို့မျိုးစုံ ပြောင်းလဲ ဖြတ်သန်းသွားရပါသည်။

"အဲ ... အဲဒါ ... ဘယ်သူလဲဟင်"

"ဖတ်ကြည့်လေ ... အစ်မကလည်း၊ ဒီမှာ သူ့နာမည်ပါတယ်လေ"

"Mya Yee Sane Phant Phant ... ဟင် ... သူက မော်ဒယ်လ်လား"

"ဟုတ်တယ်လေ အစ်မရယ်၊ မမြင်ဖူးဘူးလား"





"မြင်ဖူးပါတယ်၊ မြင်ဖူးလို့ ဘယ်သူများလဲလို့ပါ၊ နာမည်မေ့နေလို့ပါ၊ ဒီဘက်ကလူက ..."

"သူလည်း နာမည်ကျော် သူဌေးပဲလေ၊ ဦးအုန်းလှ ဆိုတာလေ၊ သူတို့က အစ်မနဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

"သြော် ... မပတ်သက်ပါဘူး၊ အသိနဲ့ ဆင်နေလို့ပါ ... ဟင်း ဟင်း ဟင်း၊ ကျေးဇူးပဲနော်၊ ကျေးဇူးပါပဲ"

"သူတို့က ဓာတ်လမ်းလေဗျာ၊ မကြားဖူးဘူးလား၊ ပြတ်သလိုလို မပြတ်သလိုလို၊ ကောင်မလေးက အတင်းလိုက်သလိုလို၊ ဘဲကြီးက ဖြုတ်ချထားခဲ့သလိုလို၊ သတင်းတွေက မျိုးစုံထွက်နေတာ ဘယ်ဟာ အမှန်မှန်းကို မသိတာ"

"သြော် ... အဲလိုလား၊ ကျေးဇူးပါပဲ မောင်လေးရယ်"

"ဟဲ့ ... ကျော့"

နွယ့်ဘက်ကို လှည့်ကြည့်လိုက်သော ကျော့ရဲ့ မျက်နှာမှာ နှုတ်ခမ်းစွန်းဟာကော့ကော့၊ မျက်လုံးများဟာ မှေးစင်းစင်း။ တစ်စုံတစ်ရာကို အကျေနပ်ကြီး ကျေနပ်နေသလိုရုပ်နှင့် ရုပ်ပြောင်းနေတာကို နွယ်က အံ့အားတသင့်ကြည့်ရင်း ...

"နင် ဘာလုပ်နေတာလဲ"

"ဒီလိုပေါ့ဟာ၊ နင် ဖုန်းပြောပြီးပြီလား ... မြန်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



“ပြောပြီးပြီလေ ... ဒါပဲလေ၊ မကြာ မကြာ ဆက်နေတာ ပဲဟာ၊ နင် ဘာတွေ သူများဆီ သွားစပ်စုနေတာလဲ”

နွယ်က ပိုက်ဆံရှင်းပြီး ဆိုင်ထဲက အထွက်မှာတော့ ကျော့ရဲ့အာဘောင်အာရင်းသန်သန် ဓာတ်ကြောင်းပြန်ကို တယ် တခဲကြားရတော့သည်ဖြစ်ရာ ကားပေါ်အရောက်မှာ ကားကိုတောင် မောင်းမထွက်နိုင်သေးအောင် စကားစကမပြတ်။ နွယ်သည်လည်း မျက်လုံးပြူး မျက်ဆန်ပြူး အံ့အားတသင့်။

ဘာမှမရှိတဲ့ အကြောင်းအရာတိုလေးကို နှစ်ကြိမ် လောက်ကျော့ပြီး နားထောင်ရပြီးတဲ့နောက် နွယ်က မျက်မှောင် ကုတ်လာကာ ...

“နေပါဦး မိကျော့၊ နင်က ဒီကိစ္စကို ဘာကိစ္စ ဒီလောက် ဝမ်းပန်းတသာ အားရပါးရ ဖြစ်နေရတာလဲ”

ကျော့က ဖျတ်ခနဲ ဘရိတ်အုတ် အရှိန်သတ်လိုက် ကာ ...

“နင်ကလည်း ... ငါက ဘာကိုဝမ်းသာရမှာလဲ”

“အမယ်လေး ... ကျော့ရယ်၊ သူများပဲ နင်သွားမေး နော်၊ ငါ့ကို လာမပလီနဲ့၊ နင့်ပုံစံက ဦးအုင့်လှကို တခြား ကောင်မလေးနဲ့ ဘာလိုလို ခေတ်ပုံတွေ့လာတဲ့ကိစ္စကို ဝမ်းမြောက်ကျေနပ်နေတာ အသိသာကြီး”





“ဟဲ့ ... ဝမ်းမြောက်တယ် ကျေနပ်တယ်တော့ ဘယ်ဟုတ် ပါ့မလဲ၊ ဒါပေမဲ့ ငါ့စိတ်ထဲမှာ အစကတည်းက အုင့်လှ လိုလူမျိုးဟာ သမုကို မေတ္တာစစ် မေတ္တာမှန်နဲ့တော့ ချစ် ပါ့မလား တွဲပါ့မလား ထင်နေတာလေ”

“နင့်စကားက ဘာလဲ ... သမုက ဘာမို့လဲ”

“သမုက သာမန်မိန်းကလေးပဲလေ၊ သူက သူဌေးမင်းလေ၊ သူလိုလူမျိုးမှာ ခါချနေရမှာချည်းပဲ၊ ဒီအဆင့်လောက်နဲ့ ရော လက်ထပ်မလား၊ အပျော်ပဲတွဲမှာပေါ့”

“မိကျော့ ... နင်ဟာလေ၊ သူငယ်ချင်းဘက်က နာမယ် တော့ စိတ်မကူးပါလား”

နွယ်က ကျော့ကို အမြင်ကတ်ကတ်နှင့် စက်နှိုး မောင်းထွက်လိုက်ပါသည်။

“ဦးအုင့်လှမှာ နောက်တစ်ယောက် ရှိတယ်ဆိုရင် နင်ပိုကို ပျော်မှာ၊ နင်က သမုကိုမှ မနာလိုတာ၊ ဦးအုင့်လှလိုလူမျိုး နဲ့ လက်ထပ်ပြီး နင့်ထက်သာတဲ့ယောကျာ်း ရသွားမှာကို ဝန်တိုမစ္ဆရိယတွေ ဖြစ်နေတာ၊ နည်းနည်းပါးပါးလည်း ဟန်ဆောင်ဖုံးဖိစမ်းပါဦး မိကျော့ရယ်၊ သမုနဲ့ ကြိုက်နေ ရင်းက ဟိုကောင်မလေးနဲ့ပါ ထပ်ကြိုက်ရင်တော့ ဦးအုင့်လှ မကောင်းဘူး၊ ဒါပေမဲ့ စားသောက်ဆိုင်တစ်ခုရဲ့ စားပွဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ယှဉ်ထိုင်နေတဲ့ပုံ ဖြစ်ရုံနဲ့ ရည်းစားရယ်လို့တော့ ပြောလို့ရမလား၊ နင်ဟာ သမုအတွက်ဆို အကောင်းဘက်ကကို မတွေးဘူး"

"ဟဲ့ ... သူ့စာကို ပြောပြပြီးပြီလေ၊ မီးရဲ့ကိုကို ချောတယ် မဟုတ်လားဟင်၊ မချောဘူးလို့ ... လို့ ..."

"အဲဒါ ဘာဖြစ်လဲ၊ ချစ်ကြောင်း ကြိုက်ကြောင်းမှ မပါတာ"

"ငါက သမုဘက်က အကောင်းမတွေးဘူးဆိုရင် နင်ကတော့ သမုဘက်က လိုတာထက် ပိုအကောင်းတွေးလွန်းနေပြီ၊ ဘာမဆို ဖြစ်နိုင်တာကို ကောင်းတာလေးချည်းမှ ရွေးတွေးရမှာလား"

"ဟုတ်ပါတယ် ... နင်က မကောင်းမြင်ဝါဒီပဲဟာ"

"နေဦး နင်ပြောသလို သမုနဲ့ကြိုက်နေရင်း ဟိုကောင်မလေးနဲ့ ထပ်ကြိုက်တာတောင် ဟုတ်ရဲ့လားမသိဘူး၊ ဘယ်သူနဲ့တောင် အရင်ကြိုက်လဲ နင် သေချာလို့လား၊ နေဦး ငါ သမုကို မေးကြည့်ဦးမယ်"

ကျော့က ဖုန်းကို ချက်ချင်းထုတ်ကာ ဖုန်းနံပါတ်နှိပ်နေ၍ ...

"ဟဲ့ ... စိတ်ပုပ်မ၊ နင် သမု စိတ်ဆင်းရဲအောင် လုပ်ဦးမယ်ပေါ့"





"မလုပ်သေးပါဘူး ... မေးရုံလေးပါ၊ ဟယ်လို ... ဟယ်လို ... ငါပါဟဲ့ ... ကျော့ပါ၊ နင့်ကို မေးစရာရှိလို့ သမု"

"နောက်မှ ပြန်ဆက်ပါလားဟာ၊ ငါ အလုပ်များနေတယ်၊ ဒါပဲနော်"

"ဟဲ့ ... တစ်ခုပဲမေးမှာ၊ နင် ဦးအုဋ္ဌလုနဲ့ကြိုက်တာ ဘယ်လောက်ကြာပြီလဲ၊ ဘယ်လတုန်းက စ,ကြိုက်တာလဲ၊ ပြောစမ်းပါ"

တစ်ဖက်က သမုသည် ဖုန်းကို ပခုံးနှင့်ပင်ညှပ်ကာ အပြေးအလွှား အလုပ်တစ်ဖက်ပြောနေဆဲ စိတ်တွေတိုကာ ...

"နင် ဘာတွေလာမေးနေတာလဲ ကျော့၊ ပြဿနာပဲ၊ အလုပ်ရှုပ်နေပါတယ်ဆိုမှ၊ နောက်မှ ပြန်ဆက်ဟာ ... ဒါပဲ"

"ဟယ့်လို ... အမယ် ကြည့်စမ်း၊ မိန်းမ ... ငါ့ကို ဖုန်းချသွားတယ်"

ကျော့က ဖုန်းကိုပြန်နှိပ်မည် လုပ်နေ၍ နွယ်က စိတ်တိုတိုနှင့် ကျော့လက်ထဲကဖုန်းကို လှမ်းဆွဲယူလိုက်ပါသည်။ ကျော့ကလည်း ပြန်လုနှင့် ဗရုတ်သုတ်ခ ဖြစ်သွားရင်း ...

"ဒုတ်"

"အား ... သေပြီဟာ"



www.burmeseclassic.com

www.burmeseclassic.com



နွယ့်ရဲ့ကား ဦးစွန်းဟာ ရှေ့နားက လင့်ခရူဇာဆိုက် ဂနပ်စ်ကားမည်းကြီးရဲ့ နောက်စွန်းကို ဒုတ်ခနဲ ဆောင့်မိပါလေတော့သည်။ နွယ်က မျက်နှာကိုရှုံ့မဲ့နေဆဲ ကားထဲက လူတစ်ယောက် ထွက်လာပြီး သူတို့ကားကိုကြည့် နွယ့်ကားကိုကြည့်ပြီးလျှင် ရှေ့ကညာဘက်လမ်းသွယ်သို့ လက်ဝါးနှင့်ဝင်လိုက်ဖို့ ညွှန်ကြားလိုက်ပါသည်။

လှည်းတန်းမီးပွိုင့်အလွန် တံတားဆောက်လက်စကြောင့် အကာအရံတွေနှင့် လမ်းကျဉ်းနေရတဲ့နေရာမို့ ကားတွေက AGDဘဏ်ရှေ့မှာ ကျပ်ခဲပိတ်ဆို့နေရာက ဝင်တိုးမိခြင်းဖြစ်ပါသည်။ ရှေ့ကားကလည်း ဘဏ်ဘေးလမ်းသွယ်ထဲ ချိုးလိုက်၍ နွယ်လည်း အင်ဒီဂေတာပြကာ ထိုလမ်းသွယ်ထဲ လိုက်ချိုးရပါတော့သည်။

"နင့်ကြောင့် ... စိတ်ပုပ်မ၊ နင် စိတ်ပုပ်လို့"

"ဘာမှမဆိုင်ဘူး၊ ကားမောင်းလည်း မကျွမ်းဘဲနဲ့ ကားမောင်းနေရင်းများ ငါ့ဖုန်းလာလုတာကိုး၊ နင်လုလို့ဖြစ်တာပဲလေ"

"နင် သမုကိုသွားပြီး နေရင်းထိုင်ရင်း စိတ်အနှောင့်အယှက်ပေးနေတာ မလုပ်စေချင်လို့ပေါ့ဟယ်၊ ဘယ်လိုမိန်းမပါလိမ့်၊ ငယ်ငယ်ကမို့ မနာလိုဝန်တိုတတ်တာလားမှတ်တယ်၊ ကြီးလာတော့ စိတ်ပါပုပ်လာတယ်၊ အံ့ရောပဲ"





"အို ... ငါက သိချင်တာဆို နိုက်နိုက်ချွတ်ချွတ် သိကိုသိရမှမို့မေးတာ၊ ငါ့ဘာမှ စိတ်မပုပ်ဘူး၊ မနာလိုလည်း မဖြစ်ဘူး၊ နားလည်လား"

"ဪ ... အေး ... မှတ်တောင် ထားရဦးမယ်"

ကားတစ်ဖက်တစ်ချက်မှ နွယ်နှင့် ကျော့က ဆင်းလိုက်ပါသည်။ ဆင်းတဲ့ပုံတွေကလည်း ကိုယ့်ကိုယ်ကိုယ် ကြော့ကြော့မော့မော့ ဆွဲဆောင်မှုရှိရှိ ကြည့်လို့ကောင်းအောင် အိုက်တင်အပြည့်နှင့် ဆင်းကြတာဖြစ်သည်။ ဒါမှ ရှေ့ကားက(ယောကျ်ားဖြစ်ဖို့များသော)မောင်းသူဟာ သူမတို့အလှအပမှာ ကယောက်ကယက် ညွှတ်နူးတိမ်းမူးပြီး အလျှော်တောင်းတဲ့အခါ ကြင်ကြင်နာနာ ငဲ့ငဲ့ညှာညှာ ဖြစ်မှာလေ။

ခုနကတည်းက ဆင်းလာနှင့်သောလူကို သေချာကြည့်ရင်း ...

"မိကျော့ ... မိကျော့ ... အဲဒီလူကို နင် မမြင်ဖူးဘူးလား"

"အင် ... အေး ... မြင်ဖူးတယ်"

"ဘယ်သူလဲ"

"နေ ... နေဦး ... မမှတ်မိဘူး၊ နင်က ဉာဏ်ကောင်းလှချည်ရဲ့ဆို၊ နင် မမှတ်မိဘူးလား"

"ဟင် ... ဟဲ့ ... အဲဒါ ဦး ... ဦးအုန့်လှရဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



နှယ့်စကားမဆုံးခင် ကားထဲက လူတစ်ယောက် ဆင်းလာပါသည်။

"ဦး ... ဦးအုဋ္ဌလှ"

ကျော့နှုတ်ဖျားက ထစ်ထစ်ငေါ့ငေါ့ ရေရွတ်သံလေး ထွက်ပေါ်လာသည်။ နှယ့်မျက်နှာကတော့ မျက်နှာချိုသွေးသလို ပြုံးဖြီးဖြီးလေး ဖြစ်သွားရကာ ...

"သြော် ... ဦးအုဋ္ဌလှ နေကောင်းတယ်နော် ... အဟင်း ဟင်း"

အုဋ္ဌလှက မျက်မှောင်ကုတ်သွားရကာ အမျိုးသမီး နှစ်ယောက်ကို ကြည့်လိုက်ပါသည်။ ဘယ်သူတွေလဲ ... သိဟောင်း ကျွမ်းဟောင်းတွေလို နှုတ်ဆက်နေလိုက်တာ။

"နေကောင်းတာ မကောင်းတာထက် ဘယ်လိုဖြစ်တာလဲ ဗျာ၊ ငြိစရာ ချိတ်စရာ ဘာအကြောင်းမှလဲ မရှိဘဲနဲ့၊ အခု ဘယ်လိုလုပ်မလဲ"

"သြော် ... ဟိုလေ၊ ဘာမှမဖြစ်လောက်ပါဘူး၊ နည်းနည်း ကလေးပါ၊ ကျွန်မကားကမှ နည်းနည်းလေး ပိုထိသေး တယ်၊ ဦးအုဋ္ဌလှကားက မဆိုစလောက်လေး ပိစိကွေးလေး ထိတယ်ဆိုရုံလေး၊ ဒီမှာလေ ... ဒီမှာ ... အစင်းလေးတောင် မပေါ်ချင့်ပေါ်ချင်လေးပါ ... ဟဲ ဟဲ"





မိုးဂျော်က ကားကိုငုံ့ကိုင်းကြည့်သည်။ ဟုတ်တော့ ဟုတ်ပါသည်။ နည်းနည်းပါပဲ။ အရှိန်လည်း မပြင်းလှတာကြောင့် ဘာမှတော့ သိပ်မဖြစ်လှပါ။ သို့သော် အလကားနေရင်း အရော ဝင်နေသော အမျိုးသမီးနှစ်ယောက်ကို အုဋ္ဌလှက သဘောမကျ လှ၍ ...

"ဒီလောက် အရှင်းကြီးဗျာ၊ ဖြည်းဖြည်းလေးတွေ သွားနေ ကြတာကို နောက်က ဝင်ဆောင့်မိရတယ်လို့၊ နည်းနည်း လေး ထိတယ်ဆိုလည်း ထိတာကတော့ ထိတာပဲလေ"

"ဟုတ်ပါတယ်၊ ကျွန်မတို့လည်း ဟို ... ဟို ... ဖုန်းခေါ် ရင်းက နည်းနည်းအာရုံလေးများပြီး ..."

"ကားမောင်းရင်း ဖုန်းမဆက်နဲ့ပေါ့ဗျာ"

ခပ်တင်းတင်းပြောနေသော အုဋ္ဌလှကို ကျော့က အမြင်ကတ်လာပြီး ...

"ကျွန်မတို့က သမုဆီ ဖုန်းခေါ်နေတာပါ"

"ဘယ်သူ့ဆီ ခေါ်တာ ဘာအရေးကြီးလို့လဲ၊ ဘာ ... ဘယ်သူ ..."

စကားပြန်လိုက်ပြီးမှ နာမည်ကို အုဋ္ဌလှက အံ့အား သင့် သတိပြုမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမုဆီလေ၊ ကျွန်မတို့ သမုသူငယ်ချင်းတွေပါ၊ ဦးအုန်းလှ မမှတ်မိဘူးထင်တယ်၊ ဟိုတစ်နေ့က ချက်ထရီယမ်မှာ ဆုံတယ်လေ"

အုန်းလှ မျက်နှာက တစ်မျိုးတစ်မည် ဖြစ်သွားရ ရင်း ...

"ဪ ... သမုသစ် သူငယ်ချင်းတွေလား၊ သမုသစ် သူငယ်ချင်းတွေ ဖြစ်တာက တစ်ပိုင်းလေ၊ ကားကိုဆောင့် မိတာက တစ်ပိုင်းပဲ"

"ကားက မဆိုစလောက်ကလေး ထိတာပဲကို၊ သမုသူငယ် ချင်းတွေဆိုတော့ ဒီလောက်ကတော့ ဖွဲမယူနေသင့်ပါဘူး ဦးအုန်းလှရယ်"

"သမုသစ် သူငယ်ချင်းတွေ ဖြစ်တာနဲ့ပဲ ကျွန်တော်က ဘာဖြစ်လို့ ဖွဲမယူရမှာလဲ"

"ဪ ... ရှင်ကလည်းလေ၊ မျက်နှာထောက်သောအားဖြင့် ပေါ့၊ ကိုယ့်ချစ်သူတစ်ယောက်လုံးရဲ့ သူငယ်ချင်းတွေလေ"

"ဗျာ ... ဘာပြောလိုက်တယ် ခင်ဗျာ"

အုန်းလှ မျက်လုံးကြီးကပြူးကာ မျက်နှာကြီးကမယုံ နိုင်သလို ပျက်ယွင်းသွားတာကြောင့် ကျော့နှင့်နွယ် တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်ကာ လက်ချင်းလေးပင် ချိတ်တွဲထား





ကြိုက်မိသည်။ တင်းမာလိုက်တာ။ ကြောက်စရာ။ ဘယ့်နှယ်လုပါ ကွမ့်။

"မိုးကျော်"

"ဟုတ် ... အစ်ကို"

"ငါ့ဖုန်းထဲမှာ ဖုန်းနံပါတ်ရှိလား"

"ဟုတ် ... ဟိုတစ်နေ့က ကျွန်တော် ထည့်ပေးထားပါတယ်"

အုန်းလှက ခါးတစ်ဖက်ထောက်ကာ ဖုန်းနံပါတ်ကို သက်တစ်ဖက်နှင့်ပဲ ရှာဖွေ၍ နှိပ်လိုက်ပါသည်။ တစ်ချက် နှစ် ချက်ပဲမြည်ကာ ...

"ဟဲ့ ... ဘယ်လိုဖြစ်နေလဲ ငါ မအားပါဘူးလို့ ဘယ်နခါ ပြောရမလဲ၊ ငါ့ဟာငါ ဦးအုန်းလှနဲ့ ဘယ်အချိန်က စ,ကြိုက် ကြိုက် နင့်အပူလား ... မိကျော့"

အုန်းလှက ပါးစပ်ပင် အဟောင်းသား ဖြစ်သွားရ ကာ စိတ်လည်း ထောင်းခနဲတိုလျက် ...

"ဒီမှာ ဘယ်သူထင်ပြီး ပြောနေတာလဲ"

"ရှင် ... ဟင် ... မိကျော့လည်း မဟုတ်ဘူး၊ ဆောရီးပါ ရှင်၊ ကျွန်မက နံပါတ်ငါးတစ်တစ်နဲ့ စ,တာပဲ မြင်လိုက် လို့ မျက်စိလျှမ်းပြီး သူငယ်ချင်းထင်လို့ပါ၊ အခုပြောနေတာ ဘယ်သူပါလဲရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲဆိုတော့ အဲဒီ မင်းနဲ့ ဘယ်အချိန်ကစ,ကြိုက်မှန်းမသိတဲ့သူပဲ"

"ရှင်"

"ကဲ … ပြောပါဦး၊ ဘယ်အချိန်က စ,ကြိုက်သွားပါလိမ့်"

"ဟင် … ဦး … ဦးအုဋ်လှလားဟင်"

"ဟုတ်တယ်"

"အား … သေပါပြီ၊ သေလိုက်ပါတော့နော်"

"မသေပါနဲ့ဦး၊ ဆိုစမ်းပါဦး၊ ဘယ်လိုများ ဖြစ်ရတယ်ဆိုတာ၊ အံ့သြလို့တောင် မဆုံးတော့ဘူး၊ တစ်ယောက်လာလည်း ဒီအချိုး၊ တစ်ယောက်လာလည်း ဒီအကျင့် ဖြစ်နေပါလား၊ ခင်ဗျားတို့မိန်းမတွေ ဘာဖြစ်နေကြတာတုံး"

သမုသည် ရှက်မွန်သွားမိသော်လည်း လေသံမာနှင့်ဟောက်နေသော အုဋ်လှကိုလည်း စိတ်တိုမိကာ …

"ဒီမှာ ဦးအုဋ်လှ၊ ရှင် ကျွန်မကို မြရည်စိမ်းဖန့်ဖန့်နဲ့ နှိုင်းမပြောပါနဲ့၊ ကျွန်မ အဲသလို မဟုတ်ဘူး"

"အဲသလိုမဟုတ်ရင် ဘာလဲ၊ အခု ဒီမှာ ခင်ဗျားသူငယ်ချင်းမနှစ်ယောက်က ကျွန်တော့်ကားကို နောက်ကဝင်တိုက်ပြီး ချစ်သူရဲ့သူငယ်ချင်းတွေမို့လို့ မျက်နှာထောက်ပြီး ပြေငြိမ်းဖို့ ကျေအေးဖို့ ပြောနေပါလား"





"ဟင် … ကျော့နဲ့ နွယ်လား"

"ဘယ်သိမလဲဗျ … ဘယ်လိုဖြစ်လို့ သူတို့က ခင်ဗျားနဲ့ ကျွန်တော့်ကို ချစ်သူတွေလို ထင်မှတ်နေကြတာတုံး၊ အဲဒါ ခင်ဗျားမပြောထားဘဲနဲ့ ဖြစ်နိုင်ပါ့မလား"

"ကျွန်မ အဲသလို မပြောဘူး … ဒုက္ခပါပဲ၊ ဘယ်လိုရှင်းရမှန်းကို မသိတော့ဘူး သေချင်လာပြီ"

"တစ်ဆိတ်ရှိ သေချင်မနေပါနဲ့၊ တစ်နည်းနည်းနဲ့ ရှင်းပြပေါ့၊ ဒါ အသရေဖျက်မှု မြောက်တယ်နော်"

"ဘာရှင့် … ရှင့်အသရေကိုပဲ ကျွန်မက ဖျက်ရဦးမယ်"

"ဒါဖြင့် ဘာလဲ၊ ဘာလုပ်တာလဲ"

"ကျွတ် … ဒီမှာ ဦးအုဋ်လှ၊ အခု ကျွန်မ လုံးဝစကားပြောဖို့ မအားလို့ပါ၊ လုံးဝမအားတာပါ … ယုံပါ၊ နောက်တော့ သေချာရှင်းပြပါ့မယ်၊ ရှင့်ကားထိသလောက်လည်း ကျွန်မ လျော်မယ်ရှင်၊ သူတို့ကို ဘာမှပြောမနေဘဲ ပြန်လွှတ်လိုက်ပါ၊ ဒါပဲနော်"

"ဟယ်လို … ဟယ်လို … ဟယ်လို … ကျွတ်"

အုဋ်လှက လိုင်းပြတ်သွားသောဖုန်းကို နောက်လက်တစ်ဖက်နှင့် ရိုက်ပစ်လိုက်သည်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com

# ၁၀

သမုက ကားကို မြကျွန်းသာရှေ့ ပါကင်ထိုးရပ်လိုက်တဲ့ အုဋ္ဌလုကို မျက်လုံးဝိုင်းလေးနှင့် ငုံ့ကြည့်ရင်း ...

"ဘာ ... ဘာဖြစ်လို့ မြကျွန်းသာကို လာတာလဲ"

"မြကျွန်းသာကိုလာတော့ ဘာဖြစ်လို့လဲ"

ဘာပြန်ပြောရမှန်းတောင်မသိ။ ကလေးတွေ ဆယ်ကျော်သက်တွေ စုံတွဲတွေက မြင်ကွင်းထဲမှာ ဟိုဟိုဒီဒီရှိနေသည်။ ကိုယ်တွေကပဲ စုံတွဲလိုလို ဘာလိုလို။ ဒါကို သူ့ကိုလည်းဖွင့်မပြောချင်ပါပေ။ ကိုယ်က မရိုးမသားတွေးသူ ဖြစ်ရလိမ့်ဦးမည်။

"ကျွန်တော့်ရုံးနဲ့ရော ခင်ဗျားရုံးနဲ့ရောနီးတဲ့ Public Area ဒါပဲရှိတယ်လေ၊ စားသောက်ဆိုင်တွေ ဘာတွေလဲ မသွားချင်တော့ဘူး၊ အရင်တုန်းကလည်း အဲဒီစားသောက်ဆိုင်တွေ တူတူသွားမိတဲ့အမှုနဲ့ အတင်းအချည်ခံရတာပဲ"





"သြော် ... ရှင်ဟာလေ ပြောပဲပြောတတ်တယ်၊ အံ့သြပါရဲ့၊ ရှင်က အဲလိုပြောတော့ မိန်းကလေးဖြစ်တဲ့ ကျွန်မက ပြောစရာစကားတောင် မရှိတော့ဘူး၊ တကယ်ပါပဲ"

"ကျွန်တော်က ဘာသဘောမှ မပါဘဲ မှန်တာပြောတာပါ"

"ဟုတ်ကဲ့ရှင် ... ကျေးဇူးတင်ပါတယ်"

"ရွဲ့ပြောတာလား ... တကယ်ကျေးဇူးတင်တာလား၊ ကျွန်တော်က တစ်ခါတလေ ရွဲ့လို့ရွဲ့မှန်းသိတာ မဟုတ်ဘူး၊ တကယ်စိတ်ရင်းနဲ့ပြောတာ ဆိုရင်တော့ ကျေးဇူးတင်ဖို့ မလိုပါဘူး"

"သြော် ... ဟုတ်ပါပြီရှင်၊ ကဲ ... ရှင် ပြောစရာရှိတာ ပြောပါ"

"ခင်ဗျား ပြောရမှာလေ သမုသစ်၊ ခင်ဗျားသူငယ်ချင်းတွေက ကျွန်တော်နဲ့ ခင်ဗျားကို ဘာကြောင့် ချစ်သူတွေလို့ သတ်မှတ်တာလဲ၊ ခင်ဗျား ဘာပြောထားလဲ ကျွန်တော် သိချင်တယ်"

"အခြေအနေ အရပ်ရပ်က အဲသလိုပဲ ဖြစ်သွားတယ်"

"ဘာလဲဗျ၊ အဲလိုလေး ပြောလိုက်ရုံနဲ့တော့ ဘယ်ပြီးပါ့မလဲ၊ ကျွန်တော်က တစ်ကြိမ်ကြုံထားပြီးပြီ၊ ဒီကိစ္စမျိုးတွေကို Serious ဖြစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်းပေါ့လေ ... ရှင်က ခဲမှန်ဖူးတဲ့ စာသူငယ်လေး ပေါ့"

"ကဲ ... ကဲ ... ကျွန်တော် နားထောင်နေတယ်"

ဘယ်လိုလုပ်ပါလိမ့်။ အမြင်ကတ်လှပေမယ့် တစ်ခိုတစ်ရာသော အရှိန်အဟုန်က သမုကို စိုးမိုးလွှမ်းခြုံနေကာ သမုသည် စိတ်ရှိတိုင်းလည်း သူ့ကို မထေ့မဲ့မြင် မပြုလိုပါ။ အဲဒီအရှိန်အဝါဟာ သူ့ရဲ့ချမ်းသာကြွယ်ဝမှုကြောင့် မဟုတ်တာတော့ သေချာပါသည်။ သူ သူဌေးမင်းမို့ သူ့ကို မထေ့မဲ့မြင် မပြုဝံ့တာမဟုတ်။ ဘာကြောင့်လို့လဲ သမု သေချာမပြောတတ်။

သမုက ဖြစ်ပျက်နေတဲ့ စကားအသွားအလာ အဓိပ္ပာယ်လွဲမှား သက်ရောက်မှု အခြေအနေတို့ကို မထူးဘူးရယ်လို့ မျက်နှာပူပူ ခပ်ရှက်ရှက်နှင့်ပင် သူ့ကိုအမှန်အတိုင်း ရှင်းပြပြောပြမိပါသည်။ ဟုတ်တယ်လေ ... မျက်နှာပူလို့ ရှက်လို့ အမှန်ကိုမှ ပြောမပြရင် သမုကို ဦးအုင်လှက အထင်လွဲ အထင်သေးတော့မှာ။ ချစ်သူတွေလို လုပ်ကြံသတင်းမှားဖြန့်နေတယ်လို့ စွပ်စွဲမှာပေါ့။

သမုရဲ့စကားတွေကို သမုရဲ့မျက်နှာ စေ့စေ့စိုက်ကြည့်ကာ နားထောင်နေတဲ့ အုင်လှကြောင့် သမုက မျက်လုံးချင်း မဆိုင်ဝံ့ဘဲ မျက်လွှာချထားရင်း အထစ်ထစ် အတုံ့တုံ့ ရှင်းပြနေမိပါသည်။ ဖျတ်ခနဲတော့ တစ်ချက်တလေ သူ့ကိုကြည့်မိတာ





ချိုးရှိရာ သူ့မျက်နှာဟာ တစ်ခါတလေမှာ ပြုံးချင်သလိုလို တစ်ခါတလေမှာ မျက်မှောင်ကုတ်ကုတ်နှင့် အမျိုးမျိုးပြောင်းလဲနေတာ မြင်ပါသည်။

မငုံ့တငုံ့နှင့် မျက်လွှာလေးချကာ ဆံပင်လေးတစ်ဖက်တစ်ချက် ဝဲကျကာ ဝဲကျတာလေးကို သပ်ကာ တင်ကာ ရှက်ကိုးရှက်ကန်း မျက်နှာလေးနှင့် ပြောနေတဲ့ သမုကို အုင်လှက စိုက်ကြည့်နေရင်းက ရယ်လည်းရယ်ချင် ကရုဏာလည်းသက်သယောင်လည်းဖြစ်။ ဘာပဲဖြစ်ဖြစ် သူမမျက်နှာကလေးနှင့် သူမစကားလုံးတို့ဟာ ဖြူစင်တယ် အပြစ်ကင်းတယ်လို့တော့ သူကယူဆမိလေသည်။

"အဲဒါပဲ၊ အဲလိုတွေနဲ့ ကျွန်မလည်း ဟို ... ပြန်ရှင်းပြဖို့ ခက်ရင်း အခုလို အခြေအနေ ဖြစ်နေတာပါ၊ ကျွန်မပါးစပ်ကတော့ ဦးအုင်လှနဲ့ ကျွန်မ ဟိုဒင်းပါလို့ တစ်ခွန်းမှမပြောခဲ့တာ အမှန်ပါ"

"ဪ ... အဲလိုလား"

"ဟုတ်တယ်ရှင့်"

"ဒါပေမဲ့ ဒီလိုဆိုရုံနဲ့ ခင်ဗျား အပြစ်ကင်းလှတယ်တော့ မဟုတ်ပါဘူး"

သမုက အုင်လှကို မျက်စောင်းတစ်ချက် မသိမသာ ထိုးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"လုပ်ကြံလိမ်ညာ ပြောတာကလည်း မသမာမှုဖြစ်သလို သူများအလွဲထင်နေတာကို အမှန်မဖြေရှင်းဘဲ မှိန်းပြီးမျှော နေခြင်းဟာလည်း မသမာမှုပဲ၊ သူတို့ထင်တာ မှားမှန်းသိ ရက်နဲ့ မဟုတ်ဘူးလို့ မငြင်းတာ ဒါလည်း တစ်မျိုး မှုသားပဲ"

"........"

"ဒါနဲ့ ခင်ဗျား အသက်ဘယ်လောက်ရှိပြီလဲ"

"ဘာလုပ်မလို့လဲ"

သမုက မပွင့်တပွင့် ပြန်မေးလိုက်ပါသည်။

"ဩော် ... မေးကြည့်တာပေါ့ဗျာ၊ မိန်းမတွေများ အသက် မေးရင် မကြိုက်ချင်ဘူး"

"သုံးဆယ် ... သုံးဆယ်ထဲမှာ"

"အသက်သုံးဆယ် !... ပြီးတော့ ခုထိ ခင်ဗျားက ချစ်သူ မရှိဘူးပေါ့"

"အဲဒါ ရှင်နဲ့ ဘာဆိုင်လဲ"

"ဘာလို့မဆိုင်ရမှာလဲ၊ ကျွန်တော်က အဲထင်လွဲခံရတာ တောင် ဂေါ်မစွံအပျိုကြီးနဲ့ အထင်လွဲခံရတော့ နစ်နာတာ ပေါ့"

ပြောအပြီး အုငွဲလှက ရယ်ချင်စိတ်ကို မထိန်းနိုင်၍ နှုတ်ခမ်းကိုကိုက်ပြီး တစ်ဖက်ကို မြန်မြန်လှည့်လိုက်ရပါသည်။





"ဘာရှင့် ...၊ ရှင် လူကို မှိုချိုးမျှစ်ချိုး ပြောစရာလား၊ ကျွန်မက မစွံတာမဟုတ်ဘူး သိရဲ့လား၊ ရှင်တို့ယောက်ျား တွေကို စိတ်ကိုမဝင်စားတာ"

"ဩော် ... ဩော် ... ဟုတ်ရဲ့လားဗျာ၊ ယောက်ျားဆို စိတ်ကိုမဝင်စားလို့ မပတ်သက်တာဆိုရင် သူငယ်ချင်းတွေ ကို အဲဒီအတိုင်းပဲ ပြောလိုက်ပေါ့၊ ချစ်သူပဲရှိနေပြီလိုလို ယောက်ျားပဲ ယူတော့မလိုလို ဘာဖြစ်လို့ လိမ်ညာပြောရ တာတုန်း"

"ရှင် မသိပါဘူး၊ ရှင်မှ မခံစားဖူးတာ၊ ဒါကိုပဲ ထိခိုက် ပြောနေကြတာ ကြာတော့ အောင့်တာပေါ့၊ ပြီးတော့ ... မိကျော့ကဆိုရင် ပိုဆိုးတာ၊ ကျွန်မကပဲ အပေအတေမို့လို့ ကိုကိုကျော်က မကြိုက်သလိုလို၊ သူ့လောက်မလှလို့ သူ့ လိုမတော်လို့ ကိုကိုကျော်က ကျွန်မကိုရှောင်ပြီး သူ့ကို ရွေးသွားတာလိုလို လူကိုအမြဲနှိမ်ပြီးပြောတာ ရှင်က ခံမှ မခံဖူးတာ"

"နေပါဦး ... မိကျော့ဆိုတာ အဲဒီနေ့က နှုတ်ခမ်းခပ်ထော် ထော် မျက်နှာ ခပ်တင်းတင်းနဲ့ တစ်ယောက်ထင်တယ်၊ စိတ်ကောင်းရှိပုံလည်း မရဘူး၊ ခင်ဗျားတို့ကလည်း ဘယ် လိုတုန်းဗျာ၊ ငယ်သူငယ်ချင်း အရင်းတွေလည်း ဆိုသေး တယ်၊ တစ်ယောက်အပေါ် တစ်ယောက် အတွင်းသဘော



www.burmeseclassic.com

www.burmeseclassic.com



အစစ်အမှန်နဲ့ ချစ်ခင်အားပေး ဖေးမတယ်တော့ မရှိဘဲ ကျိတ်ပြီး ပြိုင်နေ မနာလိုနေ နှိမ်ပြောနေကြတာပဲလား"

"ကျန်တဲ့နှစ်ယောက်က ကောင်းပါတယ်၊ မိကျော့ကတော့ ငယ်ငယ်ကတည်းက ကျွန်မကို အမြဲပြိုင်တာ၊ ကိုကိုကျော်က ကျွန်မကို တရင်းတနှီး အလိုလိုက်တာ ဂရုစိုက်တာတွေကို သူက ကိုကိုကျော့်ကို ကြိုက်နေတော့ မနာလိုနိုင်ဘူးပေါ့"

အုဋ္ဌလှက သမုကို စေ့စေ့ကြည့်ရင်း ...

"ခင်ဗျား အဲဒီ ကိုကိုကျော်ကို တော်တော်ချစ်ခဲ့တာလား ခင်ဗျား အသည်းကွဲခဲ့ရမှာပေါ့နော်"

"အဲလိုမျိုးလည်း မဟုတ်ပါဘူး၊ ဒါပေမဲ့ နွယ်တို့ ကေသရီတို့က ကိုကိုကျော်နဲ့ ကျွန်မ ချစ်သူတွေ ဖြစ်သွားကြလိမ့်မယ်ပဲ ထင်နေတုန်း ကျော့နဲ့ ရုတ်တရက် လက်ထပ်တော့မယ်ဆိုတော့ သူတို့လည်း အံ့သြကြတာပေါ့၊ ကျွန်မကလည်း အမှန်အတိုင်းပြောရရင် ကိုကိုကျော် ကျွန်မကို ချစ်ရေးဆိုလိမ့်မယ်လို့ ထင်နေတာပါ၊ အဲလိုလည်းပြောင်းလဲသွားရော အသည်းကွဲတာထက် ကျွန်မ ရှက်သွားတယ်"

သမုသည် ပြောရင်းက မလျှို့ဝှက် မထိမ်ချန်ချင်တော့ဘဲ တကယ့်စိတ်ထဲက ခံစားချက်တို့ကို အုဋ္ဌလှကို ရင်ဖွင့်ချင်စိတ်ပဲ ပြင်းပြလာကာ အမှန်အတိုင်းတွေ ဖွင့်ပြောမိပါသည်။





"ဘာရှက်စရာရှိလို့လဲ၊ ကျော့က သူ့ဘက်ကို ဆွဲဆောင်ယူသွားတာဆိုရင် သူ မျက်နှာပူရ ရှက်ရမှာ၊ ကိုကိုကျော်ဆိုတဲ့လူကလည်း ခင်ဗျားကို ချစ်သလိုလိုနဲ့ နောက်တစ်ယောက်ကို စိတ်ညွတ်ယိမ်းယိုင်သွားတာ သူ့ရဲ့စိတ်မခိုင်မာမှု သူလည်းရှက်ရမှာ"

"ကိုကိုကျော်က နူးညံ့ပြီး အားနာတတ်တယ်၊ ခုလည်း ကျော့ကို ကြောက်ရတာလို့ နွယ်က ပြောတယ်"

"ဘာတုန်း ... ခင်ဗျားက ငယ်ချစ်ဟောင်းကို သနားနေတာလား၊ ဒီလို စိတ်ဓာတ်မခိုင်မာဘဲ ကိုယ့်ကို ချစ်သလိုလိုပြုပြီး နောက်တစ်ယောက်ဆီ ပါသွားတဲ့လူကို ခင်ဗျားက စိတ်နာရမှာ အထင်သေးရမှာလေ"

"အိုး ... ငယ်ချစ်ဟောင်း မဟုတ်ပါဘူးနော်၊ သနားလည်း မသနားပါဘူး၊ မုန်းတောင် မုန်းသေးတယ်"

"မုန်းနေသေးတာက ခင်ဗျားမှာ ဒီလူအတွက် ခံစားချက်ရှိနေတာပေါ့"

"ရှိတယ်ပဲပြောပြော ဘာပြောပြော၊ သူ့ကို အမြင်ကတ်တယ်၊ မုန်းတယ်၊ ကျွန်မ တကယ်ပဲ ယောကျ်ားယူရင် သူ့ထက်သာတာနဲ့ပဲ ယူကိုယူမှာ"

"ဟင်း ဟင်း ဟင်း"

"ရှင်က မရယ်ပါနဲ့၊ ကျွန်မ တကယ်စိတ်ထဲရှိရာပြောနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ ... စိတ်ထဲရှိတဲ့အတိုင်း ပြောနေတာ သိပါတယ်၊ ခင်ဗျားက ပွင့်လင်းပြီး ကလေးတစ်ယောက်လိုပဲ၊ သဘော ကျလို့ ရယ်တာပါ၊ သူ့ထက်သာတာပဲ ယူမယ်စိတ်ကူး လိုက်တော့ ခင်ဗျားမှာ ယူစရာမရှိတော့ဘဲ ခုထိ အပျိုကြီး ဖြစ်နေတယ်ပေါ့ ... ဟုတ်လား၊ ဟင်း ဟင်း ... အဲဒါကို ရယ်ချင်သွားလို့ပါဗျာ၊ တစ်နည်းအားဖြင့် သူ့ထက်သာ တာတွေက ခင်ဗျားကို လာမကြိုက်ကြတဲ့ သဘောပေါ့"

"ရှင်နော် ... ရှင်ကပါ လှောင်သလို ပြောမနေပါနဲ့၊ ရှင် လည်း စောင့်ကြည့်နေပေါ့ ... ဟွန်း၊ တကယ် သူ့ထက် သာတာပဲ ယူပြမှာ"

"ဘယ်တော့လဲ"

"ရှင်နော်"

"သြော် ... အချိန်တွေကြာပြီး အရွယ်ဟိုင်းသွားမှာ စိုးလို့ ပါဗျာ"

သမုက စူပုပ်ပုပ် မှုန်တေတေနှင့် အုန်္ဒလှကိုလည်း အမြင်ခပ်ကတ်ကတ်ရှိကာ မကျေမချမ်း ဖြစ်နေပါသည်။

"ကဲ ... ဒါဖြင့် ဒီကိစ္စကို ဒီလိုလုပ်မယ်"

"ဘယ်လိုလဲ၊ ဘာလုပ်ဖို့ လိုလို့လဲ၊ ဒီတိုင်းထားရင်ပြီးတာ ပဲ၊ ကျွန်မကို ရှင်က မြရည်လိုပဲ သပုပ်လေလွင့် သတင်းတွေ လုပ်ကြံဖွနေတယ်, ထင်နေပုံရလို့ ဖြေရှင်းခိုင်းလို့ လိုက်





လာပြီး ရှင်းပြတာလေ၊ ဒါကို ဒီတိုင်းပဲ ထားရုံပဲ မဟုတ်လား၊ ကျွန်မ လုပ်ကြံသတင်းမဖွပါဘူးလို့ ရှင်—ယုံရင် ပြီးတာပဲ"

"မဟုတ်သေးဘူး ... ခင်ဗျားဘက်မှာ အကြောင်းတစ်ခုခု ကြောင့် ခင်ဗျားသူငယ်ချင်းတွေ ယုံထင်ကြောင်ထင် ထင် နေတာကို မဖြေရှင်းတော့ဘဲ ငြိမ်နေချင်သလို ကျွန်တော့် ဘက်မှာလည်း တစ်စုံတစ်ယောက်က အဲသလိုပဲ ခင်ဗျားနဲ့ ကျွန်တော် ပတ်သက်နေတယ် ထင်နေခဲ့ရင် မဖြေရှင်းတော့ ဘဲ ငြိမ်နေချင်တဲ့ အကြောင်းရှိတယ်"

"ရှင်"

သမုက အုန်္ဒလှကို စူးစူးစိုက်စိုက်လေး ကြည့်လိုက် မိပါသည်။

"ရှင် ဘာကိုဆိုလိုတာလဲ၊ မြရည်စိမ်းဖန့်ဖန့်လား"

"ခင်ဗျား ပွင့်ပွင့်လင်းလင်း ပြောသလိုပဲ ကျွန်တော်လည်း ပြောပါ့မယ်၊ ဟုတ်တယ်၊ မြရည်ပဲ"

နှစ်ဦးသား တစ်ဦးကိုတစ်ဦး စူးစိုက်ငြိမ်သက်၍ တစ်ခဏ ကြည့်နေမိကြသည်။

"အဲဒီတော့ ရှင် ဘာကိုဆိုလိုချင်တာလဲ ဦးအုန္ဒလှ"

"အပေးအယူ ကတိတစ်ခု လုပ်ရအောင်"

"ဘယ်လိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဟန်ဆောင်ပေးစေချင်တဲ့ အခြေအနေတစ်ရပ်မှာ ခင်ဗျားက ကျွန်တော်နဲ့ ပတ်သက်မှုတစ်ခုရှိသယောင် ဟန်ဆောင်ပေးရမယ်၊ ခင်ဗျား ဟန်ဆောင်ပေးစေချင်တဲ့ အခြေအနေတစ်ခုမှာလည်း ကျွန်တော်က ရေလိုက်ငါးလိုက် ဟန်ဆောင်နေပေးမယ်"

"………"

သမုက တွေဝေငေးငိုင်သွားပါသည်။ စိတ်ထဲမှာလည်း လှုပ်ခနဲတော့ ကျေနပ်နှစ်သက်သွားပါသည်။ အမိကတော့ ကျော့ရှေ့မှာ သူဟာ အုဋ်လုရဲ့ချစ်သူ ဖြစ်သယောင် ဟန်ဆောင်မှု ဘွားခနဲ ဘူးပေါ်ဖို့ မရှိတော့ဘူးပေါ့။

"ဘယ်လိုလဲ … သမုသစ်"

"အကျိုးအပြစ်တွေ ဘာတွေ ရှိလာနိုင်လဲ ကျွန်မတွေးနေတာ"

"ဟုတ်တယ်၊ ကျွန်တော်တို့နှစ်ယောက် အပေးအယူကတိတစ်ခုတော့ လုပ်ကြရလိမ့်မယ်၊ အဲဒီကတိကလည်း စာချုပ်ကလေးပါချုပ်ပြီး လက်မှတ်ထိုးထားကြရင် ကောင်းလိမ့်မယ်"

"စာချုပ် … !!"

"ဟုတ်တယ်"

"ဘာတွေပါမယ့် စာချုပ်လဲ"





"အဓိကပါရမယ့် အချက်တွေကတော့ လိုအပ်ရင် ကျွန်တော်တို့နှစ်ယောက် ချစ်သူတော်စပ်သယောင် သက်ဆိုင်ရာလူက ထင်ယောင် ယုံကြည်အောင် လိုအပ်သလိုလိုက်ပြီး ဟန်ဆောင်ရပ်တည်ပေးရမယ် ဆိုတာရယ်"

သမုရဲ့မျက်လုံးလေးက ဝိုင်းစက်တွေစိုက်နေကာ ရင်ထဲ တဒုတ်ဒုတ်နှင့်တောင် မြည်ဟည်းစိတ်လှုပ်ရှားလာသည်။

"တစ်ယောက်နဲ့တစ်ယောက် ဒီဟန်ဆောင်မှုတွေအပေါ်မှာ အခွင့်ကောင်းယူပြီး ချည်နှောင်မှု မလုပ်ကြပါဘူးဆိုတာရယ်"

သမုက မျက်စောင်းတစ်ချက် မသိမသာ ရွယ်ရင်း…

"ရှင်ဟာလေ … တင်ကို တင်စီးလွန်းတယ်"

"နိုး … နိုး …၊ ဒါ ကျွန်တော်က ခင်ဗျားကို အန္တရာယ်ရှိမယ်လို့ ယူဆလို့ တစ်ခုတည်းသက်သက် မဟုတ်ပါဘူး၊ ခင်ဗျားအနေနဲ့လည်း ကျွန်တော့်ရဲ့အန္တရာယ်ကို ထည့်စဉ်းစားရမယ်လေ၊ ကျွန်တော်ကတော ခင်ဗျားက ကျွန်တော့်ချစ်သူပါ ဆိုတာကြီးကို ငြင်းမရအောင် အခွင့်အရေးယူပစ်လိုက်တာမျိုး ရှိလာနိုင်တယ်လို့ ခင်ဗျား ကိုယ့်အန္တရာယ်ကိုယ် ထည့်တွက်ပါ"

ဟွန်း …။ သမုက အုဋ်လုကို ဒီတစ်ခါတော့ သိသိသာသာ မျက်စောင်းကြီး ထိုးပစ်လိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မျက်စောင်းမထိုးနဲ့လေ၊ နှစ်ဦးနှစ်ယောက်လုံးရဲ့ လုံခြုံ အတွက် ကျွန်တော်တို့နှစ်ယောက်ကြားမှာ စာချုပ်ချုပ် ထားဖို့လိုတယ်၊ တစ်ယောက်တစ်စောင် ကိုင်ထားရလိမ့် မယ်၊ တကယ်တမ်းက ဘာမှမပတ်သက်ကြောင်း ထည့် ချုပ်ထားရမယ်၊ ဒါပေမဲ့ လိုအပ်တဲ့ အခါတိုင်းမှာတော့ နောက်တစ်ယောက်ရဲ့ လိုအပ်တဲ့အကူအညီကို မဖြစ်မနေ ဖြည့်ဆည်းပေးရမယ်နော်"

"ဩော် ... ရှင်ပဲ တောင်းဆိုတတ်သလား၊ ကျွန်မလည်း တောင်းဆိုပါရစေဦး"

"ဘာလဲ ... ပြောလေ"

"ကျွန်မက မိန်းကလေးမို့ အဲလို ဟန်ဆောင်ဖို့ လိုအပ် တဲ့အခါ ကျွန်မ နစ်နာမှုမရှိအောင် ကိုယ်ထိလက်ရောက် ဆက်ဆံမှု မရှိရဘူး ဆိုတာပေါ့"

"အမယ်လေးဗျာ၊ ဖြစ်မှ ဖြစ်ရလေ၊ ကျွန်တော် အခွင့်အရေး သမား မဟုတ်ဘူးဗျ"

နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် ရှုသိုး သိုး ကြည့်မိကြပါသည်။

❦ ○ ❦



## ၁၁

ကားဝင်းထဲ တစ်ပတ်ပြီးတစ်ပတ် လျှောက်နေသော သမုနှင့် ကေသရီကို ကောင်လေးတစ်ယောက်က ထီးအကြီးကြီး နောက်ကလိုက်မိုးပေးကာ သိလိုသည်များကို ရှင်းပြပြောပြပေးနေ ပါသည်။

"နင် ဆက်စဉ်းစားမနေနဲ့တော့ မိကေ၊ ခုန Vitz လေး ပဲ ယူလိုက်၊ ငါ့ကားနဲ့ဆင်တူ"

"ငါ့စိတ်ထဲမှာ ဝမ်းပို့ုင့်သရီးလေးတွေကို သိပ်မကြိုက်ဘူး လားလို့ပါဟယ်၊ စိတ်ထဲမှာ သိပ်ဖီးလ်မလာဘူး ဖြစ်နေ တယ်"

"နင် ဖီးလ်လာစရာ မလိုပါဘူးဟာ၊ နင်စီးမှာမှ မဟုတ် တာ၊ နင်က ဝယ်ပေးပြီး ပြန်သွားမှာပဲဟာ၊ စီးရမှာ နင့်



www.burmeseclassic.com

www.burmeseclassic.com



အမေပဲ၊ အန်တီနဲ့က ဒီကားနဲ့ အတော်ပါပဲဟယ်၊ အန်တီ ကတောင် မှာနေသေးတယ်လေ၊ ကားအကြီးကြီးတွေ မဝယ်နဲ့တဲ့ ... အဟင်း၊ ဒရိုင်ဘာက ကပျက်ကချော်နဲ့ ကားကြီးက ဘော်ဒီကြီးနေရင် ဟိုဝင်ဒီထွက် ဟိုပွတ်ဒီပွတ် ဖြစ်မှာစိုးတယ်တဲ့၊ ရင်တမမ ဘုရားတ,တတ ဖြစ်နေရမယ် တဲ့၊ ရှောရှောရှူရှူ ဝင်ဝင်ဆန့်ဆန့် သေးသေးကွေးကွေး ကားပဲဝယ်တဲ့"

"ဟွန်း ... မာမီက သူ့ခန္ဓာကိုယ်တော့ သူထည့်မစဉ်းစား ဘူး"

"သြော် ... နင့်အမေက အဲလောက်လည်း ဝ,မနေပါဘူး ဟယ်၊ ပြီးတော့ တစ်အိမ်လုံးမှာ စီးမယ့်သူက သူတစ် ယောက်တည်းဟာကို၊ တစ်ခါတစ်ရံ အိမ်ကကောင်မလေး တွေပါမယ်၊ အိမ်သားလည်း ဘာမှမရှိဘူး၊ ဈေးနှုန်းလေး ကလည်း သူ့ဟာနဲ့သူ သင့်တင့်တယ်၊ နင်လည်း ဝယ်ပေး ရတာ ဝန်မပိဘူး"

"နင်ပြောတော့လည်း အကောင်းချည်းပဲ"

"ဒါပေါ့ဟဲ့၊ ကားလေးတွေကလည်း အသစ်နီးပါးလေးတွေ လေဟာ၊ ဟိုးဘက်က ခဲပုပ်ရောင်လေး ဘယ်လောက်လှ လဲ"





သမုတို့ အဲဒီဘက်ကို ပြန်ပတ်လျှောက်လာကြပါ သည်။ ကေသရီက နောက်က ထီးတော်မိုးကို အလကားနေရင်း အားတွေနာနေကာ ...

"ဝယ်မှာပါနော် ... မောင်လေး၊ ဝယ်မှာပါ၊ သေချာတော့ ကြည့်လိုက်ဦးမယ်နော်"

"ရပါတယ် အစ်မ၊ သေချာကြည့်ရွေးပါခင်ဗျ"

သမုက နိုင်ငံခြားက အလည်ခဏရောက်လာပြီး ရောက်ရာအရပ်မှာ လူတကာကို အားနာနေတဲ့ ကေသရီ့ကို တံတောင်လေးနှင့်တို့ကာ ...

"ကြိုက်မှဝယ်မှာပေါ့ဟဲ့၊ ကားမကြိုက် ဈေးမကြိုက်ရင် မဝယ်ဘူးပေါ့၊ မဝယ်လည်း ဘာမှမဖြစ်ပါဘူး ... နော့်၊ ဈေးတွေက ညှိပေးဦးမှာမို့လား မောင်လေး"

ကောင်လေးကို သမုက လှည့်မေးသည်။

"ဈေးတွေကတော့ အတတ်နိုင်ဆုံး ရောင်းနိုင်တဲ့ဈေးညှိပြီး ကပ်ထားတာပါ အစ်မရာ ... စိတ်ချပါ"

"စိတ်မချပါဘူး၊ ဘယ်ရှိုးရွမ်းသွားသွား ကပ်ဈေးထက်တော့ လျှော့ပေးကြသေးတာပါပဲနော်၊ နင်တို့သူဌေးကို သေချာ ပြန်မေးပါဦး၊ မလျှော့လို့ကတော့ မဝယ်ချင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ငွေးက ဒီကိုမလာပါဘူး အစ်မ၊ ဆိုင်မန်နေဂျာတော့ ရှိပါတယ်"

"မန်နေဂျာရှိလည်း မန်နေဂျာကို လွှော့ခိုင်းပေါ့"

ခုနကားကလေးကိုပဲ ပြန်ကြည့်ကြကာ စဉ်းစားလိုက် တွေဝေလိုက် ရှိနေဆဲ နောက်ကပါနေတဲ့ ကောင်လေးက ကားဝင်းထဲ နောက်ထပ်ဝင်လာသော ကားတစ်စီးဆီသို့ ထီးလေး တကိုင်ကိုင်နှင့် ပြေးလေသည်။

"ဟဲ့ ... ဟိုကောင်လေးတောင် ငါတို့ကို သိပ်စိတ်မရှည်တော့ဘူး၊ ရင်ခွင်သစ် ပြောင်းသွားပြီ ... ဟီ ဟီ"

"သူ့ဟာသူ စိတ်ရှည်ရှည် မရှည်ရှည်ဟာ၊ ဆီးသီးဝယ်တာမှ မဟုတ်တာ၊ ကားဝယ်တာ နင်စိတ်ပြတ်မှ ဆုံးဖြတ်ချက်ချ၊ အေးဆေးပေါ့"

ဝင်လာတဲ့ကား ရပ်လိုက်တဲ့နေရာက မလှမ်းမကမ်းမှာမို့ ကားထဲက ဆင်းလာတဲ့လူကို မြင်လိုက်တဲ့အခါ သမုကိုယ်လေးက တောင့်တင်းသွားရပါသည်။ သူကလည်း ဟိုကောင်လေးရဲ့ထီးရိပ်အောက်ကနေ သမုကို တအံ့တဩ လှမ်းကြည့်နေပါသည်။ ရှေ့ကိုဆက်မသွားဘဲ ရပ်ကြည့်နေတဲ့ အုန်းလှကြောင့် သမု ကိုယ်ခန္ဓာလေးက လိမ်ဖယ်ဖယ်ဖြစ်ကာ သူ့ကိုယ်သူ ကေသရီနှင့် တစောင်းလေး ခပ်ကွယ်ကွယ် လုပ်ထားပါသည်။





သူနှင့်ဆုံလျှင် ဘယ်လိုမှန်းမသိ လူကတစ်မျိုးကြီး ဖြစ်နေတတ် မထိုင်တတ် ဖြစ်ရတတ်သည်။ ကေသရီက ချက်ချင်း ဟန်မူရာပြောင်းသွားတဲ့ သမုကြောင့် ...

"ဟဲ့ ... နင် ဘာဖြစ်တာလဲ"

"ဘာမှမဖြစ်ပါဘူး"

"ငါ့ကို ဘာလို့ အတင်းတိုးနေရတာတုန်း"

ကေသရီက ဆားဘီဝဲယာကို လှည့်ပတ်ကြည့်လိုက်လျှင် အုန်းလှကို မြင်သွားပါသည်။

"ဟင် ... ဟိုမှာ ... ဟိုမှာ ... နင့်ဘဲ ... နင့်ဘဲ"

"အာ ... လာ ... လာ ... ဒီဘက်သွားကြည့်ရအောင်"

"ကြည့်ပြီးနေပြီလေ၊ နင် ဘာဖြစ်နေတာလဲ၊ ဘာလဲ ... နင့်ဘဲနဲ့ ရန်ဖြစ်ထားလို့လား မခေါ်ဘူးလား၊ ဟိုမှာလှမ်းကြည့်နေတယ်လေ ခေါ်လိုက်လေ"

"ဟာ ... မခေါ်ချင်ပါဘူး"

မခေါ်ချင်လို့ မရတော့။ ကေသရီက သိသိသာသာ လှမ်းကြည့်တဲ့အပြင် အုန်းလှကို နှုတ်ဆက်ပြုံးနှင့် လှမ်းပြုံးပြလိုက်သေးတာမို့ အုန်းလှက ဒီဘက်ကို လျှောက်လှမ်းလာပါသည်။ သမုက လိမ်ဖယ်ဖယ်နှင့် မျက်နှာလွှဲထားသော်လည်း ကေသရီက ဆီးကြိုပြုံးပြရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ကားလာကြည့်တာထင်တယ်"

"မဟုတ်ဘူးခင်ဗျ"

"ဩော် ... ကျွန်မက ကားတစ်စီးလောက် အမေအတွက် ဝယ်ဖို့ လာကြည့်တာပါ"

"ဩော် ... ကြည့်လေ ... ကြည့်ပါ၊ ကြိုက်တဲ့ကားတွေ ရင်ပြောပါ၊ ထူးလွှင် ... သေချာပြပေးလိုက်"

ကေသရီက `တအံ့တသြလေး ဖြစ်သွားရစဉ် —

"ဒါ ကျွန်တော့်ရှိုးရွမ်းပါ၊ ဟိုဘက်ကုန်းပေါ်က ရှိုးရွမ်းထဲမှာတော့ အမြင့်ကားတွေ ရှိပါတယ်"

ကေသရီက သမုကို နားမလည်သလို ငဲ့ကြည့်ရင်း ...

"ကြည့်စမ်း ... နင် ငါ့ကို မပြောဘူး"

"ဘာကို မပြောတာလဲ"

"ဟယ် ... ကိုအင့်ုလှရဲ့ရှိုးရွမ်းဆိုတာ နင် ပြောရမှာပေါ့၊ ဘာဖြစ်လို့ မပြောဘဲ ဘာမှမသိချင်ယောင် ဆောင်နေရတာတုန်း၊ သူ့ငွေးကို ဈေးလျှော့ဖို့ ပြောခိုင်းနေသေးတယ်၊ နင်ကတော့ ... ဟိ ဟိ"

သမုရဲ့ ဘာပြောရမှန်းမသိ အကျပ်ရိုက်နေပုံကို အင့်ုလှက သဘောတကျ ရယ်ချင်နေပါသည်။ သူက ဒီကားပြခန်း





ဝင်းဘက် လာခဲ့ပါသည်။ ဒီနေ့မှသာ အလုပ်ကိစ္စတစ်ခုအတွက် အမှတ်မထင် ဝင်ခဲ့မိတာ။ ဝင်မိတဲ့နေ့ကျမှ တိုက်တိုက်ဆိုင်ဆိုင် သမုတို့နှင့် လာဆုံနေသည်။

"ဘာနဝေတိမ်တောင် လုပ်နေတာလဲ"

"သူက အဲလိုပဲခင်ဗျ"

"ဟင်"

အင့်ုလှက တစ်ခွန်းဝင်နှောက်လိုက်မိလျှင် သမုက တအံ့တသြလေး သူ့ကိုကြည့်လာသည်။ အင့်ုလှက ပြုံးစိစိဖြစ်သွားရရင်း ...

"ကျွန်တော့်ရှိုးရွမ်းဆိုရင် ခင်ဗျားက သူ့ကို အတင်းလျှော့ခိုင်း ဆစ်ခိုင်းနေမှာစိုးလို့ ဖြစ်မှာပေါ့"

"ဟင် ... ရှင် ဘယ့်လိုပြောလိုက်တာလဲ၊ ဟုတ်မှမဟုတ်ဘဲနဲ့"

"ကိုအင့်ုလှ ပြောသလို မဟုတ်ရင် ဘာဖြစ်လို့ မပြောဘဲ မြိုထားရတာလဲ၊ နင်နော် ... နင်"

"ဟဲ့ ... ငါမသိဘူး၊ ဒါ သူ့ကားဝင်းမှန်း ငါမသိဘူးဟဲ့ မိကေရဲ့"

"ဟင် ... ဖြစ်နိုင်ပါ့မလားဟယ်၊ နင်ဟာလေ ယုတ္တိရှိရှိလည်း ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



သမှု မျက်နှာလေးက ရှုံ့မဲ့နေပါသည်။ စိတ်ရှေ့လည်းညစ်တာ မပြောပါနဲ့တော့။ မိကေနဲ့ကြားမှာ ရန်ဝင်တိုက်လိုက်သေးသော အုန်းလှကိုသာ ကုတ်ဖဲ့လိုက်ချင်စိတ် ပေါက်သည်။

အုန်းလှကတော့ သမှုရဲ့မျက်နှာထား အမူအရာကိုကြည့်ကာ အရမ်းကို ရယ်ချင်လာပါသည်။ သူ့စိတ်ထဲထူးထူးခြားခြား အူမြူးလာမိကာ သမှုကို အဲလိုချောက်ချရ စ,ရတာကိုသဘောကျနေမိပါသည်။ တော်တော်ရယ်ရတဲ့ ကောင်မလေးသူဘာလုပ်ရမှန်း မသိရင် မျက်လုံးပေကလတ်နှင့် လက်တွေကိုလိမ်ကာ ချိုးကာ မျက်နှာက စူပုပ်လို့။

"တီ တိ ... တီ တိ"

ရုတ်တရက် ကေသရီအိတ်ထဲက ဖုန်းခေါ်သံ မြည်လာသဖြင့် ကေသရီက ဖုန်းကိုထုတ်ကာ ထူးလိုက်ပါသည်။

"ဟယ်လို"

"မိကေလား"

"အေး"

"နင့်ကို ငါပြောပြရဦးမယ် သိလား"

"ဘာလဲ ... ပြောလေ၊ ဘာအကြောင်းလဲ"

"သမှုအကြောင်းဟဲ့"





တစ်ဖက်က ကျော့ရဲ့ရေးကြီးခွင်ကျယ် အလေးအနက် လေသံကြောင့် ကေသရီက သက်ပြင်းလေးရှိုက်ကာ ပြုံးလိုက်မိပါသည်။ ဒီလေသံကြားရင် ဘာတွေထွက်လာဦးမည်ကို အကြမ်းဖျဉ်းတော့ ရိပ်မိပြီလေ။ မိကျော့တစ်ယောက်ဟာ သမှုနှင့်တော်သက်လျှင် အစွန်းတစ်ဖက်ကို ရောက်နေသည်။

"ဘာလဲ ... ပြော"

"ဟို အုန်းလှဆိုတဲ့လူကလေ မော်ဒယ်လ်တစ်ယောက်နဲ့ဖြစ်နေတာဟဲ့ သိလား၊ ငါလည်း ဟိုတစ်နေ့ကမှ သိတာ သိလား"

ကေသရီက မျက်ခုံးလေးတွန့်ရင်း မလှမ်းမကမ်းကို လျှောက်သွားလိုက်ပါသည်။

"နင် ဘာဖြစ်နေတာလဲ မိကျော့"

"ဘာလဲ ... ငါဘာဖြစ်လို့လဲ၊ ငါကြားတာကို ပြောနေတာ၊ နင်တို့ကလေ ငါမို့လို့ သမှုအကြောင်းပြောရင် တမင်မကောင်းပြောတယ်ပဲ ထင်နေတာ ခက်တယ်၊ ခုဟာက ငါသေချာသိတာ၊ မတော်တဆ ငါ့ အင်တာနက်မှာတွေ့လို့ သေချာလိုက်ရှာပြီး ဖတ်ထားတာ၊ သေချာတယ်၊ ကောင်မလေးကိုယ်တိုင်က သူတို့ချင်းပတ်သက်မှုကို လူသိရှင်ကြားရေးထားတာ ...



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ... ဘာမှမကြာခင် ရက်ပိုင်းအထိ ရေးတုန်းအပတ်အသက်ရှိနေတုန်းပဲဟာ၊ နှစ်ယောက်ပြိုင်တူ ဖြစ်နေတာလား။ ဘယ်သူနဲ့ဖြစ်ပြီးမှ ဘယ်သူနဲ့ ထပ်ဖြစ်တာမျိုးလဲ၊ တစ်ခုခုတော့ တစ်ခုခုပဲဟာ သိလား၊ နင်ရော ငနွယ်ရောက ငါ ဒါမျိုးပြောရင် ဝမ်းသာအားရ ပြောသလိုမျိုးပဲ အထင်လွဲနေကြတယ်၊ ငါက ကိုယ့်သူငယ်ချင်းအတွက် ဒါမျိုးကိစ္စ ဝမ်းသာအားရ ဖြစ်ပါ့မလား၊ ငါက သမုကို အရမ်းသနားနေတာပါဟ"

"အေး ... နင်က သမုကို အဲလိုသနားချင်နေတာ မဟုတ်လား"

"ဘာပြောတာလဲ ... အဲဒါ"

"သမုကို သနားစရာအဖြစ်မျိုး ကြုံစေချင်နေတာ မဟုတ်လားလို့ မေးတာ"

"နင်တို့ကလေ ငါ့ကို သိပ်တစ်ဖက်သတ် အထင်လွဲတာပဲ စိတ်တိုဖို့ ကောင်းတယ်၊ ငါက အဲဒါမျိုးကြုံစေချင်ပါ့မလား သမုကို၊ ကိုယ့်သူငယ်ချင်းကို အုန်းလှလိုလူနဲ့အရှင် အဆင်ပြေစေချင်တာပေါ့၊ နင် စဉ်းစားကြည့်ပေါ့ဟယ် ဒီမိန်းမက သုံးဆယ်ဖြစ်နေပြီ၊ အပျိုကြီး အရိုးရင့်နေပြီ ဟိုက မော်ဒယ်လ်က နှစ်ဆယ့်နှစ်နှစ်တောင် သေချာမပြည့်သေးဘူး ...





ထားခြင်းထားခဲ့ရင် အုန်းလှက သမုကိုပဲ ထားခဲ့မှာပေါ့ဟဲ့၊ ဟိုတစ်နေ့ကတည်းက သူတို့နှစ်ယောက်က ဟက်ဟက်ပက်ပက် နွေးနွေးထွေးထွေးမှ မရှိတာ၊ ခုလောက်ဆိုရင် သမုနဲ့ အုန်းလှ ပြတ်တောင် ပြတ်သွားပြီလားတောင် မသိပါဘူးဟာ၊ ငါ စိတ်မကောင်းလိုက်တာ"

"စိတ်မကောင်းမဖြစ်နဲ့ သူငယ်ချင်း၊ စိတ်အေးအေးထား၊ ဘာမှမဖြစ်ဘူး၊ အခု သူတို့နှစ်ယောက် ခေါင်းချင်းဆိုင် တွတ်ထိုးနေကြတယ်၊ ငါနဲ့ နီးနီးလေးမှာ"

"ဘာ ... နင်က ဘယ်ရောက်နေလို့လဲ"

"ငါနဲ့ သမု ... ကိုအုန်းလှရဲ့ကားရှိုးရွမ်းမ် ရောက်နေတာ၊ ငါ့အမေအတွက် ကားဝယ်ဖို့ လာကြည့်နေတာလေ၊ ငါ အခု နင့်ကို ဖုန်းပြောနေတုန်း သူတို့နှစ်ယောက် ကွိကျိကွိကျိ ပြောနေကြတယ်၊ ကိုအုန်းလှက ပြုံးစိစိနဲ့ ရယ်လို့ မောလို့၊ သမုက ရှုပုပ်ပုပ်နဲ့ စိတ်ကောက်သလိုလို လုပ်နေတာ၊ ဟိုက ချော့နေတာ ထင်ပါတယ်၊ ဒီလူ့မျက်နှာတွေ မျက်လုံးတွေကို ငါ အခုကြည့်နေတာ၊ သမုအပေါ် ချစ်စနိုးအရိပ်အငွေ့တွေ ရစ်သိုင်းလို့ အရည်ကိုလဲ့ ... အရောင်ကို တောက်နေတာပဲ ...



www.burmeseclassic.com

www.burmeseclassic.com



ကဲ ... ဒါဆို နင် စိတ်ချမ်းသာနိုင်ပြီ မဟုတ်လား၊ စိတ်မဆင်းရဲတော့ဘူး မဟုတ်လား၊ သနားစရာမကောင်းတော့ဘူး မဟုတ်လား"

"အေးပေါ့ ... အဲဒါဆိုလည်း ပြီးရောပေါ့၊ စိတ်ဆင်းရဲစရာ မလိုဘူးဆိုရင် ပြီးတာပဲ၊ ကဲ ... ဒါပဲ"

တစ်ဖက်က ရုတ်တရက်ကြီး ဖုန်းလိုင်းပြတ်သွား၍ ကေသရီက ပခုံးလေးတွန့်ကာ ရယ်မိပါသည်။ အငြိမ့်နှင့် သမ္မ တွတ်တွတ် တွတ်တွတ် ပြောနေကြ၍ အနားကပ်မသွားဘဲ မလှမ်းမကမ်းက ကားတွေကိုသာ အာရုံစိုက်ကြည့်နေလိုက်ပါ သည်။

"အင်း ... ဘာလိုလိုနဲ့ ကျွန်တော် ခင်ဗျားကို တစ်ကြိမ် ကူညီလိုက်ပြီးပြီနော်၊ ခင်ဗျား တစ်ကြိမ်မှ မကူညီရသေး ဘူး"

"အမယ် ... ရှင်က ဘာကိုကူညီတာလဲ"

"ခင်ဗျားသူငယ်ချင်းရှေ့မှာ တစ်ကြိမ်ဟန်ဆောင်ပေးလိုက် ရပြီလို့ ပြောတာလေ၊ ကျွန်တော်တို့နှစ်ယောက် တစ်ယောက် လိုအပ်ရင် တစ်ယောက်ကဟန်ဆောင်ပေးရမယ်လို့ သဘော တူ စာချုပ်ထားတာ မဟုတ်လား"





"အမယ် ... အခု ကျွန်မက ရှင့်ကို ကေသရီ့ရှေ့မှာ ချစ်သူဟန်ဆောင်ပေးပါလို့ အကူအညီ တောင်းလို့လား၊ ဘာမှ မတောင်းဆိုပါဘူးနော်၊ ရှင့်ဟာရှင် လာပြောတာ၊ မမြင်ချင်ယောင်ဆောင်သွားရင်လည်း ရသားနဲ့"

"ဟင် ... ခင်ဗျားက တော်တော်ကတ်သတ်ပါလား၊ ကတ်ဖိုးကတ်ဖဲ့နဲ့"

"ဟုတ်တယ်လေ၊ ရှင့်ဟာရှင် ပြောချင်တာ လာပြောနေ တာ၊ သူငယ်ချင်းကိုတောင် ကျွန်မကို အထင်လွဲအောင် လုပ်လိုက်သေးတယ်၊ ကျွန်မမှ မတောင်းဆိုတာ၊ ဒါကို လာကူညီတယ်လို့ မပြောနိုင်ပါဘူး"

"ဟင် ... ဟစ် ဟစ် ဟစ် ဟစ် ... ခင်ဗျားက တော်တော် ရယ်ရတဲ့ အမျိုးသမီးပဲ"

"ရှင့်ဟာရှင် ရယ်ချင်လည်းရယ်၊ ရှင့်သဘောပေါ့"

"ဟင် ... တော်တော်အသည်းယားဖို့ ကောင်းတာပါလား၊ လက်သီးနဲ့တောင် တစ်ချက်လောက် ပိတ်ထိုးချင်စိတ် ပေါက်တယ်"

"ရှင်နော်"

"ဟုတ်တယ်လေ၊ ခင်ဗျားသူငယ်ချင်းက ကျွန်တော့်ကို တွေ့သွားပြီမို့လို့ ကျွန်တော်က ခင်ဗျားအကူအညီ မကူး



www.burmeseclassic.com

www.burmeseclassic.com



တကတောင် တောင်းမနေရဘဲနဲ့ အလိုက်တသိ ဖလိုက်ဖလျော ဟန်ဆောင်ပေးတာကို ကျေးဇူးမတင်ဘူး၊ အကြိမ်ရေနဲ့ ကတ်သတ်တွက်နေတယ်"

"အကြိမ်ရေနဲ့ ကတ်သတ်တွက်တာ ရှင်ပါ၊ ရှင် တစ်ကြိမ်ကူညီပြီးပြီ ကျွန်မ တစ်ကြိမ်မှ မကူညီရသေးဘူးဆိုပြီး ရှင်ပဲပြောတာ"

"ဘယ်သူဘယ်နှကြိမ်ဖြစ်ဖြစ် လိုအပ်သလို ကူညီဟန်ဆောင်ဖို့ပဲ မဟုတ်လား"

"အင်းလေ"

"အခု ... ဟိုမှာ ခင်ဗျားသူငယ်ချင်း ပြန်လျှောက်လာနေပြီ၊ သူလာရင် ကျွန်တော် ဘာလုပ်ရမှာလဲ၊ ချစ်သူဟန်ဆောင်ရမှာလား၊ 'သူစိမ်းလို နေရမှာလား၊ ဘာမှမပတ်သက်ပါဘူးလို့ ရှင်းပြရမှာလား"

"ရှင် ဒါ သက်သက်မဲ့ ညစ်ကတ်ကတ်နေတာပဲ၊ အလိုက်အထိုက်နေရုံပဲပေါ့၊ ခုမှ မပတ်သက်ပါဘူး ထ,ပြောစရာလား"

"ဩော် ... ဩော် ... ဟုတ်ပါပြီလေ၊ ခင်ဗျားသဘောပါ"

သမုရဲ့ စူပွပွနှုတ်ခမ်း ဈွဲဝဲဝဲမျက်စောင်း ရှုသိုးသိုးအမူအရာတို့က အုဋ်လှအတွက် တော်တော့်ကို ရယ်ချင်ပက်ကျိ





ဖြစ်စေတဲ့ ဟန်ပန်ကလေးတွေပင်။ သိထားရတဲ့ အသက်ထက် ငယ်ပြီးနုနယ်ကလေးဆန်တဲ့ သမုရဲ့ဟန်ပန်မူရာတို့ကလည်း အုဋ်လှရဲ့အလုပ်ပိကာ ပင်ပန်းမွန်းကျပ်နေသော စိတ်အာရုံတို့ကို လန်းဆန်းသော အပြောင်းအလဲတစ်ခု ဖြစ်စေသည်။

"ဟဲ့ ... သမု၊ နင် ကိုအုဋ်လှကိုကပ်ပြီး ငါ့အတွက်ဈေးဆစ်ပေးနေတာလား၊ မလျှော့နဲ့နော် ကိုကိုရေ လုပ်နေတာလား ... မှန်မှန်ပြော"

သမု မျက်နှာလေးက ရှက်အမ်းအမ်း နီမြန်းမြန်းနှင့် ...

"ဟို ... ရှင် ... မိကေကို ဈေးလျှော့ပေးဦး"

"ဗျာ ...၊ ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ ဟုတ်ကဲ့ပါ ... ဟုတ်ကဲ့"

ကေသရီက တခွိခွိ ရယ်မဆုံး ရှိနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## ❁ ၁၂ ❁

"မသမှုသစ်တဲ့ ... စာထုပ်ကြီးတစ်ထုပ် ရောက်လာပါတယ် ခင်ဗျာ၊ လက်မှတ်ထိုးယူထားလိုက်တယ်"

အော်ကာဟာစ်ကာ ရုံးခန်းထဲဝင်လာတဲ့ ကွန်ပျူတာ ဂရပ်ဖစ်သမားလေး ရဲရင့်ရဲ့အသံကြောင့် သမုက သူ့ရဲ့သတင်း ဆောင်းပါးတစ်ပုဒ်ကို တကုန်းကုန်း ကွန်ပျူတာရိုက်ရင်း ရေးနေရာက ခေါင်းထောင်ကြည့်လိုက်ပါသည်။

"ဟဲ့ ... ဘာတုန်း ရဲရင့်"

"စာတိုက်က ရောက်လာတာ"

ရဲရင့်က ကတ်ထူစက္ကူ ညိုဝါဝါကြီးနှင့် လုပ်ထားတဲ့ စာအိတ်ထူထူကို သမုရဲ့စားပွဲပေါ် ဘုတ်ခနဲ ပစ်ချလိုက်ပါသည်။ သမုက မဂ္ဂဇင်းစာအုပ်အရွယ်လောက်ရှိသော ထူထူဖောင်းဖောင်း စာအိတ်ကြီးကို တအံ့တဩ ကြည့်နေမိပါသည်။





"စာမူတွေလား"

တစ်ဖက်စားပွဲက မနွယ်နီက လှမ်းမေးတာမို့ ...

"စာမူတွေ ဘာတွေက ဒီလိုမျိုးမှ လာရိုးမရှိတာ မနွယ်နီရဲ့"

"ဒါဖြင့် ဘာလဲမသိဘူးနော်"

စာအိတ်ကြီးကို သမုက ကောက်ယူ၍ ကြည့်လိုက်လျှင် ရှေ့ဘက်က လိပ်မူရာလိပ်စာမှာ သမုအမည်နှင့် ဂျာနယ်တိုက်လိပ်စာ ရေးထားပါသည်။ သမုက စာအိတ်ကြီးရဲ့နောက်ကျောကို လှန်ကြည့်လိုက်သည်။

ဟင် ...။

သမုမှာ တအံ့တဩလေး မျက်ခုံးပင့်သွားရပါသည်။

"ဘာလဲဟေ"

"ဩော် ... အသိတစ်ယောက် ပို့လိုက်တာပါ"

သမုက စာအိတ်ကြီးကို ပေးပို့သူနာမည်မပေါ်အောင် ကျောဘက်ကို မှောက်ထားလိုက်ရင်း ဖြေလိုက်ရပါသည်။ ဒီရုံးခန်းမှာလည်း အားလုံးလိုလိုက သမုသစ်နှင့် အုဋ်လှကို သံသယရှိတယ် မဟုတ်တောင် မတော်တဆ စကားစပ်မိတဲ့ သတင်းပလင်းတွေထဲ အုဋ်လှအမည် အကြောင်းအရာ ပါလာလျှင် သမုကို အနည်းဆုံးတော့ လှစ်ခနဲ လှမ်းကြည့်အကဲခတ်ကြတဲ့ အဆင့်လောက်တော့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ခုလို မြရည်ထံက ဘာမှန်းမသိတဲ့ စာအိတ်ကြီး ရောက်လာတာသိလျှင် မြရည်နှင့် သမု အဆက်အစပ် အပတ် အသက်ပဲ ရှိသယောင်ယောင် တစ်မျိုးတွေးမိကြမှာ သေချာသည်။

သမုသည် နံဘေး သုံးပေအကွာလောက်မှာတင် ယှဉ်ထိုင်နေသူက ရှိနေ၍ အိတ်ကြီးကို ရုတ်တရက်မဖွင့်ရဲ။ စော စောက ခဏကိုင်အကြည့်မှာ အိတ်ထဲကစမ်းမိတဲ့ မာတာတာ ဖုတုတု ကတ်ပြားကလေးတွေလို အရာတွေဟာ မဟုတ်မှလွဲရော ဓာတ်ပုံတွေများလားလို့ အာရုံက အလိုလိုဝင်သည်။

ဘုရား ... ဘုရား ... ဘာဓာတ်ပုံတွေများ ထွက် လာမှာပါလိမ့်။ ကြည့်ချင်လိုက်တာ အသည်းယားနေပြီ။ အိမ်သာ ကိုပဲ စာအိတ်ထုတ်ကြီးမ,ပြီး သွားရရင် ကောင်းမလား။ ထ,မလို ထိုင်မလို ဖင်တကြွကြွ ဖြစ်နေခိုက် ဂျူပ်ရဲ့အခန်းတံခါးပွင့်ပြီး ဂျူပ်က ထွက်လာသည်။

တိုက်ပုံဆွဲကိုင် လာပုံကြောင့် အခမ်းအနားပွဲတစ်ခုခု သွားမည့်ပုံ ရလေသည်။ ဂျူပ်က သမုစားပွဲရှေ့ ရပ်လိုက်ရင်း —

"စောစောက ရဲရင့်အသံ ကြားလိုက်တယ်၊ စာထုပ်ကြီးဆို တာ ဘာလဲ၊ ဒါလား"

ဂျူပ်က သမုစားပွဲပေါ်မှ စာအိတ်ကြီးကို လက်လှမ်း လိုက်တဲ့အတွက် သမုက အရင်ဦးအောင် ဝရုန်းသုန်းကား လက်





လှမ်းကာ လက်နှင့်ဖိထားလိုက်ပါသည်။ ဂျူပ်လက်ထဲ ပါသွား လျှင် မြရည်စိမ်းဖန့်ဖန့်နာမည်ကို တွေ့တော့မှာလေ။

"ဘာဖြစ်တာလဲ ညည်းက"

"အဟီး ... ဘာမှမဖြစ်ဘူး"

"ဒီကောင်မလေး သိပ်မရိုးဘူးထင်တယ်"

"ရိုးပါတယ် ဂျူပ်၊ ရိုးရိုးလေးပါ"

"ငါ central က စာအုပ်ပွဲ သွားလိုက်ဦးမယ်ဟေ့"

"ဟုတ်ကဲ့"

ဂျူပ် ထွက်ခွာသွားတော့မှ သမုက အိတ်ကြီးကို ဖြတ်ခနဲကောက်ကာ မအောင့်နိုင်တော့ဘဲ ပေါင်ပေါ်တင်၍ စားပွဲ နှင့် ခပ်ကွယ်ကွယ်ပြုပြီး အိတ်ကို ထောင့်လေးမှ ဆုတ်ဖြဲပြီး ဖောက်လိုက်ပါသည်။ ဆေးတိုက်ကျကျစားပွဲမှာ လူရှိနေသေးတာ မို့ ပစ္စည်းတွေကို ဆွဲမထုတ်ဘဲ အိတ်ကိုဟ၍ အထဲမှာ ဘာတွေ ပါသလဲ ကြည့်လိုက်ပါသည်။

"ဟယ်"

ထင်တဲ့အတိုင်း ဓာတ်ပုံတွေ။ အိတ်ထဲက မထုတ်ဘဲ အိတ်ထဲလက်နှိုက်ကာ လှန်လှောကြည့်လိုက်လျှင် အုင်လုနှင့် မြရည်တို့ရဲ့ နှစ်ယောက်တွဲပုံတွေကို တွေ့လိုက်ရပါသည်။ ချောင်း ရိုက်တာမျိုးမဟုတ်။ စားသောက်ဆိုင်စားပွဲလိုမျိုးမှာ အတူထိုင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းနဲ့ ကင်မရာနဲ့ ကိုယ်တိုင်ရှေ့ကချိန်ပြီး ရိုက်ယူထားတဲ့ပုံများ ပင်။

ရှင်းရှင်းဆိုရလျှင် နှစ်ဦးသဘောတူ ရိုက်ထားတဲ့ပုံများပါ။ နေပါဦး ... ဒီလိုပုံတွေကို ဘာသဘောနှင့် သမုထံပို့ရတာလဲ။

သမုက အိတ်ထဲအနည်းငယ် ထပ်မံမွှေနှောက်ရှာဖွေလိုက်လျှင် စာလေးတစ်စောင် လက်ထဲပါလာပါသည်။ စာကို ကမန်းကတန်း ဖြန့်ဖတ်မိလျှင် ...

“မသမုသစ် ...
မတွေ့တာကြာပြီ ... နေကောင်းတယ်နော် အစ်မ ...
ကျွန်မသိထားတဲ့ ကိုယ့်အလုပ် ကိုယ်ရှုပ်နေတတ်တဲ့
ရိုးရိုးအေးအေး မသမုသစ်က ဘယ်လိုက ဘယ်လို
ကိုအုင်ရဲ့ချစ်သူ ဖြစ်နေတယ် ဆိုပါလိမ့် ...
ဟုတ်ကော ဟုတ်ရဲ့လား ... မယုံနိုင်အောင်ပဲရှင် ...
သူ့သားကို လူပျိုကြီး လုပ်စေချင်ပုံရတဲ့
မောက်မာတင်စီး သူ့အဘွားကြီးနဲ့ရော ပြေလည်ရဲ့လား
ဘာပဲဖြစ်ဖြစ်ပါလေ ...
ကိုအုင်နဲ့တွဲတော့မယ်ဆိုရင် ဒီပုံလေးတွေတော့
မြင်ဖူးထားဖို့ သင့်တယ်ထင်လို့ ပို့ပေးလိုက်တာပါ ...





ဒီပုံလေးတွေက သဘောလောက်လေးတွေပါ ...
ဒီထက်ရင်းနှီးပတ်သက်တဲ့ အစ်မကို ဟတ်ထိသွားစေမယ့်
မှတ်တမ်းမှတ်ရာပုံတွေ ရှိသေးတယ်နော် ...
ကိုအုင်က အစ်မကို မပြဖူးမှာ သေချာပါတယ် ...
အရင်လို ကိုယ့်ဘာသာ ရိုးရိုးအေးအေးနေတာ
ကောင်းလိမ့်မယ် အစ်မ ...
သူလိုသမ္ဘာရင့် ဝါရင့်လူစားက ...
အစ်မလောက်ကိုတော့ ပျင်းသနားသေးတယ် အစ်မရေ...
ဒူး ပေါင် ခြေသလုံး ရှိသမျှ အားလုံးနဲ့
မျက်ရည်သုတ်နေရဦးမယ်နော် ...
စောစောစီးစီး နောက်ဆုတ်ရင်ဆုတ်ပါ ...
ရှေ့ဆက်လျှောက်နေရင်တော့ ... သူရော ... အစ်မရော ...
အရှက်တကွဲ ဖြစ်ကြရလိမ့်မယ်နော် ...
ဒီပုံလေးတွေလောက်ပဲ အစ်မမြင်ရုံနဲ့ ဇာတ်သိမ်းလိုက်ပါ၊
ဒီထက်ဆိုးတာတွေ တစ်ကမ္ဘာလုံးမြင်ပြီးတော့မှ
ဇာတ်သိမ်းရရင် အစ်မ စိတ်ပင်ပန်း ဆင်းရဲစရာတွေ
ဖြစ်ရမှာစိုးလို့ပါ ...။
ခင်မင်လျက် ...
မြရည်”



www.burmeseclassic.com

www.burmeseclassic.com



သမုသည် ဖတ်အပြီး မျက်လုံးလေး ပြူးလာအော အံလေးတင်းတင်း ကြိတ်လာမိပါသည်။ ဒီထက်ရင်းနှီးတဲ့ အခ်ျ ကို ဟတ်ထိသွားစေမယ့် မှတ်တမ်း မှတ်ရာတွေတဲ့။ ကြည့်စမ်း ဘာတွေများပါလိမ့်။ ဘယ်လိုဓာတ်ပုံတွေ မှတ်တမ်းတွေများ သက်သေသက္ကာရနဲ့ ကျန်ရစ်နေသေးပါလိမ့်။

ဒီလူဟာ ရိုးပုံရိုးလက်နဲ့ ဘယ်လောက်များတော ရှုပ်ပွေလီထားခဲ့တာပါလိမ့်။ သမုကို အုဋ္ဌ်လှနှင့် တွဲနေသူ အုဋ္ဌ်လှ ချစ်သူအဖြစ် မြရည် တစ်နည်းနည်းနှင့် သတင်းကြားပြီထင်သည် နောက်ဆုတ်သွားအောင် လှမ်းခြိမ်းခြောက်တဲ့ သဘောပေါ့။

အုဋ္ဌ်လှလိုလူက သမုကို သူလိုအပ်လျှင် သူ့ချစ်သူ ဟန်ဆောင်ပေးဖို့ အပေးအယူလုပ်တာကိုက အကြောင်းကိုရှိလို့ ဖြစ်မှာပေါ့။ သမုဟာ သူ့ချစ်သူပါလို့ မြရည်ကို သတင်းပေးတာ ဟာလည်း သူပဲနေမှာ။ ကိုယ်လွတ်ရုန်း ရှောင်လို့ရအောင်လေး ရှုပ်ထွေးပွေလီပြီးရင် ဒီလိုပဲ ကြုံရာလူဆွဲပြပြီး အရင်လူကိုထားခဲ့ နေကျများလား။

သူ့အကြောင်း ကိုယ်က ဘာများသေချာသိတာမှ လဲ။ မြရည်ကို မယုံဘဲ သူ့ကိုပဲ ယုံကြည်ရအောင် သူက ဘာမို့ လို့လဲ။ တောက် ... ဒေါသထွက်လိုက်လေ။ ခုထိ သူ့စကား အကုန်ယုံနေမိတာလေ။ ဒါကြောင့်လည်းပဲ အခုလို မြရည်စာ ဖတ်ရတော့ ယုံမိတာကို နာကျင်ခံခက်ရတာပေါ့။





အလကားလူ။ ဟတ်ထိစေမယ့် မှတ်တမ်းမှတ်ရာ တွေတဲ့ ... ဘုရား ... ဘုရား ... ဘုရား။

သမုသည် မျက်နှာလေးပင် နီမြန်းလာကာ ခုနေ အားမှာသာ အုဋ္ဌ်လှ ရှိခဲ့ပါက သူ့ဟာသူ သူ့ခွေးမင်းမကလို့ သိကြားမင်းဖြစ်ဖြစ် ထုကာနှက်ကာ ကုတ်ဆွဲပစ်ကာ သူဒဏ်ရာ အနာတရဖြစ်အောင်ကို လုပ်လိုက်ချင်မိတော့သည်။ မုန်းစရာ ကောင်းလိုက်တာ။ မုန်းစရာ။

ဟင် ...။ သမုသည် ကိုက်ထားမိတဲ့ နှုတ်ခမ်းလေး ကိုဖြေကာ စိုစွတ်စိမ့်ထွက်လာသော မျက်ဝန်းထောင့်မျက်ရည်စ တို့ကို တအံ့တဩ မျက်တောင်ပုတ်ခတ်၍ ဆိမ်းရပါသည်။ ဒေါသထွက်တာကတော့ ထားပါတော့။ မျက်ရည်က ဘာကြောင့် စိမ့်ထွက်လာရပါလိမ့်။

စာအိတ်ကြီးကို မမြင်ချင်၍ စားပွဲပေါ်က ဖိုင်လ် တစ်ခုနှင့် ဖိအုပ်ကာ ဆောဘီကိုလည်း မလုံမလဲ အကဲခတ်ရသည်။ ကိုယ်မှုပျက်တာ ဘယ်သူများ မြင်တွေ့စိတ်ဝင်စားနေမလဲလို့ပင်။

“တီတီ ... တီတီ”

ရုတ်တရက် သမုရဲ့ဖုန်းလေးက မြည်လာ၍ ကိုယ့် အရုံနှင့်ကိုယ် လန့်များပင် လန့်ရပါသေးသည်။ ဖုန်းစကရင်မှာ ပေါ်နေသည့်အမည်က D. Nnag Kathy တဲ့။ ဒေါ်နန်းကေသီ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ ဒေါ်နန်းကေသီ ဆိုတာ ဘယ်သူပါလိမ့်။ ရံဖန်ရံခါမှာ သိ
မရင်းနှီးသူများကိုလည်း လိုအပ်လျှင် ဆက်သွယ်နိုင်ဖို့အတွက်
ဖုန်းနံပါတ်လေး သိရပါက ကောက်မှတ်ထားလိုက်မြဲမို့ တစ်ခါ
တစ်ရံ နာမည်နှင့်လူ မတွဲမိဘဲ မေ့လျော့နေတတ်သည်။

ဘယ်သူပါလိမ့် အတွေးနှင့်ပင် ဖုန်းကိုင်လိုက်ရ
သည်။

"ဟယ်လို"

"သမုသစ်လား"

"ဟုတ်ပါတယ်ရှင်"

"အန်တီပါ နန်းကေသီပါ"

အန်တီ ဆိုပါလား။ အသက်ခပ်ကြီးကြီး အန်
အရွယ်ထဲက ဒေါ်နန်းကေသီ ဆိုတာ ဘယ်သူပါလိမ့်။ အလို ...
ဘုရားရေ ... ဒေါ်နန်းကေသီ ဆိုတာ။

"သမီးကို အန်တီ တွေ့ချင်လို့ပါ၊ သမီးအားရင် အန်
ကားလွှတ် ကြိုခိုင်းလိုက်ပါ့မယ်၊ ဘယ်ကို ကြိုခိုင်းရမ
သမီး"

"ဩော် ... ဟို ... အန်တီ ... ဘာကိစ္စများရှိလို့လဲ ဆ
ဘူးနော်၊ သမုက အခုရုံးမှာပါ၊ သမီးတို့ဂျာနယ်မဂ္ဂဇင်း
တိုက်မှာပါ"





"အရေးကြီးတဲ့စကားလေး ပြောချင်တာရှိလို့၊ အန်တီ
ကားလွှတ်လိုက်ပါ့မယ်၊ လိပ်စာလေး ပြောပေးပါလား"

သမုက အံ့အားတသင့်နှင့် ...

"အန်တီ ... သမုမှာ ကားပါပါတယ်၊ ကိုယ်ဘာသာလာ
လို့ ရပါတယ်၊ ဒါပေမဲ့ ... ဟို ... ဘာကိစ္စ ဆိုတာလေး
များ အန်တီ ပြောနိုင်မလားလို့ပါ၊ ရုံးမှာ ခွင့်ပန်ပြီးထွက်ခဲ့
ရမှာဆိုတော့ ကိစ္စကိုတော့ သိပါရစေ အန်တီ"

"ကိစ္စကတော့ အန်တီ့ဆီ ခုပဲ စာအိတ်ကြီးနဲ့ ဓာတ်ပုံတွေ
တစ်ထပ် ရောက်လာတဲ့ကိစ္စပဲ သမီး"

"ရှင် ... ဓာတ်ပုံတွေ"

"ဟုတ်တယ်၊ အဲဒီကိစ္စ စကားလေးနည်းနည်းပြောချင်လို့
ကွယ်၊ သမု လာဖို့ အခက်အခဲရှိရင်တောင် အန်တီကိုယ်
တိုင်ပဲ သမုဆီကို ..."

"ဩော် ... နေပါစေ အန်တီ၊ သမု လာခဲ့ပါ့မယ်၊ ခုပဲ လာ
ခဲ့ပါ့မယ်၊ အန်တီ့အိမ်လိပ်စာလေးပဲ ပြောပေးပါရှင်"

သမုသည် ကိုယ့်စားပွဲပေါ်က စာအိတ်ကြီးကိုပါ
တစ်ပါတည်း အပါဆောင်ယူကာ ကိုယ့်ဆီလည်းပဲ ရောက်လာ
ကြောင်း အဖော်စပ် တိုင်ပင်ဆွေးနွေးဖို့ ထွက်လာခဲ့ရပါတော့
သည်။ ဒေါ်နန်းကေသီထံကို ဘယ်လိုစာမျိုး ရေးလွှတ်လိုက်လို့
သူက သမုနှင့် တွေ့ချင်ရတာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



သမုသည် အတွေးမျှင်မပြတ်နှင့် ကားကိုမောင်းလာရင်း ပြည်လမ်းပေါ်က ဦးအုန်းလှတို့ အိမ်လိပ်စာခြံကျယ်ကြီးဆီ ရောက်လာခဲ့ပါသည်။ ခြံကြီးကလည်းကျယ်ပါ့၊ ခြံဝင်းထဲ Landscaping ကလည်း စိမ်းလန်းစိုပြည်ပါ့၊ တိုက်အိမ်ကြီးကလည်း ခမ်းနားပါ့ပါလား။

အိမ်တံခါးဝမှ မိန်းကလေးတစ်ယောက်က ကြိုဆို သူ ခေါ်ရာနောက် လိုက်ပါရင်း ဧည့်ခန်းလေးတစ်ခုမှာ ဒေါ်နန်းကေသီနှင့် တွေ့ရပါသည်။ ဒေါ်နန်းကေသီနှင့် ဆုံလိုက်သည်နှင့် လျှင် ချက်ချင်းပင် သမုရဲ့လက်ဖျားလေးများ အေးစပြုလာသည် ဘာဖြစ်ပါလိမ့်။ ကိုယ့်အကြောင်းကိုယ် အသိဆုံးမို့ ထိုအမျိုးသမီး ကြီးကို သမု စိတ်တွင်းက အနည်းငယ် ရှိန်မိတယ်ဆိုတာ ဝန်ခံ ရပါမည်။

ရှိန်ရတာဟာ သူ့ရဲ့ကြွယ်ဝချမ်းသာ ခမ်းနားမှုကြော ကြောင့် မဟုတ်ဘဲ အုန်းလှရဲ့မိခင် ဖြစ်နေလို့ ဆိုတာကိုလည်း ကိုယ့်ဟာကိုယ် ရေးတေးတေး ရိပ်မိရသားပင်။

“ထိုင်ပါဦး သမု”

“ဟုတ်ကဲ့”ဟု အသာခေါင်းညိတ် ဝင်ထိုင်ရင်း ဒေါ်နန်းကေသီရှေ့ စားပွဲပေါ်က ကိုယ်နဲ့ဆင်တူ စာအိတ်ကြီးကို ဖျတ်ခနဲ ကြည့်လိုက်မိပါသည်။





“အဲဒါကြီးပဲ သမု၊ ဘယ်ကနေ ဘယ်သူပို့လိုက်မှန်း မသိဘူး၊ အထဲမှာတော့ ဓာတ်ပုံတွေနဲ့”

“ပို့တဲ့သူနာမည် မပါဘူးလား အန်တီ”

“မပါဘူးကွယ့်”

“သူပဲပို့တာ နေမှာပေါ့ အန်တီ”

“သူဆိုတာ ဘယ်သူလဲ သမီး”

“အဲဒီထဲက ဓာတ်ပုံတွေထဲက ကောင်မလေးလေ အန်တီ”

ဒေါ်နန်းကေသီက သမုကို နားမလည်သလို ကြည့်နေရာက စာအိတ်ကြီးထဲက ဓာတ်ပုံတစ်ထပ်ကို ဆွဲထုတ်လိုက်ပြီး သမု မြင်သာအောင် ချပြလိုက်ရင်း ...

“သမီး ဘယ်သူ့ကို ပြောနေတာတုန်း”

ဓာတ်ပုံတွေကို လှမ်းကြည့်လိုက်တဲ့ သမုမှာ “အိ” ခနဲ မအော်မြည်မိအောင် မနည်းသတိထားလိုက်ရကာ မျက်လုံးအလေးကတော့ ပြူးကျယ်သွားရပါသည်။ ဓာတ်ပုံထဲမှာ အုန်းလှနှင့်သမု။ ပုံတွေကိုကြည့်လိုက်တာနှင့် မြကျွန်းသာရှေ့ ကားရပ်စကားပြောဖြစ်ကြတဲ့နေ့က တစ်နေရာရာကနေ တယ်လီဆွဲကာ ရိုက်ထားတယ်ဆိုတာ သိသာသည်။

“ဟင် ... ဒါတွေက ...”



www.burmeseclassic.com

www.burmeseclassic.com



သမုက ဒေါ်နန်းကေသီရဲ့စာအိတ်ကြီးကို ကျော ဘက်လှန်၍ ကြည့်လိုက်သည်။ မှ … ရန်ကုန်၊ ဆိုတာပဲ ရေး ထားကာ မြရည်ရဲ့နာမည် မပါပါ။ ဒါပေမဲ့ လိပ်စာရေးထားတဲ့ လက်ရေးကတော့ သမုကို စာရေးထားတဲ့ မြရည်ရဲ့လက်ရေးပါ ပင်။

"အန်တီ … အဲဒါက မြရည်စိမ်းဖန့်ဖန့်ဆိုတဲ့ ဟိုကောင်မ လေးပါ"

သမုက မျက်နှာလေး ခပ်ပူပူနှင့် ကမန်းကတန်း ရှင်းပြမိသည်။ ကိုယ့်ဆီရောက်လာသော အုင်ရှုလှနှင့် မြရည်ရဲ့ပုံ တွေပဲ ဒေါ်နန်းကေသီထံကို ဆင်တူရောက်တယ် ထင်တား ခုတော့ ကိုယ်နဲ့ပုံတွေ။ ပုံတွေထဲမှာမှ ကြံကြံဖန်ဖန် တိုက်တိုက် ဆိုင်ဆိုင် သမုက အုင်ရှုလှကို မျက်စောင်းလေးချိတ်နေမိတဲ့ပုံတ လေးမျိုးတောင် ပါနေလိုက်သေး။

"ဒီမှာလေ … ဒီလက်ရေး ဒီစာအိတ်နဲ့ပဲ သမုဆီပို့ထား တာ၊ သမုကိုကျတော့ သူနဲ့ ဦးအုင်ရှုလှရဲ့ပုံတွေ ပို့ပါတယ်"

သမုက ကိုယ့်စာအိတ်ထဲက ဓာတ်ပုံတွေ ဆွဲထုတ် ပြရင်း စာခေါက်ကလေးကပါ ဖျတ်ခနဲ ထွက်ကျလာသည်။ အဘွားကြီးက သူ့ဆီ ဘယ်သူက ဘာကြောင့် ဒီပုံတွေပို့လိုက် တယ်ဆိုတာ ဇဝေဇဝါ စိတ်ရှုပ်ထွေးနေရာမှ သမုထံကပုံတွေကို





ပါ မြင်လျှင် မျက်ခုံးအတွန့်ချိုးလေး ခလယ်ကုတ်ကာ ရှုံ့ကာ အတော် စိတ်ပျက်လက်ပျက် ဖြစ်နေပုံ ရလေသည်။

"အုင်ရှုလှ တစ်ယောက်လည်း ဒုက္ခပဲ၊ ဘာတွေ ဘယ်လို ရှုပ်ထွေးနေတယ် မသိပါဘူး"

ခပ်တိုးတိုး တစ်ကိုယ်တည်း ညည်းညူနေသေးရာ သမုမှာ မလုံမလဲ ဖြစ်ရသည်။ အဲဒီရှုပ်ထွေးနေတာတွေအထဲ ကိုယ်ပါငြိငြိထွေးထွေး မဟုတ်လား။ စိတ်ကြီးများနယ် ညစ်ပါဘိ။ သမုသည် ဒေါ်နန်းကေသီ အမြင်မှာ ကိုယ်ပါ အရှုပ်မ အမှိုက်မ တစ်ယောက်လို ဖြစ်နေမှာကိုလည်း အတော်ကို စိတ်ပျက်ဝမ်း နည်းရပါသည်။

ဒေါ်နန်းကေသီက သူကောက်ယူဖတ်နေသော စာ ရွက်ကို ချထားလိုက်ပြီး သမုကို ခပ်ငေးငေး အကဲခတ်သလိုကြည့် ပါသည်။

"သမုနဲ့ အုင်ရှုလှက ဒီကလေးမ ရေးထားတဲ့အတိုင်းပဲလား၊ ချစ်သူတွေလား"

"ဟို … ဟို … မဟုတ်ပါဘူး အန်တီ၊ မဟုတ်ပါဘူး ရှင့်"

"ဒါဖြင့် ဒီဓာတ်ပုံတွေအရဆိုရင် ခင်မင်ရင်းနှီးမှုတော့ ရှိတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... သမုတို့ အဲဒီတုန်းက ဆွေးနွေးတိုင်ပင်စရာ ကိစ္စလေးတစ်ခုရှိလို့ အပြင်တစ်နေရာမှာ စကားပြောဖြစ်ကြတုန်း ဘယ်နားက ချောင်းရိုက်ထားလိုက်သလဲတောင် မသိပါဘူး၊ ဒီပုံတွေ သမုလည်း ခုမှတွေ့ရပြီး အံ့ဩပါတယ်"

"သွားလေရာ နောက်ကလိုက်ပြီး ဖွဲ့ကြီး နုပဲကြီး သဲကြီး မဲကြီး ဓာတ်ပုံချောင်းရိုက်တာ ဘာညာ လုပ်နေတယ်ဆိုတော့ ဒီမိန်းကလေးက တော်ရုံ လက်လျှော့မယ့်ပုံတော့ မပေါ်ဘူး၊ အန်တီ ပြောတာ အဲဒါလေ၊ ခုခေတ်မိန်းကလေးတွေက လွယ်တာမဟုတ်ဘူး၊ သူက စီးပွားရေးမှာ လူတော်ဆိုပေမယ့် လူမှုရေး အချစ်ရေးပြဿနာတွေမှာ လူရော်လေ၊ ကိုယ့်အန္တရာယ် ကိုယ်မသိဘူး"

သမုက ခေါင်းကလေးငုံ့ကာ နားထောင်နေရသည်။ လွယ်တာမဟုတ်ဘူးဆိုတဲ့ ခုခေတ်မိန်းကလေးစာရင်းမှာ သမုကိုလည်း ထည့်ချင်ထည့်ထားမှာပေါ့။ ကိုယ့်ကို ရင့်ရင့်မာမာ နိုင်လိုမင်းထက် ဘာတစ်ခွန်းမှမပြောဘဲ ညင်ညင်သာသာ ဆက်ဆံနေပေမယ့် သမု အနေအထိုင်ကျဉ်းကျပ်ကာ စိတ်တွေအိုက်နေပါသည်။

"အန်တီ့ကို အမှန်အတိုင်းတော့ ပြောပြစေချင်တယ်၊ သားနဲ့ ချစ်သူတွေ မဟုတ်ဘူးဆိုတာ တကယ်လား"





"တကယ်ပါ အန်တီ"

"အန်တီက သူ့ကို အခြေတကျ အိမ်ထောင်ပြုစေချင်ပြီ၊ ရာထူးကြီးကြီး လုပ်ငန်းကြီးကြီး လုပ်ကိုင်နေတဲ့ ယောကျ်ားမျိုးဆိုတာ ဇနီးမယား ရှိသင့်တယ်၊ ဇနီးမယားဆိုတာ နောက်ကွယ်ကလူ မမြင်ရတဲ့ ကွက်လပ်ကလေးတွေကို ဖြည့်ပေးနိုင်တဲ့သူမျိုး၊ မိသားစုနဲ့ ဆိုတာက လူတစ်ယောက်ကို တည်ငြိမ်ရင့်ကျက် ကျက်သရေရှိစေတယ်၊ မဖြစ်ဘူး ... သူ့ကို အိမ်ထောင်ချကိုချပေးရမှ ဖြစ်တော့မယ်"

"မေမေ"

ဘွားခနဲ ရုတ်တရက် တံခါးတွန်းကာ ဝင်လာသော အုဋ္ဌ်လှကို သမုက အလန့်တကြားလေး လှည့်ကြည့်မိသည်။ သူ့ကြည့်ရတာ အမောတကော ပြေးလာပုံပင်။ သူ့အမေနှင့် သမုကို တစ်လှည့်စီ အကဲခတ်နေသည်။

"မင်း ဘယ်က ရောက်လာတာတုန်း အုဋ္ဌ်လှ ... အစောကြီး"

"ခုန မိုးဂျော်က ကားကိစ္စတစ်ခု ခိုင်းစရာရှိလို့ မေမေ့ ဒရိုင်ဘာဦးဝင်းခင်ကို ဖုန်းလှမ်းဆက်တာ၊ ဦးဝင်းခင်က အခု အားမအား သိပ်မသေချာသေးဘူးတဲ့၊ မမက '.....' ဂျာနယ်တိုက်က သမုသစ် ဆိုတာကို ကားနဲ့သွားကြိုရမယ့်



www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောနေတယ် ဆိုတာနဲ့ မိုးကျော် ပြန်ပြောပြလို့ ဖြေးလာတာလေ ...

ဘာတွေ ဘယ်လိုဖြစ်လို့ မေမေက သမုကို သွားခေါ်ခိုင်းရတာလဲ၊ ဘာကိစ္စရှိလို့လဲ၊ အဲဒါအံ့ဩလို့ မေမေ့ဆီလာတာ”

“မေမေ မခိုင်းလိုက်ရပါဘူး၊ သမုက သူ့ကားနဲ့သူ လာပါတယ်၊ သား ဦးဝင်းခင်ကို ခိုင်းစရာရှိရင် သုံးသာသုံးပါ၊ ရတယ်၊ ပြန်ရင်လည်း သမုက သူ့ဘာသာပြန်မှာပဲဟာ”

“အဲဒါက အရေးမကြီးပါဘူး မေမေရဲ့၊ မေမေနဲ့ သမု ဘာကိစ္စရှိတယ်ဆိုတာကိုပဲ အရမ်းစိတ်ဝင်စားတာ၊ မေမေက သူ့ကို ခေါ်တွေ့ရခြင်း အကြောင်းက ဘာလဲ၊ ဘာတွေကြားလို့လဲ၊ မေမေ တခြားက ဘာကြားကြား သမုမှာ မေမေ ခေါ်ယူစစ်မေးရလောက်အောင် ဘာအဖြစ်အပျက် အကြောင်းအရာ အပြစ်အနာအဆာမှ မရှိပါဘူး မေမေ”

သမုရဲ့နှလုံးသားက သိမ့်ခနဲ ငြိမ့်လှုပ်သွားကာ ပါးပြင်လေးနှစ်ဖက် နွေးထွေးသွားပါသည်။ သမုအတွက် စိုးရိမ်ပြီး အကာအကွယ် တစ်စုံတစ်ရာပေးဖို့ သူ အပြေးလာတာပဲဟု နားလည်လိုက်ရခြင်းက ကြည်နူးပီတိတစ်မျိုးကို ပေးစွမ်းသည်။

ဒေါ်နန်းကေသီက ပြုံးပါသည်။





“သမုသစ်ကို မေမေက အပြစ်တစ်စုံတစ်ရာကြောင့် ခေါ်စစ်နေတာမျိုး မဟုတ်ပါဘူး အုန်းလှရယ်၊ မိန်းမပျိုကလေး တစ်ယောက်ကို မေမေက အိမ်ခေါ်ပြီး စစ်ဟယ်ဆေးဟယ် လုပ်ခွင့်ရှိပါ့မလား၊ သမုကိုမပြောနဲ့ ဟို မြရည်ဆိုတဲ့မိန်းကလေးမျိုးကိုတောင် ခေါ်စစ်မေးလို့ ရမလား၊ မင်းမို့လို့ အဲ့သလို အတွေးခေါင်တယ်”

“ဒါဖြင့် ဘာကိစ္စလဲ မေမေရ၊ ကျွန်တော်လည်း ရုတ်တရက် နားမလည်နိုင်အောင် အံ့ဩပြီး လိုက်လာရတာပေါ့”

“မေမေ အရင်မေးပါရစေဦး အုန်းလှ၊ သမုကိုတော့ မေးကြည့်ပြီးပါပြီ၊ မင်းနဲ့ သမုသစ်က ချစ်သူတွေလား”

အုန်းလှက သမုကို လှမ်းကြည့်လိုက်ပါသည်။ သမုချက်နှာပေါ်က ရှက်ကိုးရှက်ကန်း အိလည်လည်ရုပ်ကို ဖျတ်ခနဲ ရယ်ချင်သွားမိပြီး အုန်းလှက ပြုံးစိစိ ဖြစ်သွားမိပါသည်။ ကလေးတစ်ပိုင်းနှင့်တူသော အပျိုကြီး ဒါလေးပြောတာ ရှက်နေပြီ။

“မေမေကလည်း ဘာတွေမေးနေတာလဲ၊ ဟိုမှာ ကာယကံရှင် မိန်းမပျိုလေး ရှေ့ထားပြီး၊ ကဲပါ ... မေမေတို့ကြားကကိစ္စကို သိချင်ပါတယ်၊ ဟင် ... ဓာတ်ပုံတွေက ဘာတွေတုန်း”

အုန်းလှက ကမန်းကတန်း ရှေ့တိုးလာကာ ဓာတ်ပုံတွေဆွဲကြည့်ရင်း ထိုင်ချလိုက်တာက သမု နံဘေးယှဉ်လျက်။



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံတွေကြည့် မျက်နှာကြီးနီပြီး သူက မေးတစ်ခွန်း သမုက ဖြေတစ်ခွန်းနှင့် ဓာတ်ရည်လည်သည့် သကာလတွင် အုဋ္ဌလှက စိတ်ဆိုးမာန်ဆိုးနှင့် ...

"မေမေကလည်းဗျာ၊ ဒီအခြေအမြစ်မရှိ မိန်းမအတွက်များ သမုကို ခေါ်မေးနေရသေးတယ်၊ သူက ရူးနေတာ၊ သူ ခင်းနေတဲ့ အရူးကွက်တွေ ကိုယ်ကလိုက်နင်းနေလို့ ဖြစ်မလား၊ မေမေ့ဆီ ကျွန်တော်နဲ့ သမု စုံတွဲပုံတွေရောက်လာတာ သမုကို ခေါ်မေးစရာလား၊ ကျွန်တော့်ကိုပဲ မေးရမှာ မဟုတ်ဘူးလား၊ တကယ်ပါပဲ မေမေကတော့"

"အဲဒါ ဘယ်လိုရှုပ်ရှုပ်ယှက်ယှက် အဖြစ်မျိုးတွေလဲ အုဋ္ဌလှ၊ ဒီမိန်းကလေးက ဘာဖြစ်လို့ ဒီလောက် အတင့်ရဲနေတာလဲ၊ စာကိုလည်း သေချာဖတ်ကြည့်ဦး၊ မင်းတို့က ဘယ်လို အခြေအနေနဲ့ ဘယ်လိုဓာတ်ပုံမျိုးတွေအထိ ရှိနေလို့လဲ၊ သူက မင်းနဲ့ သမုသစ် ချစ်သူတကယ်ဟုတ်ဟုတ် မဟုတ်ဟုတ် ချစ်သူလို့ သူက ယူဆသတ်မှတ်ပြီး လှမ်းနှောင့်ယှက် ခြိမ်းခြောက်တာလေ၊ အဲဒါ ကောင်းတဲ့အပြုအမူလား"

"ရော ... ခက်နေပြီ မေမေကတော့၊ သူက ကောင်းမှ မကောင်းတာ မကောင်းတဲ့အပြုအမူလုပ်တာ ဆန်းလား၊ သူ့ဟာသူ ကောင်းတာ မကောင်းတာ သူ့ဘာဝ၊ ကျွန်တော်နဲ့လည်း တကယ် ဘာမှဆိုင်တာ မဟုတ်ဘူးလေ၊ ပစ်ထား





လိုက်ရုံပဲ၊ လိုက်ပြီးအရေးတယူ ဖြေရှင်းနေရင် သူက ဒီထက်ပိုလုပ်မှာပေါ့"

"မင်းကသာ ဘာမှမဆိုင်ဘူး ပြောနေပေမယ့် သူ့စာထဲမှာက ရေးထားတာတွေက ဆိုင်တဲ့ပုံတွေလေ"

"ကဲ ... မေမေကတောင်မှ ဒီလောက်တောင် သံသယဖြစ်နေရင် သမုသစ်ရော ဘယ်လောက်သံသယဖြစ်မလဲ၊ ကျွန်တော့်ကို အယုံကြည်မဲ့ရောပေါ့၊ မေမေက ခက်တာပဲဗျာ"

"မင်းနဲ့ သူနဲ့ ချစ်သူမဟုတ်ဘူးဆို၊ အယုံအကြည်မဲ့မဲ့ ... ဘာဖြစ်လဲ"

"ဒါပေမဲ့ မဟုတ်တာတော့ အထင်မခံချင်ဘူးလေ၊ သူနဲ့ ချစ်သူမဟုတ်ဘူးလို့လည်း တစ်ခွန်းမှ ကျွန်တော်မပြောသေးဘူးနော်"

"အဲဒါက ဘာစကားလဲ အုဋ္ဌလှ"

အုဋ္ဌလှက နဖူးလေးကို ပွတ်ကာ ကုတ်ကာ သမုကို လှမ်းကြည့်သည်။ ဘာလဲ ... သူက သမု အထင်လွဲမှာပဲ စိုးနေသလိုလို ဘာလိုလို။ သမုက အုဋ္ဌလှကို စိတ်တိုတိုနှင့် မျက်စောင်းတစ်ချက် ထိုးသည်။ ဒေါ်နန်းကေသီ အကြည့်အောက်မှာလည်း စိတ်ကျဉ်းကျပ်လှပါပြီ။

"အဲဒါ ဘာပြောတာလဲလို့ မေမေမေးတယ်လေ အုဋ္ဌလှ"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ... ကျွန်တော် အသက် ၃၀ ကျော်ပြီ"

"ဘာဖြစ်လဲ အဲဒါ၊ မင်းရှုပ်နေတာ မဟုတ်ရင်တောင် မရှင်း မရှင်း ဖြစ်နေတာတော့ အသေအချာပဲ"

"ကျွန်တော် အခု ရှင်းရှင်းလေးပါ၊ မေမေ ခုလို သမုကို ခေါ်မေးတာကမှ ကျွန်တော့်သိက္ခာကို ကျစေသေးတယ် ခုကိစ္စကလည်း ရှင်းရှင်းလေး၊ အဲဒီ မြရည်က သမုကိုကျ တော့ ကျွန်တော်နဲ့ သူ့ကြားမှာ ဒီထက်ကြီးမားတဲ့ အရှုပ် တော်ပုံတွေ ရှိခဲ့သယောင် သမု အထင်လွဲအောင် ကျွန်တော် နဲ့ ပတ်သက်နေရင် လန့်ဖျပ်ပြီး ဘာရိတ်အုပ်သွားအောင် ပြဿနာတက်ကြအောင် ခြေထိုးတာ ...

မေမေ့ဆီကျတော့ ကျွန်တော်နဲ့ မိန်းကလေးတစ် ယောက် ပတ်သက်နေသယောင်ယောင် လှမ်းအတို့အထောင် လုပ်တယ်၊ သမုဆီရေးထားတဲ့ စာထဲမှာ မေမေတွေ့တယ် မဟုတ်လား၊ မေမေ့ကို သားတိုတဲ့ မောက်မာတဲ့မိန်းမကြီး လို့ သူ ရေးထားတာ၊ ဒီပုံတွေတွေ့ရင် မေမေက သားကို တိုပြီး ကဖျက်ယဖျက် တားဆီးအောင် သူလုပ်တာလေ

တစ်ဖက်ကိုတစ်မျိုး၊ နောက်တစ်ဖက်ကိုတစ်မျိုး သူ တိုက်နေတာ၊ ဒါတွေရှိနေဦးမှာပဲ မေမေ၊ မေမေတည် ငြိမ်ဖို့ပဲ လိုတယ်၊ သူက ကျွန်တော့်ကို အပိုင်တွက်ထား လိုက်ပြီးမှ သူ့အသိုင်းအဝိုင်းကိုလည်း သူ့ပဲအရှိထက်ပိုပြ





ထားပြီးမှ လက်လွှတ်သွားမှာကို သွေးရူးသွေးတန်းတွေ လိုက်လုပ်နေတာလေ မေမေ၊ ဒါတွေ တစ်နေ့တော့ ရပ် သွားမှာ ပြီးသွားမှာပဲလေ၊ သူ့မှာလည်း ဒီထက်ပိုလုပ်စရာ တိုက်ကွက်မရှိတော့ဘူး၊ ဒါအကုန်ပဲ၊ စိတ်အေးအေးထား ပါ မေမေ၊ တစ်နေ့ ရပ်သွား ပြီးသွားမှာပါ"

"အဲဒီတစ်နေ့က မင်း အိမ်ထောင်ကျသွားတဲ့ တစ်နေ့ပဲ ဖြစ်လိမ့်မယ်၊ အဲဒါကြောင့် မင်းကို ဟိုးအစောကြီးကတည်း က မေမေ အိမ်ထောင်ချပေးဖို့ ကြိုးစားတာပေါ့"

"ကျွတ် ... မေမေကလည်းဗျာ၊ ကျွန်တော် ကလေးမဟုတ် ဘူးလေ"

သမုက သူတို့သားအမိ စကားဝိုင်းမှာ ထိုင်နေရတာ စိတ်ကျဉ်းကျပ်လာသည်။ သူ့ ဓာတ်ပုံတွေ စာအိတ်ထဲကောက် ထည့် စလင်းဘက်လေးလွယ်ကာ ...

"ကျွန်မ ပြန်တော့မယ် ဦးအုဋ္ဌ်လှ၊ အန်တီ ... သမုပြန်ပါ ဦးမယ်၊ ခွင့်ပြုပါဦးရှင့်"

"ခင်ဗျားလည်း သူများသွေးထိုးတာကို မယုံမှားဖို့ လိုတယ်"

သမုက အုဋ္ဌ်လှကို မျက်စောင်းထိုးကာ ထွက်လာ ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## ၁၃

သမုသည် လေဆိပ်ထဲက စောင့်ဆိုင်းတဲ့ ခုံကလေးတွေမှာ ထိုင်နေရင်းက "ဟင်"ခနဲ မျက်လုံးလေးတွေ ဝိုင်းကျယ်သွားပါသည်။ ခရီးသည်တွေ ထွက်လာတဲ့ ထွက်ပေါက်ဝမှာ တစ်ခဏ အလုပ်များနေပြီး ဒီဘက်ပြန်လျှောက်လာကာ မလှမ်းမကမ်းမှာ ရပ်နေတဲ့ အုဋ္ဌလုက သူ့နံဘေးက မိုးကျော်နှင့် စကားပြောနေကာ သမုကို မြင်ပုံမရပါ။

ရုပ်ဖြူလက်ရှည် ကော်လာပြတ်နှင့် ပြာရွှန်းသော ပိုးတွဲပုဆိုးကို တွဲဖက်ဝတ်ဆင်ထားတဲ့ အုဋ္ဌလုရဲ့ အသရေဟာ တောက်ပလင်းထိန် ခမ်းနားသိုက်မြိုက်လှပါသည်။ ကြည့်ကောင်းလိုက်တဲ့ယောက်ျား။ ပြီးတော့ လူတကာ အားကျမက်မောရတဲ့ စီးပွားရေးအောင်မြင်မှုကို ပိုင်ဆိုင်ထားတဲ့သူ။ အမှန်တော့ ဒီလို





လူတစ်ယောက်နှင့် သမု နီးစပ်ရင်းနှီးဖို့ရာဆိုတာ အလှမ်းအဟပ် ကွာခြားလှပါသည်။

အင်းလေ ... ခုလည်းပဲ ဘယ်မှာနီးစပ်လို့လဲ။

ဘယ်လိုရှင်းပြရမယ်မှန်း မသိသော အကြွေ့အချိုးကြုံကြိုက်တိုက်ဆိုင်မှုကလေးတွေနှင့် အဆန်းတကြယ် ပတ်သက်လာခဲ့ရပေမယ့် ဒီအခြေအနေဟာ ဒီလူနှစ်ယောက် နီးစပ်ခဲ့ပြီလို့ ဆိုဖို့တော့ သက်သေမခိုင်လုံသလိုပင်။ ဒီအနေအထားကလေးကို ရင်ခုန်သလိုလို သာယာသလိုလို ဖြစ်နေတာကတော့ သမုသစ်ရူးတာသက်သက်ပဲပေါ့။

သမုက သက်ပြင်းလေးတစ်ချက် ကျိတ်ကာချလိုက်မိပါသည်။ ဘာကိုမှ စိတ်ကူးယဉ်ဆန်းကြယ်မနေစမ်းပါနဲ့ သမုသစ်ရယ် ... လို့ ကိုယ့်ကိုယ်ကိုယ် သတိပေး ဆုံးမနေမိဆဲ မိုးကျော်ရဲ့အကြည့်က ဖျတ်ခနဲ သမုထံ ရောက်လာသည်။

ဟော ... တွေ့သွားပြီ။

မိုးကျော်က အုဋ္ဌလုကို တစ်စုံတစ်ရာ ပြောလိုက်လျှင် အုဋ္ဌလုက သမုထံ ဖျတ်ခနဲ လှည့်ကြည့်လိုက်ပါသည်။ သူ့ဟာနှင့်သူတော့ သူဟာ ကိန်းကြီးခန်းကြီး ဣန္ဒြေကြီးလှကာ ဘောဘောဘီဘီကို ကြည့်ရှုမျက်လုံးကစားနေတာမျိုးမရှိ။ တမင်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ထားတဲ့ဟန်ပဲလားတော့မသိ။ ပတ်ဝန်းကျင်ကို နည်းနည်းမှ လေးမှ စိတ်မဝင်စားသယောင် အိုက်တင်မျိုးနှင့် နေတာပါ။

သမုက ခပ်ပြုံးပြုံး လှမ်းလာနေသော သူတို့ဆီ တပည့်ကို ကြည့်သလို မကြည့်သလိုနှင့် ဟိုဟိုဒီဒီ လျှောက်ကြည့် နေလိုက်သည်။

"မြင်ရက်သားနဲ့ မမြင့်ချင်ယောင်ဆောင်နေတာကလည်း အပျိုကြီးတို့၏မာယာ ထင်တယ်"

"ရှင် ဘာဖြစ်နေတာလဲ"

အုဋ္ဌလှသည် နေရာတကာတိုင်းမှာ မာနကြီးတဲ့ သားနှင့် နေနေကျပေမယ့် ဒီ သမုသစ်ကိုများတွေ့လျှင် ဘယ် အရာက ဘယ်လိုစေ့ဆော်ကာ အရှုံးချင်လာတယ်မသိဘဲ နှုတ် ဖျားက အလိုလို တရင်းတနှီး စကားလုံးတွေ ခုန်ထွက်လာမြဲ ကိုယ့်ကိုယ်ကိုယ် ထူးထူးဆန်းဆန်း အံ့သြနေမိပါသည်။

အသက်ကသုံးဆယ် ဆိုပေမယ့် တစ်ခါတစ်ရံတွေ ပုံပြုမှုပုံတွေက ကလေးတစ်ယောက်လို မပြည့်မဝဖြစ်တတ်ထား သူ့စိတ်ထဲရှိနေတာကိုလည်း အမြဲဟန်လုပ်ဟန်ဆောင်ထားတယ် လို့ သူ အမြဲထင်မိသော ထိုအမျိုးသမီးကို သူ့စိတ်ထဲ ရင်ထဲမှာ နှစ်လိုမှုရှိနေပါသည်။





မိန်းမဆိုလျှင် ကိုယ့်စည်းစိမ်ဥစ္စာ၊ ကိုယ့်ဂုဏ်ရှိန် ဂုဏ်ဒြပ်၊ ကိုယ့်အောင်မြင်ကျော်ကြားမှုကို ယစ်မူးသာယာ ချဉ်း ကပ်လာမည့်သူချည်းလို့သာ အစဉ်တစိုက် မသိစိတ်က မြင်မိကာ အထင်မကြီးလှသလိုရှိသော အုဋ္ဌလှသည် သူနှင့်ပတ်သက်သလိုလို ဘာလိုလို သူငယ်ချင်းများ အထင်လွဲမှုကို မဖြေရှင်း မငြင်းဆန်ပဲ ဟုတ်လေသယောင် ဟန်ဆောင်အထင်ကြီးခံနေတဲ့ ဤအမျိုးသမီး ရဲ့အပြုအမူကို သေချာသိပါလျက် သူ့အပေါ်တော့ အထင်သေး မရ ရယ်ချင်ပက်ကို ချစ်စနိုးသာ ရှိလှသည်။

သူနှင့် ချစ်သူဖြစ်နေသလိုလို အရှိထက်ပို၍ သတင်း ဖြန့်လွှင့်နေတဲ့ မြရည်စိမ်းဖန့်ဖန့်နှင့် သမုသစ်ကို ဘယ်လိုမှတစ် တန်းတစ်စားထဲလို့ မြင်မရ၊ မမြင်ရက်ဘဲ မြရည်လုပ်ရပ်က မရိုး သား၊ သမုသစ်လုပ်ရပ်က ကလေးဆန်တာဟု သူ့ဘာသာခွဲခြား သတ်မှတ် ယုံကြည်မိသည်တည်း။

"မမြင်ချင်ယောင် ဆောင်နေတာကိုး"

"မဆောင်ပါဘူး၊ ကျွန်မမြင်မှန်း ရှင်ရော ကိုမိုးကျော်ရော သိတာပဲဟာ၊ ကျွန်မက မမြင်ဟန်သာဆောင်ရင် ကျွန်မ မြင်မှန်း ရှင်တို့ သိကိုမသိရပါဘူးနော်"

"သြော် ... သြော် ... ခင်ဗျားက ဆရာမကြီးပဲ၊ ဆရာမကြီး လေဆိပ်ကို ဘာလာလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပစ္စည်းယူစရာရှိလို့ လာတာ၊ ရှင်ကရော၊ သူဌေးမင်း ကိုယ်တိုင် ဧည့်သည်လာကြိုတာလား"

"ဟိုဘက်ကလည်း သူဌေးမင်း လာမှာဆိုတော့ ဒီဘက်က လည်း သူဌေးမင်းကိုယ်တိုင် ကြိုရတယ်ပေါ့ဗျာ၊ အဲသလိုပါ"

"ခုန လေယာဉ်တစ်စင်း ဝင်တယ်လေ၊ ရှင်တောင် အပေါက်ဝနားထိ သွားသေးတယ်၊ ပါမလာဘူးလား"

"ဩော် ... ခင်ဗျားက ကျွန်တော့်ကို စောင့်ကြည့်နေတာ ကြာပြီပဲ၊ ဧည့်သည်ပါပါတယ်၊ သူ့ရဲ့သံရုံးဆိုင်ရာ စာရွက် စာတမ်းလေးတချို့ လိုအပ်ချက်လေးတွေရှိလို့ သူထွက် မရသေးဘူး၊ ခဏကြာဦးမှာဗျ၊ ဟော ... လေယာဉ်တစ်စင်း ဆင်းပြန်ပြီ၊ ခင်ဗျားစောင့်တဲ့ Flight လား"

"ဟင် ... ဟုတ်တယ်ရှင့် ... အဲဒါ"

သမုက ထိုင်ရာမှ ထရပ်လိုက်ကာ လှုပ်လှုပ်ရှားရှား ဖြစ်သွားပါသည်။ ခရီးသည်တွေ ဝင်လာတာကို မှန်ချပ်မှတစ် ဆင့် မျှော်ကြည့်နေတဲ့ သမုရဲ့ပုံစံလေးကို အုင်ရှလှက အမှတ်မထင် ငေးကြည့်နေသည်။

စိမ်းပြာရောင် ရင်ဖုံးအင်္ကျီလက်စကလေးနှင့် စိမ်း ပြာရောင်များများပါသော ချည်ချိတ်လုံခြည်လေးဝတ်ကာ ခေါင်း





ဗီနပ်ဖြူလေးနှင့်။ အုင်ရှလှက ကေးဝင့်ပုဏ္ဏားလို ကိုယ့်ခြေဖမိုး တိုယ် ငုံ့ကြည့်လိုက်မိပါသေးသည်။ ပြုံးလည်း ပြုံးလိုက်မိသေး တာ ခုထိ ထင်ကျန်နေဆဲ ခြေဖမိုးဖြူဖြူပေါ်က ညိုတိုတိုအနာရွတ် အကွက်လေးကို ခပ်ငေးငေး ဆက်စိုက်ကြည့်နေမိသည်။

အနင်းခံရတဲ့နေ့က ဒဏ်ရာကိုကြည့်လိုက်၊ ဒေါသ ဆွဲထွက်လာလိုက် ခံစားချက်က ဘယ်ဆီကိုများ ပျောက်သွား ပါပြီလဲ။ ခုတော့ ဒဏ်ရာကိုကြည့်၍ ပြုံးပင်ပြုံးနေနိုင်ပြီ။ အဲဒီ အပြင် ဒဏ်ရာပေးခဲ့တဲ့သူကိုပင် နည်းနည်းကလေးတောင်အပြစ် မမြင် ဒေါသမဝင်နိုင်တော့ဘဲ သူ့ကိုမြင်သည်နှင့် စိတ်ကအလိုလို နွှင်လန်းမြူးထူးလာတော့တဲ့ အခြေအနေတစ်ခုသို့ ထူးဆန်းစွာ ပြောင်းလဲလာခဲ့ပါလား။

ရှေ့နားကနေ တဖျတ်ဖျတ် အပြေးထွက်သွားတဲ့ သမုကို လိုက်ကြည့်နေမိပါသည်။ ခရီးသည်တွေ ထွက်လာမယ့် ထွက်ပေါက်မှာရပ်ကာ တမော့မော့လေး လုပ်နေရာက ဝတ်ထား တဲ့အဝတ်အစားနဲ့မှမလိုက် ကလေးတစ်ယောက်လို ဆွဲဆွဲခုန်ခုန် လေး ဖြစ်လာကာ လက်ကိုလည်း ဆန့်တန်းမြှောက်ဝှေ့ကာ ဆီးပင်လေးတခါခါ တဝဲဝဲနှင့် ...

"အန်တီပဲင်စီ ... အန်တီပဲင်စီ"



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာသည့် တရုတ်အမျိုးသမီး အန်တီကြီးက လည်း သမုကို ဝမ်းသာအားရ လက်ပြန်ပြကာ အပြေးတောင်ဖက် လိုက်ကြပါသေးသည်။ အန်တီကြီးနောက်မှ သေတ္တာကြီးတစ်လုံး ကို လှည်းပေါ်မှချပြီး သမုရဲ့လက်ကို အပ်လိုက်ပါသည်။ မြင် ကွင်းကို ကြည့်နေရင်းက ရင်ထဲက ကြည်နူးနှစ်လိုမှုအရှိန် ရိုက် ခတ်လျက် အုန်းလုရဲ့ပြုံးကြည်နေသော မျက်နှာကို ကြည့်ကာ ကြည့်ကာ ...

"အဟမ်း ... အဟမ်း"

မိုးကျော်က မအောင့်နိုင်ဘဲ နှစ်ချက်ဆင့်၍ ချောင်း ဟန့်သံပေးလိုက်ပါသည်။ ဘယ့်နှယ် ... ရာဇဣန္ဒြေပျက်လှချည် လားဆိုသည့် အဓိပ္ပာယ်ပင်။ ဒီတော့မှ အုန်းလုက သူ့ဟာသူ သတိပြုမိကာ မိုးကျော်ဘက်ကို မှုန်တေတေ ပေစောင်းစောင်းတစ် ချက်ကြည့်ရင်း ဣန္ဒြေဆည်လိုက်ရပါသည်။

"ကိုလင်းက တနင်္ဂနွေမနက်တိုင်း စကိုက်ပ်ခေါ်ပါတဲ့ မှာ လိုက်တယ် သမု"

"ဟုတ် ... ကိုထွန်း၊ သမုက အလုပ်တွေများနေပြီး မှန် မှန်မခေါ်ဖြစ် စကားမပြောဖြစ်တာ ကိုကိုက ဆူနေတယ် အဟီး"

"ကဲ ... ကျွန်တော်တို့ သွားတော့မယ်၊ ဪ ... ဒီ သေတ္တာသော့၊ ကားပါတယ် မဟုတ်လား"





"ဟုတ်ကဲ့ ကိုထွန်း၊ အန်တီပင်စီ တာ့တာ၊ သမုနောက် မှ လာမယ်နော်"

သမုသည် သေတ္တာကြီးကို လက်ကိုင်ကိုင်းမှဆွဲကာ နောက်လှည့်လိုက်ပါသည်။ တကယ်တော့ ပြန်ဖို့ပဲ ရှိတော့တာ ပင်။ သို့သော် ဟိုလူကြီးမင်းကို နှုတ်ဆက်တော့ ဆက်ရဦးမည် ဆိုတဲ့အသိက ဝင်လာ၍ အဲဒီဘက် ပြန်လျှောက်သွားဖို့ပါ။ သို့သော် ...

"ဟင်"

ဝင်တိုက်မိမလို ဖြစ်သွားသော နောက်ကလူကို သမု မျက်လုံးလေးဝိုင်း လက်ညှိုးလေးညွှန်ကာ ကြောင်တက် အံ့အားသင့်သွားရသည်။

"ဟင် ... သ ... သမု ..."

သူကလည်းပဲ အံ့အံ့သြသြ ထစ်ထစ်ငေါ့ငေါ့။

သူ့ပုံစံအတိုင်း ရှပ်လက်ရှည်အရောင်ဖျော့ စတိုင် ဆောင်းဘီညိုနက်နက် တွဲတွဲအိအိလေးနှင့် ရှူးဖိနပ်နက်ပြောင် ပြောင် ဆင်မြန်းကာ ဆံပင်လည်း အထူးသပ်ရပ်၊ မျက်နှာပြင် တိုင်ပင် Moisturizer တစ်ခုခု လိမ်းထားလား ထင်ရအောင် ဝင်း သန့်နေသော ကိုကိုကျော့်ကို အမြင်တွင် သမုစိတ်၌ အရင်ဦးဆုံး သတိရလိုက်မိသည်ကား သီချင်းတစ်ပိုင်းတစ်စ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို ... ဒါလင် ... အရင်လို ကြည့်ကောင်းနေ တုန်းပဲ အချစ်ရေ"ဆိုတာလေ။

"သမု ... ဘယ်သူ့ဟာကြီးလဲ၊ သမုအစ်ကို ပြန်လာတာ လား"

"ဟင့်အင်း ... မဟုတ်ပါဘူး၊ လူကြုံပစ္စည်းလာယူတာပါ၊ ဒီမှာလေ"

သမုက သေတ္တာကြီးကို ပုတ်ပြရင်း ရပ်ကလည်း ချက်ချင်းပဲ ဂျစ်ကန်ကန် မှုန်တေတေ ဆိုးပေရုပ်သို့ ပြောင်းလဲ လာသည်။ သူ့ကို ကောင်းကောင်းမွန်မွန် မဆက်ဆံချင်ပါဘူး မှန်းလိုက်တာ။

"ကိုကိုကျော်ကကော ဘာလာလုပ်တာလဲ၊ ဘယ်သူ့လာ ကြိုတာလဲ၊ မိကျော့ရော မပါဘူးလား၊ နွယ်ဝတီကပြော တော့ ဆေးရုံကလွဲလို့ ဘယ်ကိုသွားသွား နောက်က တတန်းတန်းနဲ့ ခါးပတ်ဆွဲပြီး လိုက်တာဆို"

"အာ ... အဟက် ဟက် ... အဲလောက်တော့လည်း မဟုတ်ပါဘူး သမုရာ၊ ကျော့ပါပါတယ်၊ ဟိုနားမှာထိုင် နေတယ်၊ ကိုယ်က သူငယ်ချင်းတစ်ယောက် လာကြိုတာ လေ၊ ဒီလေယာဉ်နဲ့ပဲ မထွက်လာသေးဘူး"





"အင်း ... မိကျော့ ခါးပတ်ဆွဲလိုက်မယ်ဆိုလည်း လိုက် ချင်စရာပဲကိုး၊ ကိုကိုကျော်က အသက်သာကြီးလာတယ် ရှိုးများတာကတော့ မပျောက်သေးဘူးပဲ၊ အရင်အတိုင်းပဲ မွှေးလိုက်တာကလည်း လွန်ရော၊ လူနာတွေ ကိုကိုကျော့် အနား ကပ်နိုင်ရဲ့လား၊ ရင်ကျပ်ပန်းနာလူနာဆိုရင် အတော် ဒုက္ခရောက်မယ်"

"အဟင်း ဟင်း ... သမုကတော့ ကိုယ့်ကိုတွေ့တာနဲ့ ဒေါက်ဖြုတ်ပြီ၊ အပြင်လာတာမို့ပါ သမုရယ်၊ ဆေးရုံဆေး ခန်းကျတော့လည်း ဒီလောက်မဟုတ်ပါဘူး၊ အခုက ထွက် ခါနီးတင် ကျော့က ရေမွှေးတွေ ဖူးရှူး ဖူးရှူးနဲ့ လာဖျန်း သွားလိုက်လို့"

"အင်း ... ထင်ပါတယ်၊ ဝတ်စုံလည်း သူပဲရွေးထုတ်ပေး တယ် မဟုတ်လား၊ ယောက်ျားတစ်ယောက်ရတာ သူသ, ဖို့ အရုပ်တစ်ခုရတယ် မှတ်နေတာ"

"ဟား ဟား ... သမုတို့ သူငယ်ချင်းတွေက ရယ်ရတယ်၊ ကျော့ကလည်း အိမ်မှာပြောလိုက်မှဖြင့် သမုအကြောင်းပဲ၊ ဒါနဲ့ သမုက ကိုကိုကျော်ထက် သာတာရှာယူမှာလို့ ပြော တယ်ဆိုတာ ဟုတ်ရဲ့လား၊ အိမ်မှာ ကျော့ တဖွဖွပြောနေ လို့ ဟင်း ဟင်း ဟင်း၊ စ,တာမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့စ,ရမှာလဲ၊ စ,စရာလား၊ အတည်ပြောတာပေါ့၊ ကိုကိုကျော်ထက် သာတာလို့တော့ မပြောပါဘူး၊ ဆရာဝန်ထက်သာတာလို့ပဲ ပြောမိတာပါ၊ ဟိုမရောက် ဒီမရောက် အဆင့်တွေလောက်တော့ ယူမနေတော့ဘူးလို့ ပြောတာ"

ထိုစဉ် သမုတို့အနားသို့ သူ့ခြေထောက်ချင်း ပြန်ခလုတ်တိုက်ကာ ဟပ်ထိုး ဟပ်ထိုးနှင့် ကျော့တစ်ယောက် ဝုန်းခနဲ ရောက်လာပြီး သူ့ယောက်ျားရဲ့ခါးကို နောက်ဖက်မှ ဖက်လိုက်ရင်း ဟောဟဲဆိုက်သံနှင့် ...

"ဟင် ... သ ... သမု ... နင် ဘယ်ကရောက်လာတာလဲ၊ ကိုကိုကျော်နဲ့ ဘယ်လိုတွေ့နေကြတာလဲ၊ ဘာတွေပြောနေကြတာလဲ၊ ကိုကိုကျော် ထမသွားခင်က ဖုန်းတစ်ခုဝင်လာတာ သမုဆီကလား ... ဟုတ်လား"

ကိုကိုကျော့် မျက်နှာက ရှုံ့မဲ့စိတ်ပျက် နီမြန်းလာကာ ...

"ဟာကွာ ... ကျော့ကလည်းကွာ၊ ဖုန်းလာတာနဲ့ပဲ သမုဆီက ဖြစ်နိုင်ပါ့မလား၊ သမုက ကိုယ့်ဆီ ဘယ်တုန်းကဖုန်းဆက်ဖူးတာမို့လဲ ... ဒုက္ခပါပဲ၊ ဖုန်းကတခြားက ကိုယ်က ကိုယ့်ဟာကိုယ် ဒီဘက်လျှောက်လာရင်း သမုနဲ့တွေ့တာ"

"တွေ့လို့ လျှောက်သွားတာလား"





"အာ ... ဒီဘက်လာရင်းနဲ့တွေ့တာ၊ မတော်တဆတွေ့တာ"

သမုသည် ကျော့မျက်နှာကို စိုက်ကြည့်ကာ တရားခွေ ရပြီးရင်းရရင်း ကရုဏာတောင် သက်လာပါသည်။

"နင်က ဘယ်က ရောက်လာတာလဲ သမု"

"ငါ့ဟာငါ လာတာ၊ ဘယ်က ရောက်လာရမှာလဲ၊ ငါလူကြုံပစ္စည်းယူစရာရှိလို့ ကိုယ့်ဘာသာလာတဲ့ကိစ္စ၊ ဘယ်ကရောက်လာလဲဆိုတော့ ဘယ်လိုဖြေရမလဲ"

ကျော့က ကိုကိုကျော့်ခါးကို ဖက်ထားတဲ့လက်ကို လက်မောင်းသို့ ပြောင်းချိတ်ဖက်တွယ်ရင်း ...

"နင်တို့ ဘာတွေပြောနေကြတာလဲ ... အဟင်းဟင်း၊ ကိုကိုကျော်က ရယ်လို့၊ ငါလည်း ရယ်ချင်လို့ပါဟဲ့၊ ဘာတွေပြောနေလို့လဲ"

စကားပြောရင်းက ကျော့သည် အကျီဆွဲချလိုက် ဆွဲကြိုးလော့ကက်နေရာ ပြင်လိုက်၊ ဆံပင်ဆွဲသပ်လိုက်၊ နှုတ်ခမ်းကစူ ဥတို့လိုက် ပျာယာခတ်ကာနေသည်။ သမုက တမင်တကာ ဆိုးပေညစ်ကျယ်သောရုပ်နှင့် ...

"အင်း ... နေပါဦး၊ ခုန ဘာပြောနေကြပါလိမ့်၊ ဩော် ... သတိရပြီ၊ ကိုကိုကျော် နောက်ဆုံးမေးလိုက်တာက သမုက



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ထက်သာတာ ရှာယူမယ်လို့ ပြောတယ်ဆို ... တဲ့၊ ဟုတ်တယ်နော် ကိုကိုကျော်"

ကိုကိုကျော်သည် မိန်းမနှစ်ဦးအလယ်၌ ရှုံ့မဲ့ဖော ချွေးပြန်လာသည်။

"ဟုတ်လား"

ကျော့အသံက အံကြိတ်ကာ လုံးထွေးခဲနေသည်။

"ဟို ... ဟိုဟာလေ၊ ကျော့ပဲ ပြောတယ်မဟုတ်လား၊ သမုက ..."

"အဲဒါနဲ့ ငါက ရှင်းပြနေတာပါ ကျော့ရဲ့၊ ကိုကိုကျော် ထက်သာတာလို့ မပြောပါဘူးလို့၊ ဆရာဝန်ထက်သာတာပဲ ရှာယူမယ် ပြောတာပါလို့"

ကျော့မျက်နှာက ဟန်ဆောင်မပြုံးနိုင်အောင် ရှိလေသည်။ သို့သော် ချက်ချင်းပင် မျက်နှာထားကို အံ့သြဘနန်း ဖျတ်ခနဲ ပြင်ဆင်လိုက်လျက် ...

"ဩော် ... ဟဲ့ ... သမု၊ ငါလေ နင့်ကိုပြောမယ် ပြောမယ်နဲ့ ပြောသင့် မပြောသင့် ချိန်ဆနေတာသိလား၊ ဒါပေမဲ့ ကိုယ့်သူငယ်ချင်းကို ဒီလိုအကြောင်းမျိုး မပြောရင် သူငယ် ချင်းသစ္စာဖောက်ဖြစ်မှာစိုးလို့ ပြောပြမှ ဖြစ်မယ်လို့ ငါ ဆုံးဖြတ်လိုက်တယ်"





"ကျော့ ... ဘာတွေလဲကွာ"

ကိုကိုကျော်က မျက်နှာမသာမယာနှင့် ပြောလိုက်၍ ကျော့က ကိုကိုကျော့် နံစောင်းကို တံတောင်နှင့်တစ်ချက်တွက် လိုက်ရင်း ...

"သမုနဲ့ အုဋ္ဌ်လှိုက ချစ်သူတွေဆိုတော့ အုဋ္ဌ်လှရဲ့သတင်း ကို ပြောမပြလို့ ဘယ်ဖြစ်မလဲ၊ ပြောမှဖြစ်မှာပေါ့"

သမုမျက်နှာက တည်သွားရပါသည်။ အင်း ... မိကျော့ ... မိကျော့။ ကောင်းသတင်းတော့ မဟုတ်နိုင်ပြီကိုမှ မရိပ်စားမိလျှင် သမု တော့်မမို့ပေါ့။

"ငါလေ ဒီနေ့ထိ သံသယဝင်တုန်းပဲ သိလား၊ နင်နဲ့ ဦးအုဋ္ဌ်လှက ရည်းစားတွေ ချစ်သူတွေ ဟုတ်ကော ဟုတ်ရဲ့လား ဆိုတာပေါ့၊ နင့်ကြည့်ရတာလည်း မပွင့်တပွင့်နဲ့၊ သူကလည်း တစ်မျိုးတစ်မည်နဲ့၊ တစ်ခုခုတော့ တစ်ခုခုပဲ လို့ပဲ ငါတွေးနေတာ၊ အခု ဦးအုဋ္ဌ်လှက ဘာဖြစ်နေလဲ နင်သိရဲ့လား"

"ဘာဖြစ်နေလို့လဲ"

သမုက မှုန်တေတေ မေးလိုက်ပါသည်။

"နင်တို့ တကယ်ချစ်သူတွေ ဆိုရင်တော့ နင် စိတ်မကောင်း မဖြစ်နဲ့ဟာ သိလား၊ ဦးအုဋ္ဌ်လှက မြရည်စိမ်းဖန့်ဖန့်ဆိုတဲ့ မိုဒယ်လ်နဲ့ ရှုပ်နေတာ နင်သိရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ကျော့ ..."

ကိုကိုကျော်က စိတ်ရှုပ်ရှုပ်နှင့် သူ့မိန်းမသူ သတိပေးသံပြုသည်။ သမုသည် ကျော့မျက်နှာကို စိုက်ကြည့်နေကာ ဘာပြောရမည်မသိ။ သိတယ်ပဲ ပြောရမလား၊ မသိဘူးပဲ ငြင်းရမှာလား။ ဘာစကားက အဆင်ပြေမလဲ ကမန်းကတန်း စဉ်းစားနေဆဲပင် ...

"သူတို့ ငြိနေတာ ကြာတောင်ကြာပြီ၊ နင်က သူနဲ့ အဲဒီမြရည်စိမ်းဖန့်ဖန့်နဲ့ ဓာတ်လမ်းမတိုင်ခင်ကလား၊ အဲဒါပြီးတော့မှလား၊ အဲဒီကိစ္စက ခုထိပြီးသေးပုံတော့ မရဘူးနော်နင် ဘာသတင်းမှ မကြားဘူးလား၊ နင် ဦးအုန်းလှကိုရော မမေးကြည့်ဘူးလား"

"ဘာလဲဗျ၊ ဘာကိုမေးခိုင်းနေတာလဲ"

ဖျတ်ခနဲ ရောက်လာသူဟာ အုန်းလှ။ ကျော့နှင့်ကိုကိုကျော်ကို ဖြတ်ကျော်ကာ သမုနံဘေး ဝင်ရပ်လိုက်သောအုန်းလှကိုမြင်လျှင် ကျော့က မျက်နှာပျက်သွားကာ ...

"ဟင် ... ဦး ... ဦးအုန်းလှ၊ သြော် ... အတူတူ လာကြတာလား၊ နင်က ခုန ဘာမှမပြောဘူး ကြည့်စမ်း၊ နင်ဟာလေ အဲဒါတွေ ပြောတာပေါ့၊ မပွင့်မလင်းနဲ့ မြိုင်လုပ်နေတာပဲ"





အုန်းလှက ကျော့ကို ပြုံး၍ကြည့်လိုက်ပါသည်။ သူကောင်းကောင်းမှတ်မိနေသည်လေ။ ကားချင်း မတော်တဆထိမိတုန်းကလည်း ပါသူဖြစ်ကာ ကျော့ယမင်း ဆိုတာဟာ သမုသစ်ကို ထာဝစဉ် ထာဝရ စိတ်အနှောင့်အယှက်ပေး အနိုင်ယူတတ်သူဆိုတာလည်း သူ သေချာသိထားပြီးပြီပဲ။

"ကျွန်တော့်ကို ဘာမေးခိုင်းတာလဲ မကျော့ယမင်း"

"ဟင် ... ဟို ... ဟို ... ဟိုဥစ္စာပါ၊ ဟို ... ဘာမှမဟုတ်ပါဘူး"

"မြရည်စိမ်းဖန့်ဖန့်လို့ ကြားလိုက်မိလားလို့ပါ"

"ဟို ... ဟို ... ဟိုတစ်နေ့က အင်တာနက်ဆိုင်မှာ ..."

"အဲဒီကောင်မလေးက သမုကို စိတ်အနှောင့်အယှက်ဖြစ်အောင် နှောင့်ယှက်နေတာလေ၊ ဒီထက်ဆိုးလာရင် ကျွန်တော်က တရားစွဲဖို့ စဉ်းစားပြီးပါပြီ"

အုန်းလှက သမုကို တစ်ချက်ငဲ့ကြည့်ကာ သမုရဲ့ ပခုံးလေးတစ်ဖက်ကို ဖျတ်ခနဲ လက်တင်ကာ ဖက်ညှစ်လိုက်သည်။ သမုက တဆတ်ဆတ် တုန်သွားကာ အုန်းလှရဲ့လက်ကို သူ့ပခုံးပေါ်မှ တွန်းဖယ်ချပါသည်။ အုန်းလှက မလွှတ်။ တစ်ချက် နှစ်ချက်ပင် ခါယမ်းလိုက်သေးရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"သမုကို စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်ရင်လုပ်တဲ့ သူကို ကျွန်တော်က ရေဆုံးမြေဆုံးပြဿနာရှာမှာ၊ မကျော့ယမင်းလည်း သမုကို စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်မယ့်သူတွေ့ရင် ကျွန်တော့်ကို ချက်ချင်းပြောပါ၊ ခုလို စကားမျိုးတွေလည်း ကိုယ့်သူငယ်ချင်းကိုချစ်ရင် သိပ်သိပ် မပြောပါနဲ့ဗျာ၊ သမု စိတ်ညစ်အောင်လုပ်ရင် ကျွန်တော့် ရန်သူပဲ"

အုန်္ဂလုက သမု ပခုံးလေးကို သူ့ဘက်နီးအောင် ဆွဲတိုးကပ်လိုက်ပြန်ရာ သမုသည် ကိုယ်ကလေးတောင့်ပြီး မျက်နှာကလေး ရဲရဲနီလာပါသည်။

"ဟင် ... ကျွန် ... ကျွန်မက ကိုယ့်သူငယ်ချင်း စိတ်ညစ်အောင် လုပ်ပါ့မလား၊ သူ့အတွက် မခံချင်တဲ့စိတ်နဲ့ ပြောတာပါ"

"ဒါက ကိုကိုကျော် ဆိုတာလား"

သမုဘက်လှည့်မေးလိုက်၍ သမုက ခေါင်းလေး ညိတ်ပြလိုက်ရသည်။

"ဆရာဝန် ဆိုတာပေါ့၊ တွေ့ရတာ ဝမ်းသာပါတယ် ဒေါက်တာ"





"ဟုတ်ကဲ့ခင်ဗျာ ... ကျွန်တော်လည်း ဝမ်းသာပါတယ် ဦးအုန်္ဂလု"

"ဟုတ်ကဲ့ ... သမုက ကျွန်တော့်ကို အားလုံးပြောပြထားပါတယ် မကျော့ယမင်းရဲ့"

ကျော့က မျက်နှာပျက်ယွင်း ရှုံ့မဲ့သွားရရင်း ...

"ဟင် ...၊ နင်က ဘာတွေလျှောက်ပြောထားတာလဲ"

"အားလုံးပေါ့ဗျာ၊ သမုနဲ့ ပတ်သက်သမျှ ကျွန်တော် အားလုံးသိပါတယ်"

ကိုကိုကျော်သည် ထွက်လာသည့် လူတစ်စုထဲ သူလာကြိုသည့် သူငယ်ချင်းကို တွေ့လိုက်ရ၍ စိတ်တွေပေါ့ပါးသွားကာ ဝမ်းသာအားရပင် အနားမှခွာထွက်၍ သူ့သူငယ်ချင်းထံ အပြေးသွားကြိုလိုက်ပါသည်။ ယောင်အမ်းအမ်း ကျန်ရစ်သော ကျော့က သူပါခြေလှမ်းပြင်ရင်း ...

"ငါလည်း သွားတော့မယ် သမု၊ ကျွန်မ သွားလိုက်ဦးမယ် ဦးအုန်္ဂလု"

"ကောင်းပါပြီဗျာ"

ကျော့ ထွက်သွားသည်နှင့် သမုသည် ပခုံးပေါ်က အုန်္ဂလုလက်ကို အတင်းတွန်းဖယ်ချလိုက်ပါသည်။ ကြက်သီးမွေးညင်းတွေတောင် ထပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားက ဘာဖြစ်နေတာလဲ၊ ခင်ဗျားအတွက်လည်း လာရပ်တည်ပေးရသေးတယ်"

"လက်မပါကြေးလို့ ကတိပေးထားကြတယ်လေ"

"ဟန်ကိုယ့်ဖို့တော့ ရှိရဦးမှာပေါ့၊ တစ်ပေခွာရပ်ပြီး တောင် တောင့်ကြီးတွေနေရင် သရုပ်တူပါ့မလား၊ ကျွန်တော်က ခင်ဗျားပခုံး ဖက်ချင်တယ်များ ထင်နေတာလား"

သမုက အုန်လှကို မျက်စောင်းထိုးမိရပြန်ပါသည်။

"ဟိုမှာ သူတို့ထွက်သွားကြပြီ၊ အဲဒီအမျိုးသမီးကို ကြည့် လို့မရပါဘူး၊ ဒီလိုသူငယ်ချင်းမျိုးများ စိတ်ရှုပ်ခံပေါင်းနေ ရသေးတယ်၊ နေပါဦး ဒီသေတ္တာကြီးကရော ဘာတွေလဲ"

"ကျွန်မ လာရွေးတဲ့ပစ္စည်းလေ၊ ကျွန်မအစ်ကို ကိုရီးယား က ထည့်ပေးလိုက်တာ၊ ကျွန်မ Online shopping အလုပ် လည်း လုပ်သေးတယ်လို့ ရှင့်ကိုပြောဖူးတယ် မဟုတ်လား ဒီကပစ္စည်း အော်ဒါတွေ ထည့်ပေးလိုက်တာ"

"ဂျာနယ်အလုပ်ကတစ်ဖက်နဲ့ အားကောအားလို့လား၊ ဗျာ မိုးချော်နဲ့ ကားပေါ်ပို့ပေးရမလား၊ ရရဲ့လား"

"ရပါတယ် ... ဘီးနဲ့လိမ့်ဆွဲသွားရုံပဲဟာ၊ ကျွန်မသွားတော့ မယ်"





သမုက အုန်လှမျက်နှာကို စေ့စေ့မကြည့်ဘဲ သွား နေ့ပြင်သည်။ ဒီရင်တွေကလည်း အလကားနေ ခုန်နေလိုက်တာ များနော်။

"ကျေးဇူးတင်စကားတောင် မပြောတော့ဘူးလား၊ ကျွန်တော် ကချည်း ကူညီရတာ အကြွေးတွေ များနေပြီနော်"

"ရှင့်ကို အကူအညီ တောင်းမိလို့လား ဦးအုန်လှရဲ့ ... ဟွန်း"

"ဟင် ... ကြည့်စမ်း၊ တစ်ခါမှ ကျေးဇူးမသိတတ်ဘူး၊ အလိုက်တသိ စေတနာနဲ့ ဝင်ဝင်ကူညီပေးတဲ့သူကို အမြဲ မလေးမစား အရှုးလုပ်တယ်"

"ဟွန်း"

သမုက မျက်စောင်းတစ်ချက်နှင့် လှည့်ထွက်ခဲ့ကာ ကျောခိုင်းပြီးမှ နှုတ်ခမ်းကလေးက ပြုံးလာရပါသည်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com

## ၁၄

"အဲဒါ သူ့တစ်ယောက်တည်းကို ဖျူးတာလည်းမဟုတ်ဘူး၊ '……'ကြော်ငြာရိုက်ကွင်းမှာ မော်ဒယ်ခုနစ်ယောက်နဲ့ ရိုက်နေတာဆိုတော့ ခုနစ်ယောက်လုံးကို ဖျူးလာတာ… ညည်း နားထောင်ကြည့်လိုက်ဦး၊ ပြီးရင် ဘာတွေလဲ … ပြော"

သမုက ဂျူပ်ကို မျက်လုံးဝိုင်းလေးနှင့် ကြည့်… ခေါင်းလေးညိတ်ပြလိုက်ရသည်။ ရင်ထဲတော့ တဒိတ်ဒိတ် … လာပါသည်။ မြရည် ဘာတွေများ ပြောကုန်ပြီလဲ။ ဂျူပ်… ရီကော်ဒါလေးကို သူလိုချင်တဲ့နေရာ ရစ်ယူလိုက်ပြီး ဖွင့်လိုက်… ပါသည်။

"ပါစင်နယ်လေး နည်းနည်းမေးလို့ ရမလား မြရည်"





"အဟင်း … မေးလေ"

"မြရည်ရဲ့ အချစ်ရေးလေး နည်းနည်းပြောပြပါလား"

"အချစ်ရေးလား … မြရည်ရဲ့ အချစ်ရေး သိချင်ရင်တော့ ရှင်တို့တိုက်က မသမုသစ်ကို မေးကြည့်လိုက်ပါ … ဟား ဟား၊ သူ အသိဆုံးပဲ … အိုကေနော်"

ဂျူပ်က ရီကော်ဒါကိုပိတ်ကာ ပစ်ချလိုက်ရင်း …

"ကဲ … အဲဒါ ဘယ်လိုလုပ်မလဲ၊ ညည်းတို့က ဘာတွေရှိနေလဲ၊ သူ ရိုးပြီးဖြေတာ လူတိုင်းနားလည်တယ်နော်"

သမုသည် စိတ်လည်းရှုပ် စိတ်လည်းတိုကာ နှုတ်…ကို စူထားမိသည်။

"ကဲ … ကဲ … ဒေါ်သမုသစ်၊ နှုတ်ပိတ်ကြီး လုပ်မနေနဲ့၊ ညည်း ပြောမှာလား ငါပြောရမှာလား"

"………"

"ဟိုတစ်နေ့က ညည်းဆီလာတဲ့ စာအိတ်ကြီးက ပေးပို့သူ မြရည် ဆိုပါလား၊ ရဲရင့်ပြောပြတယ်၊ ညည်းတို့ကြားမှာ ဘာတွေရှုပ်နေလဲ၊ အခု သူဖြေထားတာကို ဘယ်လိုရေးရမလဲ … ကဲ …"

"ဂျူပ်ကလည်း … အဲဒီအပိုင်းလေး မထည့်နဲ့ပေါ့၊ ခါတိုင်းလည်း ဒီလိုပဲ အဖြေစကားတွေက ပါစင်နယ်လ်ဆန်တာရှိရင် ချန်ရစ်ခဲ့ရတာမျိုး ရှိတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါက ထားတော့၊ ကဲ ... ငါပဲပြောမယ်၊ အခုကိစ္စ ဦးအုင်ရှုလှနဲ့ ပတ်သက်နေတယ် မဟုတ်လား၊ အမှန်အတိုင်း ပြောဟာ၊ ငါ့ကို ပေါက်ကရတွေတော့ မပြောနဲ့၊ လက ရက်ကျ သူ့ဆီ ဗျူးစရာရှိသေးတယ်၊ သကြီန်ဆောင်း ရေးဖို့ ပုဂ္ဂလိကကုမ္ပဏီမဏ္ဍာပ်တွေ ဆောက်ဖြစ်မယ့်သူ ကို လိုက်ဗျူးမှာ၊ သူကလည်း နှစ်တိုင်းဆက်တိုက် မဏ္ဍ ဆောက်တာ သုံးနှစ်ရှိပြီ၊ သူလည်း ပါမှာပဲ ...

ငါက စိတ်ပေါက်လာရင် သူ့ကို တိုက်ရိုက်မေး မှာ၊ သူနဲ့ မြရည်က ဘယ်လိုရှုပ်တီးရှုပ်တုပ် ဇာတ်လ ရှိမှန်း မသိဘူး၊ သူတို့ကြားညပ်ပြီး ငါ့တိုက်က ငါ့လု ခုလိုရိုသဲ့သဲ့ ထည့်ပြောတာ ငါ သဘောကျတယ်များ ထင်နေလား၊ ညည်းဘက်ကသာ အမှားမရှိရင် မှန်နေ ဒီ မြရည်စိမ်းဖန့်ဖန့်လောက်ကတော့ ပျင်းသေးတယ်၊ က ဟောသလို လုံးချေပစ်မှာ"

ဂျူပ်က သူ့ဘေးက စာရွက်တစ်ရွက်ကို ကော ယူကာ လက်သီးဆုပ်ထဲ ချေပြလိုက်ပါသည်။ ဒုက္ခပါပဲ။ ဂျူပ် လည်း မထင်ရင် မထင်သလို တစ်ခါတစ်ရံ ဂိုဏ်းစတားဒိုင် ဖမ်းပြီး သွားချဲဖူးတာတွေ သာဓကရှိသည်။

"ဂျူပ် ... သမုတို့ အရှုပ်အရှင်းတွေတော့ မဟုတ်ဘူး ပါဘူး၊ ဒါပေမဲ့ ခင်မင်ပတ်သက်မှုတော့ ရှိတာပေါ့"





"ညည်းနဲ့ ဦးအုင်ရှုလှ ကြိုက်နေလား"

"ပေါက်ပေါက်ရှာရှာ မကြိုက်ပါဘူး"

"ဒါဖြင့် ဟိုကလေးမက နေရင်းထိုင်ရင်း ညည်းကို အထင်လွဲ ဂျေဝင်နေတဲ့သဘောပေါ့ ဟုတ်လား၊ ဒါဖြင့် ငါခေါ်ရှင်းလိုက်မယ်၊ ညည်းလည်း ဒဲ့ပြော"

"ဟာ ... ဂျူပ်ကလည်း၊ အဲလိုလည်း မလုပ်ပါနဲ့ မဖြစ် သေးပါဘူး"

အုင်ရှုလှက မြရည်မှာ ဒီထက်လုပ်စရာ ဘာမှမရှိ တော့ဘူး ဆိုပေမယ့် သမုက ဟုတ်ရဲ့လား ဟုတ်ပါ့မလားလို့ သံသယဝင်နေမိဆဲ ဖြစ်ပါသည်။ မယုံမရဲ ရှိနေပါသေးသည်။ ထို့ကြောင့် တွေးတွေးဆဆ ပုံစံကလေးနှင့် ...

"တော်ကြာ သမုဘက်မှာ ဘာမှအရေးမကြီးပေမယ့် မြရည် က တင်းသွားပြီး ဦးအုင်ရှုလှဘက်ကို သူနိုင်ရပြီးရော တစ် ခုခု ဖွင့်ချလိုက်မှာမျိုး စိုးရိမ်လို့ပါ၊ သူတို့ကြားမှာ ဘာတွေ တကယ်ရှိခဲ့လဲက သမုတို့ သေချာမသိနိုင်ဘူး မဟုတ်လား၊ တော်ကြာ သူ့ဘက်မှာ သွားထိခိုက်နေမှာ မဖြစ်စေချင်ပါ ဘူး၊ ဘာပဲဖြစ်ဖြစ် သူက နာမည်တစ်လုံးနဲ့ လူကြီးလူ ကောင်း မဟုတ်လား ဂျူပ်ရယ်"

ဂျူပ်က သက်ပြင်းကြီး ဆောင့်အောင့်ချလိုက်ရင်း...



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ... ငါ့ကလေးမ သမုသစ် တစ်ယောက်တော့ ဒီ သူဌေးမင်းကို ဒီလိုငဲ့ညှာ စေတနာပိုပုံထောက်ရင်၊ ညည်း သူ့ကို ကြိုက်များနေလား"

"အာ ... ဂျူပ်ကလည်း မဟုတ်ပါဘူး ဘာလို့ကြိုက်ရမှာလဲ၊ သမုဟာသမု အပျိုကြီးလုပ်မှာ၊ ယောကျ်ားတွေကို အယုံအကြည် မရှိပါဘူး"

"သြော် ... ဖြစ်မှဖြစ်ရလေ"

"တကယ်ပြောတာ"

"ညည်းဘာသာညည်း တကယ်ဖြစ်ဖြစ် နှစ်ကယ်ဖြစ်ဖြစ် ငါက တစ်ခွန်းတည်းနဲ့ ယုံတဲ့လူစား မဟုတ်ဘူး၊ ညည်းကိုတော့ သတိပေးထားလိုက်မယ်၊ ဒါတကယ်အတည်ပြောနေတာနော် ... သေချာနားထောင်၊ အခုက ငါတို့ရဲ့ ဂျာနယ်ဘက်ရော မဂ္ဂဇင်းဘက်ရော ငါတို့တိုက်ကလူတွေကြားထဲတောင် ပွစိ ပွစိလေးတွေ စိတ်ဝင်စား အတင်းပြောချင်နေတဲ့ အခြေအနေရှိတယ်၊ ငါပြန်ကြားကြားနေရတယ် သမု ...

ညည်းနဲ့ ဒီသူဌေး တကယ်ချစ်ကြိုက် လက်ထပ်သွားရင် ငါ ဘာမှပြောစရာမရှိဘူး၊ ကျေနပ်တယ်၊ ဘာမှလဲ ဟုတ်တာမဟုတ်ဘဲ သူများပြဿနာကြား ညည်းမြော





ပင်ဖြစ်ပြီး နာမည်အချောင်ပျက်ရရင်တော့ ငါ လက်မခံနိုင်ဘူးနော်၊ ငါ့တိုက်က ငါ့တပည့်ကို အထိခိုက်မခံနိုင်သလို ငါတို့တိုက်နာမည်လည်း အထိခိုက် မခံနိုင်ဘူး၊ ဒီလူက ဟိုအရင်ကတည်းက အရှုပ်အပွေလား၊ လူကောင်းလူအေးလားဆိုတာ ညည်းရော ငါရော သိနိုင်တာမဟုတ်ဘူး သမု၊ ညည်းနဲ့ တိုက်နဲ့ကို တစ်ခုခုထိပါးလာရင်တော့ ငါက ရေဆုံးရေဖျားလိုက်ပြီး ကလော်ထုတ်မှာ ဖွင့်ချမှာ၊ ညည်းနားလည်လား"

"ဟုတ်"

သမုက မျက်ရည်လေးပင် လည်လာသည်။ ဂျူပ် စေတနာကိုလည်း သဘောပေါက်သည်။ အမှားယွင်း အတိမ်းဆောင်းမခံတဲ့ မီဒီယာလောကသဘောကိုလည်း နားလည်သည်။ ဦးအင့်လုတစ်ယောက် ရှုပ်တီးရှုပ်ပွေ လူတစ်ယောက် ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ သမုကြောင့် ပြဿနာပိုကြီးထွားလာပြီး အတင်းအဖျင်းတွေ ပွထွက်လာမှာမျိုး အတွက်လည်း စိုးရိမ်ပါသည်။ မဖြစ်စေချင်ပါ။

"အဲဒီတော့ ညည်း သူ့ကိုကြိုက်နေတာလည်း မဟုတ်၊ ဘာမှလဲ ဟုတ်တိ ပတ်တိ ပတ်သက်မှုရှိတာ မဟုတ်ဘူးဆိုရင် သူ့ကိုရှောင်ပါ၊ ကင်းကင်းနေလိုက်၊ သူတို့ရဲ့ဘာ



www.burmeseclassic.com

www.burmeseclassic.com



မှန်းမသိတဲ့ ပြဿနာကြား မညပ်စေနဲ့၊ ကိုယ့်ဟာကိုယ်နေ၊ သိပေါင်းကျွမ်းပေါင်းလည်းမဟုတ်၊ မနှစ်က နှစ်ကုန်ပိုင်းနားနီးမှပဲ သူ့ကို စ,ဆက်ဆံဖူးတာ မဟုတ်လား။ ငှဲ့ညှာထောက်ထားစရာ ဘာအကြောင်းမှကို မရှိဘူး၊ ကိုယ့်အတွက် ကိုယ်ပိုထောက်ထား၊ ပိုငဲ့ညှာရမှာ၊ ဒီလိုအသိုင်းအဝိုင်းတွေထဲက ငါတို့ လိုက်မမီတဲ့ affairsတွေအကြောင်းညည်း ဘယ်လောက်နားလည်လို့လဲ၊ ငါ့တပည့်က ကမ္ဘာ့ကချော်လေးတွေ လုပ်တတ်တာလေးကလွဲရင် သန့်ရှင်းစင်ကြယ်တဲ့မိန်းကလေး၊ ဘာမှအကျိုးမရှိဘဲ အနစ်မွန်းအပွန်းပဲ့ခံရရင် နစ်နာမှုက ဖော်မပြနိုင်ဘူး ...

မယုရဲ့ပွဲမှာ ညည်း ဒီကောင့်ကားနဲ့ လိုက်ပြန်သွားကတည်းက ငါ စိတ်ထင့်ပြီး စိုးရိမ်မကင်းဖြစ်ခဲ့တာ၊ အခုတော့ ဘာတွေမှန်းကို မသိဘူး၊ ညည်းရှောင်လိုက်တော့သမု၊ ဘာမဟုတ်တာအတွက်နဲ့ နာမည်ပျက်မခံချင်စမ်းပါနဲ့၊ ငါပြောတာ သဘောပေါက်ရဲ့လား"

"ဟုတ် ... သမု သဘောပေါက်ပါတယ် ဂျုပ်၊ ဟုတ်ပါတယ်၊ ကိုယ်လည်း တကယ်ဘာမှမဟုတ်ဘဲ ခုလိုမိန်းကလေးချင်း တိုက်ခိုက်ခံရမှာမျိုးကိုလည်း သမု ကြောက်ပါတယ်၊ သမု ဆင်ခြင်လိုက်ပါ့မယ်"





"အေး ... ကောင်းတယ်"

သမုက ဂျုပ်ရဲ့အခန်းထဲက ထွက်လာခဲ့ပါသည်။ မနေ့က မြရည်ထံက အင်တာဗျူးကို အသံသွင်းလာခဲ့သော သမုတို့လုပ်ဖော်ကိုင်ဖက် မိုးတင့်ဆွေလေးကလည်း သမုကို မသိမသာအကဲခတ်နေသည်။ သူတစ်ယောက်တည်း မဟုတ်။ သတင်းကပျံ့သင့်သလောက် ပျံ့ပြီးပုံနှင့် တိုက်က လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းတော်တော်များများက သမုထံ အာရုံစိုက်နေကြပါသည်။

ခုချိန်မှာ သူတို့ဘာသာ ရိုးရိုးသားသား သမုကိုကြည့်လည်း သမုစိတ်ထဲမှာတော့ ငါ့ကို ဘယ်လိုများ ထင်မြင်ယူဆပြီး ကြည့်ကြတာများလဲလို့ မလုံမခြုံ ဖြစ်ရတော့မှာပင်။ သမုက သက်ပြင်းလေးတစ်ချက်ချကာ ကိုယ့်စားပွဲမှာ ကိုယ်ဝင်ထိုင်လိုက်ချိန်တွင် စားပွဲပေါ်က ဟဲန်းဒ်ဖုန်းလေးမှ မက်ဆေ့ချ်ဝင်လာတဲ့ အသံလေးတစ်ချက် "ကလင်"ခနဲ မြည်လာပါသည်။

သမုက မက်ဆေ့ချ်ကို ဖွင့်ဖတ်လိုက်သည်။ ဦးအုဋ္ဌလှထံကပါလား။

"ခင်ဗျား ကျွန်တော့်ကို အကူအညီပေးစရာ ရှိလာပြီ သမုသစ်"

ပြုံးနေတဲ့အရုပ်ပုံကလေးပါ ထည့်ပို့ထားတဲ့ မက်ဆေ့ချ်ကို သမုက ပြန်ပိတ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီး ... ကျော့တို့ နွယ်တို့ ဖုန်းဆက်နေကြတာ သုံး၊ လေးခါရှိပြီ၊ သမီး ဖုန်းပိတ်ထားတယ်ဆို"

အိမ်ထဲရောက်တာနှင့် မေမေက ဆီးကြိုပြောလိုက်ပါသည်။ ဟုတ်ပါသည်။ သမု ဖုန်းပိတ်ထားတာပါ။ အုန်းလှထံက မက်ဆေ့ချ်ရပြီးကတည်းက ဖုန်းကို ပိတ်ပစ်လိုက်ပါသည်။ မကြာခင် သူ ဆက်လာမှာပဲလေ။ အကူအညီပေးစရာ ရှိတယ်ဆိုတာဟာ သူ့ချစ်သူ အယောင်ဆောင်ဖို့သာပဲပေါ့။ တခြားဘာရှိပါ့မလဲ။

သူ ဒီလိုကြိုပြီး စာပို့ထားပါလျက်နှင့် ဖုန်းဆက်ပြီး ဘာကူညီပါဆိုတာမျိုး ပြောလာတဲ့အခါ သမု ဘယ်လိုစကားပြန်ပြောရပါ့မလဲ၊ ဒီတော့ စောစောစီးစီး ကြိုတင်ဖုန်းပိတ်ရှောင်ရှားထားလိုက်တာက နှောက်ကြောင်း ရှေ့ကြောင်း အေးတာပေါ့။

"သမု ... ဖုန်းပြန်ဆက်လိုက်ဦးလေ သမီး"

"ဟုတ်"

သမုက စိတ်မပါလှဘဲ ခပ်တိုးတိုးဖြေကာ အခန်းထဲတန်းဝင်လာခဲ့ပါသည်။ ကျော့တို့ နွယ်တို့ ဖုန်းဆက်တာထက် အုန်းလှများ ဖုန်းဆက်နေမလား ဆိုတာကိုပဲ တွေးနေမိပါသည်။





ဆက်နေနိုင်တာပေါ့။ ခေါ်မရ ဖြစ်နေမှာပေါ့။ အိမ်ဖုန်းတော့ သူ မသိဘူးလေ။ မနက်ဖြန်ကျရင် ဂျာနယ်တိုက်ဖုန်းကို ဆက်ချင် ဆက်လာပေလိမ့်မည်။ အဲဒီဖုန်းကတော့ စုံစမ်းရလွယ်တာပဲဟာ။

သမုက သတိတရနှင့် အိမ်ရှေ့ပြန်ပြေးထွက်ကာ အိမ်ကလိုင်းဖုန်းနှင့်ပင် ဂျူပ်ရဲ့ဖုန်းကို ခေါ်လိုက်ပါသည်။

"ဟယ်လို ... ဘာလဲပြော"

"ဂျူပ် ... သမု နက်ဖြန်ခွင့်ယူချင်လို့ပါ၊ ရုံးမတက်ဘူး၊ သမု အလုပ်တွေလည်း ဒီတစ်ပတ်စာ အားလုံးပြီးထားပြီ"

"ဘာဖြစ်လို့ ခွင့်ယူမှာလဲ"

"ခေါင်းကိုက်နေလို့"

"ဟဲ့ ... ခေါင်းကိုက်တာများ နက်ဖြန် သက်သာသွားမှာပေါ့၊ အခုက ကြိုခွင့်ယူစရာလား"

"အာ ... ဂျူပ်ကလည်း ရတ်တရက် ဖျားလာပြီး ခေါင်းကိုက်တာ၊ အဖျားကတော့ နက်ဖြန်ကျဦးမှာ မဟုတ်ဘူးလေ"

"ဖျားပါ ဖျားသွားပြန်ပလား၊ ပြီးရော ... ပြီးရော ... နက်ဖြန် အဖျားကျအောင်လုပ်"

"ဟုတ်"

သမုက ဖုန်းချကာ ပြန်ဝင်လာလျှင် ...

"ဟဲ့ ... သမီး၊ နွယ်တို့ ဆက်လိုက်ဦးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ... သူတို့က အရေးမကြီးပါဘူး မေမေရာ၊ အလကား ဆက်နေတာ"

"ဟဲ့ ... ဘယ်က အလကားလဲ၊ သုံး,လေးခါဆက်နေကြတာ တစ်ခုခု အရေးကြီးလို့ နေမှာပေါ့"

သမုသည် အခန်းထဲဝင်လာပြီး ခုတင်စွန်းမှာ ခပ်ငူငူ ထိုင်နေမိပါသည်။ သူငယ်ချင်းတွေဆီ ဖုန်းဆက်ရမှာလည်း စိတ်ရှုပ်၍ မကြည်လင်။ သိပ်လည်း စိတ်မဝင်စား။ အခုလို အုန်နို့ကို ကိုယ်ဖျောက် အဆက်ဖြတ် ရှောင်ပုန်းမိတဲ့ ကိုယ့်ကိုယ်ကိုယ် အတော်ထူးဆန်း အံ့အားသင့်နေမိသည်။

ဟုတ်တယ် ... ကိုယ့်ကိုယ်ကိုယ် အသိဆုံးပဲ။ ဒီလို လုပ်မှဖြစ်တော့မယ်။ ရှင့်အဖို့ကတော့ ရယ်စရာ ပျော်စရာ ဇာတ်လမ်းဇာတ်ကွက်ကလေးတစ်ခု ဖြစ်ကောင်း ဖြစ်နေပါလိမ့်မယ် ဦးအုန်နို့။ ကျွန်မအဖို့ကတော့ ခြေတစ်လှမ်း မဆုတ်ရင် ချောက်ကမ်းပါးထဲ ခြေလွတ်လက်လွတ် ပြုတ်ကျကိစ္စချောတော့မယ့်ဘဝ ဖြစ်နေပါပြီ။

"ကလင် ... ကလင် ... ကလင်"

အပြင်ကဖုန်းမြည်သံ မေမေကိုင်တဲ့အသံတွေ ကြားရပြီးတဲ့နောက် ...

"သမုရေ ... သမီးရေ ... နွယ့်ဆီက ဖုန်းလာပြီ"

သမုက လေးတိလေးကန်နှင့် အခန်းထဲက ထွက်လာခဲ့ပါသည်။





"ဟယ်လို"

"အမယ်လေးဟယ် ... သခင်မရယ် ... သူဌေးကတော်ရယ်၊ ပြန်ဆက်ဖော်မရဘူးတော့၊ ဖုန်းကလည်း ပိတ်ထားသေး၊ အိမ်ရောက်တော့လည်း ပြန်မခေါ်ဘူး၊ တကတဲမှပဲ၊ သူဌေးကတော်ဆိုတော့ ငါတို့လက်လုပ်လက်စားတွေကို ချေတယ်ပေါ့"

"ငါ ခုမှ ပြန်ရောက်တာပါဟာ၊ သိပ်နေမကောင်းလို့ပါ"

"ဘာဖြစ်တာလဲ ... ဖျားတာလား"

"အင်း"

"ဖျားတာဆိုတော့ အရေးမကြီးပါဘူး၊ တစ်ရက် နှစ်ရက်နေ ပျောက်မှာပေါ့၊ လာမယ့် တနင်္ဂနွေ ငါ့အိမ်မှာ ညစာကျွေးမလို့၊ မိကေက သိပ်မကြာခင် ပြန်တော့မှာ မဟုတ်လား၊ အဲဒါ ငါတို့ အားလုံးလူစုံတက်စုံနော် သိလား"

"အင်း ... အင်း"

"လူစုံတက်စုံဆိုတာ ပေါက်တယ်နော်၊ လေးစုံတွဲ၊ နင်လည်း နင့်ဘဲ ခေါ်ခဲ့ရမှာ"

"အာ ... သူက ဘာကိစ္စပါရမှာလဲ"

"လေးစုံတွဲပါဆို"

"နင်တို့အားလုံးက လင်မယားတွေလေ၊ ငါက အပျိုကြီး ဘာမှလေးစုံတွဲ မဟုတ်ဘူး၊ သုံးစုံတွဲနဲ့ တစ်ဝက်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ဝက်တွေ ဘာတွေ ကတ်သီးကတ်သတ် လာလုပ်မ
နေနဲ့၊ ဦးအုင်ရှလှ ခေါ်ခဲ့ ဒါပဲ"

"မခေါ်ပါဘူးဟာ ... မခေါ်ဘူး"

"ဘာဖြစ်လို့ မခေါ်ရမှာလဲ၊ ငါတို့ယောကျ်ားတွေနဲ့လည်း
မိတ်ဆက်ပေးထားရအောင်၊ အားလုံးခင်သွားကြအောင်ပေါ့
ဟာ၊ ခေါ်ဖြစ်အောင်ခေါ်ခဲ့၊ နင်ခေါ်မှာလား မခေါ်ဘူးလား
ငါကိုယ်တိုင် သူ့ကုမ္ပဏီ လိုက်သွားပြီး ဖိတ်ရမလား ...
ပြော"

"ငနွယ် ... နင်တို့ တစ်ဆိတ်လောက် အေးအေးဆေးဆေး
နေကြလို့ မရဘူးလားဟင်၊ ငါ ဒီမှာ ငါ့ဟာငါ ညစ်နေ
လို့ဟာ ... ဟုတ်ပြီလား"

"နင် ဘာဖြစ်နေလို့လဲ"

သမုသည် ရှတ်တရက် ခေါင်းထဲအကြံရကာ ...

"ငါနဲ့ သူနဲ့ ပြတ်သွားပြီ"

"ဘာ ... ဦးအုင်ရှလှနဲ့ ပြတ်သွားပြီ၊ ပြတ်စရာလား၊ နင်
မိုက်လုံးကြီးလှချည်လား၊ ဒီလိုလူမျိုးနဲ့ ကြိုက်ပြီးမှများ
အပြတ်ခံရတယ်လို့ဟာ၊ ပြန်ဆက်"

"ဟဲ့ ... ပြတ်ပါတယ်ဆိုမှ ပြန်ဆက်ရယ်လို့ပဲ၊ နင်တို့
ဘာဖြစ်နေကြတာလဲ၊ ပြန်တွေ့ကတည်းက ဒီ ဦးအုင်ရှလှ
ဓာတ်လမ်းပဲ နင်တို့ စိတ်ဝင်စားနေတယ်၊ ငါနဲ့သူ ပြီး





သွားပြီ၊ ဓာတ်လမ်းပြီးပြီ၊ နောင် ဘယ်တော့မှ နင်တို့နဲ့
သူနဲ့လည်း ဆုံစရာမရှိတော့ဘူး၊ သူ့ကို နင်တို့ဘာသာ
လမ်းမှာတွေ့ရင်လည်း ခေါ်စရာမလိုဘူး၊ နင်တို့သွားခေါ်
ရင် ငါ အောက်တယ်လို့ မှတ်ထား၊ အခုကစပြီး အဲဒီ
နာမည်လည်း မပြောနဲ့၊ အဲဒီအကြောင်းလည်း မဟနဲ့"

"ဟယ် ... နင် တကယ်ခံစားနေရတာပါလား၊ အသံတွေ
တောင် တုန်လို့၊ တကယ်လားဟယ် ... နေပါဦး၊ အဲဒါ
ဟိုမိကျော့ကြောင့် မဟုတ်လား၊ သူပဲ ငါ့ကို ပြန်ပြောပြ
တာ၊ လေဆိပ်မှာ ဆုံကြတယ်ဆို၊ သူအတင်းပြောတုန်း
နောက်က ရောက်လာတာဆို၊ ကြားသွားတာလား၊ ဒေါ
ကန်သွားတာလား ဟုတ်လား၊ ရက်ပိုင်းပဲ ရှိသေးတာ၊
ဒီကိစ္စနဲ့ ပြဿနာဖြစ်ကြတာလား ... ဟုတ်လား"

ထင်ချင်ရာတွေ လျှောက်ထင်နေတဲ့ ငနွယ့်စကား
တွေကို တုံ့ပြန်ဖြေရှင်းဖို့ပင် အားမရှိ။ အလွဲတွေ။ ဒီကိစ္စကြီးဟာ
စ,ကတည်းက လွဲလာလိုက်တာ ခုထိ လွဲလို့မပြီးသေး။

"အဲဒါကြောင့် ငါ တစ်ခါ တစ်ခါ မိကျော့ကို သိပ်အမြင်
ကတ်တာ၊ မနာလိုတိုရှည် သိပ်များတာပဲ၊ အဲဒီ မော်ဒယ်လ်
နဲ့အကြောင်း သိရကတည်းက လူကတစ္ဆေ တဆွဆွ ဖြစ်
နေတာ၊ ကိုယ့်သူငယ်ချင်းဘက်ကပါမယ် စိတ်မကူးဘူး၊
နင် ဦးအုင်ရှလှနဲ့ ပြတ်လို့မရဘူး သမု၊ နင် ပြတ်တာနဲ့



www.burmeseclassic.com

www.burmeseclassic.com



မိကျော့က ကွေးအောင်ကမှာ၊ ဘယ်လိုမဇ္ဈရိယမှန်းကို မသိဘူး ...

တွေ့မယ် ငါနဲ့၊ ငါ သူ့ကို ပြောပစ်လိုက်ဦးမယ်၊ တစ်ယောက်နဲ့တစ်ယောက် Respect ရှိရမှာပေါ့၊ ဒီကိစ္စ တကယ်ပဲ ဟုတ်နေပါစေဦး၊ လူသိရှင်ကြားဖြစ်အောင် လုပ်စရာကိစ္စလား၊ မေးရင်လည်း တိုးတိုးတိတ်တိတ်မေးပေါ့၊ ခုတော့ သူ့ယောကျ်ား ကိုကိုကျော်ရဲ့ရှေ့လည်းဖြစ်၊ ဦးအုန်းလှလည်း မတော်တဆ ကြားသွားတော့တာပေါ့"

"ကဲ ... ကဲ ... ကဲ ... ထားလိုက်ပါတော့ နွယ်ရာ၊ သူ့လည်း ဘာမှပြောမနေနဲ့တော၊ ငါ့ကိုလည်း စိတ်ဆင်းရဲ ကျဉ်းကျပ်အောင် မလုပ်နဲ့တော့၊ ပြတ်သွားတယ်ဆိုတာပဲ ခေါင်းထဲထည့်ထားပေး၊ အဲဒီတော့ ငါတစ်ယောက်ပဲလာနိုင်မယ်ဟာ၊ နင်ပြောသလို စုံတွဲမလာနိုင်ဘူး၊ ဒါကိုမ မကျေနပ်ရင် ငါလည်း မလာတော့ဘူးဟာ၊ ခုတောင် စိတ်ပင်ပန်းလှပြီ"

သမုရဲ့အသံလေးက ကတုန်ကယင် ဖြစ်သထက် ဖြစ်ကာ မျက်ရည်တွေပင် လည်လာခဲ့ပါသည်။

❦ ○ ❦



# ✿ ၁၅ ✿

"ရလား"

အုန်းလှရဲ့မျက်နှာက ညိုမှောင်မှောင် ဖြစ်နေပါသည်။ ဆရာမျက်နှာ မကြည်သာ၍ မိုးကျော်လည်း ပျာပျာသလဲ ဖြစ်နေရကာ ...

"မရသေးဘူး ကိုအုန်း ... အား ... ရပြီ ... ရပြီ၊ သူတို့က အိတ်စတဲန်းရှင်းဖုန်းဆိုတော့ ခေါ်ရခက်တာ၊ ဟယ်လို"

"ဟယ်လို"

"......... ဂျာနယ်တိုက်ကလားဗျ"

"ဟုတ်ပါတယ်"

"ဒေါ်သမုသစ်နဲ့ ပြောချင်လို့ပါ"

"မရှိဘူးခင်ဗျ၊ စောစောကလည်း တစ်ခါဆက်သေးတယ် ဆိုတာ အဲဒီကပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ... မရှိဘူးဆိုတော့ အခုများ ပြန်ရောက်လောက်ပြီလားလို့ပါ"

"ဩော် ... သေချာမပြောလိုက်ကြဘူးနဲ့ တူတယ်၊ မရှိဘူးဆိုတာ အပြင်သွားတာ မဟုတ်ပါဘူး၊ ရုံးမတက်တာပါ၊ ဘာကိစ္စရှိလို့လဲ မသိဘူး၊ မှာခဲ့လို့ ရပါတယ်၊ ဘယ်က ဆက်တာပါလဲ ခင်ဗျာ"

"ဩော် ... ကျွန်တော်တို့ '.........'ကုမ္ပဏီက ဦးအုန်းလှ ရုံးခန်းက ဆက်နေတာပါ"

တစ်ဖက်က ဂျုပ်ရဲ့အသံက ခဏတိတ်သွားရပါသည်။ သမုသစ် ခွင့်မယူစဖူး ခွင့်ယူတာ၊ သူ့ဖုန်းကိုပိတ်ထားပြီး ကိစ္စရှိရင် အိမ်ဖုန်းကိုဆက်ဖို့ ဂျုပ်ကိုမှာထားတာ ဦးအုန်းလှထံမှ အကြိမ်ကြိမ် ဆက်နေတာတွေကို တစ်ခုချင်း ဂျုပ်က စဉ်းစားမိကာ ...

"ဘာကိစ္စများ ရှိလို့ပါလဲ"

"ဩော် ... အလုပ်ကိစ္စလေးတစ်ခု ရှိလို့ပါ ခင်ဗျာ"

"ဂျာနယ်နဲ့ ပတ်သက်တဲ့ အလုပ်ကိစ္စဆိုရင်တော့ ကျွန်တော့်ကိုပြောလည်း ရပါတယ်"

"တခြားအလုပ်ကိစ္စလေးပါ၊ သူ့ဟဲန်းဒ်ဖုန်းလည်း ပိတ်ထားလို့ပါ၊ အိမ်ဖုန်းများ ရှိသလား မသိဘူး ခင်ဗျာ"





"အိမ်ဖုန်းတော့ ရှိပါတယ်၊ ဒါပေမဲ့ သူက ပေးမထားရင် ကျွန်တော်လည်း ဘာကိစ္စမှန်း မသိတော့ ပေးခွင့်မရှိပါဘူး ခင်ဗျာ"

"ဩော် ... ဟုတ်ကဲ့ပါ၊ ကျေးဇူးတင်ပါတယ်"

မိုးကျော်က ဖုန်းကိုပိတ်ရင်း ...

"ရုံးမတက်တာတဲ့ ကိုအုန်း၊ သူတို့ အယ်ဒီတာချုပ်ထင်တယ်၊ အိမ်ဖုန်းတောင်းတော့လည်း မပေးဘူး၊ ဘာကိစ္စမှန်း မသိလို့ သူ ပေးခွင့်မရှိဘူးတဲ့"

အုန်းလှက ခါးကိုထောက်ကာ ပြတင်းပေါက်တစ်ခု အနား သွားရပ်လိုက်ရင်း အပြင်ကို ကြည့်နေမိပါသည်။ ရုတ်တရက် ဘယ်လိုဖြစ်တာလဲ။ မနေ့ညနေကတည်းက သူ ဖုန်းခေါ်တာ ဖုန်းကပိတ်နေပြီ။ မက်ဆေ့ချ်ကိုတော့ မနေ့က တော်တော်စောစောကတည်းက ပို့ထားတာပဲ။ အကူအညီပေးစရာရှိတယ်လို့ သူ ရေးလိုက်တယ်လေ။

အဲဒါကြောင့်ပဲ ဖုန်းကို ပိတ်ပစ်လိုက်တာလား။ အဲသလို လုပ်စရာရော ဘာအကြောင်းရှိလို့လဲ။ အကြောင်းမရှိလောက်ပါဘူး။ ဒါပေမဲ့ တော်ရုံတန်ရုံ တစ်ခုခုကို ရှောင်ချင်တာ မျိုးကလွဲပြီး ဖုန်းပိတ်စရာ အကြောင်းမရှိဘူး မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



အှင်္ုလှ စိတ်ထဲတနှံ့နှံ့နှင့် အသည်းတယားယား ဖြစ်လာပါသည်။ ဒီကြားထဲမှာ မမျှော်မလင့်ဘဲ သမုရဲ့သူငယ်ချင်းတွေနဲ့ဆုံကာ (သမုက မတောင်းဆိုပေမယ့် သူ့စိတ်ဆန္ဒအလျောက်သူ) သမုရဲ့ချစ်သူယောင်ယောင် ဝင်ပြီးအယောင်ဆောင်ပေးလိုက်ရတဲ့အခါတိုင်း သူ့စိတ်ထဲမှာ မြူးထူးသလို ပျော်ရွှင်သလို ငယ်ငယ်တုန်းက သူငယ်ချင်းတွေနဲ့ ကစားရင်း ပျော်မြူးပုံမျိုး ပျော်မြူးလာခဲ့တတ်သည်။

သူ ဘယ်တုန်းကမှ ဘယ်မိန်းကလေးနဲ့မှ မဆက်ဆံခဲ့ဘူးတဲ့ တရင်းတနှီး အရောတဝင် ဆက်ဆံမှုမျိုး သမုကိုဆိုရင် ဆက်ဆံမိတတ်သည်။ ဘာမှ သိပ်မရင်းနှီး မကျွမ်းဝင်ရသေးမိမှာပင် သူ့စိတ်ခံစားချက်တို့က ရင်းနှီးကျွမ်းဝင်ပြီး ဖြစ်နေခဲ့တာ။

အသက်ကသာ သုံးဆယ်၊ အပြုအမူ အပြောအဆိုစိတ်ခံစားချက်တို့က နုနယ်ကလေးဆန်နေတဲ့ သမုရဲ့ပုံသဏ္ဌာန်လေးကိုလည်း သူ အမြဲပဲ နှစ်လိုသဘောကျပြီး ချစ်စနိုးရှိမိတတ်သည်။ သူက တမင်တကာ သမုအနေရခက်အောင် ပြောလိုက်ဆိုလိုက် စ,လိုက်မိတိုင်း ရှုံ့မှုမှု ဖြစ်သွားတဲ့ရုပ် ရှာတာတာဖြစ်သွားတဲ့အသံ ပေစောင်းစောင်း ကြည့်တတ်တဲ့ မျက်ဝန်းအားလုံးဟာ သူ့ရဲ့ဟာဒယနှလုံးကို ရွှင်ပြုံးမြူးဖျစေတဲ့ အရာတွေဖြစ်မှန်းမသိ ဖြစ်နေတာ။





ငါ ဘယ်မိန်းကလေးကိုမှ အဲသလို မနေခဲ့ဘူးနော် သမုသစ်။ မင်းတစ်ယောက်ကိုသာပါ။ ငါ့ကိုယ်ငါပင် အံ့ဩနေမိတာပါ။ များပြားရှုပ်ထွေးလှတဲ့ အလုပ်တွေကြောင့် သူ့မှာ မိန်းကလေးတစ်ယောက်နှင့် အလည်အပတ်ချိန်းဆိုဖို့မျိုးပင် ဟုတ္တိပတ်တိ အချိန်မရလှပေမယ့် သူ သမုသစ်ကို တွေ့ကြဖို့ ဘယ်လိုအကြောင်းပြချိန်းရင် ကောင်းမလဲလို့ မကြာခဏ စဉ်းစားဖူးပါသည်။

အကောင်အထည်သာ မပေါ်ဖူးခဲ့ပေမယ့် သူ့ရင်ထဲမှာ သမုသစ်ကို တွေ့လိုတဲ့စိတ်မျိုးနှင့် ဖျတ်ခနဲ သတိတရရှိမိတတ်တာ အမှန်ပါ။ အခုကလည်း အိမ်မှာ မမစီစဉ်လိုက်တဲ့ထမင်းစားပွဲတစ်ပွဲ၌ သူက သမုသစ်ကို ရှိစေချင်မိတာ။ မမတို့မိတ်ဆွေစုံတွဲတစ်တွဲ၊ သူ့ရဲ့ယောက်မလေး၊ သူ့ရဲ့အမေ စုစုပေါင်းလူလေးဦးကို ထမင်းဖိတ်ကျွေးဖြစ်မှာ။ ထိုမိတ်ဆွေရဲ့အမေဖြစ်သူက အှင်္ုလှအမေနှင့် ဟိုးအရင်ကတည်းက သိကျွမ်းဖူးပြီးသားသူလည်းပါလာမည်ဆိုတဲ့အခါ မေမေ့အိမ်မှာ စီစဉ်လို့ကောင်းသွားသည်။

ဒါမှလည်း အဲဒီယောက်မလေး ဆိုသူနှင့် အှင်္ုလှဆုံဖြစ်မှာလေ။ မေမေ၊ အှင်္ုလှ၊ မမတို့လင်မယား၊ ဧည့်သည်မေး



www.burmeseclassic.com

www.burmeseclassic.com



ဦး ပါဝင်မည့် ထမင်းစားပွဲမှာ သမုသစ်ကို ခေါ်ထည့်ဖို့ သူ စိတ်ကူးတာသည် နည်းနည်းတော့ မိုက်ရူးရဲရာကျသည်။ မမနှင့် သူ့မိတ်ဆွေအမျိုးသမီးတို့မှာ တစ်ယောက်ကလည်း သူ့ယောက်ျား ခေါ်လာမည်၊ တစ်ယောက်ကလည်း မောင်ရှိရာ အမေအိမ်မှာ ထမင်းပွဲကို ဧည့်ခံသည်ဆိုတာ သူတို့ချင်း "သိသာသိစေ မမြင်စေ"ဆိုတဲ့ ရိပ်မိနားလည်ပြီးသား ရည်ရွယ်ချက်မျိုး ရှိနှင့်ပြီးတဲ့သဘောပင်။

ဒီလိုနေရာမှာ သူစိမ်းမိန်းကလေးတစ်ဦးကို ဤထမင်းစားပွဲထဲ၌ အငြိလှက ခေါ်ယူထည့်သွင်းထားသည် ဆိုတာဟာ မမစိတ်ဆိုးလျှင်ပင် စိတ်ဆိုးချင်လောက်စရာ အပြုအမူပါ။ သို့ပေမဲ့ မမကိုတော့ အငြိလှက ငယ်ငယ်ကတည်းကပင်မမှုဆိုးနေကျ။ နိုင်နေကျ။ သူ့သမီးတွေစကား နားယောင် စိတ်ပူပြီး ဘယ်သူကမှ တာဝန်မပေးဘဲ အငြိလှအတွက် တူတူတန်တန်ဖူးစာဖက် ရှာနေတာ အငြိလှ သိပါသည်။

ဒီထမင်းစားပွဲ သူ့ဟာသူ ပြီးသွားပြီးမှ "မမ ... သူ့ကိုတော့ ကျွန်တော် မကြိုက်ဘူးဗျာ"ဆိုတာမျိုး ကွယ်ရာမှာ အေးအေးဆေးဆေး ငြင်းလိုက်လည်း ရတာပဲ ဖြစ်ပါလျက် သမုသစ်ကို သူ ခေါ်ထားဖို့ စိတ်ကူးမိခြင်းဟာ တကယ်တော့ မေမေ





နဲ့ မမရှေ့မှောက် သူ့မသိစိတ်ထဲက သမုသစ်ကို ပွဲထုတ်လိုခြင်းလားဟု သူ့ကိုယ်သူ သံသယဖြစ်ခဲ့မိပါသည်။

မည်သို့ပင်ဖြစ်စေ သူ သမုကို လိုအပ်လှတယ် မဟုတ်ဘဲနှင့် သက်သက်မဲ့ခေါ်ဖို့ စဉ်းစားတာပါ။ မလာလည်း ဘာမှမဖြစ်နိုင်ပါ။ သို့ပေမဲ့ ခုလို ရှောင်နေ ပုန်းနေသလို ခံစားရပြီး ခိုးလိုးခုလု ဖြစ်ရတဲ့အခါမှာတော့ သူ့စိတ်တွေ ဆူပွက်သည်။ မခံမရပ်နိုင်သလိုပင်။

"မိုးကျော် ... ဂျာနယ်တိုက်ကို ပြန်ခေါ်လိုက်"

"ဗျာ ... ခုနက ..."

"ပြန်ခေါ်လိုက်ပါ"

မိုးကျော်က ဘာမှမပြောတော့ဘဲ တိုက်ကို ဖုန်းကြိုးစားပြန်ခေါ်နေပါသည်။ အတန်ကြာမှာတော့ လိုင်းအားကာ လိုချင်သောလိုင်းခွဲကို ခေါ်လိုက်နိုင်သည်။

"ဟယ်လို"

"........ဂျာနယ်တိုက်ကပါလားခင်ဗျာ"

"ဟုတ်ပါတယ်၊ ခုန အယ်ဒီတာချုပ်ပါပဲ"

"သြော် ... ဟုတ်ကဲ့ ခင်ဗျ၊ ခဏလေး ကိုင်ထားပါ"

အငြိလှက မိုးကျော်ပေးသောဖုန်းကို လှမ်းယူလိုက်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို ... ပြန်ဆက်လိုက်ရတာ အားနာပါတယ်ခင်ဗျာ၊ ကျွန်တော် အုန့်လှပါ"

"ဟုတ်ကဲ့ပါ ဦးအုန့်လှ ..., ပြောပါ ခင်ဗျ"

"ဘာကိစ္စမှန်းလဲ မသိတော့ ဂျာနယ်တိုက်အနေနဲ့ ဒေါ်သမုသစ် အိမ်ဖုန်းနံပါတ်ပေးဖို့ ဝန်လေးတယ်ဆိုတာ နားလည်ပါတယ်ခင်ဗျာ၊ ဖုန်းနံပါတ်မပြောပါနဲ့၊ သူ့ဆီကို သာ ဖုန်းလေးတစ်ကြိမ်လောက် ကူညီခေါ်ပေးနိုင်မလား ခင်ဗျ"

"သြော် ... ရပါတယ် ဦးအုန့်လှ၊ ဒါတော့ ကူညီရမှာပေါ့၊ ဖုန်းလှမ်းဆက်ပေးပါ့မယ်၊ ဘာများပြောပေးရပါမလဲ"

"ကျွန်တော့်ဆီ ဖုန်းဆက်ပေးဖို့ တစ်ဆိတ်လောက်ပြောပေး ပါ"

"အခု ဦးအုန့်လှဆီ ဖုန်းပြန်ဆက်ခိုင်းရမှာလား"

"ဟုတ်ပါတယ်၊ ဖြစ်နိုင်ရင် ခုချက်ချင်း လှမ်းဆက်ပေးပါ လို့ ပြောပေးပါ"

"ဟုတ်ကဲ့ ... ကျွန်တော် ခုပဲလှမ်းပြောလိုက်ပါ့မယ်"

"ကျေးဇူးတင်ပါတယ်"





အုန့်လှက ဖုန်းကိုပိတ်လိုက်ပါသည်။ သူ့ကို မိုးကျော်က အကဲခတ် ေးစိုက်ကြည့်နေသည်။

"မိုးကျော်"

"ခင်ဗျာ"

"သမုသစ် ဖုန်းပြန်ဆက်မလား မဆက်ဘူးလား"

"အဲဒါက မိနစ်ပိုင်းလောက် စောင့်ကြည့်လိုက်ရင် အဖြေ ပေါ်လာမှာပဲဟာလေ ကိုအုန့်"

"ဒါပေမဲ့ မင်း ဘယ်လိုထင်လဲ၊ သူ တမင် ငါ့ဖုန်းကိုရှောင် ဖို့ ဖုန်းပိတ်ထားတာဆိုရင် ငါ့ဆီ ဘယ်ပြန်ပါ့မလဲ၊ ဆိုလို တာက အခု သူ့ဆီကဖုန်းလာမလား မသိခင် မင်းအထင် နဲ့ အယူအဆကို မေးတာပါ၊ သူ ငါ့ကို တမင်တကာ ရှောင်တာလို့ ထင်လား"

"ဟုတ် ... ကျွန်တော် အဲလိုထင်နေတယ်"

"ဘာဖြစ်လို့ ရှောင်တာလို့ရော ထင်လဲ"

"........."

"ပြောလေကွာ"

"သူ ဒီလိုပဲ လုပ်သင့်တာမို့လို့ပါ"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခုကိုပဲ မြရည်က သူ့ကို ရန်စတာမျိုး ခြိမ်းခြောက်တာမျိုး ရှိလာခဲ့ပြီ မဟုတ်လား ကိုအုင်၊ သူ စပေါ့လိုက်ထဲကို ဝင်လာတော့မယ်၊ ရောက်ရတော့မယ်၊ လူစိတ်ဝင်စားစရာ ဓာတ်လမ်းတစ်ပုဒ်ထဲ သူ ကန့်လန့် ကန့်လန့် ကြားညပ်ပါရတော့မယ်၊ ကံဆိုးရင် အတင်းအဖျင်းတွေကြားမှာ သူ့နာမည် မျောပါမယ်၊ အဲသလို မျောချင်မျောပါစေလို့ စွန့်စားဖို့ သူ့မှာ အကြောင်းမှမရှိတာ၊ ဘာအကျိုးကျေးဇူးမှ မရှိတာကို သူက ဖြစ်ချင်သလိုဖြစ် ဆိုပြီး နေစရာ အကြောင်းမရှိဘူး၊ ကျွန်တော် သူ့နေရာမှာ မိန်းကလေး တစ်ယောက် ဖြစ်နေရင် ခုလိုပဲ ရှောင်လိုက်မိမှာပဲ"

အုင်လှက သက်ပြင်းတစ်ချက် ချလိုက်မိပါသည်။ အင်း ... မိန်းကလေးချင်းကြားထဲ သူ့အကြောင်းနဲ့သူ အသားယူ ဂုဏ်လုပ် ကြွားဝါတာမျိုးဆိုတာ ရှိနိုင်ပေမယ့် တကယ်တမ်း ယောကျ်ားတစ်ယောက်နဲ့ ချစ်သူအယောင်ဆောင်တာမျိုး (အထူးသဖြင့် အုင်လှလို လူသိရှင်ကြား လူမျိုးနဲ့ပေါ့)ဟာ မသင့်တော်တဲ့ အန္တရာယ်ရှိနိုင်တဲ့ အပြုအမူတစ်ခု ဖြစ်တယ်ဆိုတာတော့ သူလည်း နားလည်လက်ခံပါသည်။





သို့ပေမဲ့ မပြောမဆို ရုတ်တရက်ကြီး သမုသစ်ရယ်။

ပြန်မြည်လာတဲ့ဖုန်းကို အုင်လှကပဲ ကောက်ကိုင်၍ ထူးလိုက်ပါသည်။

"ဦးအုင်လှခင်ဗျာ ... သမုသစ်က သူ ဖုန်းမဆက်တော့ပါဘူးလို့ ပြောပေးပါတဲ့၊ ဖြစ်နိုင်ရင် သူ့ဆီကိုလည်း နောက်ထပ် မဆက်သွယ်ပါနဲ့တော့လို့ ပြောခိုင်းပါတယ်"

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com

## ❋ ၁၆ ❋

"တိ ... တိ ... တိ"

ဒီမိန်းမတွေ သေတော့မှာပဲနော်။ သမုသည် လော လောဆယ် သုံးလို့ရအောင် ဒီရက်ပိုင်းထဲ မေမေ့ဟန်းဒ်ဖုန်းကို ကိုင်ထားပါသည်။ သူ့ဖုန်းကိုတော့ ပါဝါအော့ဖ်ပြီး သိမ်းထား လိုက်သည်။ မေမေကလည်း အပြင်သိပ်မသွားသူမို့ အိမ်မှာအိမ် လိုင်းဖုန်း သုံးလို့ရနေတာပဲလေ။ ဟိုသွားသောက်သူငယ်ချင်းသုံး ယောက်နှင့် အလုပ်ကလူတွေကိုတော့ မေမေ့ဖုန်းနံပါတ် ပေးထား ရသည်ပေါ့လေ။

"ဟယ်လို ... နင်တို့ ဘယ်လိုဖြစ်နေလဲဟယ်"

"ဘယ်နှနာရီ ရှိနေပြီလဲ၊ နင် မလာသေးဘူးလား သမု"

"ခဏလေးပါဟယ် ... ခဏလေးပါ"





"ရုံးတောင် မဆင်းသေးဘူးလား သမုရယ်၊ အိမ်ပြန်ရမှာ နဲ့ နင် ရေမိုးချိုးရှိုးထုတ်မှာနဲ့၊ နင့်အယ်ဂျုပ်က ဘယ်လို လဲ၊-သူလည်း အလုပ်မဆင်း ဘယ်သူမှလဲ အလုပ်မဆင်း ရလား"

"ငါ အိမ်လည်းမပြန်ဘူး၊ ရေလည်းမချိုး ရှိုးလည်းမထုတ် ဘူး ဟုတ်ပြီလား၊ ရုံးကနေပဲ တန်းလာခဲ့မယ် ခဏစောင့်၊ ဂျုပ်က မတားပါဘူး၊ ငါ ကိစ္စရှိလို့ပါ"

"ဘာကိစ္စလဲ"

သမုသည် နှယ်စကားကို မဖြေနိုင်ဘဲ သူတို့ရုံးခန်း တည်ရှိရာ ကိုးထပ်အမြင့်ရဲ့ ပြတင်းပေါက်မှ အောက်ကားပါကင် မြင်နိုင်တဲ့ နေရာဆီ အပြေးလေး လှမ်းကာကြည့်လိုက်ပါသည်။

အင်း ... သေချာပါတယ်။ လာရပ်ထားတာ သုံး နာရီနည်းပါး ရှိနေပြီဟာ။ ဒီမှာ တခြားကိစ္စရှိတာ မဖြစ်နိုင်ပါ။ ကားပေါ်မှာ မိုးကျော်လား၊ အုန်းလှလား ဆိုတာတော့ မမြင်ရနိုင် ပေမယ့် သူတို့လို အလုပ်များ အချိန်ရှားပါးသူတွေအဖို့ သဲကြီး မဲကြီး အခဲမကြေကိစ္စကလွဲပြီး တစ်နေရာမှာ သုံးနာရီကားရပ် အချိန်ဖြုန်းဖို့ဆိုတာမျိုး လုပ်စရာ အကြောင်းမရှိ။

"ဟဲ့ ... မေးနေတယ်လေဟာ၊ နင်ဟာလေ ... ပြန်တွေ့တဲ့ အချိန်ကစပြီး ပျာယာတွေခတ်ပြီး ဂေါက်တောက်တောက် ကို ဖြစ်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ဟုတ်တယ်၊ ငါ ဂေါက်နေပြီ နွယ်၊ ဒီထက် မဂေါက်ရအောင် ငါ ကြိုးစားနေတာပါဟာ"

"ဘာတွေလဲ ... ဘာတွေပြောနေတာလဲ"

"အေး ... အေး ... ဒါပဲဟာ ... နော်၊ ငါ အမြန်ဆုံးလာခဲ့ပါ့မယ်"

သမုက ဖုန်းပိတ်လိုက်ကာ စားပွဲမှာ လာဝင်ထိုင်လိုက်သည်။ နံရံပေါ်ကနာရီကို လှမ်းကြည့်တော့ ခြောက်နာရီ။ ပြန်တဲ့သူတွေ ပြန်ကုန်ပါပြီ။ ဂျုပ်ရယ် ... စာရိုက်နေသေးတဲ့ ကိုဝင်းမြင့်အောင်ရယ်၊ သူ့အလုပ် ပြီးသေးဟန်မတူတဲ့ ရဲရင့်ရယ် မိန်းကလေးဆိုလို့ သမု တစ်ယောက်ပဲ ကျန်ပါသည်။

အောက်က သမုကား ရပ်ထားတဲ့ဆီ ပုန်းလျှိုးကွယ်လျှိုးလေး သွားနိုင်ရင်တော့ လွတ်နိုင်သည်။

"ဒေါ်သမုသစ် ... ဘာလုပ်နေတာလဲ"

တွေ့လား။ ဂျုပ်တို့ကတော့ ဂျုပ်ပီပီမနေ။ သိဒ်စပ်စုတာပဲ။

"ထိုင်ချည် ထချည်နဲ့ အောက်ကို လှမ်းကြည့် လှမ်းကြည့်နဲ့ ဘာလဲ၊ ညည်းကားနားမှာ မြွေခွေနေလို့လား"

"ဟွန်း ... ဂျုပ်ကတော့ ဒါကြောင့်မို့ကို ဂျုပ်ဖြစ်နေပေတာနော်၊ သူ မသိလိုက်တာ ဘာမှကိုမရှိတာ၊ သူ့အခန်းဘေး မှန်နဲ့ပဲ ကန့်ထားတာ ဒါကြောင့်နေမှာ ... ခိ"





"သွား ... သွား ... ပြန်စရာရှိတာပြန်၊ ဒါမှမဟုတ် လိုက်ပို့ရမလား"

"မပို့ရပါဘူး ... သူငယ်နှပ်စားကျလို့"

သမုက ရဲရင့် ထိုင်နေရာ စားပွဲဘက် ကိုယ်စောင်းကာ လေသံနှိမ့်လျက် ...

"ရဲရင့် ... နင် ပြန်တော့မလား၊ ငါလိုက်ပို့ပေးမယ် လမ်းသင့်တယ်"

"တကယ်လား ... ဆယ်မိနစ်နေ ပြန်မှာ"

"အေး ... တကယ်"

"အိုကေ"

ဤသို့ဖြင့် နောက်ဆယ်မိနစ်မှာတော့ သမုသည် ရဲရင့်နှင့်အတူ အဆောက်အဦရှေ့ ကားပါကင်ဆီ ဆင်းခဲ့ပါပြီ။ သမုကား ရပ်ထားရာက အဝင်လုကားဆီကဆိုလျှင် ကြည့်နေရင် မြင်ရနိုင်ပေမယ့် အမှတ်တမဲ့ဆိုရင် လွတ်သွားနိုင်သည်။ သူက ရဲရင့်ရဲ့ကိုယ်နှင့် မိမိကိုယ်ကိုကွယ်ကာ ရဲရင့်ကို ဘေးတိုက်အနေအထား တွန်းကာ တိုက်ကာ ဂနာမငြိမ် ဖြစ်နေတာမို့ ...

"ဟာ ... အစ်မ ဘာဖြစ်နေတာလဲ"

"ဘာမှမဖြစ်ပါဘူး၊ ငါ့ကားဆီ မြန်မြန်သာရောက်အောင် လျှောက်စမ်းပါ ရဲရင့်ရာ"



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်စွာ ကားဆီရောက်လာလျှင် သမုက ကမန်းကတန်းတက်ကာ အမြန်ဆုံး စက်နှိုးမောင်းထွက်လိုက်ပါသည်။

"ဟ ... ဟ ... ဖြည်းဖြည်းလုပ်ပါ အစ်မရေ၊ အစ်မ ဘာဖြစ်နေတာလဲ"

"ဘာမှမဖြစ်ပါဘူးဆိုမှ"

"ဖြစ်တယ်နော် ... ဖြစ်နေတယ်၊ တစ်ခုခုပဲ၊ ဂျုပ်တောင် သက်ာမကင်း ဖြစ်နေတာပဲဟာ၊ ပျာယာတွေ ခတ်နေတာပဲ"

"ငါပျာယာမခတ်တာ ဘယ်တုန်းက ရှိလို့လဲ"

"အင်း ... ဒါလည်း ဟုတ်တယ်၊ ဒါပေမဲ့ ဒီနေ့ကပိုတယ်"

သမုက နှုတ်ဆိတ်ကာ နောက်ကြည့်မှန်ကနေ ကြည့်ကွက် ကြည့်ကွက်လုပ်ရင်း ခပ်မြန်မြန် မောင်းလာသည်။ တကယ်တော့ ရဲရင့်နေတဲ့အရပ်နှင့် နွယ်ဝတီရဲ့နေရပ် သပ်သပ်ခွဲပါ။ လမ်းမကြုံလှပါ။ ဒါပေမဲ့ သမုသည် ဘာမှန်းမသိ အစိုးရိမ်ပိုနေမိကာ တကယ်တမ်း အရေးကြုံလည်း ရဲရင့် ဘယ်လိုမှဝင်ပါလို့မရ အားကိုးမရနိုင်တာ သိသိနှင့် ကိုယ့်စိတ်လုံခြုံအောင် အဖော်သဟဲလေးရရ ခေါ်လာမိတာပါ။

"အစ်မ ... နောက်က ကားတစ်စီးပါလာသလားလို့"





"ငါ့ကို မခြောက်စမ်းပါနဲ့ဟယ်"

"ခြောက်စရာလားဗျ၊ ရုံးရှေ့ကတည်းက အစ်မကားထွက်ကတည်းက အဲဒီဆိုက်ဂနပ်စ်အမည်းကြီး ပါလာတာ၊ အစ်မလည်း မြင်ပါတယ်ဥစ္စာ၊ ဘယ်သူလဲ အဲဒါ"

"နင်သိဖို့ မလိုဘူး"

"သိတော့ မသိပေမယ့် ခန့်မှန်းတွေးကြည့်လို့တော့ ရတယ်မဟုတ်လား၊ တွေးတယ်ဆိုတာ ကျွန်တော့်ဦးနှောက်က သူ့အလိုလိုလုပ်တာ၊ ကျွန်တော်က မလုပ်ချင်ရင်တောင် တားလို့မရဘူး"

"စကားတောင်စားရယ် ... နင့်ဟာနင် တွေးတာ ငါ့ခွင့်လွှတ်ပါသတဲ့၊ ရပြီလား"

"အဲဒါ ဦးအုင်ရှလှ မဟုတ်လား"

"........."

အင်း ...။ ဒီလိုအာရုံစိုက်နေကြ တစ်ဝက်တစ်ပျက် ရိပ်မိနေကြတဲ့ ပတ်ဝန်းကျင်ကို ကျွန်မ ဘယ်လိုများ ပြည်ဖုံးကားချရပါ့မလဲ ဦးအုင်ရှလှရေ။

"တီ တီ ... တီ တီ"

"ဘုရား ... ဗုဒ္ဓ ... အနိစ္စ"

"ဖုန်းမြည်တာပါ အစ်မရာ၊ ကျွတ် ...၊ ကျွန်တော်တောင် သွေးပျက်လာပြီ"



www.burmeseclassic.com

www.burmeseclassic.com



သမုက ကားမောင်းရင်း အိတ်ထဲကဖုန်းကိုနှိုက်ကာ ကြည့်လိုက်ပါသည်။ ကျွတ် ... ဒီမိန်းမတွေကတစ်မျိုး။

"ကိုင်လိုက်စမ်းဟာ၊ လာနေပြီလို့ ပြောလိုက်"

"ဘယ်သူလဲ"

"ဘယ်သူဖြစ်ဖြစ်"

ရဲရင့်က စိတ်ရှုပ်ထွေးပုံနှင့် ဖုန်းကိုဖွင့်ကာ ...

"လာနေပြီ"

"ဟယ်လို ... ဘယ်သူလဲ"

"လာနေပြီ ... လာနေပြီ"

"ဘယ်သူ လာနေတာလဲ၊ သမုဖုန်း မဟုတ်ဘူးလား"

"သူကားမောင်းနေလို့ ကျွန်တော့်ကို ဖုန်းကိုင်ခိုင်းလို့ပါ၊ လာနေပြီတဲ့"

"ဩော် ... ဟင်း ဟင်း ဟင်း ... ဦးအုန့်လုလား၊ မိသမုတို့ကတော့ လုပ်ချလိုက်ပြန်ပြီ၊ ကျွန်မတို့ကို သူက ဆင်ပရိုက်စ်လုပ်မလို့ပေါ့လေ ... အဟင်းဟင်း၊ ခုနကကျတော့ သူက ဦးအုန့်လုကို ခေါ်မလာဘူး သူတစ်ယောက်ပဲလာမှာတဲ့၊ ဦးအုန့်လုနဲ့ သူနဲ့ ပြတ်သွားပြီတဲ့လေ ပြောနေတာ အလကားတွေ မဟုတ်လား၊ ဦးအုန့်လုနဲ့ သမု ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာပဲ မဟုတ်လား"





ရဲရင့်က ပါးစပ်အဟောင်းသားနှင့် ငေးငိုင်နေပါသည်။

"ဟဲ့ ... ရဲရင့်၊ နင် ဘာတွေ နားထောင်နေတာလဲ၊ ချလိုက်တော့လေ"

"ဟိုဘက်က ပြောနေတာကိုးဗျ၊ ဟယ်လို ... ကျွန်တော် ဦးအုန့်လု မဟုတ်ပါဘူး ခင်ဗျာ၊ ရဲရင့်ပါ ... ရုံးကပါ"

"ဟယ် ... ပေးစမ်း ... ပေးစမ်း ရဲရင့်"

သမု အလန့်တကြား ဖုန်းလှမ်းယူလိုက်ရကာ ...

"မိနွယ် ... နင် ဘာတွေလျှောက်ပြောနေတာလဲ၊ တကယ်ပဲ၊ အဲဒါ ရုံးကကောင်လေးဟဲ့၊ ဦးအုန့်လု မဟုတ်ဘူး၊ နင်တော့ ပြဿနာပဲ၊ ဘာတွေလျှောက်ပြောလိုက်လဲ"

"ဟင် ... ရှင်တို့ မပြတ်ကြဘူး မဟုတ်လားလို့၊ ချစ်ချစ်ခင်ခင်ပဲ မဟုတ်လားလို့လေးပါ ... အဲဒါလေးပါ ... အဟီး ဟီး"

"တကယ်ပဲဟာ၊ သေသာသေလိုက်ချင်တယ်"

"အစ်မ ... ကျွန်တော့်လမ်း ကျော်သွားပြီ"

"ဘာဖြစ်လို့လဲ၊ နင်က ဘာလို့ သူ့ကိုကိုင်ခိုင်းသေးလဲ၊ ယောကျ်ားတစ်ယောက်အသံနဲ့ကိုင်တော့ ငါက ဦးအုန့်လုပဲ ထင်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"လောကကြီးမှာ ယောကျ်ားသံထွက်တာ ဦးအုန်းလှပဲရှိလား၊ ငါ ... တယ်လေ"

"အစ်မ ... ကျွန်တော်လမ်း တော်တော်ကျော်နေပြီ"

"နင့်ကားပေါ် ပါလာမှတော့ ဦးအုန်းလှပဲ ရှိမယ်ထင်တာပေါ့ဟဲ့"

"အစ်မ"

"ဟာ ... ဘေးကပြောလိုက်၊ ဖုန်းထဲကပြောလိုက်နဲ့ ငါရှုးတော့မှာပဲ၊ ကဲ ... ကဲ ... ငနွယ်ရေ ဒါပဲ၊ ငါလာနေပြီ ... ပြီးရောမဟုတ်လား"

သမုက ဖုန်းကိုပိတ်ချလိုက်ရင်း ...

"ကဲ ... ရဲရင့်၊ နင်ဘေးကနေ ဘာတွေ ပတ္တ ပတ္တ ပြောနေတာလဲ"

"အစ်မ ကျွန်တော့်လမ်း ကျော်သွားပြီလို့၊ အခုဆို ရပ်ကွက်ပါ ကျော်သွားပြီ"

"ဟင်"

သမုက ကားကို လမ်းဘေးဆွဲချ ကပ်ရပ်လိုက်ပါသည်။

"စောစောက ပြောပါလားဟာ"

"ပြောနေတာပဲ"





"ကဲ ... ဒါဆိုလည်းဆင်း၊ ဆောရီးဟာ နော် ... ရဲရင့်၊ လမ်းပြန်လှည့်လျှောက်လိုက်တော့ ငါ့မောင်လေးနော် ... လိမ္မာပါတယ်"

ရဲရင့်က စိတ်ရှုပ်ထွေးလှတဲ့ရုပ်နှင့် သမုကို စေ့စေ့ကြည့်ကာ ကားတံခါးဖွင့်ဆင်းရင်းက ...

"အစ်မ ... စိတ်ကောင်းကောင်းထားနော် အစ်မ၊ စိတ်နဲ့ ကိုယ်နဲ့ ကပ်ပစေ"

"နင်နော်၊ ငါ ကောက်ပေါက်လိုက်ရ"

"အကောင်း စေတနာနဲ့ပြောတာ၊ ကားမောင်းနေတာမို့ စိတ်ကို ငြိမ်ငြိမ်အေးအေးထားဖို့ ပြောနေတာ"

သမုရဲ့ကားနောက်မှာ ကျွဲခနဲမြည်အောင် ကပ်ရပ်လိုက်သောကားမှ ချက်ချင်းတံခါးဖွင့်ပြီး အုန်းလှ ဆင်းလာတာမြင်လျှင် ရဲရင့်က ကြက်သေ,သေပြီး ကြောင်တက်တက် ငေးနေမိလျက် သမုကတော့ ရဲရင့် မပိတ်ရသေးတဲ့တံခါးကို ကိုယ်ကိုင်းကာ ကမန်းကတန်းဆွဲပိတ်၊ ချက်ချင်းပဲ ဂီယာချိန်းပြီး ဝရောခနဲ မောင်းထွက်လိုက်ပါသည်။

သုံး,လေး,ငါးလှမ်း ပြေးလိုက်လိုက်သေးတဲ့ အုန်းလှကို နောက်ကြည့်မှန်မှကြည့်ကာ သမုရင်ထဲ မကောင်း။ ဝမ်းနည်းသလို ဟာကျသွားပါသည်။ ဦးအုန်းလှရယ်၊ ကျွန်မ ရိုင်းချင်လို့



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူးနော်။ ကျွန်မ ရှောင်ကိုရှောင်ရမှာမို့ပါ။ ကျွန်မ ရင်တွင်းခံစားချက်တွေ ကျွန်မပဲ အသိဆုံးပါ။

ခြေလှမ်းရပ်နေရုံနဲ့တင် မလုံလောက်လို့ နောက်ဆုတ်ပြေးတာပါ။ နောက်ဆုံးတော့ ကျွန်မပဲ ရင်ကွဲပက်လက်ဖြစ်ရမှာတွေ မြင်နေလို့ပါရှင်၊ ရှင်က ဟိုးမိုးကောင်းကင်ထက်က လမင်းကြီးလို လူစားပါ။ ကျွန်မက မော့ငေးကြည့်ရုံသာ တတ်နိုင်စွမ်းတဲ့ မြေပြင်က အညတြလူပါ။ မျှော်လင့်ဖို့ စိတ်ကူးယဉ်ဖို့ မတန်အောင် မအပ်မစပ် ဝေးကွာလွန်းတဲ့ အခြေအနေတွေပါ ဦးအုန်လှရယ်။

လမင်းကြီးကို တိတ်တခိုး ငေးမျှော်တမ်းတ ကြေကွဲနေလို့လည်း အဲဒီလမင်းကြီးက ကောင်းကင်က ကြွေကျလာမှာမှ မဟုတ်တာ။ သိတောင်သိနိုင်မှာ မဟုတ်တဲ့ အဖြစ်ပါ။ အလှမ်းဝေးတယ် ဆိုတာထက်ပိုပြီး အလှမ်းဝေးပါတယ်။ မျှော်လင့်ချက်ထားနေမိရင် ကျွန်မ ရူးရမှာပေါ့ ဦးအုန်လှရယ်။

❦ ○ ❦





"တီး ... တောင်"

အခန်းတံခါးဘဲလ်ကို နှိပ်လိုက်လျှင် ချက်ချင်းပဲ တံခါးက ဂုန်းခနဲ ပွင့်သွားကာ နှယ်ဝတီရဲ့ ဝမ်းသာအားရမျက်နှာက ဘွားခနဲ ပေါ်လာသည်။

"ဝေး ဟေး ဟေး ... လာပြီဟေ့"

သမုက နှယ်ဖွင့်သောတံခါးမှ မှုန်တေတေလှမ်းဝင်ရင်း ...

"ငါရောက်လာတာ ဒီလောက်တောင် ပျော်စရာလားဟာ"

"ပျော်စရာပေါ့ဟဲ့၊ ဒီမှာ တစ်ချိန်လုံး မိကျော့ရဲ့ထင်မြင်ချက် ဝေဖန်ချက် သုံးသပ်ချက်တွေကို ဘယ်လိုမှ မခုခံမချေပနိုင်ဘဲ ဒေါသတွေထွက်နေတုန်း ဖုန်းလည်းဝင်လာနင်လည်းရောက်လာ"

ကွန်ဒိုခန်းကျယ်ကျယ်ထဲ ဟိုးတစ်နေရာထောင့်မှာ ယောက်ျားသုံးဦးက အမြည်းပွဲတွေနှင့် ဘီယာဝိုင်းလေး သာယာစိုပြည်နေသည်။ မိန်းမသုံးယောက်ကတော့ ဧည့်ခန်းမှာ လေကန် ဝေဖန်နေကြတဲ့ အခင်းအကျင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး၊ ငါက သံသယဖြစ်စရာ အနေအထားတွေကို ထောက်ပြနေတာပါ၊ သမုကို နှိမ်ချ မပြောပါဘူးနော်၊ အဖြစ်အပျက်တွေကိုက တစ်မျိုးကြီး ဖြစ်နေတယ်ဆိုတာလေးကိုပဲ ..."

"မိကျော့ ..."

ကေသရီနှင့် နွယ်ဝတီထံမှ မလိုလားတဲ့ အသံနှစ်ခုက တစ်ထပ်တည်း ထွက်လာသည်။ သမုရဲ့ပျက်ယွင်းနေတဲ့ မျက်နှာကိုကြည့်ကာ ကျော့ယမင်းရဲ့အသံလည်း ရှေ့မဆက်ဘဲ တိတ်သွားရပါသည်။ သမုသည် ဘယ်လိုမှ ထိန်းမရဘဲ ပြည့်ဝဲရစ်အိုင်လာတဲ့ မျက်ရည်များကို မချုပ်တည်းတော့ဘဲ ပါးပေါ် တလွှတ်တလပ် ကျသာအောင် မျက်တောင်ပုတ်ခတ် လမ်းဖွင့်ပေးလိုက်ပါသည်။

"ဟုတ်တယ်၊ မိကျော့ ပြောတာ မှန်ပါတယ်၊ မိကျော့က တစ်ချိန်လုံး အမှန်တွေနဲ့ အနီးစပ်ဆုံးကို တွေးနိုင်နေခဲ့တာ သူ မှန်တယ်၊ ငါ မှားတယ်"

"သမု ... နင်က ဘာမှားလို့လဲ၊ ဘာမှ မှားစရာမရှိဘူး"

"ငါ မိကျော့ပြောသလိုပါပဲ နွယ်၊ ငါနဲ့ ဦးအုဋ္ဌ်လှက တန်းမှမတန်တာ၊ အပ်မှမအပ်စပ်တာ၊ အဝေးကြီးမှ အဝေးကြီး





ကိုယ့်ဘဝအဆင့် ကိုယ်သိရမှာပေါ့၊ ဖြစ်နိုင်ပါ့မလား၊ သူနဲ့ ငါ ချစ်သူဖြစ်ဖို့ လက်ထပ်ဖြစ်ဖို့ဆိုတာ ဖြစ်နိုင်ပါ့မလားဟာ၊ သူက ကောင်းကင်ပေါ်မှာ။ ငါက သာမန်မိန်းမတစ်ယောက် ...

တကယ်တော့ ဒီအဖြစ်အပျက် အခြေအနေတွေ အားလုံးက မထင်မှတ်ဘဲ ကြိုတင်မကြံစည်ဘဲ မိကျော့ စကားတွေကို ငါ မခံချင်တဲ့စိတ်နဲ့သာ တောက်လျှောက် မျက်ကန်းတောတိုး ဖြစ်လာတာတွေပါ၊ ငါမှားပါတယ်၊ ငါ နင်တို့ကို လိမ်ညာမိသလို ဖြစ်ခဲ့ရင် ခွင့်လွှတ်ပါ၊ မိကျော့ ... နင်လည်း ကျေနပ်ပါဟာ၊ နင့်အပေါ်လည်း ငါအာဃာတမထားသလို ငါ့အပေါ်လည်း အာဃာတထား မနေပါနဲ့၊ ငါတို့က ရန်သူတွေမှ မဟုတ်တာဟာ၊ ငယ်သူငယ်ချင်းတွေပါ"

ကျော့ရဲ့မျက်နှာသည် နီရာမှ မှုန်မှိုင်းလာပြီး ရုတ်တရက် ထိုင်နေရာမှ သမုကို အပြေးလာဖက်လိုက်ကာ တဟီးဟီး ငိုချလိုက်လေသည်။

သမုက တောင့်တောင့်ကလေး စိတ်ထိခိုက်စွာ ရပ်နေလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမုရယ် ... နင် အဲလိုပြောတော့ ငါ အရမ်းဝမ်းနည်းတာပဲ၊ နင် ငါ့ကို ဘာမှအမှားမလုပ်ပါဘူး၊ ငါကသာ နင့်ကို မခံချင်အောင်တွေ ပြောခဲ့ လုပ်ခဲ့မိတာပါဟာ၊ နင် ခုလို စိတ်ဆင်းရဲနေတော့လည်း ငါ စိတ်မကောင်းဘူးဟာ၊ တိတ်ပါဟာ၊ တိတ်ပါဟာ"

"တီး ... တောင်"

နွယ်က ခုလေးတင်ပိတ်သော တံခါးကို ချက်ချင်းပဲ ပြေးဖွင့်လိုက်ပါသည်။

"သမု ... ဦးအုန့်လှ လာတယ်"

"ဟင်"

သမုက အလန့်တကြား ကျော့ကို ခွာထုတ်ကာ ကျောဘက်လှည့်ကြည့်လိုက်သည်။

"သူ ... သူ ... သူက ဘယ်လိုလုပ် ..."

"ခုန ငါ့ဆီ ဦးအုန့်လှဖုန်း ဝင်လာတယ်၊ ငါတို့ကားချင်းထိမိတုန်းက သူ့ကို ငါ့ဖုန်းနံပါတ် ပေးလိုက်ဖူးတာလေ၊ သူက နင့်ကို တွေ့ချင်လို့ စီစဉ်ပေးဖို့ လှမ်းပြောတာနဲ့ ငါက ခုချက်ချင်း ဒီကိုလာခဲ့ဖို့ လိပ်စာပေးလိုက်တာ"



BURMESE CLASSIC .com



သမုက အုန့်လှကို ငေးစိုက်ကြည့်နေမိသည်။ တစ်စုံတစ်ရာ ပြင်းပြစွာ ခံစားနေပုံရတဲ့ မျက်နှာကို ကြောက်ပါသည်။ လူပုံအလယ်မှာ အရှက်ကွဲသထက်ကွဲအောင် အော်ဟစ်ကြိမ်းမောင်းလိုက်ရင်လည်း သမု ဘာမှ မတတ်သာပါပြီ ဦးအုန့်လှရယ်။

အုန့်လှကလည်း လှမ်းဝင်ပြီးသော အိမ်ပေါက်ဝမှာတင် ခြေစုံရပ်ကာ သမုရဲ့မျက်ရည်လည်ရွဲ မျက်နှာငယ်လေးကို ငေးစိုက်ကြည့်နေပါသည်၊ သူ့စိတ် သူ့ခန္ဓာမှာ မွေးကတည်းက ခုထိ သံချပ်ကာလို လုံခြုံဖုံးကာနေခဲ့သော ဟိတ်၊ ဟန်၊ မာန်၊ မာနတို့က တစ်ချပ်ချင်း တစ်လွှာချင်း တစ်ထပ်ပြီးတစ်ထပ် ဖြည်းညင်းနူးညံ့စွာ ကွာကျလို့ နေပါသည်။

"ဘာဖြစ်လို့ ရုတ်တရက် ရှောင်ဖယ်ပြီး ဖြစ်ချင်သလိုဖြစ် ပစ်ထားလိုက်တာလဲ"

"တောင်း ... တောင်းပန်ပါတယ် ဦးအုန့်လှ၊ မမှန်ကန်တဲ့ ဒီအနေအထားအပေါ် သမု ... သမု ဆက်ပြီးမရပ်တည်နိုင်တော့လို့ပါ"

"ဘာကို ပြောနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



အငြိမ့်လှက လျှင်မြန်စွာ လှုပ်ရှား၍ သူ့ကုတ်အင်္ကျီ အတွင်းဘက်အိတ်ထဲက စာရွက်တစ်ရွက် ဖျတ်ခနဲ ဆွဲထုတ်လိုက် သည်။

"ဒါကို ပြောနေတာလား"

သမုတို့နှစ်ယောက် ကလေးကလားဆန်ဆန် အပျော် လည်းမဟုတ် အတည်လည်းမဟုတ် ချုပ်ဆိုလိုက်ကြတဲ့ လက်တန်း အရပ်စာချုပ်လေး။ တစ်ယောက်လိုအပ်ချိန်မှာ တစ်ယောက်က ဟန်ဆောင် ရုပ်တည်ပေးဖို့။ ဒီဟန်ဆောင်မှုတွေအပေါ် အခွင့် ကောင်းယူပြီး တစ်ယောက်ကိုတစ်ယောက် ချည်နှောင်မှုမပြုဖို့။ အဓိက ဒီနှစ်ချက်ပါတဲ့ နှစ်ဦးသဘောတူစာချုပ်လေး။

"ရှိ ... ရှိ"

အငြိမ့်လှက စိတ်လိုက်မာန်ပါ ဆွဲဆုတ်ပစ်လိုက်သည်။ သမုသည် ရင်ထဲဟာကျသွားကာ တလှပ်လှပ် တုန်ခါလာလျက် မျက်ရည်လေးများ တလိမ့်လိမ့် အသစ်စီးဆင်းကျလာရပါသည်။

"ကျွန် ... ကျွန်မဆီက စာချုပ်က မ ... မပါလာဘူး"

"မလိုပါဘူး၊ ခင်ဗျားအိမ်ကဟာ ခင်ဗျားဘာသာ ဘာလုပ် လုပ် ကြိုက်တာလုပ်ပါ၊ အခု ခင်ဗျားနဲ့ ကျွန်တော့်ကြား





မှာ ဘာမှမရှိတော့ဘူး၊ ဘာစာချုပ်မှ မကျန်ဘူး၊ ဟန်ဆောင် မှုမှန်သမျှ ပြီးဆုံးသွားပြီ၊ ဟုတ်ပြီလား"

သမုထံမှ ရှိုက်သံလေးတွေ ဝမ်းပန်းတနည်း ဆက် တိုက်ထွက်လာကာ ...

"ဟုတ် ... ဟုတ် ... ဟုတ်ကဲ့ပါ"

အငြိမ့်လှက ရှေ့တစ်လှမ်းတိုးရင်း သမုရဲ့လက်ဖျား လေးနှစ်ဖက်ကို ဆွဲဆုပ်ကိုင်လိုက်ပါသည်။

"အဲဒါဆိုရင် ကျွန်တော့်အချစ်ကို လက်ခံပါ သမုသစ်၊ ခင်ဗျားကို လက်ထပ်ခွင့်ပြုပါ"

"........."

"........."

အချိန်အနည်းငယ်မျှ အသံအားလုံး ပြတ်တောက် တိတ်ဆိတ်သွားပါသည်။ သူတို့အကြားလည်း တိတ်ဆိတ်သည်။ တစ်အိမ်လုံးလည်း တိတ်ဆိတ်သည်။ တစ်လောကလုံးပါ တိတ် ဆိတ်သွားသလိုပင်။

"ဟေး ... ... ..."

"ဝေးဟေး ... ဟေး ..."



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူက စ,အော်လိုက်တယ် မသိဘဲ ဝမ်းသာအားရ ဟစ်ကြွေးရယ်မောလိုက်တဲ့ အသံတွေကြားမှာ သမု ခန္ဓာကိုယ်လေးက တဆတ်ဆတ် တုန်လာပါသည်။ သူ့ကို သမု ဖက်တွယ်မှီခိုလိုက်တာတော့ မဟုတ်ပါဘူး။ သို့ပေမဲ့ ဘယ်လိုဖြစ်ပြီးများ သူ့ရင်ခွင်၌ သက်ဆင်းကာ သူ့လက်တွေအတွင်း မရုန်းသာအောင် အချုပ်နှောင် ခံလိုက်ရတယ်လို့ မတွေးတတ်တော့ပါ။

❦ ○ ❦

လမင်းမိုမို

BURMESE CLASSIC .com

လမင်းမို

ကောင်းကင်က ကြွေကျခဲ့ပါ

ရှင်က...
ဟိုးကောင်းကင်ထက်က...
လမင်းကြီးလို လူစားပါ...
ကျွန်မက...
မော့ငေးကြည့်ရှုသော တတ်နို
မြေပြင်က အညတြလူ...
...
တိတ်တခိုး...
ငေးမျှော်တမ်းတနေလို့လဲ...
အဲဒီလမင်းကြီးက...
ဟိုး...ကောင်းကင်ပေါ်က...
ကြွေကျလာမှာမှ မဟုတ်တာ
...
မျှော်လင့်ချက်ထားနေမိရင်...
ကျွန်မ...ရှုံးရမှာပေါ့...။

www.burmeseclassic.com